


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြဲ-၀၄၅၀၆) (ထူး စာပေ) အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (ရွှေခြေသုံ့ပုံနှိပ်တိုက်) အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၅ ခုနှစ်၊ မတ်လ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀၀ ကျပ်

၈၉၅.၈၃

လွှမ်းတာမို

ရှင်သိပ်ဆိုးတယ်/လွှမ်းတာမို၊ ရန်ကုန်၊

ထူးစာပေ၊ ၂၀၁၅။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ရှင်သိပ်ဆိုးတယ်

# ရှင် သိပ်ဆိုးတယ်

## လွှမ်း★တာမို



စီစဉ်သူ

မိုးဦးကိုကို

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

"အွန် ... "

"ဟာ ... "

"ခွမ်း ... ချလွမ်း ... "

ဈေးဝယ်သူများဖြင့် စည်ကားနေသည့် Capital Hyper Market ကြီးထဲမှာ ခန္ဓာကိုယ်တစ်ခုအား အရှိန်ပြင်းပြင်းကလေးနှင့် သူတိုက်လိုက်မိပြီဆိုတာ သိသိချင်း ... တစ်ဖက်လူကို သူအရမ်းအားနာသွားမိသည်။ သို့သော် ... မတတ်နိုင်ပါ။ ဒါဟာ သူရှင်သန်ရတော့မည့် ဘဝတစ်ခုရဲ့အစဆိုတာ ... သူကလွဲရင် ဘယ်သူသိနိုင်မှာလဲ။

"ဟာ ... အဟင့် ... ထည့်ကြွေအိုးလေး ကျကွဲသွားပြီ"

"ဟော့ကောင် ... မင်း ဘယ်လိုလုပ်လိုက်တာလဲ"

နှမြောတသစွာ ငိုရှိုက်လိုက်သံလေးနှင့် တင်းမာပြတ်သားစွာ ဟိန်းဟောက်လိုက်သံလေးကြောင့် သူ ကပျာကယာလေး လှည့်ကြည့်ကာ တောင်းပန်လိုက်မိသည်။

"ဟာ ... ဆောရီးနော် ... အန်ကယ် ... ကျွန်တော် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး”

“ဟော့ကောင် … မင်းအခုမှ ဘာဆောရီးလဲ … မိန်းကလေး တစ်ယောက်လုံးလျှောက်လာတာကို မင်း တမင်ဝင်တိုက်လိုက်တာ ငါမသိဘူးများ အောက်မေ့နေလား … မှိုမှာ ကြည့်စမ်း … မင်းတိုက်ချလိုက်လို့ ငါ့သမီးလက်ထဲက အဖိုးတန် ကြွေပန်းအိုးလေး ကျကွဲသွားပြီ … ဒါ … ဘယ်လောက်တန်တယ်ဆိုတာ မင်းသိရဲ့လား …”

“ဟာ … အန်ကယ် … ဒါ … တမင်တိုက်မိသွားတာ မဟုတ်ဘူးလေ အန်ကယ် … သူငယ်ချင်းတစ်ယောက်ကိုရှာရင်းနဲ့ ဟိုဘက်ကို ငေးလျှောက်လာလို့ တိုက်မိသွားတာ”

ငွေ့စကားပြောလာတာကိုတော့ သူနည်းနည်းလေး ဒေါကန်သွားမိသည်။

“ဟော့ကောင် … မင်းငေးလျှောက်လာတာက အရေးမကြီးဘူး … ဒီမှာ ပျက်စီးသွားတဲ့ ဆုံးရှုံးမှုက အရေးကြီးတယ် … ဒီတန်ဖိုးကို မင်းဘယ်လိုပြန်လုပ်ပေးမှာလဲ …”

“ဟွန်း … ပြောလေ အန်ကယ် … အန်ကယ့်ပစ္စည်းက ဘယ်လောက်တန်လို့လဲ”

“အဟင့် လာပါ ဒက်ဒီရယ် … ရန်ဖြစ်မနေပါနဲ့”

“ဟာ … မဖြစ်လို့ရမလား၊ မိန်းကလေးတစ်ယောက်ကို နမော်နမဲ့လိုလို ဘာလိုလိုနဲ့ ဒီကောင် တမင်ဝင်တိုက်တာ ဒက်ဒီသိလို့ပြောနေတာ …”

ခပ်ကျယ်ကျယ် ပြောဆိုနေသံလေးတွေကြောင့် အနီးအနားတပိုက်က လူတွေအားလုံးရဲ့အကြည့်လေးတွေက သူတို့ထံ ကျ





ရောက်လာခဲ့၏။ လူတွေကြားထဲမှာမို့ ထိုအန်ကယ်ကြီး၏ တဖတ်သတ်ဆန်ဆန် ရင့်သည်းမောက်မာသော စကားလုံး အသုံးအနှုန်းတွေကို သူမခံချင်။

“ဟာ … အန်ကယ်ရယ် … မဟုတ်ပါဘူးလို့ ကျွန်တော် ဒီလောက်ဖြေရှင်းပြနေတာတောင် အန်ကယ်လက်မခံနိုင်သေးဘူးလားဟင် … ပြော … အန်ကယ် … ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ဒီကြွေပန်းအိုးလေးရဲ့တန်ဖိုးကိုလည်း ပြန်လျှော်ပေးရမလား”

“ဘာပြောတယ်ကွ”

တွေ့လား …

ပြန်လျှော်ပေးမယ်ပြောတော့လည်း မျက်လုံးပြူးကြီးနှင့်ကြည့်ပြီး ရှူးရှူးရှားရှား ပြန်အော်နေတာ သူဘယ်လိုလုပ်ရမလဲ။ လူတွေဝိုင်းကြည့်နေတာကိုလည်း မျက်နှာလေးတောင် ပူလိုက်မိသေးရဲ့။

ထိုအန်ကယ်ကြီးက အော်ရင်းနှင့် မကျေနိုင် မချမ်းနိုင်ဒေါကလေးပွကာ သူနှင့်အနီးဆုံးအထိ ရောက်အောင် ခြေလှမ်းတွေကို တိုးလာခဲ့သည်။ အနားရောက်တော့မှ သူ့လက်မောင်းစ အင်္ကျီတွေကို ဒေါနဲ့မောနဲ့ ပင့်တင်ကာ …

“မင်း … မင်းဘာလူပါးဝစကားပြောတာလဲ ဟော့ကောင်၊ ဒီကြွေပန်းအိုးလေးကို အစားပြန်လျော်ပေးလို့ရတဲ့ ပစ္စည်းထင်နေသလား … နိုင်ငံခြားကနေ လူကြုံနဲ့လက်ဆောင်ပေးလိုက်တဲ့ ပစ္စည်းလေးမို့ ဒီမှာလာထုတ်တာကွ နားလည်လား … မင်းတစ်ကိုယ်လုံးထက်တောင် ပိုပြီးတော့ တန်ဖိုးရှိတယ်ဆိုတာ မင်းမှတ်

www.burmeseclassic.com



ထား"

"ဟာ … အန်ကယ်နော် … အန်ကယ်စကားတွေက အရမ်းလွန်နေပြီနော်"

"ဟော့ကောင် … လွန်တော့ မင်းက ဘာလုပ်ချင်လဲ"

"တော်ပြီ အန်ကယ်ရာ … အန်ကယ် တော်တော့ဗျာ"

"ဟွန်း … ဒီပစ္စည်းကိုပဲ လျှော်ပေးဦးမလေး ဘာလေးနဲ့၊ ပစ္စည်းတန်ဖိုးကိုလည်း နည်းနည်းလေးမှ မသိတဲ့ကောင်၊ ငါကပဲ အလျှော်လိုချင်လို့ ပုံကြီးချဲ့တောင်းနေသလိုမျိုး အပေါက်မျိုးနဲ့ ငါ့ကို တမင်လာချိုးနေတာ … ဟော့ကောင် … ငါ့ရှေ့ကနေ မင်းအခုထွက်သွား"

"ဟာ … အန်ကယ် … အဲဒါတော့ အန်ကယ်တအားလွန်သွားပြီ"

"ဟော့ကောင် မင်းလို … အဆင့်မရှိတဲ့ကောင်နဲ့ စကားဆက်မပြောချင်တော့လို့ ငါ့ရှေ့ကနေ မောင်းထုတ်နေတာလေကွာ"

"မလိုဘူး … အန်ကယ် ကျွန်တော်ကို ဘာအကြောင်းပြချက်မျိုးနဲ့မှ မောင်းထုတ်နေစရာမလိုဘူး … ကျွန်တော့်ကို အဆင့်မရှိတဲ့ကောင်လို့ အန်ကယ်ပြောတယ်နော် … ဟုတ်တယ် … အဲဒီစကားအတွက် အန်ကယ် တစ်နေ့နေ့မှာ နောင်တ တရားတွေ ကြီးကြီးမားမားနဲ့ ကျွန်တော့်ကို ပြန်ပေးဆပ်ဖို့ပြင်ထား … ကျွန်တော်လုံးဝ မကျေနပ်ဘူး"

"ဟင် … မင်းလို ကလေကချေကောင်ကများ … ငါ့ကိုပြန်





ခြိမ်းခြောက်နေရသေးတယ် … ဒီမှာ ဟော့ကောင် … ငါက မင်းခြိမ်းခြောက်တာကို ဂရုစိုက်မယ်ထင်နေလို့လား"

"ဟာ … ကြည့်စမ်း … အန်ကယ် ထပ်ပြောပြန်ပြီ"

ဒီလောက်တောင်းပန်နေတာတောင် မကြေနိုင်မချမ်းနိုင်ဖြစ်နေတဲ့လူကြီး။ ဝတ်ထားပြင်ထားတာလည်း တခမ်းတနားနှင့်မို့ ချမ်းသာတဲ့အသိုင်းအဝိုင်းထဲကလာတယ်ဆိုတာ ဗေဒင်မေးစရာမလိုအောင် သူကသိနေသည်။

ခက်နေတာက …

ဒီအန်ကယ်ကြီး ရန်စကားတွေပဲ ပြောနေတာပါ။

မင်းလို အဆင့်မရှိတဲ့ကောင်တဲ့ …

မင်းလို ကလေကချေကောင်တဲ့ …

ဒါကိုတော့ သူဆတ်ဆတ်ခါနာသွားသည်။ နှလုံးသားထဲမှာ စွဲသွားအောင်လည်း ဒီစကားသံတွေက သူ့နားထဲမှာ ပဲ့တင်ထပ်သွားခဲ့၏။

"ဟာ … ဟာ … စိတ်မဆိုးနဲ့နော် … သားရယ် … အန်တီတောင်းပန်တယ်သိလား … အန်ကယ်က ဒေါသကြီးပြီး စိတ်တအားတိုတတ်လို့ပါ … "

သူတို့နှစ်ယောက်ရဲ့ရန်ပွဲကြားထဲကို အားတုံ့အားနာမျက်ဝန်းကလေးတွေနှင့် ကပျာကယာပြေးပြီး တောင်းပန်လာတာ အန်တီကြီးတစ်ယောက်ပါ။ ထိုအန်တီကြီး ဝတ်စားထားတာလည်း တော်တော်လေး ခမ်းနားပါသည်။

သူ့ကို ခေါ်လိုက်တာလည်း သားတဲ့ …

"အန်တီရာ … ကျွန်တော်လည်း ဒီလောက်တောင်းပန်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဟာကို မကြေနိုင်မချမ်းနိုင်နဲ့ ... လက်သီးလက်မောင်းတန်းပြီး ကျွန်တော့်ကို မောင်းထုတ်နေတာ ... ကျွန်တော် ဘယ်လိုခံစားနေရမလဲဆိုတာ အန်တီပဲ စဉ်းစားကြည့် ... ”

“ရှင် ... ရှင် ... မကြီးမငယ်နဲ့ ဒီကလေးနဲ့ဖက်ပြီး ရန်ဖြစ်နေရသလားဟင် ... ရှင် မရှက်ဘူးလား၊ ဟိုမှာ သမီးလေးကတောင် ရှက်လို့ ... တဟင့်ဟင့်လေးနဲ့ ... ခေါင်းလေးငုံ့ပြီးငိုနေတာ သူများတွေလည်း ဝိုင်းကြည့်ကုန်ပြီ ... ”

“ဟာ ... ကြည့်ပစေလေ ... ဘာဖြစ်လဲ ... ဒီကောင်ဝင်တိုက်လို့ ဟိုမှာ ကြွေပန်းအိုးလေးကျကွဲတာ မင်းမမြင်ဘူးလား၊ ဒါကိုပဲ ... လျော်ပေးမလေး ဘာလေးနဲ့၊ ကြီးကြီးကျယ်ကျယ် ... ဒီကောင်ပြောနေလို့ ကိုယ်နဲ့စကားများနေတာ”

“ဟာ ... အန်ကယ် ... ဒီကိစ္စမှာ ကြီးကြီးကျယ်ကျယ်ပြောနေတာ အန်ကယ်က ပြောနေတာလေ ... ကျွန်တော် တောင်းပန်တာကို မကျေနပ်ဘဲ အန်ကယ်ပဲ ဆက်တိုက်လွှတ်နေတာ၊ ခုတော့ဆောရီးပဲအန်ကယ် ... ကျွန်တော် အန်ကယ့်ကို လုံးဝမတောင်းပန်တော့ဘူး ... အန်ကယ် မကျေနပ်ရင် ကြိုက်တာနဲ့ရှင်းလို့ရတယ်၊ ကျွန်တော့်နာမည် လရိပ်ထင် ... အန်ကယ် အဲဒါမှတ်ထားလိုက်”

“ဘာပြောတယ်”

သူစိမ်ခေါ်လိုက်တော့မှ အန်ကယ်ကြီးမျက်နှာ တပြင်လုံးရဲရဲနီကာ ဝိုပြီးတော့ ရှူးရှူးရှားရှားဖြစ်သွားသည်။ လူကြီးနှင့်လူငယ် သူ ဒီလိုမပြောသင့်တာသိပေမယ့် ခုတော့ ဘာတတ်နိုင်တော့မှာလဲ။ ဒီလိုစိမ်မခေါ်ရင် ဒီအန်ကယ်ကြီးက ကမ်းတက်အောင်ဆက်ပြီးတော့ ပွဲကြမ်းနေတော့မှာ။





“ဘာလဲ ဟောကောင် ... မင်းက ငါ့ကိုစိမ်ခေါ်လိုက်တာလား”

“တော်ပြီ အန်ကယ်ရာ ... အန်ကယ်သွားပါတော့ဗျာ”

သူ စိတ်ပျက်စွာ လှည့်ထွက်သွားဖို့ ခြေလှမ်းလေး ပြင်လိုက်တာလည်းမရ။ သူ့ပခုံးကို နောက်က ကိုင်ပြီးတော့ ... သူ့တစ်ကိုယ်လုံးကို အန်ကယ်ကြီးက ဆွဲလှည့်ပစ်လိုက်တာလေ။

“ဟောကောင် ... မင်းမသွားနဲ့ ... ”

“ဗျာ ... ”

“မင်း ... မင်း ငါ့ကိုစိမ်ခေါ်တဲ့ကောင် ... ”

“ဟာ ... အန်ကယ် ဘာလုပ်တာလဲဗျ ... ”

ထိုအန်ကယ်ကြီးက သူ့အင်္ကျီကော်လံစတွေကို စုချုပ်ကိုင်ပြီး ကျန်လက်တစ်ဖက်က လက်သီးဆုပ်ကာ ရွယ်လိုက်တာမို့ သူ မျက်လုံးလေးတော့ ပြူးသွားရ၏။ ထိုအချိန်မှာ သူတို့ဆီကို အပြေးအလွှားပြန်ရောက်လာတာ သူ့သူငယ်ချင်း ဝေသာလေး။

“ဟာ လရိပ်ထင် ... မင်းတို့ဘာတွေဖြစ်နေကြတာလဲ၊ ဟာ ဟာ ... အန်ကယ် ... ကျွန်တော်က ဘယ်သူလဲလို့ကြည့်နေတာ အန်ကယ်နဲ့လရိပ်ထင်နဲ့မှ ပြဿနာဖြစ်နေကြတာကိုး ... ”

ကြည့်ပါဦး ...

ထိုအန်ကယ်ကြီးနှင့်ဝေသာက သိနေကြပုံပင်။

“ဟင် ဝေသာ ... ဒါ မင်းသူငယ်ချင်းလားကွ ... ”

“ဟုတ်တယ်လေ အန်ကယ် ... ဒါ ကျွန်တော့်သူငယ်ချင်း လရိပ်ထင်လေ ... ဟောကောင် လရိပ်ထင် ... ဒါ ငါနဲ့အရမ်းခင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ကွ ... ”

“အေး ... မင်းနဲ့ခင်ပေမယ့် သူက ငါ့ကိုလက်သီးချက်ပြင်းပြင်းလေးတစ်ချက် ကြွေးတော့မှာကွ နားလည်လား ... ”

“အန်ကယ်ရာ ... ကျွန်တော် တောင်းပန်ပါတယ်၊ အန်ကယ် ဒေါသကြီးတတ်တာ လရိပ်ထင်က မသိလို့နေမှာပါ ... စိတ်လျှော့ပါ နော်အန်ကယ် ... လူတွေအများကြီး ဝိုင်းကြည့်နေတာ မကောင်းပါဘူး”

“ဟွန်း ... မင်းကွာ ... မင်းရောက်လာတာ အရမ်းမြန်သွားလို့ ... မင်းအကောင်းသက်သာသွားတယ် မှတ်ထားလိုက်စမ်းပါ၊ ဒီမလောက်လေး မလောက်စား ကလေကချေကောင်မျိုးကိုများ မင်းက ပေါင်းနေရသေးတယ်”

ချုပ်ထားသည့် အင်္ကျီစတွေကို ဒေါနဲ့မောနဲ့ ပြန်လွှတ်လိုက်ပေမယ့် အော်ကျယ် အော်ကျယ်လေးတော့ အန်ကယ်ကြီးက ပြောသွားလိုက်သေးသည်။

ဒါကိုလည်း သူက မခံချင်ပါ။

“ဟုတ်တယ် ... အန်ကယ် ... ကလေကချေဆိုတာ လမ်းပေါ်မှာ ရန်ဖြစ်တတ်တဲ့ လူစားမျိုးတွေလေ ... အဲဒီအဆင့်မျိုးထဲမှာ အန်ကယ်မပါချင်ရင် ကျွန်တော်နဲ့ လာရန်မဖြစ်နဲ့ပေါ့၊ ဖြစ်ရင် အန်ကယ်လည်း အဲဒီအဆင့်ကိုရောက်သွားမှာပဲ ... ”

“ဟာ ... ကြည့်စမ်း ... မင်းလိုကောင်ကများ ငါ့ကို အဲဒီအဆင့်နဲ့နှိုင်းတာ အရိုင်းအစိုင်းကောင် အစုတ်အပြတ်ကောင် ... မင်း ... မင်း ... ”





“ဟား ... ဟား ... ကျွန်တော်က အန်ကယ် ကိုယ်ချင်းစာတတ်အောင် ပြောကြည့်တာပါ အန်ကယ်ရာ ... အန်ကယ်လောက်တော့ လူတစ်ဖက်သားနစ်နာအောင် မရည်ရွယ်ပါဘူး”

“အောင်မယ် ... ငါ ဒီလောက်ဒေါသဖြစ်နေတာတောင် မင်းက ရယ်နိုင်သေးတယ် ... မင်းလားကွ ... ဝေသာ သူငယ်ချင်း လရိပ်ထင်ဆိုတဲ့ကောင် ... မင်းကို ငါထိုးမယ်ကွ ... ”

“ဟား ... ဟား ... ”

အန်ကယ်ကြီး ဒေါသတွေ အထွတ်အထိပ်ရောက်သွားတာ ရယ်ဖို့တောင်ကောင်းသလားမမေးနဲ့။ ဝေသာ အပါအဝင် အားလုံးက အန်ကယ်ကြီးကို ဝိုင်းဆွဲထားရသည်။

“စိတ်မကောင်းပါဘူး အန်ကယ် ... အန်ကယ်နဲ့ကျွန်တော် ဒီလိုပုံစံမျိုးကြီးနဲ့ သိကျွမ်းသွားရတာ ... တကယ်ဝမ်းနည်းဖို့ကောင်းတယ် ... တစ်နေ့ကျရင် လရိပ်ထင် ဘာလဲဆိုတာ အန်ကယ်သိသွားအောင် ကျွန်တော် သက်သေပြမှာပါ ... ဒါကို အန်ကယ်လက်ခံနိုင်အောင်ဘဲ အဆင်သင့်ပြင်ထားလိုက်တော့ ... ”

“ဟေ့ကောင် ... ဒီစကားကို မင်းဘာအဓိပ္ပာယ်နဲ့ပြောလိုက်တာလဲ ခွေးမသား ... မင်းကများ လူပါးဝလို့ ... ”

“ယောက်ျားရယ် ... ရှင့်ကို တော်ပါတော့လို့ ဒီလောက်တားနေတာတောင် ပြောလို့မရဘူးလားဟင် ... ရှင် ဘာလို့ ဒီလောက်တောင် ဒေါသတွေထွက်ကြီးနေတာလဲ ... ပြောလို့မရရင် သမီးကိုခေါ်ပြီး ကျွန်မ ပြန်မယ်”

အန်တီကြီးရှက်နေတာလည်း မျက်နှာလေးရဲလို့ပါ၊

ဒါကို လှည့်မကြည့်တော့ဘဲ ချာခနဲ လှည့်ထွက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လင်ပိုထင်ပဲလေ။ မျက်နှာလေးမှာလည်း ထိမထင်တဲ့အပြုံးလေး ချွန်း၊

ချွန်း _ အဆင့်မရှိတဲ့ ကလေကချေကောင်လို့ အပြောခံ လိုက်ရတာတိုလည်း သူ့ မကျေနပ်ပါဘူး။ ရင်ထဲမှာလည်း တကယ် နာတယ်။ တစ်နေ့ကျရင်တော့ ... အနက်ယ်နဲ့ကျွန်တော် ထိပ်တိုက် ပြန်တွေ့ကြဦးမှာ သေချာပါတယ်။

တကယ်တမ်းကျတော့ ...

ထိုရန်ပွဲလေးကို အစကအနေအဆုံးထိ မရဲတရဲမျက်ဝန်း လေးတွေနဲ့ တစ်ကိုယ်လုံးအေးစက်ပြီးတော့ ငေးစိုက်ကြည့်နေခဲ့မိ တာ ငွေပိုးထည်ဆိုတဲ့ သူမလေးပါပဲ။ တစ်ခုပဲ ထူးဆန်းနေတာက ခနိုးခနဲ့အပြုံးလေးတွေနဲ့ ဒက်ဒီရဲ့ရန်လိုမှုတွေကို ခုခံချေပသွားခဲ့တဲ့ ယောက်ျားတစ်ယောက်ရဲ့ အမူအယာလေးတွေကို မျက်တောင် မခတ်နိုင်အောင် ရင်တထိတ်ထိတ်လေးနှင့် သူမက ငေးကြည့်နေခဲ့ မိတာလေ။

ဖြူနုသော အသား ...

တောင့်တင်းသော အရပ်အမောင်းကလေးနှင့် စိုရဲသော နှုတ်ခမ်းပိုင်ရှင် ယောက်ျားလေးတစ်ယောက်ကို ဒီလောက်အချိန် ကြာကြာ ငေးကြည့်လိုက်မိတာလည်း သူမဘဝမှာ ဒါ ပထမဆုံး အကြိမ်ပင်။

ဒါ ... ဘယ်လိုဖြစ်သွားခဲ့တာလဲ။

ဒက်ဒီလို ့မျိုးတစ်ယောက်ကို တုဖက်ပြိုင် အာခံရဲသည့် ယောက်ျားလေးတစ်ယောက်ကို ထူးထူးဆန်းဆန်းတွေ့လိုက်ရလို့ သူမ တအံ့တသြဖြစ်သွားခဲ့တာလား။





ဒက်ဒီက ရွေ့ရွေ့ခုန်ဒေါပွကာ လူအုပ်ထဲမှာပဲ ကျန်ခဲ့သ လောက် သူကတော့ ထိမထင်တဲ့အပြုံးကလေးတစ်ခုကို နှုတ်ခမ်း လေးမှာချိတ်ရင်း ကားပါကင်တွေဖက်ကို တစ်ယောက်တည်း ထွက်သွားခဲ့တာလေ။

"ထည် ... သမီးလေး သွားမယ်လေ ..."

မာမီအသံလေးဝင်လာတော့မှ ပတ်ဝန်းကျင်ကို ထည်က လည်း ပြန်သတိရသွားသည်။ ရှက်တာလေးရယ် ... ကြောက်တာ လေးရယ် ... နှစ်ခုပေါင်းပြီး ငိုထားမိခဲ့သည့် မျက်ရည်စက်လေးတွေ ကို ပါးပြင်လေးပေါ်က ဖယ်ရှားပစ်ဖို့လည်း ထည် မေ့နေခဲ့တာ၊ ဘယ်လောက်တောင် ထူးဆန်းလိုက်ပါသလဲကွယ်။

"ဟုတ် ... မာမီ ..."

"သမီး သိပ်ရှက်သွားလားဟင်"

"ရှက်တာပေါ့ မာမီရယ် ..."

"သမီး ဒက်ဒီပြောလိုက်တာ ... ဟိုကောင်လေး ဆတ်ဆတ် ခါနာသွားသလိုပဲနော်"

"ဟင် ... ဒက်ဒီက ဘယ်လိုပြောလိုက်လို့လဲ"

"အဆင့်မရှိတဲ့ကောင် ကလေကချေကောင်လို့ ပြောလိုက် တာလေ ... လူအုပ်ကြီးကြားထဲမှာ အပြောခံလိုက်ရတော့ ကောင် လေး တအားလည်း ရှက်သွားတယ် ... မျက်နှာလေးလည်း ရဲသွား တယ်"

"အို ... ဟုတ်လား မာမီ ..."

ကြည့်စမ်း ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူမ ဘာကြောင့် မကြားလိုက်တာလဲ။

ဒီလိုအပြောခံလိုက်ရလို့ နှစ်ဖက်တင်းမာမှုတွေ အထွတ်အထိပ်ကိုရောက်သွားခဲ့တာလား။ အညိုရောင်ဖျော့ဖျော့ ရှပ်လက်တို အစင်းကြားကွက်ကလေးကို ဂျင်းဘောင်းဘီအပြာရောင်ကလေးနှင့် တွဲဝတ်ထားခဲ့သည့် လူတစ်ယောက်။

သူ့နှာမည်လေးက ...

ချောမောတဲ့မျက်နှာထားလေးနဲ့ သိပ်ကိုမှ လိုက်ဖက်လှတဲ့ နှာမည်လေး ...

လရိပ်ထင်တဲ့ ...

ဟွန်း ... ရင်မောလိုက်ပါသေးရဲ့။

## အခန်း ( ၂ )

"ဟာ ... ဟာ ... ဟေ့ကောင် ... မင်းဘာကြောင်တာလဲ၊ ဒီအဝါရောင် ပန်းစည်းကြီးကိုင်ပြီး ဘာတွေအရှူးထ စတာန့်ထွင်ဦး မလို့လဲ ... "

"သွားပြီဟေ့ ... သွားပြီ ... ဒီကောင့်ကို ဆေးပုလင်းနာနာ လှုပ်သောက်ပါလို့ ပြောထားတောင် မရတော့ဘူး ... ကြည့်ပါဦး၊ ဘယ်က ပန်းစည်းကြီးကို ဒီကောင် ယူလာတာလဲ"

][ m; ... [ m; ... yefpn fav ;u aw mhw u , Classic ဖြစ်တယ်ကွ ... မိုက်တယ်ကွာ၊ အဝါရောင် သစ္စာပန်းစည်းလေးကို မှိုင်းခံစက္ကူလေးနဲ့ပတ်ပြီး အနီရောင်ဖဲကြိုးလေးနဲ့ခေါက်တွန့်လေး စည်းထားတာ ... ရှယ်ပဲ ... "

"ဟွန်း ... "

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်နဲ့ မျိုးစုံအောင် ဘယ်လိုပဲအားပေး အားပေး ... သူကတော့ ဂရုမစိုက်စွာနဲ့ဘဲ ပန်းစည်းလေးကို စားပွဲအလယ်ရောက်အောင် လှမ်းပစ်တင်လိုက်သည်။

ပြီးတော့မှ ... လွတ်နေသည့် ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ … ဝေသာက အရင်ဆုံးလှမ်းမေးသည်။

"ဟေ့ကောင် ဖြေလေကွာ … ဒါ မင်းဘာအရူးထတာလဲ"

ဝေသာ့ မေးလည်း မေးချင်စရာလေ။

သူ ဘယ်တုန်းက ဒီလိုပန်းစည်းမျိုးလေးနဲ့ ပတ်သက်ခဲ့တာ ရှိလို့လဲ ဒီနေ့မှ သိပ်ကိုပေါ့ပါးသွက်လက်နေတဲ့ ခြေလှမ်းကလေးနဲ့ ပန်းစည်းလေးကိုပါ ကိုင်ပြီး ဝင်လာခဲ့တာဆိုတော့ ဒီကောင်တွေ သူ့ကို ပစ်ပစ်နှစ်နှစ် ဝိုင်းတွယ်ကြပြီပေါ့။ ဒါကိုလည်း သူက ဂရုမစိုက်ဘဲ အသံခပ်မာမာလေးနဲ့ အားလုံးကြားအောင် အော်ဖြေလိုက်တာက … ။

"ဟုတ်တယ်ဟေ့ … ဟုတ်တယ်ကွ … မင်းတို့ပြောသလိုပဲ ဒီနေ့ကစပြီး ငါအရူးထတော့မှာ … ရိုးရိုးအရူးတော့ မဟုတ်ဘူး၊ ကောင်မလေးတစ်ယောက်ကို မမျှော်လင့်ဘဲတွေ့ပြီး အသည်းအသန် စွဲလမ်းသွားတဲ့ အချစ်ရူး … ကဲ … ရှင်းပြီလား …"

"အောင်မလေးဗျာ …"

"ကုရာနတ္ထိ ဆေးမရှိဆိုတာ ဒီလိုရောဂါမျိုးပဲနေမှာ"

"ကျွတ် … ကျွတ် … သနားပါတယ်ကွာ"

တစ်ယောက်က အလန့်တကြား ထအော်လိုက်သလို ဝေသာနဲ့ ဇော်ထိုက်က သနားစရာမျက်နှာငယ်ကလေးတွေနဲ့ တကျွတ်ကျွတ် စုတ်သပ်သည်။ သူ မရှက်ပါဘူး။ ဒီပန်းစည်းကလေးကိုလည်း သူငယ်ချင်းတွေနှင့် ချိန်းထားတဲ့ နေရာကိုလာရင်း မိုလ်ချုပ်ဈေးထဲကနေ ဝင်ဝယ်လာတာလေ။

အဝါရောင် သစ္စာပန်းစည်းကလေး …

သူရဲ့နှလုံးသားစစ်ဆင်ရေးမှာ ဒီပန်းစည်းလေးနဲ့ တိုက်ပွဲ





ခေါ်သံလေးကို စရတော့မှာလေ။

"ဟွန်း … မင်းတို့ဘာပြောပြော ငါကတော့ ငါသိပ်ချစ်သွားရတဲ့ ချစ်သူလေးဆီကို … ဒီပန်းစည်းလေးတွေ နေ့တိုင်းရောက်အောင် ပို့ပေးသွားတော့မှာ …"

"အောင်မလေး … အောင်မလေး … ပြောပုံလေးက … ပြောပုံလေးက … ဟီး … ဟီး …"

နောင်နောင် ပန်းစည်းလေးကို ရွတ်ခနဲနမ်းရင်း တဟီးဟီး လုပ်ပြနေ၏။ ဝေသာနှင့်ဇော်ထိုက်က နောင်နောင်ကို မျက်စောင်းလေးတွေ ပြိုင်တူရွယ်ကာ လှမ်းကြည့်သည်။

"ဟေ့ကောင် … မင်းကပါ ဒီကောင်နဲ့ရောပြီး အရူးထချင်နေတာလား … ဒီကောင့်မှာလား ချစ်သူလေးရှိမှာ … ဒီကောင် ပြောတိုင်း ယုံမနေနဲ့ … အလကားကောင် …"

ဝေသာ နှုတ်ခမ်းလေးမဲ့ကာ ရွတ်ချသည်။

"ဝေသာရာ … ဒီနေ့ကစပြီး ငါ့ကိုအထင်သေးနေတာတွေ မင်းဖွန့်လွှတ်သင့်နေပြီကွ သိရဲ့လား … အဲဒီချစ်သူလေးကို မနေ့က ဘက်ပီတယ်သွားရင်း မမျှော်လင့်ဘဲ ငါတွေ့လာခဲ့တာလေကွာ၊ မင်း မသိလိုက်ဘူးလား …"

"ဟေ့ကောင် … မင်းအပိုတွေလျှောက်ပြောမနေနဲ့၊ ကက်ပီတယ်မှာ ချစ်သူလေးကိုတွေ့ဖို့နေနေသာသာ ပြဿနာဖြစ်ပြီး အထိုးခံမလာရတာ ကံကောင်း …"

"ဟင် … ကက်ပီတယ်မှာ မင်းတို့ဘာတွေဖြစ်လာလို့လဲ"

နောင်နောင်က အကြောင်းစုံကို မသိသေးတော့မေးသည်။



www.burmeseclassic.com

"ဘာ ... ဘာဖြစ်ရမလဲ ... ဒီကောင်လေ ကက်ပီတယ်ထဲမှာ ဆောင်မလေး တစ်ယောက်ကို ဝင်တိုက်ပြီး ကောင်မလေးနဲ့ပါလာ တဲ့ဘိုးတော်ကြီးနဲ့ စကားတွေများတာ ... အဲဒါ ... ဘိုးတော်ကြီးက လက်သီးစာကျွေးမယ် တကဲကဲလုပ်နေလို့ ငါမနည်းဝင်ဖြေရှင်းပေး ရတယ်"

"ဟား ... ဟား ... ဖြစ်ရမယ်လေ ... ဒီကောင်နဲ့ ... "

"ငါကလည်း ဒီကောင်ပြဿနာတက်နေမှန်းမသိပါဘူး ... ကက်ပီတယ်အဝင်မှာ သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး စကား တပြောပြောနဲ့ အပေါ်ထပ်ကိုပါသွားတာ၊ ဒီကောင်က ထုံးစံအတိုင်း သိတယ်မလား ... ဖုန်းတစ်လုံးနဲ့အလုပ်ရှုပ်ပြီး နောက်မှာကျန်ခဲ့ တာ၊ ဟော ... ငါလည်း ပြန်ဆင်းလာရော ဒီကောင့်ရန်ပွဲက လူတွေ ဝိုင်းကြည့်နေတာ ကြိတ်ကြိတ်ကိုတိုးလို့ ... ဟား ... ဟား ... ငါနဲ့သိနေတဲ့ အန်ကယ်ကြီးဆို ဒီကောင့်ကိုဒေါ်ပွပြီး ထိုးမယ်ကြိတ် မယ် တကဲကဲဖြစ်နေတာ ... ကဲ ... ဘယ်မှာလဲ ချစ်သူတွေ့လာ တာ"

"ဟောကောင် ... ငါတွေ့လာတဲ့ချစ်သူလေးက အဲဒီအန်ကယ် ကြီးနောက်မှာ ဇာအဖြူရောင်လက်ရှည်ဝမ်းဆက်လေးနဲ့ ခေါင်း လေးငုံ့ပြီး ရပ်နေတဲ့ကောင်မလေးလေ ... "

"ဟာ ... ဟာ ... ဟောကောင် ဘယ်သူ ... ဇာဝမ်းဆက် အဖြူရောင်လေးနဲ့ အန်ကယ်ကြီးနောက်မှာရပ်နေတဲ့ ကောင်မလေး ဟုတ်လား ... "

"ဟုတ်တယ်လေ ... ဟုတ်တယ်လေ ... "





"အဲဒါဆို မင်းလဲသေလိုက်တော့ လရိပ်ထင်ရေ ... အဲဒါ အန်ကယ်ဦးမြင့်သူရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသမီး ငွေပိုးထည် ကွ ... နားလည်လား ... "

"ငွေပိုးထည် ... "

သူ့ မျက်တောင်လေးတွေ ကော့တက်သွားတာ အဆုံးထိပါ။

"ဟုတ်တယ်လေ ... အဲဒါ ဦးမြင့်သူရဲ့ တစ်ဦးတည်းသော သမီး ... အန်ကယ်ဦးမြင့်သူကိုယ်တိုင် တုန်နေအောင်ချစ်တဲ့သမီး၊ သူ့သမီးကို ဘယ်ယောက်ျားနဲ့မှ မပေးစားဘူးဆိုပြီး ရွှေလှောင်အိမ် ထဲမှာထည့်ပြီး သော့ခတ်ပိတ်ထားတာ ... အပြင်ထွက်ရင်လည်း ဘော်ဒီကတ်တွေ အစောင့်အရှောက်တွေနဲ့ပဲ ထွက်ရတာ ... နား လည်လား ... ငွေပိုးထည်ကလည်း သူ့ဒက်ဒီကို အရမ်းကြောက်ရ တယ်၊ ကဲ ... ပြောပါဦး ... မင်းတိုက်မိသွားတာ ငွေပိုးထည်ကို တိုက်မိသွားတာပေါ့"

"ဒါပေါ့ကွာ ... "

"မင်း သေသေချာချာ တွေ့လိုက်လို့လား ... "

ဒီနေရာရောက်တော့ အားလုံးစိတ်ဝင်စားသွားကြသည်။

"တွေ့လိုက်လို့ပြောနေတာပေါ့ကွ ... "

"ဘယ်လိုပုံစံမျိုးလေးလဲ လရိပ်ထင်ရာ ... မင်းတို့အခုပြော နေတဲ့ ဇာတ်လမ်းလေးကို ငါတို့တောင် အရမ်းစိတ်ဝင်စားလာပြီကွ၊ ငါတို့မျက်လုံးထဲမြင်လာအောင် ပြောပြစမ်းကွာ ... ငါတို့ မင်းနဲ့ လိုက်ပြီး စိတ်ကူးယဉ်ကြည့်မလို့ ... "

"အောင်မယ် ... လာလာချေသေး ... မင်းလိုကောင်က များ"



www.burmeseclassic.com

www.burmeseclassic.com



သူ ... ဖော်ထိုက်ကို မျက်စောင်းလေးပဲ ကြွေးပစ်လိုက်သည်။

"ဖော်ထိုက် ... မင်းဝင်မရှုပ်နဲ့လေ ... အခုလောလောဆယ် ဒီကောင်ပြောတာလေးကိုပဲ မင်းအရင်နားထောင်ကြည့်လိုက်ဦး၊ နားထောင်ပြီးတော့မှ ဒီကောင်နဲ့ ငွေပိုးထည် ဖြစ်နိုင်မဖြစ်နိုင် ငါတို့ စဉ်းစားမယ် ... မဖြစ်နိုင်ရင် ငွေပိုးထည်ကို ငါတို့လိုက်မယ် ... ကဲ ... မကောင်းဘူးလား ..."

"ကောင်းတယ် နောင်နောင် ... ဟဲဟဲ ..."

"ဟေ့ကောင်တွေ ... အရေးထဲမှာ လာနောက်မနေနဲ့ ... ခုအချိန်မှာ ငွေပိုးထည်နဲ့ပတ်သက်လာရင် တစ်စက်လေးတောင် အထိမခံနိုင်တော့ဘူးဆိုတာ မင်းတို့ သဘောပေါက်ထား ..."

"အဲလောက်တောင်ပဲလားကွာ ..."

ဝေသာ စိတ်ပျက်လက်ပျက်လေး ညည်းသည်။

"ဟေ့ကောင် ... အဲလောက်ထက်လည်း ပိုတယ်ကွ ... နားလည်လား ..."

"သွားပါပြီကွာ"

"ဟွန်း ... မင်းဘယ်လိုပဲ စိတ်ဓာတ်ကျအောင်ပြောပြော ငါလုံးဝစိတ်ဓာတ်မကျဘူး ဝေသာ ... ညကလည်း ငါမအိပ်ဘဲ တညလုံး စဉ်းစားပြီးပြီ ... ငွေပိုးထည်ဆိုတဲ့ကောင်မလေးကို ဂုဏ်မာန်တစ်ထောင်ပဲ စောင့်ပါစေ ... မရရအောင် ငါလိုက်မယ်"

"ကဲ ... ပြောပါဦး ... မင်းဘယ်လိုတွေ့လိုက်တာလဲ"

"ပခုံးချင်းတိုက်လိုက်ပြီးတော့မှ တွေ့လိုက်တာလေကွာ မိုက်သလားမမေးနဲ့ အသားလေးက ဝင်းနှစ်ပြီးတော့ ကိုယ်လုံးလေး





ကပါ အိစက်နေတာ ... ငါကလည်း တောင်းပန်ဘာညာနဲ့ ဓာတ်လမ်းလေးတစ်ပုဒ် ရပြီဆိုပြီး ရင်တွေခုန်နေတုန်း ... ဖြုန်းခနဲဆိုပြီး ဟိုအန်ကယ်ကြီးက ဝင်ကောလိုက်တာလေ ... ပွဲက အဲဒီမှာတင် တစ်ခါတည်းပျက်ပါလေရောကွာ ... ရင်ခုန်သံတွေပျောက်ပြီး ထိုးမယ့်ကြိတ်မယ့်အဆင့်တွေအထိ ရောက်ကုန်တာ ... ကောင်မလေးက စိုးရိမ်စိတ်ကလေးနဲ့ ငါ့ကိုလှမ်းလှမ်းကြည့်နေတာလည်း ငါမြင်တယ် ... ကောင်မလေး ... ဟင့်ခနဲ ငိုချလိုက်တာလည်း ငါတွေ့တယ် ... ဒါပေမဲ့ကွာ ..."

"ဟင် ... လရိပ်ထင် ဆက်ပြောလေ ..."

"အန်ကယ်ကြီး စကားလုံးတွေက တကယ်ရင့်တယ်ကွာ"

"ဟား ... ဟား ... အဲဒါ အစပဲရှိသေးတယ်ဟေ့ကောင်၊ ငွေပိုးထည်ကို မင်းလိုက်ပြီဆိုတာနဲ့ ဘာတွေဆက်ဖြစ်ဦးမလဲဆိုတာ ပိတ်ကားပေါ်မှာ မင်းစောင့်ကြည့်လိုက်လေ ... သူ့သမီးကိုထိတာနဲ့ မင်းနားကားသွားမှာ သေချာတယ် ... ငါပြောတာမယုံရင် မင်းစမ်းကြည့်လိုက် ... အခုရော ... မင်းဘာလုပ်မှာလဲ၊ ဒီပန်းစည်းကြီးနဲ့ ..."

"ဟွန်း ... ဒီပန်းစည်းကြီးက ငွေပိုးထည်ဆီက အချစ်ကိုရအောင် ငါ့ဖထမဆုံးတိုက်ပွဲဝင်မယ့် အကောင်းဆုံးလက်နက်လေ၊ မင်း ငွေပိုးထည်နေတဲ့နေရာကို သိတယ်မို့လား ..."

"မင်း ... မင်း တကယ်လိုက်တော့မှာ ..."

"ဟာ ... ငါဆုံးဖြတ်ပြီးပါပြီလို့ မင်းကိုဘယ်နှစ်ခါပြောရမလဲ"

သူ ပြောလိုက်တာပဲ ရင်ကလေးကော့ ခေါင်းကလေးမော့



www.burmeseclassic.com

www.burmeseclassic.com



လို့။

"မလွယ် ... မလွယ်ထူး ထင်တယ်နော် လရိပ်ထင် ..."

အန်ကယ် ဦးမြင့်သူအကြောင်းကို ဝေသာကသိတော့ ခက်နေသည်။ ပြောရရင် ... ဝေသာရဲ့အဒေါ်အရင်း ဒေါ်ဥမ္မာသော်က ငွေပိုးထည်မာမီ ... ဒေါ်ချောချောချစ်နဲ့ စိန်ဖုလိုမီနာကျောင်းထွက် ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်တွေလေ ... နှစ်အိမ်တစ်အိမ် ဝင်ထွက်သွားလာရင်းနဲ့ ဝေသာနဲ့ပါ ဆွေမျိုးတွေလိုခင်နေကြတာ။

မလွယ်ပါဘူး ...

ဒီကောင့်ကိစ္စမှာ ကိုယ်ဝင်ပါရင် ကိုယ်ပါရောအထောင်းခံရမှာ သေချာတယ်။

"ဘာ ... ဘာမလွယ်တာလဲဝေသာ ... ငါလိုချင်တဲ့မဉ္ဇူသကဲ့ နတ်ပန်းလေးက ဟိုကောင်းကင်အမြင့်ကြီးပေါ်မှာ တက်ပေါက်နေလို့လား"

"ဟေ့ကောင် ငါပြောတာ ဒါကိုပြောတာမဟုတ်ဘူးကွ၊ ငွေပိုးထည်ဆိုတာ အိမ်ထဲကအိမ်ပြင် ခြေတစ်လှမ်းလေးတောင် ကြွခွင့်မရှိလို့ငါပြောနေတာ ... အန်ကယ်ဦးမြင့်သူ ကမ္ဘာကိုသွားပြီဆိုတာနဲ့ ခြံတံခါးပိတ် ချိတ်ပဲ ..."

"ဟုတ်လို့လားကွာ ..."

သူ့ မျက်ဝန်းလေးထဲမှာ ငွေပိုးထည်ဆိုတဲ့သူမလေးရဲ့ ပုံရိပ်လေးကို အခုတောင် ပြန်မြင်လိုက်မိသည်။ တကယ့်ကို သိမ်မွေ့နူးညံ့လှသည့် ကောင်မလေး။ သူ့တစ်သက်နဲ့တစ်ကိုယ် သူတွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ မြင်လိုက်တာနဲ့ ရင်ခုန်သံတွေ တအားညံ





သွားအောင် ဆွဲဆောင်ညှို့ယူသွားတဲ့ ကောင်မလေး။

သူမလေးကြောင့်ပဲ ...

ဆန်းသစ်တဲ့နှလုံးသားခံစားချက် ပြင်းပြင်းလေးတွေ ပေါက်ဖွားလာခဲ့ရတာကို အိပ်မက်ဆန်စွာ လရိပ်က သိခွင့်ရခဲ့တာပါ။

ဒါကြောင့်မို့လည်း ဦးမြင့်သူဆိုတဲ့ အန်ကယ်ကြီးကို သူ အပြတ်တခါတည်း ကြေငြာထားခဲ့တာလေ။ သူ နောက်မဆုတ်နိုင်ပါဘူး။

ရအောင် လိုက်မယ် ... ဘာဖြစ်လဲ ...

"ဟွန်း ..."

"ဟေ့ကောင် နှုတ်ခမ်းလေးမဲ့ပြီး ဂရုမစိုက်သလိုလုပ်မနေနဲ့၊ မင်းဘာတွေ ကြံစည်နေသလဲဆိုတာ ငါသိတယ်နော် ဟေ့ကောင်"

ဒါကို ကြားထဲကနေ ...

နောင်နောင်က မနေနိုင်တော့ ဝင်ပြောသည်။

"ဝေသာရာ ... ဒီကောင် ဒီလောက်ဖြစ်နေတာ၊ မင်းတားနေတော့ရော ဒီကောင်က နောက်ဆုတ်သွားမှာမို့လား၊ ငါတို့တွေ ပေါင်းလာတာ ဒီကောင်ဘယ်တုန်းက အဲလိုဖြစ်ဖူးလို့လဲ ... အခု ဒီကောင်တကယ်ခံစားရလို့ပြောနေတာ၊ လွတ်လပ်တဲ့ မိန်းကလေး တစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေးတစ်ယောက်က အချိန်မရွေး လိုက်ခွင့်ရှိတယ် ... ငါကတော့ ထောက်ခံတယ် ... ဒီကောင် လိုက်ပါစေ ..."

"နောင်နောင်ပြောတာ မှန်တယ်ဝေသာ ... မင်း မကန့်ကွက်နဲ့တော့ ..."

"မင်း ... မင်း ငွေပိုးထည်ကို တကယ်ချစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဝေသာ စိုးရိမ်တာလည်း အဘိုးကြီးကို မကျေနပ်လို့ အခွဲ့တိုက် ပြဿနာရှာနေမှာပဲ စိုးရိမ်တာ။ ဒီကောင် ရင်ခုန်တာလည်း ဝေသာ မယုံပါဘူး။

"ဟာ ... တကယ်ချစ်တာလေ ဝေသာ ..."

"မင်း ... မင်း ... အဘိုးကြီးကို မခံချင်စိတ်လေးနဲ့ လက်စားချေချင်တာတော့ မဟုတ်ပါဘူးနော် လရိပ်ထင် ..."

"ဟွန်း ..."

"တွေ့လား ... နှုတ်ခမ်းလေးမဲ့ပြီးတော့ ဒီကောင် ပြုံးနေပြန်ပြီ ..."

ဝေသာ စိုးရိမ်တာလည်း အဲဒါ ...

"ငါ့ခံစားချက်ကို အမှန်အတိုင်းပြောရမလား"

"ဟာ ... ပြောလေကွာ ..."

"ချစ်တာရယ် လက်စားချေချင်တာရယ် နှစ်ခုပေါင်းပြီး ငွေပိုးထည်ကို မရရအောင် ငါလိုက်တော့မှာ ... ဒါ ... ငွေပိုးထည်သိသွားလို့မရတဲ့ တော့စီးကရက်ပဲ ... ရှင်းတယ်နော် ဝေသာ ..."

ဝေသာ မျက်လုံးပြူးနေပြီလေ။

"မင်း ... မင်း ... ချစ်ရင်လည်းချစ်တယ်၊ မုန်းရင်လည်းမုန်းတယ် ... ပြတ်ပြတ်သားသားပြောနော် လရိပ်ထင် ... ဘာလဲကွာ ... ချစ်လည်းချစ်တယ် ... လက်စားလည်းချေမယ်တဲ့၊ ကဲပြော ... ဒါ ဘာအဓိပ္ပာယ်လဲ ..."

"အဲဒါ ... မင်းမမေးနဲ့လေ ဝေသာ ... ငါဘာလုပ်မလဲဆိုတာ အချိန်တန်ရင် မင်းတို့သိလာပါလိမ့်မယ်"

"ဝေသာ ... မင်းမပြောနဲ့ ... ဒီကောင်ကြိုက်တာလုပ်ပစေ"





ဇော်ထိုက်က သူ့အထာကိုသိသည်။

သေချာတာက ငွေပိုးထည်ကို ချစ်ဟန်ဆောင်ပြီး ဦးမြင့်သူကို လက်စားချေမှာ။

ဒီကောင် ရိုက်မယ့်ဇာတ်လမ်းက နှစ်ကျပ်ကွက်ဇာတ်လမ်း။

"ကောင်းပြီလေ လရိပ်ထင် ... မင်းလုပ်ချင်တာတွေကို ငါလုံးဝမတားတော့ဘူး သိလား ... ငွေပိုးထည်ကို မင်းချစ်တာ အားပေးသလို၊ အန်ကယ်ဦးမြင့်သူကို မင်းမုန်းတာလည်း ငါမတားဆည်းချင်တော့ဘူး ... ဒီနှစ်ခုကြားမှာ မင်းဆန္ဒရှိတဲ့အတိုင်း ကြိုးစားနိုင်ပါတယ်"

"ဒါဆို ... ငွေပိုးထည် ဘယ်မှာနေသလဲဆိုတာ ပြောပြလေ"

"ပြောမှာပေါ့ကွ ..."

"တစ်ခုတော့ ရှိတယ်နော် ဝေသာ ..."

"ဘာလဲ ဟေ့ကောင် ... ပြော ..."

"ငါ့မိဘအသိုင်းအဝိုင်းတွေ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ငွေပိုးထည်ကိုရော ဦးမြင့်သူကိုပါ မင်းမသိစေနဲ့ ... သာမန်အဆင့်လောက်ပဲ သိပစေ ..."

"ရတယ်လေ ..."

"ငါ အဓိကလိုချင်တာ ငွေပိုးထည်ဆီက လက်ထပ်ခွင့်"

"လရိပ်ထင်ရာ ... ဒီလောက် နောက်ဆုံးပေါ်ကားတွေ ထည်လဲစီးနေတဲ့မင်းကို ဘယ်သူက သာမန်အဆင့်လောက်လေးသတ်မှတ်မှာလဲ ... ပြောပါဦး ... အခု ... ငွေပိုးထည်နေတဲ့လိပ်စာကိုမေးပြီး မင်းသွားတော့မယ်ဆိုတာ ... Fire lady ပြိုင်ကားလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပဲ မဟုတ်ဘူးလား"

"လုံးဝမှားတယ်"

"ဟင် … ဒါဆို ဘာနဲ့လဲ …"

နှောင်နှောင် မျက်တောင်လေးကော့ကြည့်ကာ မေးသည်။

"စက်ဘီးအဟောင်းကလေးနဲ့ …"

"ဘာ … ဘာပြောတယ် လရိပ်ထင် …"

အားလုံး မျက်လုံးတွေပြူးပြီး အသက်ရှူတွေပါ မှားကုန်ကြသည်။

"ငါက အဆင့်အတန်းမရှိတဲ့ကောင် … လမ်းပေါ်က ကလေကချေကောင်လေ ဝေသာ … ဒါကြောင့်မို့ … အန်ကယ်ကြီး ပြောတာနဲ့ တစ်ထပ်တည်းကျအောင် ငါနေပြရတော့မှာ၊ အဲဒီပုံစံလေးနဲ့ ငွေပိုးထည်ဆီက အချစ်ကိုရအောင် ငါကြိုးစားမယ် … ကဲ ငါ့အစီအစဉ် ဘယ်လောက်မိုက်လဲ …"

"ဟား … ဟား … ကြိုက်သွားပြီ လရိပ်ထင် … ဒီ မာစတာပလင်ကို ငါသဘောကျတယ် … ဟား … ဟား … ဒါမှ တကယ်ရင်ခုန်နေရမယ့် ဇာတ်လမ်းလေး …"

"လရိပ်ထင်ရာ … မင်းကိုတော့ ငါတကယ် လက်လှန်တယ်သိလား။ ဒီပွဲကို ရိုက်ချက်ပြင်းပြင်းလေးနဲ့ မင်းရိုက်တော့မယ်ဆိုတာ ငါသဘောပေါက်တယ်"

ဝေသာ ပြုံးနေတာလေးမှာ မခံချိမခံသာလေးနဲ့။

"ဟွန်း … စိတ်ချပါ။ မင်းက မပြောနဲ့ဆိုရင် ငါလုံးဝမပြောဘူးဆိုတာ ကတိပေးတယ် … တစ်ခုတော့ရှိတယ်၊ ချစ်ခြင်းနဲ့လက်





စားချေခြင်းနှစ်ခုကြားမှာ တရားမျှတမှုတော့ မင်းဘက်မှာရှိပါစေနော် … အဲဒါတော့ ငါတောင်းဆိုတယ်၊ မင်းပြောသလို အန်ကယ်ဦးမြင့်သူမှာ အပြစ်ရှိပေမယ့် ငွေပိုးထည်မှာ အပြစ်မရှိဘူး"

ဝေသာ တည်တည်ငြိမ်ငြိမ်လေးပဲ တောင်းဆိုနေသည်။

သူ … နှုတ်ခမ်းလေးမဲ့ပြီးတော့ပဲ ပြုံးလိုက်မိ၏။

"ရတယ်လေ ဝေသာ … မင်းဆိုလိုချင်တာကိုလည်း ငါသဘောပေါက်တယ်၊ ငွေပိုးထည်ဆီက အချစ်ကိုရတဲ့တစ်နေ့မှာ မီးလျှံမီးတောက်တွေ ပတ်လည်ဝိုင်းနေတဲ့ အလည်မှာရောက်နေရင်တောင် ငွေပိုးထည်ကို ငါရအောင်လက်ထပ်ယူသွားမယ် … ဟုတ်ပြီနော် … သူငယ်ချင်း … အဲဒါ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ …"

ဒါ … ခက်လို့လား။

ခုတောင် … နာကျင်စိတ်ကလေးနဲ့ဦးမြင့်သူကို လက်စားချေချင်နေတာ။ ငွေပိုးထည်ဆီကသာ လက်ထပ်ခွင့်လေးရမယ်ဆိုရင် နှစ်ပတ်ဂျမ်းကလေးတောင် ထိုးပစ်လိုက်ချင်သေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

ဒီရပ်ကွက်လေးထဲကို သူဝင်လာတာ ...

ဖြိုင်စက်ဘီးအဟောင်းကလေးကို ခပ်မှန်မှန်လေးစီးရင်း ဝင်လာခဲ့တာပဲ ဖြစ်သည်။ ရည်ရွယ်ချက်က ငွေပိုးထည်ဆိုတဲ့ သူမလေး စံမြန်းရာ နန်းတော်လေးကို ရင်ခုန်သံတွေအများကြီးနဲ့ ရှာဖွေဖို့ပဲလေ။

ဒီခံစားချက်ကလေးက တပ်လှန့်နေသလို ... ဒါဟာ သူ့နှလုံးသား ရှင်သန်ခြင်းအတွက် လိုအပ်မှုတစ်ခုလည်းဖြစ်နေခဲ့၏။ သူ့စက်ဘီးလက်ကိုင်တန်းလေးမှာတော့ အဝါရောင်ပန်းစည်းလေးကို ချည်နှောင်ချိတ်ဆွဲထားလို့ပေါ့။

"အနောက်ဘက်က လမ်းကလေးအတိုင်း ဝင်သွားရင် ဘယ်ညာဖြာသွားတဲ့ လမ်းဆုံလေးတစ်ခုကို မင်းတွေ့လိမ့်မယ်၊ တွေ့ရင် မကွေ့နဲ့ ... တည့်တည့်ဆက်နင်း ... နင်းရင်းနဲ့ ဘယ်ဘက်အခြမ်းကိုကြည့်သွား ... ငါပြောတဲ့ ခြံနံပါတ်ကိုတွေ့လိမ့်မယ်"

"ခြံက ကျယ်လား ..."

"ကျယ်တယ်လေ ... ခြံဝကကြည့်ရင်တောင် တိုက်တံခါးဝ





ကို မမြင်ရဘူး ... ပန်းပင်တွေနဲ့ အုပ်ဆိုင်းပြီးတော့ ပိတ်နေတာ"

ဝေသာ မှာလိုက်သည့်စကားကို သတိရပြီး သူ့မျက်ဝန်းလေးတွေက လမ်းဘယ်ဘက်အခြမ်းဘက်ကိုပဲ ဝဲနေခဲ့၏။

ခြံကလေးတွေကတော့ အားလုံးသပ်သပ်ရပ်ရပ်ကလေးပင်။ ဂုဏ်ဒြပ်လေးတစ်ခုနှင့် ... တင့်တယ်အေးချမ်းနေသည့်ရပ်ကွက်ကလေးဆိုတာတော့ မြင်လိုက်တာနှင့် သူသိပါသည်။

"ဟင် ..."

တွေ့ပါပြီ။ ဝေသာ ပြောလိုက်သည့် ခြံနံပါတ်လေး။

ငွေပိုးထည် ...

မင်းနဲ့သာ တွေ့ရမယ်ဆိုရင် ဘယ်လိုအနှောက်အယှက်အတားအဆီးတွေပဲ ကြုံရ ကြုံရ ကိုယ်ဖြတ်ကျော်နိုင်တယ်သိလား၊ ဒါဟာ ... ကိုယ့်နှလုံးသားထဲက နားကျင်ရင်ခုန်သံတွေရဲ့ စေညွှန်အမိန့်ပေးရာနောက်ကို ကိုယ်လိုက်တော့မယ်ဆိုတဲ့ အချက်ပေးသံတွေပဲ။ ဒါကိုလည်း ကိုယ်လုံးဝကျေနပ်တယ် ငွေပိုးထည်။

မင်းဒက်ဒီရဲ့ နှလုံးသားမဲ့စွာ ရိုက်ချမှုတွေကို ကိုယ်ဘယ်တော့မှ မေ့နိုင်မှာမဟုတ်သလို ကိုယ့်ရှေ့မလှမ်းမကမ်းလေးမှာ ခေါင်းလေးငုံ့ရပ်နေတဲ့ မင်းရဲ့ပုံရိပ်ကလေးကလည်း ကိုယ့်ရင်ထဲမှာ ဘယ်သူဖျက်လို့မှ မပျက်နိုင်တဲ့ ပုံရိပ်လေးအဖြစ်နဲ့ စွဲမြဲကျန်နေခဲ့မှာသေချာပါတယ်။ ဒါကိုတော့ ... မင်းယုံကြည်ပေးစေချင်တယ် ငွေပိုးထည်။

သူ မသိမသာ မျက်ဝန်းလေး ဝေ့ကြည့်တော့ ...

ခြံတံခါးလေးက တိကျသေသပ်စွာ ပိတ်ထား၏။ အထဲကို ... လုံးဝမမြင်ရ။ တစ်လမ်းလုံးမှာလည်း လူအသွားအလာရော



www.burmeseclassic.com

www.burmeseclassic.com



ကားအသွားအလာပါ ရှင်းနေသည်။

ဟော ...

သူ မျက်ဝန်းလေးဝေ့လို့ ကြည့်နေဆဲမှာပင် မမျှော်လင့်ဘဲ ခြံတံခါးလေးက ပွင့်လို့သွားခဲ့ချေပြီ။ သူ စက်ဘီးကလေးကို ဖြတ်နင်းသွားရင်း ... ဝေသာပြောသည့် ခြံနံပါတ်လေးနှင့် မလှမ်းမကမ်းမှာပဲ စက်ဘီးကလေးထိုးရပ်ကာ နောက်ကိုလှည့်ကြည့်လိုက်တော့

"ဟင် ..."

ထွက်လာတာ ဆံရစ်ဝိုင်းဆံပင်ကလေးနှင့် ...

အ[illegible]ာက်တက် ကောင်မလေးတစ်ယောက်။

ဘာ[illegible]င် ... ဘာလုပ်တာလဲ။

လက်ထဲမှာလည်း အပြာရောင်ကြွပ်ကြွပ်အိတ် နှစ်လုံးကိုကိုင်လို့။ ဒါ ... ငွေပိုးထည်တို့ခြံထဲက အလုပ်သမားကောင်မလေးလား။

ကြည့်စမ်း ...

လျှောက်လာတာလည်း သူ့စက်ဘီးလေးရပ်ထားသည့်နေရာလေးတည့်တည့်ဘက်ကို ...

သူ အနားရောက်တော့ အရဲစွန့်ပြီး ပြုံးပြလိုက်၏။

"ဟဲ ... ဟဲ ..."

"ဟင် ..."

သူ့ခပ်တည်တည်လေးနဲ့ ပြုံးပြလိုက်တော့ ပုတက်မလေးက

"ဟွန်း ... သိလည်းမသိဘဲနဲ့ ..."

"ဟောဗျာ ..."

"ဟုတ်တယ်လေ ... အစ်ကိုလေးက မသိဘဲနဲ့ ပြုံးပြနေလို့





ပြောတာ"

"ခင်လို့ပေါ့ ညီမလေးရဲ့ ... ဟိုလေ ... အစ်ကိုတစ်ခုလောက်သိချင်တာလေး မေးမလို့ ... ဟဲဟဲ ... မေးလို့ရမလားဟင်"

"မေးလေ ... ဘာသိချင်တာလဲ"

"ငွေပိုးထည်ကို ညီမလေး သိလား ..."

"အမလေး အစ်ကိုလေးရယ် ..."

"ဟင် ... ညီမလေး ငွေပိုးထည်ကို ညီမလေး သိလို့လား"

"သိတာပေါ့ အစ်ကိုလေးရဲ့ ... ဒုက္ခပါပဲ ..."

ပုတက်မလေး မသက်မသာဖြစ်သွားသလိုလေးနှင့် မျက်လုံးလေးဝေကာ ဘယ်ညာရမ်းသွားသည်။ သူ့ကိုလည်း လှည့်မကြည့်တော့ဘဲ ရှေ့ကိုဆက်လျှောက်သွား၏။

စည်ပင်အမှိုက်ပုံးလေးရှိရာကို သွားတာပဲ။

"ညီမလေး ... ညီမလေး ..."

"ဟင် ..."

ပုတက်မလေး ကြောက်နေသည်။

"အစ်ကို့ကို ကူညီပါ ညီမလေးရယ် ..."

"ဟာ ... ဘာကူညီရမှာလဲ ..."

"ငွေ ... ငွေပိုးထည်ကိုလေ ဒီပန်းစည်းလေး ပေး ... ပေးပါလားလို့ ..."

"ဟာ ... မပေးရဲပါဘူး"

ကွိုင်ပဲ ...

ပြောပြီးတာနဲ့ တစ်ချိုးတည်းပြေးပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုလုပ်ရမလဲ။

ငွေပိုးထည် ...

မင်းနဲ့ပတ်သက်ခွင့်ရေးရအောင် ကြိုးစားရတာ ခက်လိုက်တာကွာ။ ဝေသာပြောသလို ရွှေလှောင်အိမ်လေးထဲမှာ သော့ပိတ်ခံထားရတယ်ဆိုတာ တကယ်မှန်နေတာပဲ။ ဒါပေမဲ့ ... ကိုယ်စွဲ မလျှော့ပါဘူး။

"တီ ... တီ ..."

"ဟင် ..."

ဟန်းဖုန်းခေါ်သံလေး မြန်လာလို့ ...

သူ ကပျာကယာလေးကောက်ကာ ဖွင့်နားထောင်လိုက်တော့ ဝေသာဆီက ဆက်နေတဲ့ဖုန်း။

"ဟေ့ကောင် ... လရိပ်ထင် ... မင်းအဆင်ပြေလား"

"ဟွန်း ... ကြိုးစားနေတုန်းပဲလေကွာ"

"ငါပြောတဲ့ ခြံနံပါတ်ကို တွေ့တယ်နော်"

"တွေ့တယ်လေ ... ငါ အခု အဲဒီခြံနဲ့မလှမ်းမကမ်းလေးမှာ စက်ဘီးလေးရပ်ပြီးကြည့်နေတာ ... ဟာ ... ဟေ့ကောင် ... နေဦး၊ မင်းကို ငါမေးစရာတစ်ခုရှိလို့ ..."

"ဟင် ... ဘာမေးမှာလဲ ..."

"ခြံထဲကနေ အရပ်ပုတက်တက်လေးနဲ့ ကောင်မလေးတစ်ယောက် အမြိုက်ထွက်သွန်တာ ငါတွေ့တယ်ကွ ... အဲဒါ ဘယ်သူလဲ"

"ဆံပင်တိုတိုလေးနဲ့လား"

"ဟုတ်တယ် ... ဟုတ်တယ် ... ဆံရစ်ဝိုင်းဆံပင်လေးနဲ့"





"ဟား ... ဟား ... အဲဒါ ငွေပိုးထည်ရဲ့ အနီးဆုံး ဘော်ဒီကတ်လေကွာ ... သူ့နာမည်က ကစ်ကစ်တဲ့ ... သူက ရယ်စရာလည်း အရမ်းပြောတတ်သလို သဘောလည်းကောင်းတယ်ကွ၊ မင်းလုပ်ရမှာ မင်းလက်ထဲက ပန်းစည်းလေးကို ငွေပိုးထည်လက်ထဲရောက်အောင် ကစ်ကစ်ကို ပေးခိုင်းလိုက်ရမှာ ..."

"ဟာ ... မင်းပြောတာတောင် နောက်ကျနေပြီ၊ ငါပေးခိုင်းတော့ အဲဒီချာတိတ်မလေးက ထွက်ပြေးတယ်ကွ ..."

"ဟား ... ဟား ... မလွယ်ပါဘူး လရိပ်ထင်ရာ၊ ပွဲဦးထွက်နေ့မှာ မင်းရင်မောပြီးပြန်လာရမှာ မြင်ယောင်သေးတယ်"

"ဟွန်း ... ဆောရီးပဲ ဝေသာ ... ငါ့မျှော်လင့်ချက်တွေကို ဘယ်လိုအရာမျိုးနဲ့မှ ရိုက်ချိုးလို့မရဘူးဆိုတာ မင်းယုံထားလိုက်"

"အေးပါကွာ ... အေးပါ ... ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စင်အောက်ကပဲ ငါထိုင်ကြည့်နေတော့မယ်"

"ကောင်းပြီလေ သူငယ်ချင်း ..."

ဖုန်းလေးကို ပြန်ပိတ်ကာ ဘောင်းဘီနောက်အိတ်လေးထဲကိုပဲ သူပြန်ထိုးထည့်ပစ်လိုက်၏။

ဝေသာ ...

မင်းတစ်ခုပဲ သိထားရမှာက လရိပ်ထင်ဆိုတဲ့ကောင်ဟာ နားကြည်းချက်ပြင်းထန်တယ်ဆိုတာပဲ။

အရှုံးလည်း မပေးပါဘူး။ ငွေပိုးထည်ကို ရအောင်လိုက်ပြီး ဦးမြင့်သူကို လက်စင်ပေးမယ်။

"မမလေးရေ ... မမလေး ..."

"ဟဲ့ ... ဟဲ့ ... အို ... အဟင်း ... ကစ်ကစ်ရယ်၊ အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြားနဲ့ နင် ဘာဖြစ်လာတာလဲ”

ငွေပိုးထည် ဖတ်လက်စ စာအုပ်လေးဘေးချကာ ကစ်ကစ် မျက်နှာလေးကိုပဲ အထိတ်တလန့်လေး လှည့်ကြည့်မိသည်။ ဘယ်တော့မဆို ပျာယီပျာယာလေးနှင့် လူတွေကိုလန့်အောင် အမြဲလုပ်တတ်တဲ့ ကစ်ကစ်လေ။

အခုလည်း … အမိုက်သွားသွန်နိုင်းတာ လမ်းမှာ ဘာတွေဖြစ်လာပြန်ပြီလဲမသိ။ သူမ ရှိရာ စာဖတ်ခန်းလေးထဲကို အပြေးဝင်လာပြီး …

“ဟို … ဟိုလေ … မမလေး … ”

“ဟဲ့ … နင်ဘာဖြစ်နေတာလဲ ပြောစရာရှိတာ မြန်မြန်ပြောလေ”

“ခြံ … ခြံရှေ့မှာ လူတစ်ယောက်လေ … ”

“ဟင် … ဘယ်ကလူလဲ … ”

“ဟာ … မမလေး မသိဘူးလား၊ ဟိုနေ့က ကက်ပီတယ်မှာ ပြဿနာဖြစ်သွားတဲ့ အစ်ကိုလေးလေ … ”

“ဘယ် … ဘယ်လို … ”

ကစ်ကစ်ပြောနေတာ အရင်းလည်းမရှိ အဖျားလည်းမရှိ။

“ချော … ချောတယ်သိလား မမလေး၊ ကစ်ကစ် အမှိုက်ထွက်သွန်ရင်း တွေ့လို့ … သူက ကစ်ကစ်ကိုလာမေးတာ၊ ငွေပိုးထည်ကိုသိလားတဲ့ … ”

“အို … ကြည့်စမ်း … ”

“ကစ်ကစ်တောင် မြင်ဖူးပါတယ်ဆိုပြီး သတိရအောင် ပြန်စဉ်းစားလိုက်တော့မှ အဲဒီအစ်ကိုလေးကို မှတ်မိသွားတာ”





“ပြီး … ပြီးတော့လည်း ကစ်ကစ်ကို ပြောသေးတယ်၊ ဒီပန်းစည်းလေး ငွေပိုးထည်ကို ပေးပေးပါတဲ့ … ”

“ဘုရားရေ … ”

“အဲဒါ … အဲဒါ မမလေးကြည့်ချင်ရင် အပေါ်ထပ်ဝရန်တာနားကနေ ထွက်ကြည့်လိုက် … ပြိုင်စက်ဘီးလေးနဲ့ သူကလာတာလေ … မမလေးရဲ့ … ဟင်းဟင်း … သူယူလာတဲ့ပန်းစည်းလေးကလည်း အရမ်းလှတဲ့ အဝါရောင်ပန်းစည်းလေး … မိုက်တယ်သိလား … ”

ကြည့်စမ်း … လရိပ်ထင်ဆိုတဲ့လူ …

သူက ပြိုင်စက်ဘီးလေးနဲ့ လာတာတဲ့။

ပြဿနာပဲ …

ငွေပိုးထည် ခြေဖျားလေးထောက်ကာ ဝရန်တာ အစွန်ဖက်နေရာလေးကနေ ထွက်ကြည့်လိုက်တော့ …

“ဘုရားရေ … ”

မျက်တောင်ရှည်လေးတွေကော့ကာ နှော့က်တစ်ကြိမ်ဘုရားတ,လိုက်ရပြန်ပြီ။

လရိပ်ထင် …

လရိပ်ထင်ဆိုတဲ့လူလေ …

“တွေ့ … တွေ့လားဟင် မမလေး … ”

“အင်း … အင်း … တွေ့တယ် … တွေ့တယ် … ”

“မိုက်တယ်နော် မမလေး … ”

“အောင်မယ် … အရေးထဲမှာ နင်က သဘောကျနေသေးတယ်၊ ဟော … ဟော … ခြံရှေ့ဝင်းတံခါးနားမှာ ဘာဟာလုပ်နေ

www.burmeseclassic.com



တာလဲ မသိဘူး၊ ပြဿနာပဲ ...”

“ဟာ ... မမလေး ... သူ့လက်ထဲက ပန်းစည်းလေးကို ခြံတံခါးဝမှာ လာချိတ်နေတာ မမလေးရဲ့ ...”

“ဟယ် ...”

“ဟိုမှာ ... ဟိုမှာ ... ပြန်ထွက်သွားပြီ”

“ဒုက္ခပါပဲ ... ကစ်ကစ်ရယ် ...”

ထည် ရင်တထိတ်ထိတ်လေးနှင့် အသက်ရှူလေးများကာ လမ်းမထက်ကို ကြည့်လိုက်တော့ လရိပ်ထင်ဆိုတဲ့လူက စက်ဘီးကလေးနင်းကာ ... လမ်းမအတိုင်း ထွက်သွားခဲ့ပြီလေ။

“မဒုက္ခနဲ့လေ ... မမလေး ... အဲဒီပန်းစည်းလေးကို ကစ်ကစ် သွားယူလိုက်မယ် ... မယူရင် သူများတွေသိကုန်တော့မှာ”

“နင် ... နင် ... မာမီ့ကိုကြည့်ဦးနော် ...”

ထည် ... ရင်တွေခုန်နေသလို ကြောက်လည်းကြောက်နေသည်။

မာမီက အောက်ထပ်မှာလေ။

စောစောကတော့ ဒက်ဒီနဲ့ ဖုန်းပြောနေသံလေးကြားလိုက်သည်။ လရိပ်ထင်ရယ် ... ဒက်ဒီနဲ့ဒီလောက်ပြဿနာတက်ထားတာတောင် ... ရှင် ... ဒီရပ်ကွက်ထဲကို လိုက်လာရဲသေးတယ်နော်၊ ဒက်ဒီပြန်လာတာနဲ့တိုးရင် ရှင်တော့မလွယ်ဘူး ...”

ထည် ဝရန်တာလေးမှာလည်း ရပ်နေလို့မရတော့ပါ။

ရင်တထိတ်ထိတ်လေးနဲ့ အပေါ်ထပ်အခန်းကျယ်ကြီးထဲမှာ ခေါက်တုန့်ခေါက်ပြန်လေးလျှောက်ရင်း ကစ်ကစ်ခြေသံလေးကိုပဲ နားစွင့်ထားမိသည်။





“ဟော ...”

လျှင်လိုက်တဲ့ ကစ်ကစ် ...

“မမလေးရေ ... ဟောဒီမှာ ကြည့်စမ်း ...”

“အို ...”

လှလိုက်တဲ့ ပန်းစည်းလေး ...

သစ္စာပန်း အဝါရောင်လေးတွေကို မှိုင်းခံစက္ကူအကြည်ရောင်လေးနဲ့ပတ်စည်းထားတာလေ။ ဖဲကြိုးနီလေးကိုလည်း ခေါက်တွန့်လေးချည်ကာ ဆွဲထားလိုက်သေးရဲ့ ... ဘယ်လောက်ကဗျာဆန်လိုက်တဲ့ ပန်းစည်းလေးလဲကွယ်။

“ထည်လေးရေ ... သမီး ဘာလုပ်နေလဲ ...”

“အမလေး ... မာမီလာပြီ ... ဒုက္ခပါပဲ ...”

မာမီမြင်သွားမှာကြောက်လို့ ပန်းစည်းလေးကို ကမန်းကတမ်းဖွက်ရတာ ထည့်မျက်နှာလေးက ပျက်ချင်ချင်။

“ဟဲ့ ... အထဲမှာ ငြိမ်နေကြတာလား”

မျက်ဝန်းစူးစူးလေးတွေနှင့် မာမီ စိုက်ကြည့်ကာမေးတော့ ထည့်စိတ်က မလုံချင်။

“မဟုတ်ပါဘူး မာမီ ... ဒီမှာ ထည်နဲ့ကစ်ကစ် တံမြက်စည်းလှဲပြီး သန့်ရှင်းရေးလုပ်နေတာလေ ...”

မာမီ့ကို ပထမဆုံး လိမ်ညာပြောလိုက်ရသည့်အတွက် ထည် လေးလံလေးတော့ ဖြစ်သွားရသည်။

“ဒါဆိုလည်း ပြီးရော ... ပြီးရော ... စောစောက ကစ်ကစ် သုတ်ခနဲ ပြေးတက်သွားတာမြင်လိုက်လို့ ဘာဖြစ်လဲဆိုပြီး မာမီ လာ



www.burmeseclassic.com

www.burmeseclassic.com



တက်ကြည့်တာ ... ညနေစောင်းတာနဲ့ ကန်ဘောင်ဘက်ကို လမ်းလျှောက်ထွက်မယ်နော် ... နှစ်ယောက်စလုံး ရေမိုးချိုးပြင်ဆင်ထားကြ ..."

"ဟုတ် ... မာမီ ..."

မာမီ အခန်းဝကနေ လှည့်ထွက်သွားတော့မှ ထည်အသက်ဝဝရှူရဲတော့၏။

"ကစ်ကစ် ... တံခါးမြန်မြန်သွားပိတ်စမ်း ..."

"ဟဲဟဲ ... ပိတ်ပြီ ... ပိတ်ပြီ ... ပိတ်လိုက်ပြီ ..."

"ကစ်ကစ်နော် ... ဒီမှာ စိတ်ညစ်နေပါတယ်ဆိုမှ နင့်မျက်နှာပြောင်စပ်စပ်လုပ်မနေနဲ့ ... နင့်ငယ်ထိပ်ကို ငါပိတ်ထုမိတော့မယ်"

"ဟာ ... မမလေးကလည်း ကစ်ကစ်က ပန်းစည်းလေးရလို့ ပျော်နေတာလေ၊ လရိပ်ထင်ဆိုတဲ့ ဟိုအစ်ကိုလေးကလည်းချော၊ ပန်းစည်းလေးကလည်းလှ၊ ကဲ ... အဲဒါတောင် မမလေး ရင်မခုန်ဘူးလား ..."

"အောင်မယ် ... ကျုပ်က ဘာဆိုင်လို့ ရင်ခုန်ရမှာလဲ"

ထည် မျက်စောင်းဝင့်ဝင့်လေးကိုပဲ ရွယ်ပေးလိုက်သည်။

ဒက်ဒီနဲ့ ဒီလောက်ပြဿနာတက်ထားတာ ... ထည် ဘယ်လိုလုပ်ရင်ခုန်နိုင်မှာလဲ။ ကစ်ကစ်က ပန်းစည်းလေးကို ပြန်ထုတ်လာလို့ နောက်တစ်ကြိမ် အသေအချာ ကြည့်လိုက်တော့မှ ...

"ဟယ် ... ဒီမှာ စာတွေရေးထားတယ် ကြည့်စမ်း"

"ဟင် ... ဟုတ်လား မမလေး ..."

ထည်ရင်ကလေးခုန်ကာ ဖတ်ကြည့်လိုက်တော့ ...





ငွေပိုးထည် ...

ကိုယ် မင်းကို သိပ်ချစ်သွားလို့ ဒီပန်းစည်းလေးပို့ပေးလိုက်တာပါ၊ မင်းကြောင့် ရင်ခုန်သံလေးတွေ ညံသွားခဲ့ရတဲ့နေ့လေး တစ်နေ့ကို ကိုယ် ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ဘူး ... ဖုန်းဆက်နော် ကိုယ် အင်းလျားကန်ဘောင်လေးပေါ်မှာ တစ်ယောက်တည်းထိုင်ရင်း မင်းခေါ်လာမယ့် ဖုန်းသံလေးကို မျှော်နေမယ် ...

ချစ်တဲ့

လရိပ်ထင်

ဖုန်း ၀၉ ———

"ဟား ... ဟား ... မိုက်တယ်ကွ ... မိုက်တယ် ... လက်ရေးလေးကလည်း တအားမိုက်တယ် ... ဟား ဟား ... အခုမှ မမလေးရဲ့ဖူးစာရှင်အစစ်ကို တွေ့ပြီကွ ... ဟေးဟေး ..."

"ဟယ် ... ကစ်ကစ်ရယ် ဒုက္ခပါပဲ ... နင် ... နင် ဘာလို့ ဒီလောက်တောင် အူမြူးနေရတာလဲဟင် ..."

ကစ်ကစ်က ပျော်နေသလောက် ထည်က မပျော်နိုင်ပါ။ တိုက်တိုက်ဆိုင်ဆိုင် မာမီက ကန်ဘောင်ပေါ်ကို လမ်းလျှောက်ထွက်မယ်ဆိုမှ သူကပါ ကန်ဘောင်ပေါ်မှာ စောင့်နေဦးမတဲ့လေ။

"ဟာ ... ဒီလောက်ချောတဲ့ အစ်ကိုလေးက မမလေးကို ချစ်တယ်ပြောသွားတာ၊ ဘယ်လောက်ပျော်ဖို့ကောင်းသလဲဆိုတာ၊ နှုတ်ခမ်းရဲရဲလေးနဲ့ တကယ်ချောတဲ့အစ်ကိုလေး ... မျက်ခုံးတန်းကြီးနှစ်ခုဆိုရင် ထူပိတ်ပြီးတော့ စိမ်းညို့နေတာလေ ... ခြံတံခါးမှာ ဒီပန်းစည်းလေးလာချိတ်သွားတာ၊ သတ္တိရှိလို့လာချိတ်သွားတာ၊ အဲဒါ မမလေးကို သူ အရမ်းချစ်သွားလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ... ဒက်ဒီသိရင် သူအထိုးခံရမှာဟဲ့ ..."

"ဟာ ... ဒါဆို ... သူ့ကို မမလေးက သနားနေတာလား"

"ကစ်ကစ်ရယ် ... မမလေးအတွက်နဲ့ သူ အထိုးခံရတယ်ဆိုရင် မမလေး ဘယ်လိုလုပ် စိတ်ကောင်းနိုင်ပါတော့မလဲ ... ဒက်ဒီကလည်း နင်သိတဲ့အတိုင်း စိတ်တအားထက်တယ်လေ၊ သူကလဲ မဟုတ်မခံလေးနဲ့ ဂျွတ်ဆတ်ဆတ်လေး ပြောတတ်တာဆိုတော့ တစ်နေ့မဟုတ်တစ်နေ့ ဒက်ဒီနဲ့တည့်တည့်တိုးပြီး ပြဿနာထပ်ဖြစ်မှာ မမလေး စိုးရိမ်နေတာ"

လရိပ်ထင်ရယ် ...

ရှင် ဘာလို့ ထည့်နောက်ကို လိုက်လာရတာလဲဟင်။

ထည် ကြောက်ပါတယ်။ ရှင် ... ခုလို ထည်တို့ခြံတံခါးမှာ ပန်းစည်းလေး ပြောင်လာချိတ်သွားတာ ဒက်ဒီသိသွားရင် ဘယ်လောက်ပြဿနာတက်သွားမလဲဆိုတာ ရှင်စဉ်းစားပါဦး။ ရှင်က ထည့်ကို ချစ်တယ်ပြောပေမယ့် ရှင့်ကို ပြန်ချစ်ဖို့ဆိုတာ ထည့်အတွက်တော့ ဆောရီးပဲ လရိပ်ထင် ... ရှင်နဲ့ဒက်ဒီ တည့်တာလည်း မဟုတ်ဘဲနဲ့။

ဖြစ်နိုင်ရင် ... ထည့်ကို မနှောက်ယှက်ပါနဲ့။

ထည် တောင်းပန်ပါတယ် လရိပ်ထင်ရယ်။

အခန်း ( ၄ )

"ဟဲလို ဝေသာလား ..."

"ဟေ့ကောင် လရိပ်ထင် ပြောလေ ..."

"အောင်ပြီကွ ... အောင်ပြီ ... သိရဲ့လား ဝေသာ၊ ငွေပိုးထည်တို့ခြံတံခါးဝမှာ ပန်းစည်းလေးကို ပြောင်သွားချိတ်လိုက်တာ၊ မင်းပြောတဲ့ ကစ်ကစ်ဆိုတဲ့ ဘော်ဒီဂတ်မလေးက အလစ်မှာထွက်ယူသွားတယ်လေ ..."

"ဟာ ... ဟုတ်လား ... ဒါကြောင့် မင်းအူမြူးနေတာပေါ့"

"မြူးတာပေါ့ကွ ... အခုလောက်ဆိုရင် ငါ့ရဲ့ရင်ခုန်သံ ပန်းစည်းလေး ငွေပိုးထည်လက်ထဲကို ရောက်သွားလောက်ပြီလေ၊ သူ ဘယ်လောက်ရင်ခုန်နေမလဲဆိုတာ မင်းစဉ်းစားကြည့်စမ်း ..."

"မင်းအခု ဘယ်မှာလဲ ..."

"ငါ ကန်ဘောင်ပေါ်မှာ သူ့ဆီကပြန်လာမယ့် ဖုန်းသံလေးကို မျှော်နေတာ ... နေပါဦး ဝေသာ ... မင်းဆီမှာ သူ့ရဲ့ဖုန်းနံပါတ် ရှိဘူးလား"

"အဟမ်း ... သူ့ဖုန်းနံပါတ်တော့ ငါမသိဘူး ... အိမ်ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တော့ ရှိတယ်လေ ...”

“ပေးကွာ ... ဝေသာ ... သူမဆက်ရင် ကြိုးစားပြီး ငါဆက်ကြည့်မလို့ ...”

“နေဦးကွ ... ဖုန်းဘုတ်ထဲမှာ ငါပြန်ရှာရဦးမှာ၊ ပြီးမှ ... ဖုန်းနံပါတ်ရိုက်ပြီး မက်ဆေ့စ်လှမ်းပို့ပေးမယ်လေကွာ”

“ရတယ်လေ ... သူငယ်ချင်း ...”

“ဟွန်း ... တော်ကြာ အန်ကယ်ဦးမြင့်သူနဲ့ တန်းတိုးနေမှ မင်းပြေးပေါက် မှားနေဦးမယ်နော် လရိပ်ထင် ... ငါသိထားတာ ကြိုးဖုန်းလာရင် ငွေပိုးထည်က ဘယ်တော့မှ ဖုန်းမကိုင်ဘူး၊ အန်တီချောပဲကိုင်တာ ...”

“ကြိုးစားကြည့်ရမှာပေါ့ သူငယ်ချင်းရာ ...”

“မင်း ... မင်း တော်တော်ဒုက္ခခံတယ်နော် ...”

“ဒါ ... အချစ်ကိုရှာဖွေသူတွေ ရင်ဆိုင်ရမယ့် သမိုင်းပေးတာဝန်ပဲလေ ... ချွေးစက်လေးတွေ ဘယ်လောက်ပဲကျကျ၊ အဲဒီချွေးစက်လေးတွေက ချိုမြိန်တယ်သူငယ်ချင်း ...”

“မင်း အောင်မြင်ပါစေကွာ ... ငါဆုတောင်းပါတယ်”

“မက်ဆေ့စ် ပို့ပေးနော် ...”

“စိတ်ချ သူငယ်ချင်း ...”

အရေးဆို ဝေသာကိုပဲ အပူကပ်နေရတာလေ။

ဒီကောင်က ငွေပိုးထည်တို့အိမ်နဲ့ ပတ်သက်နေတဲ့ကောင်ဆိုတော့ အချို့သတင်းအချက်အလက်တွေကို ဒီကောင့်ဆီကပဲယူနေရတာ ... မလွယ်ပါဘူး။

သူတစ်ယောက်တည်း ကန်ဘောင်လမ်းပေါ်က ခုံတန်းလေးမှာ ထိုင်နေမိသည်။ ထိုင်နေရင်း ဟန်းဖုန်းလေးကို ရွတ်ခနဲ





နမ်းလိုက်မိ၏။

သူမလေးဆီက ဖုန်းခေါ်သံလေး ပေါ်လာပါစေ။

သူ မရဲတရဲလေး ဆုတောင်းရင်း ပြုံးလိုက်မိသေး၏။ ကန်ဘောင်ပေါ်မှာတော့ လူတချို့ လမ်းလျှောက်နေကြသည်။ တချို့ကတော့ စုံတွဲလေးတွေ ဖြစ်နေသည်။

ငွေပိုးထည် ...

ကိုယ် မင်းဆီက ရောက်လာမယ့် ဖုန်းသံလေးကိုမျှော်နေပါတယ်။ ကိုယ့်မျှော်လင့်ချက်တွေက နာရီတွေကြာသွားလည်း အဆုံးသတ်သွားမှာ မဟုတ်ပါဘူး။ ကိုယ်ဘယ်လောက်ကြာကြာစောင့်ရမလဲ။ ကိုယ်စောင့်နိုင်ပါတယ် ငွေပိုးထည်။

သူ လက်ကနာရီလေးကို မြှောက်ကြည့်လိုက်တော့ ညနေငါးနာရီတိတိ။ သူစောင့်နေတာ နှစ်နာရီလောက်တော့ ရှိသွားပြီ။

ကန်ဘောင်ပေါ်မှာလည်း လူတွေများလာသည်။

“တီ ... တီ ...”

ထိုစဉ်အခိုက်လေးမှာ ...

ဖုန်းခေါ်သံလေးမြည်လာလို့ ပေါ်လာတဲ့နံပါတ်လေးကို တပျာကယာလေးကြည့်လိုက်တော့ ချွေးကောင် ဇော်ထိုက်ဆီက ဖုန်း ...

“ဟေ့ကောင် ဇော်ထိုက် ... ပြော ... ပြော ...”

သူ့ စိတ်ကလေးတိုသွားတော့ အသံကလေးကပါ မာသွားသည်။

“ဟေ့ကောင် ... မင်းအသံက မကြည်မလင်ကြီးနဲ့ ...”

“ငါ ဒီမှာ တစ်ယောက်တည်း စိတ်မောနေလို့ပေါ့ကွ”

“ဝေသာပြောတော့ ... မင်း ကန်ဘောင်မှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းသွားထိုင်ပြီး ရင်ခုန်သံဖောက်ကြမ်းကားလေး သွားရိုက်နေတယ်ဆို ... "

"အဲဒါ ... ဟုတ်တယ်လေ ... "

"ငွေပိုးထည်ဆိုတဲ့ ကောင်မလေးတစ်ယောက်ဆီက ဆက်လာမယ့်ဖုန်းကို မျှော်နေတာတဲ့ ... ဘယ်လိုလဲ ... ကောင်မလေးက ခုထိ ပြန်မဆက်သေးဘူးလား"

"မဆက်သေးပါဘူးကွာ ... "

"မဆက်သေးရင် ကောင်မလေးခြံထဲကို ခွကျော်တက်ပြီး သွားစကားပြောလေ ... မင်းသတ္တိမရှိဘူးလား"

"ဟေ့ကောင် ... မင်း ငါ့ကို စိမ်မခေါ်နဲ့နော် ... လရိပ်ထင် သွေးမကြောင်တတ်တာ မင်းအသိဆုံး ... "

"အလကား စတာပါ လရိပ်ထင်ရာ ... မင်းရဲ့ပန်းစည်း စစ်ဆင်ရေးအောင်မြင်သွားတာ ဝေသာပြောလို့ ငါရော နောင်နောင်ပါ သိထားပြီးသား ... စစ်ကူလိုရင် ကန်ဘောင်ပေါ်ကို ငါနဲ့ နောင်နောင် လိုက်ခဲ့မယ်လေ"

"တော်ပြီကွာ ဟေ့ကောင် ... မင်း ဖုန်းချလိုက်တော့၊ ငွေပိုးထည် ဆက်နေရင် ခေါ်ရခက်နေမှာစိုးလို့ ... "

"ဟာ ... ဟေ့ကောင် မင်းအဖြစ်သည်းမနေနဲ့ ... "

"ဒါပဲကွာ ... ဒါပဲ ... ဒါပဲ ... "

သူကပဲ အရင်ဦးအောင် ဖုန်းကို ပိတ်ချပစ်လိုက်သည်။

မချရင် ဖော်ထိုက်ဆိုတဲ့ကောင် အရစ်ရှည်နေတော့မှာလေ။ ပြောမယ့်သာပြောရတာ ငွေပိုးထည်ကရော သူ့ဆီကို ဖုန်းဆက်ပါတော့မလား။ အချိန်တွေကြာလာတော့ စိုးရိမ်စိတ်ကလေးကပါ ရင်ထဲကို တိုးဝင်လာနေ၏။





သူ စိတ်ပျက်လက်ပျက်လေးနဲ့ ထိုင်ခုံပေါ်က ထ,ကာ ခါးကလေးကို ဘယ်ညာလွှဲဆန့်လိုက်တော့မှ ...

"ဟာ ... "

သူ့မျက်ဝန်းကလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ ရင်ထဲမှာပါ ဒိုင်းခနဲ ဆောင့်ခုန်သွားခဲ့ပြီလေ။ ကန်ဘောင်ပေါ်ကို လျှောက်လာနေတဲ့ပုံရိပ်ကလေး ... သူ့နှလုံးသားတွေကို သွက်သွက်ခါသွားအောင် ဆွဲကိုင်လှုပ်ယမ်းပစ်လိုက်သည့် မျက်နှာလေး ...

"ငွေ ... ငွေပိုးထည် ... "

သူ ထင်မထားခဲ့ပါ။ မျှော်လင့်မထားခဲ့ပါ။

ကက်ဗီတယ်မှာ တွေ့ခဲ့သည့် အန်တီကြီးနဲ့အတူတူတွဲကာ လျှောက်လာတာ ကစ်ကစ်ဆိုတဲ့ ကောင်မလေးပါ ပါလိုက်သေး။

အန်တီကြီး မှတ်မိသွားမှာစိုးလို့ ... သူ ကပျာကယာ ကျောလေးခိုင်းကာ လှည့်ရပ်နေမိသည်။

ငွေပိုးထည်ရာ ...

မင်း တကယ်ချစ်ဖို့ကောင်းတယ်ကွာ။ သူမြင်လိုက်ရတာက အဖြူရောင် နွာမြင့်ဒေါက်ကလေး စီးထားသော ခြေဖမိုးအိအိစက်စက်ကလေးနှစ်ဖက်ကို တစ်လှမ်းချင်းလေး မှန်မှန်လေးလှမ်းကာ သူမလေးက သူရပ်နေရာဘက်ကို လျှောက်လာနေတာလေ။ မျက်ဝန်းလေးတွေက သူ့ကိုမြင်လိုက်တာနှင့် စိုးရွံ့သွားခဲ့တဲ့ မျက်ဝန်းလေးတွေဖြစ်သွားတာက အရမ်းကိုပဲသိသာနေခဲ့၏။ ငွေပိုးထည်ရာ မင်းမှာအပြစ်မရှိတာ ကိုယ်သိပေမယ့် ကိုယ့်ရင်ထဲမှာရောက်နေတဲ့ ကြောင့်မှုတွေ ကိုယ့်အချစ်တွေကို တားဆည်းထားတယ် ငွေပိုးထည်၊

သူ အသက်လည်း မရှူရဲ ...



www.burmeseclassic.com

www.burmeseclassic.com



သူမသည် နဘေးမှာအတူတွဲပါလာသည့် ကစ်ကစ်ဆိုသော ကောင်မလေးနှင့်စကားတွေ ရယ်ကာမောကာပြောရင်း သူ့ဘေးက နေ ခြေလှမ်းမှန်မှန်ကလေးနှင့်ပဲ ဖြတ်လျှောက်သွားခဲ့သည်။ သူ ရင်တွေ တဒိန်းဒိန်းခုန်ကာ နောက်မှာကျန်ခဲ့၏။

လှည့်ကြည့်လိုက်တော့ ...

ခပ်လှမ်းလှမ်းလေးကိုပင် သူမလေးက ရောက်သွားခဲ့ချေပြီ။

သူ အရဲစွန့်ကာ နောက်ကနေ လိုက်သွားဖို့ ကြိုးစားလိုက်သည်။ ကံကောင်းချင်တော့ အန်တီကြီးက ရှေ့ကနေ တစ်ယောက် တည်းသွားနေပြီး သူမလေးနှင့်ကစ်ကစ်ကတော့ အန်တီကြီးနောက် ရောက်နေသည်။

သူ အနားကို ရောက်သွားသည်နှင့် ...

"ငွေ ... ငွေပိုးထည် ..."

"ဟင် ... ရှင် ... ရှင် ..."

"မအော်ပါနဲ့ ငွေပိုးထည် ..."

သူ့စွန့်စားမှုက အရမ်းကိုပဲ ရဲတင်းလွန်းလှပါသည်။

သူ့အနားကို မယောင်မလည်ကပ်လာတော့ ငွေပိုးထည် ရင်တွေခုန်ကာ ကစ်ကစ်လက်ကလေးကိုပဲ ခပ်တင်းတင်းလေးဆွဲထားမိသည်။

"ဟို ... ဟို ... အော်တာမဟုတ်ဘူးလေ၊ ရှေ့မှာ မာမီ ... မာမီ ..."

"ကိုယ့်ကို ဖုန်းဆက်နော် ..."

"ဒုက္ခပါပဲ ... ရှင် ... ရှင်အတင့်ရဲလှချည်လားဟင်"

"ကိုယ် ငွေပိုးထည်ကို အရမ်းချစ်သွားလို့ပါ ..."





စူးရဲတဲ့ သူ့အကြည့်လေးတွေကို ထည်မြင်လိုက်ရတော့ သူ ထုပ်ရပ်ကို ထည်အရမ်းပဲ ကြောက်သွားခဲ့သည်။

"ဟင့်အင်း ... ဟင့်အင်း ... ရှင် ... ထည့်ကို မနှောက်ယှက်ပါနဲ့ ..."

"နှောက်ယှက်တာ မဟုတ်ဘူးလေ ငွေပိုးထည် ... မင်းနဲ့ ဆုံဆည်းခွင့်လေးရဖို့ မလွယ်လို့ ကိုယ်စွန့်စားလိုက်တာ ..."

"အဟင့် ... ဟိုမှာ ... ဟိုမှာ ... မာမီလှည့်ကြည့်တော့မယ်"

"မမလေး မြန်မြန်လာ ..."

ကစ်ကစ် အတင်းဆွဲခေါ်သွားလို့ ခြေလှမ်းကလေး သွက်သွက်လှမ်းလိုက်တာ သူမ အရမ်းကံကောင်းသွားသည်။ မာမီနှင့် အရမ်းနီးကပ်သွားပြီဆိုတော့ သူ ဆက်မလိုက်ရဲတော့ဘဲ ကျန်နေခဲ့တာလေ။

"မမလေး ..."

"ရှူး ... တိတ်တိတ်လေး နေစမ်း ..."

ဒီမှာ တစ်ကိုယ်လုံး အေးစက်နေပါတယ်ဆိုမှ ကစ်ကစ်က မျက်နှာစပ်ဖြဲဖြဲလေးနှင့် လျှာကြောအာကြောက ရှည်ချင်သေး။

"ဟဲ့ ... နောက်က နှစ်ယောက် တိုးတိုး ... တိုးတိုးနဲ့ ဘာပြောနေတာလဲ ..."

"တွေ့လား ... မာမီအော်နေပြီ ..."

"မြန်မြန်လျှောက်ကြလေ ..."

မာမီ လှည့်မကြည့်လို့ တော်ပါသေးရဲ့။

ထိုအချိန်မှာ တဖျတ်ဖျတ်လေး နီးကပ်လာတဲ့ ခြေလှမ်းကလေးက သူမနှင့်အနီးဆုံးကို ဒုတိယအကြိမ်မြောက် ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ... သူမ ကြောက်ကြောက်လေးနှင့် မာမီနှင့်အနီးဆုံး ရောက်အောင် ခြေလှမ်းကလေးကို သွက်သွက်လေးလှမ်းလိုက်တော့ ... သူ နောက်ကနေ ရုတ်တရက် လုပ်ချသွားတာက သူမ လက်ထဲက လက်ကိုင်ပုဝါ ပန်းရောင်လေးကို ဖွတ်တရွတ်လေးနှင့် ဖျတ်ခနဲ ဆွဲယူသွားခဲ့တာလေ။

"အို ... ဟင့်အင်း ..."

မာမီ လှည့်ကြည့်လိုက်ရင် ဘယ်လိုလုပ်မလဲ လရိပ်ထင်။

ရှင် ... ရှင် ... တော်တော်ပြဿနာရှာတဲ့လူပဲ။

"ကဲကွာ ... ကဲကွာ ... အဲဒါ ငါ့သမီးကို နှောက်ယှက်ဦး"

"ခွပ် ... ခွပ် ..."

"ဟယ် ... ဒက်ဒီ လိုက်လာပြီ ..."

"အမလေး ..."

အော်သံ ဟစ်သံတွေနှင့်အတူ ...

ကန်ဘောင်ပေါ်မှာ ရုတ်ရုတ်သဲသဲလေးဖြစ်သွားတော့ လူတွေကပါ ဝိုင်းအုံပြေးလာကြသည်။ သွားပါပြီ ... ဒက်ဒီထိုးလိုက်တာ သူ့နှုတ်ခမ်းလေး ကွဲသွားပြီ။

"ဟောကောင် ... ဆက်အထိုးမခံချင်ရင် ငါ့ရှေ့ကနေ မင်းအခု ထွက်သွား ... သူများသားသမီးကို နှမချင်းမစာနာဘဲ နောက်ကနေ လိုက်နှောက်ယှက်တဲ့ကောင် ... ဟွန်း ... မင်းလုပ်သွားတဲ့လုပ်ရပ် တွေကို အစအဆုံးမြင်လိုက်လို့ ငါနောက်ကနေ ပြေးလိုက်လာတာ လေ ... ငါ့သမီးလက်ထဲက လက်ကိုင်ပုဝါလေးကို အတင်းဆွဲယူ တာ ငါသေသေချာချာ မြင်လိုက်လို့ မင်းကိုထိုးတာ ..."

"အဖေကြီးရယ် ... ဒုက္ခပါပဲ ..."

"ဟောကောင် ... မင်း ငါ့ကို ပြန်မကြည့်နဲ့ ..."





အို ... လရိပ်ထင်ရယ် ...

နှုတ်ခမ်းစွန်းလေးကနေ သွေးတွေစီးကျနေတာကို ထည့်ဆီ က ယူသွားတဲ့ လက်ကိုင်ပုဝါလေးနဲ့ ရှင်သုတ်နေတာလားဟင်။ ထည် စိတ်မကောင်းလိုက်တာ။ ရှင် ... ရှင် ... ဒက်ဒီရှေ့ကနေ အမြန်ဆုံး ထွက်သွားတော့လေ ... လရိပ်ထင် ... ။

"ဟွန်း ... ကျွန်တော့်ကို ထိုးလိုက်ရလို့ အန်ကယ်သိပ်ကို ကျေနပ်သွားပြီလား ..."

"ဟောကောင် ... မင်းကိုငါ အသေတောင် သတ်ချင်နေတာ ကွ ... သိရဲ့လား ... ရှေ့မှာ မအေကြီးတစ်ယောက်လုံးရှိနေတာ တောင် နောက်ကနေ သမီးကို လိုက်နှောက်ယှက်နေတာ ... မင်း ... ငါ့ကို မကျေနပ်တိုင်း၊ ငါ့သမီးကို ဒုက္ခပေးမလို့လားဟင်၊ ခွေးကောင်လေး ... ပြောစမ်း ..."

ဒက်ဒီဒေါသက ပြေတော့မယ့်ပုံ မပေါ်တော့ပါ။

"အဖေကြီးရယ် ... ရှင် ဒီလောက်ထိုးလိုက်ရရင် ကျေနပ်ပါ တော့ ... သမီးထည် ဒက်ဒီကို ခေါ်ခဲ့ ..."

"လာပါဒက်ဒီရယ် ... လူတွေဝိုင်းကြည့်နေတာ ထည် ရှက် တယ်"

ထည် ... ဒက်ဒီကိုခေါ်ရင်း သူ့မျက်နှာလေးကို မရဲတရဲ မျက် ခမ်းကလေးတွေနှင့် လှမ်းကြည့်လိုက်တော့ ... သူကလည်း သူ့ရဲ့ ... မျက်ဝန်းကလေးတွေနှင့် ထည့်ကို ပြန်စိုက်ကြည့်နေတာလေ။

ကျောက်ရုပ်တစ်ရုပ်လို ထည်အသက်မဲ့သွားရသည်။

သူမ ထင်မှတ်မထားတဲ့အချိန်မှာ ဒီလိုဖြစ်သွားရတာကို ထည်း သူမ အံ့ဩနေမိ၏။ ဒေါသကို အမြဲလိုလို ရှေ့တန်းတင်တတ် သည့် ဒက်ဒီရဲ့ ကြမ်းကြမ်းတမ်းတမ်းဖြေရှင်းလိုက်ပုံကိုလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာ ခံယူလိုက်ပုံရသည်။

"အေး ... နောက်တစ်ကြိမ် ထပ်ပြီးတော့ နောက်ယှက်ဦး မယ်ဆိုရင် မင်းအချုပ်ထဲသွားဖို့ပဲပြင်ထား ... ဟွန်း ... ရပ်ရည်ဖြူဖြူ၊ သန့်သန့်ကလေးနဲ့ တစ်စက်လေးမှ အဆင့်အတန်းမရှိတဲ့ကောင်၊ လာ ... သမီး သွားမယ် ... "

နောက်ဆုံးတော့ ...

ဒါ ဘယ်သူ့အပြစ်လဲဆိုတာ ရှင်ပဲစဉ်းစားကြည့်တော့လေ လရိပ်ထင် ... ရှင့်ရဲ့အတင့်ရဲလွန်းမှုတွေ ရှင့်ရဲ့ဖွတ်တရွတ်နိုင်မှုလေးတွေက ဒက်ဒီရဲ့လက်သီးချက်တွေ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်ခဲ့တာပဲ။

ကျွန်မ တစ်ခုပဲ တောင်းဆိုချင်တာက ...

ရှင့်လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ပါ လရိပ်ထင်။

အေးချမ်းပျော်ရွှင်နေတဲ့ ကျွန်မဘဝလေးကိုလည်း အနှယ် အနှစ်တွေ ထလာအောင် ရှင် မဖန်တီးလိုက်ပါနဲ့။

သေချာတာက ရှင့်ကို ထည် မေ့ပစ်လိုက်ရမယ်။

ဟုတ်တယ် ... လရိပ်ထင် ...

ကျွန်မရဲ့ ရွေးချယ်မှုကို ရှင် လက်ခံလိုက်စမ်းပါကွယ်။

အခန်း ( ၅ )

"ဟွန်း ... ဒါကြောင့်မို့ မင်းကိုငါပြောတာ"

"တောက် ... ဒီအဘိုးကြီး တော်တော်ရင့်တယ်ကွာ"

"ဟား ... ဟား ... အဲဒါ အချစ်ရဲ့ချိုမြိန်လှပတဲ့ အမှတ်တရ လက်ဆောင်လေးကို မတော်ရသေးတဲ့ မင်းရဲ့ယောက္ခမလောင်းကြီးက ပေးလိုက်တာလို့ပဲ မင်းသဘောထားလိုက်လေ ... လရိပ်ထင် ... ဘာဖြစ်လို့လဲဆိုတော့ ... အနောက်မှာ ပါလာတဲ့ယောက္ခမလောင်းကိုတောင် မမြင်တော့တဲ့အထိ မင်းရဲ့ရူးသွပ်မှုတွေက မွန်ထူသွားခဲ့လေကွာ ... ဟား ဟား ... "

"ဟေ့ကောင် ဇော်ထိုက် ... မင်း မဟားနဲ့နော် ... "

သူ မခံစားနိုင်ပါ။

မခံစားနိုင်တော့ နှုတ်ခမ်းလေးကို မဲ့မိသည်။

"ဟွန်း ... ဒီအဘိုးကြီးကို ငါလုံးဝ မကျေနပ်ဘူးနောင်နောင်၊ နောက်ကနေကွာ ... မပြောမဆိုနဲ့ ခွပ်ခနဲ ခွပ်ခနဲနေအောင် နှစ်ချက်ကြွေးသွားတာ ... "

"ဟား ... ဟား ... အဲဒါ မင်းညံ့တာလေ၊ ပြောပြီး ...



www.burmeseclassic.com

www.burmeseclassic.com



ငွေပိုးထည်က ဘာဝင်ပြောလဲ ... ”

“သူက အရမ်းကြောက်နေတာကွ ... ”

“မင်းကွာ ... နှုတ်ခမ်းလည်းကွဲ မျက်လုံးတစ်ဖက်လည်း ယောင်နဲ့ ... အဘိုးကြီးလက်သီးချက်က မိုဟာမက်အလီတို့ ဂျိုဖရေစီယာတို့ထက်တောင် ပြင်းနေမလားမသိဘူး”

“ဟား ... ဟား ... ”

သူငယ်ချင်းတွေဆီက လှောင်ရယ်သံကလေးတွေ ကြားရလေလေ ... သူငယ်ချင်းတွေရှေ့မှာ သူ့အနေရခက်လေလေ ဖြစ်နေသည်။ နောင်နောင် စကားအဆုံးမှာ ဇော်ထိုက်ဆီက တအုံ့တည်ရေရွတ်သံလေး ထွက်လာသလို။

“အေးပေါ့ကွာ ... မင်းလုပ်ရပ်က ငွေပိုးထည်ကို အရမ်းကြောက်သွားအောင် လုပ်လိုက်သလို ဖြစ်သွားခဲ့တာကို ... ဒါနဲ့ နေပါဦး ... အန်ကယ်ကြီးကရော မင်းကို ဘာတွေဟိန်းဟောက်ခြိမ်းခြောက်သွားသေးလဲ ... ”

“စုံနေအောင် လက်သီးလက်မောင်းတန်းပြီး ပြောသွားတာပေါ့ကွာ ... ပြောပြီးတော့မှ ငါ့ရှေ့ကနေ လှည့်ထွက်သွားကြတာလေ”

“အင်း ... မင်းပြောတဲ့ဇာတ်လမ်းကလေးကို နားထောင်ရတာတော့ သူ့အဖေ ထိုးလိုက်လို့ ငွေပိုးထည်ကတော့ မင်းကိုသနားသွားမှာပဲ ... ”

“ဟုတ်တယ် နောင်နောင် ... ငါလည်း မင်းလိုပဲ တွေးမိတယ်သိလား ... ငါ ... ငါ လောင်းကြေးစားကြေးထပ်ရဲတယ်ကွာ၊ မကြာခင် ... မင်းဆီကို ငွေပိုးထည် ဖုန်းဆက်လိမ့်မယ်၊ ငါပြောတာ





ယုံရင် ကြည့်လိုက် ဟောကောင် ... အဲဒါ သေချာတယ်”

ဇော်ထိုက်က ဝင်ပြီး ရဲရဲတင်းတင်း နိမိတ်ဖတ်သည်။

ဒါလည်း ဖြစ်နိုင်ချေတော့ များပါသည်။ သူ့မှာတော့ မျက်လုံးတစ်ဖက်ဖူးရောင်ပြီး နှုတ်ခမ်းလည်း ကွဲထွက်သွားတာလေ။

ဒါတောင် ... အခုနည်းနည်းလေး လက်သာလာတာက သူငယ်ချင်းတွေ ကြိမ်ထုပ်လေးကပ်ပေးရင်း ဝိုင်းပြုစုနေကြလို့။ သောကတော့ ဖုန်းဆက်သတင်းမေးပြီးချိန်ကတည်းက သူတို့ကားဝိုင်းရှိရာကို ရောက်မလာခဲ့သေးပါချေ။

“အေး ... ငါလည်း အခုမှ စဉ်းစားကြည့်မိတယ်ကွ သိလား၊ အခု ဖြစ်နေတဲ့ပြဿနာအပေါ်မှာ ငွေပိုးထည်ဘက်က ဘယ်လိုတွေးနေမလဲဆိုတာ သူ့အဖေနဲ့ပြဿနာတတ်ထားလို့ သူ့ကို တမင်တကာ လိုက်နှောက်ယှက်နေတယ်လို့တောင် ထင်ချင်ထင်နေမှာ၊ ဘာကယ်ဆို ... အဲဒီလိုမဟုတ်ဘူးဆိုတာ ငွေပိုးထည် သိနေအောင် မင်းကြိုးစားသင့်တယ်”

“ဟုတ်တယ်နော် လရိပ်ထင် ... မင်းတို့နှစ်ယောက်ဇာတ်လမ်းမှာ အဲဒီအချက်ကို ဖြေရှင်းဖို့ အရမ်းအရေးကြီးတယ်ထင်တယ်”

“ဟွန်း ... ငါကတော့ အဲလိုမထင်ဘူး ... ပြဿနာနှစ်ခုစလုံးမှာ ငါ့ဘက်က လုံးဝမမှားတာကို ငွေပိုးထည်သိကိုသိတယ် ... ငါ နှုတ်ခမ်းလေးကွဲသွားတဲ့အချိန်မှာ ငါ့ကို ကြင်ကြင်နာနာလေး စိုက်ကြည့်သွားတဲ့ မျက်ဝန်းလေးတွေကို လျှပ်တပြက်လေး ငါတွေ့လိုက်ရတယ်လေ ... ”

“ဟာ ... ဟောကောင် ... ဒါဆိုရင်တော့ မင်းအခြေအနေက ဆိုးသေးဘူးပေါ့ကွ ... ”

www.burmeseclassic.com



"ဆက်မှာ ... ဆက်မှာ ... ငွေပိုးထည် ဒီကောင့်ဆီကို ဖုန်းဆက်ကိုဆက်မှာ ..."

"ဟွန်း ... ဆက်ရင်တော့ ကောင်းတာပေါ့ကွာ ..."

သူ ခေါင်းလေးငိုက်စိုက်ကျသွားရင်း ... သူမ မျက်နှာလေးကို ပြေးမြင်လိုက်မိ၏။ သူ့ကို ထိုးလိုက်စဉ်မှာ အထိတ်တလန့်လေး လှည့်ကြည့်လိုက်တဲ့ သူမမျက်ဝန်းလေးထဲက ကြောက်ရွံ့စိုးရိမ်သွားမှုလေးနှင့်အတူ ကြေကွဲလိုက်ဖြာသွားရတဲ့ မျက်ဝန်းကလေးတွေလေ။

"ကဲ ... အခု တို့ဘာဆက်လုပ်ကြမလဲ ..."

"ပြန်မယ်လေကွာ ... ဘယ်အချိန်ရှိနေပြီလဲ ..."

နောင်နောင်က နာရီကို မြှောက်ကြည့်သည်။

"ဟာ ... ဆယ်နာရီတောင် ထိုးနေပြီကွ ..."

"ဝေသာဆိုတဲ့ကောင် ... ခုထိလည်း မလာဘူး"

အားလုံး လူစုခွဲပြန်ကြတော့ ...

သူက စက်ဘီးကလေးနဲ့ပဲပေါ့။

ထိုအချိန်မှာ ငွေပိုးထည်ကတော့ ...

"ကစ်ကစ် ..."

"ဟင် ... မမလေး ..."

အိပ်ရာထဲမှာ ဘယ်လိုမှအိပ်လို့မရတာမို့ ပေါက်ခနဲ ထထိုင်ကာ ဟိုဘက်ခုတင်က ကစ်ကစ်ကို ခေါ်လိုက်မိသည်။

"ပြောလေ မမလေး ... ကော်ဖီသောက်ချင်လို့လား"

"ဟင့်အင်း ကစ်ကစ် ... မမလေး အိပ်မပျော်လို့ ..."

"ဟင် ... အိပ်မပျော်ရင် အိပ်ဆေးသောက်လေ ..."





"ငါ စိတ်မကောင်းလို့ပါ ကစ်ကစ်ရယ် ..."

"ဟော ... တွေ့လား ... တွေ့လား ..."

"ကစ်ကစ်နော် ... နင် ပေါက်ကရတွေ လျှောက်တွေးမနေနဲ့ ..."

"ဟင် ... မမလေးပဲ အိပ်မပျော်ဘူးဆို ..."

ကစ်ကစ် ပြုံးစေ့စေ့လေး ကြည့်နေတာကိုပဲ ထည်အနေရခက်နေတာပါ။ ဒါပေမဲ့ ... ကစ်ကစ်ရှေ့မှာ ထည် ရှက်လည်းမရှက်နိုင်တော့ဘူးလေ။

"မမလေးလေ ..."

"ရှင် ... မမလေး ..."

"သူ့ကို ... သူ့ကို မေ့နိုင်အောင် ကြိုးစားနေတာ၊ အဲဒါ ... အဲဒါ ... အခု ... မေ့လို့မရဘူးဖြစ်နေပြီ ကစ်ကစ်ရဲ့ ..."

"ဘုရားရေ ..."

ပြောင်ချော်ချော်မျက်နှာလေးနှင့် ကစ်ကစ် ဘုရားတ,နေပြီ။

"သူ ... သူ ... ဒက်ဒီက ဒီလောက်ထိုးနေတာတောင် ဒက်ဒီကို အန်ကယ် ကျေနပ်သွားပြီလားလို့ သူမေးသွားတာလေ ... ကစ်ကစ် ... အဲဒီမျက်နှာလေးနဲ့ အဲဒီပုံရိပ်ကလေးက ငါ့ကို ... ငါ့ကို ဆွဲဆောင်နေသလိုပဲ ... ငါ့မျက်လုံးတွေကို ပိတ်ထားလည်း မြင်နေရတယ် ... မမလေး ... မမလေး စိတ်ညစ်တယ် ကစ်ကစ်ရယ်"

"ဟုတ် ... ဟုတ်တယ်နော် မမလေး ... အစ်ကိုလေး လရိပ်ထင်ကို ကစ်ကစ်လည်း သနားတယ်၊ သူ ... သူ တကယ်ချစ်လို့ မမလေးနောက်ကို လိုက်လာတာပဲနေမှာ ... သနားပါတယ် မမလေးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ... မမလေး ဘာလုပ်ရမလဲဟင် ကစ်ကစ်"

"ဟာ ... မမလေးကလည်း မမလေးကို ဖုန်းဆက်ပါလို့ အစ်ကိုလေး လရိပ်ထင်က ပြောသွားတယ်လေ ..."

"ဟင် ..."

ကြည့်စမ်း ...

အခုမှ ထည် သတိရသွားတာက ပန်းဆည်းလေးမှာ သူရေး ပေးထားတဲ့ ဖုန်းနံပါတ်လေး။ ထည် မေ့နေလိုက်တာနော်။ ထည့် မျက်ဝန်းဖျော့ဖျော့လေးတွေ အခုမှ အရောင်လင်းလင်းလေး လက် သွားသည်။

"နေ ... နေဦး မမလေး ... ကစ်ကစ် ဖုန်းသွားယူပေးမယ်"

တကယ်တမ်း ဆက်ရမည်ဆိုပြန်တော့ ...

ထည် သူ့ဆီကို မဆက်ရဲဘူးလေ။

ဖုန်းနံပါတ်လေးကိုကြည့်ကာ ထည် အကြာကြီးငိုင်နေမိ သည်။

လရိပ်ထင်ရယ် ...

ရှင် ... ထည့်ကို အရမ်းစိတ်ညစ်အောင်လုပ်တယ်သိလား။ နှုတ်ခမ်းလေးလည်းကွဲ၊ မျက်လုံးလေးတစ်ဖက်မှာလည်း အညို အမည်းလေးစွဲအောင် ဒက်ဒီထိုးတာကို ရှင်ခံသွားတယ်နော် ... ထည် စိတ်မကောင်းလို့ ရှင့်ဆီကို ဖုန်းဆက်ပြီး ထည် သတင်းမေး ချင်တာပါ။ အခုရော ... ရှင် ဘယ်ရောက်နေပြီလဲဟင်။ ကန်ဘောင် ပေါ်မှာ ထည့်ဆီက ဖုန်းသံလေးကို ရှင်မျှော်နေတုန်းပဲလား။

"ဟာ ... ဆက်လေ မမလေး ... ဖုန်းဟန်းဆက်လေးကိုင် ပြီး မမလေး ဘာတွေအကြာကြီးစဉ်းစားနေတာလဲ ..."





"အဟင့် ... နင် ... မသိပါဘူး ကစ်ကစ်ရယ် ..."

ထည် ငိုချင်စိတ်ကလေးတောင် ပေါက်လာရ၏။

"ဟွန်း ... မမလေးဖြစ်နေတာကို ကစ်ကစ် ဘာလို့မသိရမှာ လဲ ... ညနေစောင်း ကန်ဘောင်ကပြန်လာပြီးကတည်းက အပေါ် ထပ် ဝရံတာလေးရှေ့ကို ထွက်ပြီးတော့ စက်ဘီးကလေးကို မမ လေး ထွက်ကြည့်နေတာလေ ..."

"ဟင် ... အဲဒါ နင်သိတယ် ..."

"ပြီးတော့လည်း ... ဒီနေ့ညစာကိုတောင် မမလေး ထွက် မစားတော့တာ ..."

"အို ... ကြည့်စမ်း ... ကြည့်စမ်း ... နင် ... မမလေးကို တိတ်တိတ်လေးအကဲခတ်နေတာပေါ့လေ ... ကစ်ကစ်ရယ် ... နင် ဒီလောက်လျှင်တာ ငါအခုမှသိတယ် ... နင် ... နင် ..."

"ဟား ဟား ... ကစ်ကစ်ဆိုတာ ငယ်ငယ်လေးကတည်း က မမလေးအနားမှာ တစ်ချိန်လုံးနေလာတာလေ ... အခု ဘွဲ့ရပြီး အိမ်မှာနားနေတဲ့အထိ မမလေး ဘယ်တုန်းက ဒီလိုမျိုး စိတ်လှုပ်ရှား ဖူးလို့လဲ ... ဒီလိုမျိုး ယောက်ယက်ခတ်နေဖူးလို့လဲ ... ပြီးတော့ ဒီည မမလေး ဘုရားလည်း မရှိခိုးဘူး"

"ဟယ် ..."

ကစ်ကစ်ရဲ့ တိတိကျကျ ဝေဖန်လိုက်သံလေးကြောင့် ထည် ရှက်သွားခဲ့ရပါပြီ။

"နင် ... နင် ပါးစပ်ကို ပိတ်ထားလိုက်တော့နော် ကစ်ကစ် ပြီးတာနဲ့ ငါဖြစ်နေတာတွေစုံစမ်းပြီး မာမီကို တစ်ခုမကျန် သတင်း ပြန်ပို့လို့ကတော့ နင်နဲ့ငါနဲ့ တွေ့ပြီပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မမလေးကလည်း ကစ်ကစ်က အဲဒီအစ်ကိုလေး လရိပ်ထင်နဲ့ မမလေးကို စိတ်ထဲကနေကြိတ်ပြီး သဘောတူထားတာလေ … မေမေကြီးကို တိုင်ပွဲမလား"

"တကယ်နော် … "

"တကယ် … တကယ် … ဘုရားစူး မိုးကြိုးပစ် … "

"ဒါပေမဲ့ဟာ … "

"ဟာ … မမလေး … "

စိတ်ဓာတ်လေးကျစွာနဲ့ ခုတင်ပေါ်ပက်လက်လေးလှန်ကာ ပြန်လှဲချလိုက်တာနဲ့ ကစ်ကစ် မျက်လုံးပြူး မျက်ဆံပြူးလေး လှမ်းအော်သည်။

"မမလေး … မမလေး မဆက်တော့ဘူး ကစ်ကစ်ရယ်၊ သူ့ကို … သူ့ကို မမလေး မေ့လိုက်တော့မယ် … "

"ဟွန်း … မမလေးလား၊ အစ်ကိုလေး လရိပ်ထင်ကိုမေ့နိုင်မှာ … "

"တော်ပြီ … တော်ပြီ … နင် မပြောနဲ့တော့၊ မမလေး အိပ်တော့မယ် … "

"ဟောတော့ … "

ထည် … စောင်ကို ခေါင်းမြီးလေးခြုံပစ်လိုက်တာမို့ ကစ်ကစ် မျက်လုံးတွေ ပိုပြီးတော့ ပြူးထွက်သွားသည်။

လရိပ်ထင် …

အစကတော့ ရှင့်ကိုသနားပြီး ထည် ဆက်တော့မလို့ပါပဲ။ ဒါပေမဲ့ … အခုတော့ ထည့်စိတ်တွေ ပြောင်းပြန်ဖြစ်သွားပြီလေ။ လရိပ်ထင် … ဒက်ဒီကို မကျေနပ်တဲ့စိတ်နဲ့ ထည့်အနားကို ရောက်





အောင် တိုးကပ်လာဖို့ ရှင် ခြေလှမ်းတွေ ပြင်နေတာလား။

အဲလိုပြင်လာတာဆိုရင်တော့ …

ရှင့်ကို ထည်အရမ်းမုန်းသွားမှာ သေချာတယ်။

ရှင် သိထားရမှာက …

ယောက်ျားတစ်ယောက်ရဲ့ အလွယ်တကူ သိမ်းပိုက်မှုကို ငွေပိုးထည်ဆိုတဲ့ ကောင်မလေးတစ်ယောက်က စိတ်ထားပျော့ညံ့ညံ့လေးနဲ့ အလွယ်တကူ လက်ခံသွားမယ်လို့ ရှင်ထင်နေရင်တော့ အဲဒီအချက်က လုံးဝမှားယွင်းသွားပြီဆိုတာပဲ။

ရှင်ဟာ …

ယောက်ျားပီသပြီးတော့ ချောမွေ့သူတစ်ယောက်ဆိုတာ ကျွန်မ လက်ခံပါတယ်။ ဒါပေမဲ့ … ရှင့်နှလုံးသားတွေက ဒက်ဒီကို ဒဏ်ခတ်ဖို့ ပြင်ဆင်လာခဲ့တာဆိုရင်တော့ ရှင့်ရှေ့မှာ ခြေဖျားလေး ထောက်ပြီးတော့ အမုန်းအလံလေးကို ကျွန်မ စိုက်ရလိမ့်မယ် လရိပ်ထင်။

အကောင်းဆုံးက …

ကျွန်မ မျက်ဝန်းလေးထဲကနေ ရှင် ထွက်သွားပေးပါ။

ရှင့်ကို … တစ်ခုပဲ ပြောလိုက်ချင်တာက …

ရှင့်ကို အလိုမရှိဘူး လရိပ်ထင်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

“ဟား ... ဟား ... ငါ ဒီသတင်းကိုရတာ မင်းအတွက် အရမ်းကောင်းတယ် လရိပ်ထင် သိလား ... ဒီသတင်းကို ငါသယ်လာတဲ့အတွက် ဒီနေ့မနက်စာ ဘရိတ်ဖတ်စ်လေးကို ရှယ်ဆိုင်လေးမှာ မင်းလိုက်ကျွေးရမယ် ... ”

“ဟုတ်လို့လား ဓော်ထိုက်ရာ ... ”

“ဟော့ကောင် မဟုတ်ဘဲနဲ့ ... စောစောစီးစီး အိပ်ရေးပျက်ခံပြီး ဘုရားပေါ်ရောက်အောင် မင်းကို ငါခေါ်လာပါ့မလား ... မင်းယောက္ခမလောင်း အန်ကယ်ကြီး ဦးမြင့်သူရဲ့ အနီးကပ် ဒရိုင်ဘာကြီး ကိုယ်တိုင် ငါ့ကိုပြောလိုက်တာလေ ... အစက ငါတို့ရပ်ကွက်ထဲက ဦးဖေသန်းကြီးကို ကုမ္ပဏီတစ်ခုမှာ ကားမောင်းနေတယ်လို့ပဲသိထားတာ၊ အဲဒါ ... စကားစပ်မိသွားလို့ မေးလိုက်တော့မှ သူက ဦးမြင့်သူရဲ့ကားကို မောင်းနေတာလေ ... ငွေပိုးထည်တို့မိသားစုတွေ တနင်္ဂနွေနေ့မနက် ငါးနာရီထိုးတာနဲ့ ရွှေတိဂုံဘုရားပေါ် အပတ်တိုင်းတက်တာကို ငါသိလာတာလေ ... ဟား ဟား ... ခဏလေးပဲစောင့်လိုက် ... ဒီမှာ ငါးနာရီထိုးတော့မယ်၊ အေး ...





ငါးနာရီထိုးတာနဲ့ ရန်ကုန်မုဒ်ဖက်ကို ဦးဖေသန်းကြီးကိုယ်တိုင် အရောက်မောင်းလာရမှာ ... ကြည့်လိုက် ... ကြည့်လိုက် ... မင်းမယုံရင်ကြည့်လိုက် ... ဟင်း ဟင်း ... ”

ဒါနဲ့ပဲ ရန်ကုန်မုဒ်ဖက်က ကားပါကင်အမှောင်ရိပ်လေးထဲမှာ မှန်းလျှိုးကွယ်လျှိုးလေးနဲ့ ငုတ်တုတ်လေး ထိုင်စောင့်နေရတဲ့အဖြစ်။

ဝေသာကတော့ မျက်နှာပူတယ်ဆိုပြီး မလိုက်။

“မင်းလုပ်တာ ငါအရမ်းရင်တုန်နေပြီ ဓော်ထိုက်ရာ ... ”

ဒီဇော်ဘာလမို့ ချမ်းလိုက်တာလည်း မပြောပါနဲ့တော့။

“အား ... အရမ်းချစ်တယ်ကွ ... ”

“မြူတွေလည်း အရမ်းကျတယ်နော် ... ”

နောင်နောင်က အနွေးထည်ပါမလာတော့ လက်ကလေးပိုက်ကာ တဟီးဟီး တဟားဟားလေးဖြစ်နေသည်။ တနင်္ဂနွေနေ့မို့ မနက်စောစော ဘုရားတက်ကြသူတွေက အများကြီးပါ။

ကားတွေဆိုလည်း တစ်စီးပြီးတစ်စီး ထိုးရပ်လာနေကြသည်။

ထိုစဉ် အခိုက်လေးမှာပဲ ...

ဓော်ထိုက်ကြီးက အာမေဋိတ်သံလေး ပေါ်လာ၏။

“ဟာ ... ဟော့ကောင် ... ဟိုမှာ ... ဟိုမှာ ဦးဖေသန်းကြီး”

“ဟင် ... ”

နောင်နောင်ရော သူပါ ခေါင်းလေးတွေ မတ်ထောင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်လိုက်တော့ ... အိစက်သစ်လွင်သော အဖြူရောင် အာရာဖတ်ကားသစ်ကြီးတစ်စီးက လွတ်နေသည့် ကားပါကင်ကွက် လပ်နေရာလေးမှာ ရှေ့တိုးနောက်ဆုတ်လုပ်ရင်း ထိုးရပ်နေပြီလေ။

နောက်ခုံနေရာမှာ သူရိပ်ခနဲ တွေ့လိုက်တာက ...

အဖြူရောင် ဝတ်စုံလေးနှင့် သူယောင်မယ်လေး ငွေပိုး ထည်။

သူ မျက်တောင်လေးကိုပင် မခတ်နိုင်တော့ဘဲ အသက်ရှူ မှားစွာ ကြည့်နေစဉ်မှာပင် အဖြူရောင်အရိပ်ကလေးက ကားပေါ် က ဆင်းလာခဲ့ပါပြီ။

"ဟာ ... ဟာကွာ ... "

"ငွေပိုးထည်ဆိုတာ သူလားကွ ... "

"ဟုတ်တယ် နောင်နောင် ... အဖြူရောင်လေး ... အဖြူ ရောင်လေး ... "

"ဟင်း ဟင်း ... "

စုစုပေါင်း လေးယောက်လေ ...

ကားပေါ်ကဆင်းပြီး လျှောက်သွားတော့ ဟို ... ပြဿနာ အန်ကယ်ကြီးက ဘောင်းဘီရှည်ပွပွကြီးနဲ့ ရှေ့ဆုံးကပေါ့။ သူနောက် မှာ သဘောကောင်းပုံရတဲ့ အန်တီကြီးကလိုက်ပြီး နောက်ဆုံးက နှစ်ယောက်တွဲလေးကတော့ ငွေပိုးထည်နှင့်ကစ်ကစ်ဆိုတဲ့ ကောင် မလေး။

"ဟော ... "

သူတို့ဝင်သွားတာ ဓာတ်လှေကားရှိရာ အဆောက်အဦလေး





ကိုပဲ ဖြစ်သည်။

သူမရဲ့ ခြေလှမ်းလေးကတော့ ညင်သာလွန်းလှပါသည်။

သူမသည် အဖြူရောင်ပေါ်အပွင့်နုတ်နုတ်လေးများပါသော ခပ်ပျော့ပျော့အသား ဝမ်းဆက်ကလေးကို ရိုးရိုးယဉ်ယဉ်ကလေးပဲ ချုပ်ဝတ်ထားပါသည်။

သူ့ရင်ခုန်သံတွေကတော့ တဒိန်းဒိန်း ဆောင့်ခုန်လာခဲ့၏။

သူ အမှောင်ထုအောက်တွင် ထိုင်နေရာမှ အသိဝင်လာကာ အလင်းရောင်တွေရှိရာဘက်ကို ထွက်လိုက်၏။ သူမလေးတို့ မီသား စု လိုက်ပါသွားသည့် ဓာတ်လှေကားကြီးကတော့ အပေါ်ကို တရွေ့ ရွေ့တက်သွားခဲ့ချေပြီ။

"ဟေ့ကောင်တွေ လာကွ ... နောက်တစ်ခေါက် ဓာတ်လှေ ကားနဲ့မြန်မြန်လိုက်မယ်"

"လရိပ်ထင် မင်းသတိထားနော် ... ဟိုအန်ကယ်ကြီး မင်းကို တွေ့သွားဦးမယ်"

"အေးပါကွာ ... ငါသိလို့ ဒီလျာထိုးဦးထုပ်လေးကို ခပ်ငိုက် ငိုက်လေးဆောင်းထားတာလေ ... ပြီးတော့လည်း ဟောဒီမှာ ကြည့်လိုက် ... "

"ဒါပေါ့ကွာ ... "

သူ ရွှေရောင်ကိုင်းကလေးနှင့် မျက်မှန်ဖြူလေးကို မျက်နှာ မှာ တစ်ခါတည်း တပ်ပြလိုက်တော့ နောင်နောင်ရော ဇော်ထိုက်ပါ သဘောကျသွားသည်။

"ဟား ဟား ... မဆိုးဘူးကွ ... မင်းရုပ်ပြောင်းသွားတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... လရိပ်ထင်ဆိုတာ ဘယ်သူမှ မှတ်မိမှာ မဟုတ်တော့ဘူးဟေ့ ..."

ဒီလိုနဲ့ပဲ သူမလေးတို့နောက်ကို အပြေးအလွှားလိုက်တော့ မမှီတော့ပါ။

"ဟင် ... ဘယ်ရောက်သွားပြီလဲ ..."

ရင်ပြင်တော်ပေါ်မှာ အဖြူရောင်အရိပ်ကလေးက ပျောက်သွားသည်။ သူ မျက်ဝန်းလေးဝေ့ကာ ဝေ့ကာနှင့် အသည်းအသန်ရှာပေမယ့် စောစောစီးစီး ဘုရားရင်ပြင်တော်ပေါ်မှာ လူတွေကများနေတာလေ။ ဘယ်လိုလုပ် အလွယ်တကူ ရှာလို့တွေ့နိုင်မှာလဲ။

"ဟာ ... ဟော့ကောင် ... ဟိုမှာ ... ဟိုမှာ ဘောင်းဘီရှည်နဲ့ ဟိုအန်ကယ်ကြီး ..."

နောင်နောင်ပြတာ ငွေပိုးထည်ရဲ့ ဒက်ဒီပါ။

ကြိုဟ်တိုင်ရှေ့မှာ တစ်ယောက်တည်း ပုတီးစိပ်ဖို့ပြင်နေတာ မြင်တော့ သူအရမ်းဝမ်းသာသွားသည်။ ဒါဆို ... ငွေပိုးထည်က ဘယ်မှာလဲဟင်။

သူ သေသေချာချာ ထပ်ကြည့်လိုက်တော့ ...

"ဟာ ..."

ရှေ့မှာ အဖြူရောင်အရိပ်ကလေးနှင့် သူမရဲ့မာမီ။

သူမက သူမမာမီ့လက်ထဲက ဖယောင်းတိုင်ထုပ်ကလေးနှင့် အမွှေးတိုင်ထုပ်ကလေးတွေကို ဆွဲယူကိုင်ပေးကာ ကစ်ကစ်ဆိုသည့် ကောင်မလေးက ကြိုလ်တိုင်ရှေ့မှာ အဝတ်ပိတ်ထူထူတစ်ခုကို ခင်းပေးရှာ၏။ ပုတီးစိပ်နိုင်အောင် ပြင်ဆင်ပေးနေတာလေ။

ကြိုလ်တိုင်ချင်း မတူသလို ... တစ်ယောက်တစ်နေရာစီကွဲ





နေတဲ့ ဇနီးမောင်နှံနှစ်ယောက်။

"လ ... လရိပ်ထင် ..."

"ဟင် ... ဘာလဲ ..."

"သူတို့မိသားစုကိုကြည့်ရတာ တစ်ယောက်တစ်နေရာဆီ ပုတီးစိပ်ကြတာကွ ... မင်းအတွက် အခွင့်အရေးရမှာသေချာတယ်"

ကြည့်ရတာတော့ ...

နောင်နောင်ပြောသလို အခွင့်အရေးရမယ့်ပုံစံ။

ကစ်ကစ် ပြင်ဆင်ပြီးသွားချိန်မှာ ပုတီးမစိပ်ခင် သူမလေးတို့နှစ်ယောက်စလုံးကို အန်တီကြီးက တစ်ခုခုမှာနေပုံရ၏။ သူမလေးတို့နှစ်ယောက်စလုံးက ခေါင်းကလေးတွေကိုယ်စီ ညိတ်ပြနေတာတည်း မြင်လိုက်ရသည်။ !

"ဟော ..."

နှစ်ယောက်သား ဟိုဘက်ကိုလျှောက်သွားကြပြီ။

သူ ... ရင်ကလေးခုန်ကာ အပြေးကလေး လိုက်ခဲ့ရပြီပေါ့။ ဒီလောက်လွှတ်လပ်တဲ့ အခွင့်အရေးလေးကို သူ ပထမဆုံးအကြိမ် တွေ့ဘူးမှာလေ။ ငွေပိုးထည်ရယ် ... ကိုယ့်ကို လူတွေကြားထဲမှာ သနားကျင်လိုက်ပါနဲ့နော်။ ကိုယ့်ရဲ့ကြိုးစားမှုလေးကို မင်းအတိုင်းအတာလေးတစ်ခုအထိတော့ ကိုယ့်ကို အသိအမှတ်ပြုပေးပါ။

သူ ...

အခွင့်အရေးလေးကို လက်လွှတ်မခံဘဲ သူမလေးနှင့်ပခုံးချင်းကပ်သွားလုနီးပါးလေး အတူယှဉ်လျှောက်လိုက်ရင်း ...

"မောနင်းပါ ငွေပိုးထည် ..."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ..."

အော်ပြီးတော့မှ မျက်မှန်လေးတပ်ထားတဲ့သူ့ကို မမှတ်မိသလို လှည့်ကြည့်ရင်း ခြေလှမ်းလေးတွေက အယောင်ယောင်အမှားမှားလေးနဲ့ပဲ ရပ်သွားသည်။

"ရှင် ... ရှင် ..."

"ကိုယ်ပါ ... ငွေပိုးထည် ... လရိပ်ထင်လေ ..."

"ဘုရားရေ ..."

လရိပ်ထင်ဆိုတော့မှ သူမက ဘုရားတလိုက်သလို မျက်ဝန်းလေးတွေကပါ အထိတ်တလန့်လေးနဲ့ ဟိုကြည့်ဒီကြည့်လေး ဖြစ်သွားသည်။ ဒါကို ... နံဘေးမှာအတူလိုက်ပါလာသည့် ကစ်ကစ်ဆိုတဲ့ ကောင်မလေးက ...

"အစ်ကိုလေးနော် ... မမလေးကို အရမ်းကြောက်သွားအောင် မလုပ်ပါနဲ့ ..."

ဒါကိုတော့ သူ ကပျာကယာ ခေါင်းလေးယမ်းလျှက် ...

"ဟာ ... မဟုတ်ဘူးနော် ... ညီမလေး ... မဟုတ်ဘူး ... မဟုတ်ဘူး ..."

"မေမေကြီးတို့ ဖေဖေကြီးတို့လည်းပါတယ်၊ သူတို့မြင်သွားရင် အစ်ကိုလေး မလွယ်ဘူး"

"ဟိုလေ ... အဲဒါလည်း အစ်ကိုသိပါတယ် ညီမလေးရဲ့"

"ရှင် ... ရှင်သွားတော့နော် လရိပ်ထင် ..."

ဒါပဲပြောပြီး သူမက ဆက်လျှောက်သွားတော့ သူ အရဲ[...] လေးစွန့်ကာ လိုက်ခဲ့ရပြန်ပြီပေါ့။ ဘုရားပေါ်မှာတော့ ရုတ်ရုတ်[...]





သည်းသည်း မဖြစ်စေချင်ပါဘူး။ လူတွေက ပြုံးစေ့စေ့လေးနဲ့လှည့်လှည့်ကြည့်သွားတာကိုလည်း သူ မျက်နှာပူတယ်လေ။

"မင်း ... မင်း ... ကိုယ့်ကို မရက်စက်လိုက်ပါနဲ့ငွေပိုးထည်၊ ကိုယ် ... မင်းကို အရမ်းချစ်သွားမိလို့ ဒီလောက်ထိ အထိုးအကြိတ်ခံပြီး ကိုယ်စွန့်စားနေတာ"

သူ ပြောနေတာကိုလည်း သူမလေးက အသိအမှတ်ပြုပုံ မရပါ။ ခေါင်းလေးငုံ့လျှောက်ရင်း ... သူ့ကိုလည်းအကာပ်မခံ။ သူကပဲ အတင်းလိုက်ကပ်နေရတဲ့အဖြစ်က ရင်မောစရာကောင်းမနေဘူးလား။ ဘာပဲပြောပြော ဒီအခွင့်အရေးလေးကိုတော့ ရအောင်ယူဖို့ သူ ဆုံးဖြတ်ပြီးသားပါ။

"ငွေပိုးထည် ...!"

"ဟာ ... ရှင် ဘာဖြစ်နေတာလဲ"

"ငွေ ... ငွေပိုးထည်ဆီက အချစ်ကို ကိုယ်တောင်းနေတာလေ ... ငွေပိုးထည် ယုံပါ ... ကိုယ် မင်းကိုတကယ်ချစ်တယ်၊ ဒီအချစ်အတွက် ဘာကိုပဲပေးဆပ်ရ ပေးဆပ်ရ ကိုယ်ပေးဆပ်မယ်"

ပြဿနာပဲ ...

ထည် ဘာလုပ်ရတော့မလဲ။

လူရှေ့ သူ့ရှေ့မှာ ဖွတ်တရွတ်လေး အတင်းပူးကပ်ပြီးတော့ ထည့်နောက်ကို လိုက်နေတာလေ။ ဒီလို အမွှေနှိုင်တာလေးကိုတော့ ထည် ကြောက်နေမိသည်။ ထည် ရှက်ရှက်နဲ့ တန်ဆောင်းတွေကြားထဲ ကစ်ကစ်လက်ကိုဆွဲပြီး ဝင်သွားတော့ သူပိုဆိုးသွား[...]

တန်ဆောင်းတွေ အနောက်ဘက်က အုတ်တံတိုင်းကွက်



www.burmeseclassic.com

www.burmeseclassic.com



လပ်ကြားထဲမှာ လူကရှင်းနေ၏။ ဒါကိုလည်း နောက်ကနေ အတင်းတွယ်ကပ်ကာ လိုက်လာသည်။ ထည့်မှာတော့ ရင်လည်းခုန်ရ ... ကြောက်လည်းကြောက်ရနဲ့။

ဒက်ဒီသာ သိသွားရင် ထည့်ကို အသေသတ်တော့မှာ။

ဒီအရိုင်းအစိုင်းကောင်လေးနဲ့ လုံးဝမပတ်သက်ရဘူးတဲ့။ အိမ်မှာ ဒက်ဒီအမိန့်ကို ဘယ်သူမှ မနာခံလို့မရ။ ထည် အပျိုဖော်ဝင်စ အရွယ်လေးကတည်းက ရွယ်တူကောင်လေးတွေနဲ့ စကားပြောမိရင်တောင် ဒက်ဒီကမကြိုက်။ တက္ကသိုလ်တက်တော့ ပိုဆိုးသည်။

ဒက်ဒီကိုယ်တိုင် လာကြို ...

ဒက်ဒီကိုယ်တိုင် လိုက်ပို့နဲ့ ...

ထည် ဘယ်ယောက်ျားလေးနဲ့ ခင်မင်သိကျွမ်းခွင့်ရခဲ့လို့လဲ။ တစ်ဦးတည်းသော သမီးဖြစ်နေခဲ့ခြင်းက ထည့်ရဲ့လွတ်လပ်ခွင့်တွေ အားလုံးကို ဒက်ဒီရဲ့ချုပ်ကိုင်လွှမ်းမိုးခြင်းတွေကသာ စိုးမိုးသွားခဲ့တာ ဖြစ်သည်။

အခုလည်း ... ကြောက်ကြောက်လန့်လန့်ကလေးနှင့် ဆောင်းတွင်းကြီးမှာတောင် ထည့်နဖူးပြင်လေးထက်မှာ ချွေးကလေးကပင် စို့ချင်နေရသည်။

"ငွေပိုးထည် ခဏနေပါဦး ... "

ဇောမိညောင်ပင်ကြီးနားမှာ ထည့်ခြေလှမ်းတွေကို ရှေ့ကနေ ပိတ်ကာရင်း သူက တားထားလိုက်ပြီလေ။

"မမလေးရယ် ... ခဏတော့ စကားပြောလိုက်ပါ၊ အစ်ကိုလေး သနားပါတယ် ... "

"အောင်မယ် ... နင်က ... "





"ဟုတ်ပါတယ် ငွေပိုးထည် ... ကိုယ်လိုက်ရတာ မောနေပြီ"

"ဟင် ... မောရင် ရှင်သေလိုက်လေ ... "

ထည် အသံမာမာလေးနဲ့ ဟောက်လိုက်တော့လည်း သူက ထည့်ရှေ့မှာ မျက်နှာငယ်ငယ်ကလေးနဲ့ ...

"ရှင် တော်တော်ဒုက္ခပေးတယ် လရိပ်ထင် ... ရှင် ဘာလို့ ကျွန်မနောက်ကို တကောက်ကောက်လျှောက်လိုက်နေတာလဲ၊ ဒက်ဒီ မကြိုက်တာကို သိသိကြီးနဲ့ ... ရှင် ဒီလိုလိုက်လုပ်နေတာ ကျွန်မ သည်းမခံနိုင်တော့ဘူး ... စိတ်ရှုတ်လွန်းလို့ ဒီမှာ ကျွန်မ သေတော့မယ် ... အဲဒါရော ... ရှင် သိရဲ့လား ... "

"ကိုယ် ... ကိုယ့်အဲဒီအတွက်လည်း မင်းကို တောင်းပန်ချင်တာပါတယ်လေ ... "

"မတောင်းပန်နဲ့ ... တောင်းပန်လည်း အပိုပဲ ... "

ထည် ခပ်ပြတ်ပြတ်လေးငြင်းနေတာ သူ့ ဖွတ်တရွတ်လုပ်တတ်တာလေးတွေ ရပ်သွားစေချင်လို့ပါ။

"ရှင့်ကြောင့် ... အိမ်မှာ ကျွန်မဘယ်လောက်အထိ အဆူခံနေရတယ်ဆိုတာ ရှင် သိရဲ့လား လရိပ်ထင် ... အဲဒါ ... ရှင့်ရဲ့ လူတစ်ယောက်အပေါ်မှာ နားလည်မှုမရှိတဲ့ လုပ်ရပ်တွေကြောင့်ပဲ၊ ကက်ပီတယ်မှာ ဖြစ်ခဲ့တဲ့ ပြဿနာလေးတစ်ခုကို ရှင် ဘာကြောင့် အဆုံးသတ်မပေးဘဲ ကျွန်မနောက်ကို လိုက်လာရသလဲဆိုတာ ရှင် ဖြေနိုင်ရင် ဖြေလေ ... "

"ဟွန်း ... အဲဒါ ကက်ပီတယ်မှာ မင်းကိုစတွေ့လိုက်ရတဲ့နေ့ကတည်းက ကိုယ့်ရဲ့ရင်ခုန်သံတွေ မြန်သွားခဲ့ရလို့ပါ ... ကိုယ်မျှော်လင့်မထားခဲ့တဲ့ အိပ်မက်လေးတစ်ခုကို အဆုံးထိ မက်ခွင့်ရဖို့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတွေက ကိုယ့်ကို ပြတ်ပြတ်သားသား တောင်းဆိုနေကြ တယ်လေ ... ဒါကြောင့် ... ကိုယ် မင်းနောက်ကို လက်ဆောင် အမှတ်တရ ပန်းစည်းလေးနဲ့ လိုက်ခဲ့တာပါ ... ”

“အဲဒါ ... ရှင် အတ္တကြီးတာ နည်းနည်းလေးမှ အလိုက်ကန်း ဆိုးမသိတာ”

“မင်းကြိုက်သလို စွတ်စွဲနိုင်တယ် ငွေပိုးထည် ... ”

“သေချာနေတဲ့ အချက်က ဒက်ဒီကိုယ်တိုင် ရှင့်ကိုလက်မခံ နိုင်တာဘဲ ... ရှင် ... ရှင် ပြောပါဦး ... ကျွန်မနောက်ကိုလိုက်တဲ့ ရှင့်ရဲ့ရည်ရွယ်ချက်အစစ်က ဘာလဲ ... ”

“ဟာ ... အဲဒါ ကိုယ်ပြောပြီးပြီလေ ... ”

“ကျွန်မ မယုံဘူး ... ”

ထည် ပြတ်ပြတ်သားသားပဲ ခေါင်းခါငြင်းပစ်လိုက်သည်။

“ရှင်ဟာလေ ... ဒက်ဒီလက်မခံနိုင်တာကိုသိသိကြီးနဲ့ ကျွန်မ နောက်ကို ဇွတ်တရွတ်လိုက်ပြီး ဒုက္ခပေးနေတာ ... ရှင့်ကို ဒက်ဒီ ထိုးလိုက်တဲ့နေ့က စိတ်မကောင်းဖြစ်ရတာမှန်ပေမယ့် ရှင်လုပ်သွား တဲ့လုပ်ရပ်ကရော ခွင့်လွှတ်နိုင်စရာရှိလို့လား ... ရှင်ဟာ သိပ်ကို အတ္တကြီးတဲ့လူ ... တစ်ဖက်သားရဲ့စိတ်ထဲမှာ ဘာတွေခံစားနေရ မလဲဆိုတာ မသိဘဲနဲ့ ရှင်ထင်ရာ လျှောက်လုပ်နေတဲ့လူ ... ”

ထည် ... ရှင်းရှင်းလေးပဲပြောတော့ သူ ခေါင်းလေးငိုက်စိုက် ကျသွားကာ နှုတ်ခမ်းလေးတွန့်မဲ့သွားတာကိုလည်း မြင်လိုက်ရပါ သည်။ ဒီစကားကိုတော့ ... ထည် မှန်မှန်ကန်ကန်လေးပဲ ပြောလိုက် မိတာဖြစ်သည်။

ဟိုတစ်နေ့ကဆို ...



ထည့်စိတ်တွေ ဘယ်လောက်ရှုပ်ထွေးသွားရတယ် ထင်သ လဲ။

ဒက်ဒီအဆူကိုခံရတာ။ မာမီက တဖွဖွသတိပေးတာ။ ထည် ထမင်းလည်း မစားနိုင်။ ဘုရားလည်း မရှိခိုးနိုင်။

“ဒီကောင့်မှာ မကောင်းတဲ့အကြံအစည်တစ်ခုရှိနေလို့ သမီး နောက်ကိုလိုက်လာတာပဲ ဖြစ်ရမယ်၊ ဒက်ဒီ အရှင်းဆုံးပြောရမယ်ဆို ရင် သမီးကို ထိခိုက်အောင်လုပ်တာနဲ့ ဒီကောင့်ကို ဒက်ဒီ သတ်ပစ် မယ် ... ဒီကောင့်ကို ဒက်ဒီ လုံးဝလက်မခံဘူး ... ”

ဒါတောင် လက်ဆောင်ပန်းစည်းလေး အပေါ်ထပ်ကို ရောက်နေတာ ဒက်ဒီ သိမသွားလို့။ သိများသိသွားရင် ပန်းစည်း လေးယူလာတဲ့ ကစ်စက်ပဲ ရွာပြန်ရောက်မလား ... ထည်ပဲ အိမ် ပေါ်ကနေ ခေါင်းနဲ့ဆင်းရမလားဆိုတာ။

“ဟွန်း ... ရှုတ်တယ် သိလား၊ ရှင် သွားတော့ ... ဒီတစ်ခါ ကျွန်မနောက်ကို ရှင်ဆက်လိုက်မယ်ဆိုရင် ရှင့်ကို ကျွန်မခွင့်လွှတ် မှာ မဟုတ်တော့ဘူး”

“မင်း ... ခွင့်မလွှတ်လည်း မင်းအနောက်မှာ အရိပ်ကလေး တစ်ခုအဖြစ်နဲ့တော့ ကိုယ့်ကိုဆက်နေခွင့်ပေးပေးပါ ငွေပိုးထည်”

“လာ ... သွားမယ် ကစ်ကစ်”

“ဟွန်း ... မင်းကွာ ... ”

သူမက သူ့ကိုရှောင်ကာ ... ရင်ပြင်တော်ဘက်ကို ဆက် လျှောက်သွားပြီဆိုတော့ ... သူ့ စိတ်ကလေးလျော့ကာ နေရာလေး မှာတင် တစ်ယောက်တည်းရပ်ကာ ကျန်နေခဲ့ရပါသည်။

ဒါဟာလည်း ... ငွေပိုးထည်ရဲ့ တင်းပြတ်တဲ့ဆက်ဆံမှုလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ဘယ်လိုမှ မခံစားနိုင်တော့လို့ပါ။

ငွေပိုးထည် ...

ကိုယ့်ရှေ့မှာ မျက်နှာထားတည်တည်လေးနဲ့ တုန့်ပြန်သွားတာကို ကိုယ် ဘယ်လိုခံစားကျန်နေခဲ့မလဲဆိုတာ မင်းနည်းနည်းမှ တောင် စဉ်းစားမကြည့်တော့ဘူးလားဟင်။ မင်း ဒက်ဒီနဲ့ပတ်သက်တဲ့ သံသယတွေကြောင့် မင်းကိုယ်ကို လက်မခံနိုင်တာလားဆိုတာလည်း ကိုယ်သိချင်ပါတယ်။

"ဟေ့ကောင်. ဘယ်လိုလဲ ... အရှုံးပေးလက်မြှောက်ပြီးတော့ ဒီနေရာလေးမှာ ကျောက်ရုပ်လေးဖြစ်အောင် ရပ်နေတော့မလို့လား ... "

တွေ့လား ...

စောင်းတန်းကြားထဲကနေ ပြုံးစေ့စေ့လေးနဲ့ထွက်လာကြတဲ့ နောင်နောင်နဲ့ ဇော်ထိုက်။

"ဟုတ်တယ် ဇော်ထိုက် ... မင်းတို့ပြောသလိုပဲ ငွေပိုးထည်က သံသယစကားတွေနဲ့ ငါ့ကိုငြင်းပယ်သွားတယ်လေ ... "

"ဘာပြောတယ်ကွ ... သံသယ ဟုတ်လား ... "

"ဟုတ်တယ်လေ ... သူ့ဒက်ဒီကို မကျေနပ်လို့ သူ့ကိုလိုက်နှောက်ယှက်နေတယ် ထင်သွားတာ ငါဘယ်လိုဖြေရှင်းရမလဲ"

"ဒါကတော့ကွာ ... "

"ဟေ့ကောင် လရိပ်ထင် ... ဒါကို မင်းစိတ်ဓာတ်ကျမနေနဲ့ အချစ်ဆိုတာ နှင်းတွေထဲကလာတဲ့ အရောင်မဲ့တဲ့အလင်း၊ ရိုးသားတဲ့ သီချင်းတစ်ပုဒ်တဲ့ကွ ... နားလည်လား ... ဆက်လိုက် ဟေ့ကောင် ငါတို့အားပေးတယ် ... ဒါပဲ ... "

လင်းလက်အိမ် စာပေ



ငွေပိုးထည်ကတော့ ...

"မမလေးရယ် ... မမလေးပြောလိုက်တာ၊ အစ်ကိုလေး သရိပ်ထင် စိတ်ဓာတ်ကျသွားပြီနဲ့တူတယ် ... မျက်နှာငယ်ငယ်လေးနဲ့ ခေါင်းလေးငိုက်စိုက်ကျသွားတာ"

"ဟင် ... နင်က သနားနေပြီလား"

"သနားတာပေါ့ မမလေးရဲ့ ... "

"သနားရင် ... နင်ပဲ ချစ်လိုက် ... "

"အမ် ... "

ထည်လေ ...

ကစ်ကစ်ကို အမြင်ကတ်လိုက်တာနော်။

ပြောလိုက်ပေမယ့် ... ထည့်မျက်နှာလေး ပြုံးသွားတာက။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"ဟယ် ... ကစ်ကစ်ရေ အပြင်ကိုထွက်ကြည့်စမ်း"

"ဟင် ... အပြင်မှာ ဘာဖြစ်နေလို့လဲ မမလေးရဲ့ ..."

"ရောင်စုံမီးရှူးမီးပန်းတွေ ဖောက်နေတာလေ"

"ရှူး ... ဒိုင်း ..."

"ဖြန်း ... ဖြန်း ..."

"ဟယ် ... ဟုတ်တယ်နော် မမလေး ..."

ထည်တို့နှစ်ယောက်သား ပျော်လည်းပျော် ဝမ်းလည်းဝမ်း သာနှင့် ... မီးပန်းတွေ ကောင်းကင်ပေါ်ဖြာတက်သွားတာကိုကြည့် ရင်း ... အပေါ်ထပ်ဝရံတာလေးထက်မှာ ရွှင်လန်းတက်ကြွနေကြ သည်။

အထူးသဖြင့် ... ပိုပြီးလွတ်လပ်နေရတဲ့အကြောင်းရင်းက ဒီညဟာ ဟက်ပီးနယူးရီးယား ညလေးဖြစ်သည့်အပြင် ဒက်ဒီနှင့်မာမီကပါ ကုမ္ပဏီတစ်ခု၏ ညစ်ခံပွဲကိုတက်ဖို့ စောစော လေးကပင် အပြင်သို့ထွက်သွားခဲ့သောကြောင့် အချုပ်အချယ်လေး





ကင်းစွာဖြင့် ဟက်ပီးနယူးရီးယား ညလေးကို ကြိုဖို့ ပြင်ဆင်နေကြ တာလေ။

"ဟော ... ဟော ... မီးရှူးမီးပန်းတွေ တက်လာပြန်ပြီ"

"ဟာ ... လှလိုက်တာ မမလေးရယ် ..."

မီးပန်းရောင်စုံလေးတွေကိုကြည့်ကာ ကစ်ကစ် သဘောကျ လို့မဆုံး။

"ဟင် ..."

ဒါပေမဲ့ သူမ အခုမှ သတိထားမိသွားတာက မီးပန်းရောင်စုံ လေးတွေ လွှင့်လွှင့်ပြီးတော့ ဖြာတက်လာတာ မျက်နှာချင်းဆိုင် အိမ်ရှေ့ခြံတွေထဲက မဟုတ်ဘဲ လမ်းမပေါ်က တက်လာတာ ဖြစ် နေသည်။

ပြီးတော့လဲ ...

တက်လာနေတာက သူမရဲ့ခြံရှေ့တည့်တည့်နေရာလေးက နေ တက်လာနေတာ။ ဘယ်လိုဖြစ်တာလဲ ... ကလေးတွေ ဆော့ ကစားနေတာဆိုလည်း အော်သံဟစ်သံလေးတွေ ကြားနေရမှာ ပေါ့။ ခုတော့ ... အဲလိုလည်း မဟုတ်။

"ဖောင်း ... ဒိုင်း ..."

"ရှူး ... ဖမ်း ... ဖမ်း ..."

"မမလေးရေ ... ဒီတစ်ခါ ဖောက်လိုက်တာ အရမ်းလှတယ်၊ မီးပန်းလေးတွေက အသည်းပုံလေးတွေဖြစ်ပြီး မိုးပေါ်ကိုတက်သွား တာ မမလေး ... ကြည့် ... ကြည့်လိုက် ..."

"ဟုတ်တယ်လေ မမလေး မြင်တယ် ..."

သူမ မသင်္ကာလို့ ကြည့်လိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ လူတစ်ယောက် ...

"ဘုရားရေ ..."

သူမ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားခဲ့ရပါပြီ။

သူ ...

လရိပ်ထင်ဆိုတဲ့လူ ...

မီးရှူးမီးပန်းတွေ တဒိုင်းဒိုင်း တရှူးရှူး ပစ်လွှတ်လို့အားရသွားတော့မှ ခြံရှေ့မှာ ဒူးထောက်ထိုင်နေတာလေ။ ဒါကိုလည်း မီးပန်းအရောင်တွေလက်လာလို့ သူ့မျက်နှာလေးကို ထည် မြင်လိုက်ရတာပါ။

ဒီလူ တော်တော်ဆိုးတဲ့လူ။

ဒက်ဒီနဲ့မာမီ ကားနဲ့ထွက်သွားတာကိုသိလို့ ခြံရှေ့မှာ မီးပန်းတွေလွှတ်ပြပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတာ။

"ဘာ ... ဘာလဲဟင် မမလေး ... မမလေး ဘာတွေ့လို့လဲ"

"ဟာ ... ဘာတွေ့ရမှာလဲ ... ဟိုမှာ ... ခြံရှေ့အမှောင်ရိပ်ထဲမှာ ဒူးထောက်ထိုင်နေတာ လရိပ်ထင်ဆိုတဲ့လူလေ ..."

"ဟာ ... ဟုတ်လို့လား မမလေးရဲ့ ..."

"မေးမနေနဲ့ ... လာ ... အောက်ကိုဆင်းမယ် ..."

ထည် ဒေါကလေးပွပွနှင့် အောက်ကို ပြေးဆင်းလာတာ ဒီလူလုပ်နေတဲ့လုပ်ရပ်တွေကို သည်းမခံနိုင်တော့လို့ပါ။ ခြံရှေ့မှာ မီးပန်းတွေဖောက်လို့ဖောက် ... ဒူးထောက်ထိုင်လို့ထိုင်နဲ့ ... ပတ်ဝန်းကျင်ကမြင်ရင် ဘယ်လိုထင်မလဲ။

ထည် ... ခြံတံခါးနားထိ တိုးကပ်လာခဲ့သည်။

ဆံပင်ရှည်တွေကို စုချည်ပြီး ခြံတံခါးပေါက်ကြားထဲကနေ





မျက်တောင်လေး ကော့ကြည့်လိုက်တော့ ...

"ဟယ် ... ကြည့်စမ်း ..."

လက်ဆောင်ပန်းခြင်းကြီးကို ရှေ့မှာချပြီး ထည်တို့ခြံဖက် တည့်တည့်ကိုလှည့်ကာ ဒူးထောက်ထိုင်နေတာလေ။

ကစ်ကစ်လည်း မျက်လုံးပြူး ...

သူမကိုယ်တိုင်လည်း အသက်ရှူမှား။

"ရှင် ... ရှင် ... ဘာလုပ်တာလဲ ... လရိပ်ထင်၊ သူများခြံရှေ့မှာ ရှင် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတာ"

"အစ်ကိုလေးရယ် ... ဒုက္ခပါပဲ ..."

ကစ်ကစ် ခုန်ဆွခုန်ဆွလေးနဲ့၊ ဘာလုပ်လို့လုပ်ရမှန်းလည်း မသိ။ ထည်ကတော့ မျက်နှာရဲရဲကလေးနဲ့ သူကြားအောင် တမင်အသံကလေးကို ထိန်းကာ မေးမိသည်။ ဒါကို ... ဒူးထောက်ရင်း ပြုံးပြုံးလေးပဲ သူက မော့ကြည့်ကာ ...

"ဟွန်း ... သောင်းကျန်းနေတာ မဟုတ်ဘူးလေ ... ငွေပိုးထည် အချစ်ဟစ်တိုင်လေးကနေ ကိုယ်မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ဆန္ဒပြနေတာ ... မီးရှူးမီးပန်းတွေဖောက်ပြီး ကမ္ဘာလောကကြီးနဲ့ ဟောဒီ မိုးကောင်းကင်ကြီးကို တိုင်တည်နေတာ၊ အကောင်းဆုံးက ဒီဟက်ပီးနယူးရီးယားညမှာ ကိုယ့်အချစ်တွေကို ယုံကြည်လက်ခံပေးပါ ... ဒါကိုမှ မကျေနပ်ရင်လည်း ... မင်းကြိုက်သလို တုန့်ပြန်နိုင်တယ် ငွေပိုးထည်၊ ဘာပဲပြောပြော ... ဒီည မင်းကို သိစေချင်တာက လရိပ်ထင်ဆိုတဲ့ လူတစ်ယောက်ဟာ မင်းကို ရူးရူးမူးမူးလေး ချစ်နေမိပြီဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခစ် … ခစ် … "

"အောင်မယ် … "

တခစ်ခစ်လေးနဲ့ ကစ်ကစ်ရယ်နေတာ ကြည့်စမ်း။

ဒီလူ တတ်လည်းတတ်နိုင်တဲ့လူ။ ရပ်ကွက်ကိုရော ပတ်ဝန်းကျင်ကိုပါ ဂရုမစိုက်ဘဲ … သူ ရူးရူးမူးမူး ချစ်နေပြီဆိုတဲ့အကြောင်းကို ဒူးထောက်ပြီးတော့ကို ခြံရှေ့မှာ လူမြင်မကောင်း သူမြင်မကောင်း လာကြေငြာနေတာလေ။

ဒက်ဒီပြန်လာလို့တိုးရင် …

အထိုးပဲ ခံရမလား။ အချုပ်ထဲပဲ ရောက်မလား။

ထည် … ပြုံးပျာနေတဲ့ မျက်ဝန်းကလေးတွေနဲ့ ခြံတံခါးသံတိုင်တွေကိုကျော်ကာ ပတ်ဝန်းကျင်ကို ကြည့်မိသည်။ လမ်းထဲကို မောင်းဝင်လာသည့်ကားမီးရောင်တွေမြင်လျှင် ဒက်ဒီ ပြန်လာပြီလားဆိုသည့် စိုးရိမ်စိတ်ကလေးနှင့် ရင်တွေ တထိတ်ထိတ်ခုန်နေရတာ … ခြေဖျားလက်ဖျားကလေးတွေတောင် အေးစက်လာရ၏။

ရှင် …

တကယ်ပြဿနာရှာတာပဲ လရိပ်ထင် … ရှင့်ရဲ့ တဇွတ်ထိုး တဇောက်ကန်းလုပ်ရပ်တွေနဲ့ ခြံရှေ့မှာ ဒီလိုပြဿနာလာရှာတိုင်း ကျွန်မက ရှင့်ရဲ့အချစ်တွေကို ယုံကြည်သွားမယ်ထင်နေသလား။

သူမ …

စိတ်တွေကို တင်းပစ်လိုက်မိ၏။

ဒီလူဟာ … စတွေ့တဲ့နေ့ကတည်းက သူမနှလုံးသားတွေကို ယောက်ယက်ခတ်လှုပ်ရှားနေအောင် ညှို့ယူထားနိုင်စွမ်းရှိတာ တော့အမှန်ပဲ။ သူ ပြန်ထွက်သွားပြီဆိုတာနှင့် ရင်ထဲမှာ လှိုင်းထ





သေးတွေထက်ကာ … သူမ ကျွန်ခဲ့ရဦးမှာလေ။

ဒါကိုပဲ …

သူမကိုယ်သူမ မကျေမနပ် ဖြစ်နေမိတာ။

ဒက်ဒီနှင့်မာမီက သူနှင့်ပတ်သက်မှုမရှိအောင် ဘယ်လိုပဲ ချုပ်ချယ်တားဆည်းထားထား … သူ့အရိပ်ကလေးကို မျှော်နေမိတာ ကစ်ကစ်တောင် သိလို့လား … ခက်နေတာက သူ့ကို ဘယ်လို ခေါင်းထဲက ဖယ်ထုတ်ထားလို့ မရခဲ့တာပဲ။

"နင် … နင် … ရယ်မနေနဲ့နော် ကစ်ကစ် … ဒက်ဒီပြန်လာရင် မမလေးတို့နှစ်ယောက်စလုံး အိမ်ပေါ်ကနေ အထုတ်ပိုက်ဆင်းရအောင် ဒီလူလာလုပ်နေတာ … "

"ဟာ … မမလေးကလည်း … သူက သူချစ်တာကို မမလေးယုံအောင် သက်သေလာပြနေတာလေ … မမလေးရဲ့ … ဟင်း ဟင်း … မမလေး မယုံလည်း ကစ်ကစ်ကတော့ ယုံတယ်"

"ကြည့်စမ်း … "

သူမ အသည်းယားမိသည်။

ကစ်ကစ်ကတော့ ယုံတယ်တဲ့။

ယုံစရာလားဟင် … ယုံစရာလား …

"ရှင် … ရှင် … အခုချက်ချင်း ကျွန်မခြံရှေ့ကနေ ပြန်ထွက်သွားနော် … ဒက်ဒီပြန်လာလို့ မိသွားရင် မိုးမီးလောင်မှာသေချာတယ် … ကျွန်မ တောင်းပန်ပါတယ် … လရိပ်ထင် … ကျွန်မကို ညှာပေးပါနော် … "

ထည် အသံအုပ်အုပ်ကလေးနှင့် ဘေးလူတွေ မကြားအောင် ပြောမိသည်။ သူကတော့ ထည့်စကားကိုလည်း ဂရုစိုက်ပုံမရ



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … ကိုယ့်ကိုပြန်စေချင်ရင် ဖုန်းဆက်လေ … ဒီ ဟက်ပီးနယူးရီးယားမှာ ပျော်ရွှင်ပါစေဆိုတဲ့ နှုတ်ဆက်သံလေးကို မင်းဆီကနေ ကိုယ်ကြားချင်တယ် … မင်း ကတိပေးရင် ကိုယ်ပြန်မယ်"

"ဟာ … ရှင် အကြွပ်မကိုင်နဲ့လေ … "

"ကိုယ် … မင်းကို သိပ်ချစ်လို့ပါ နှင့်ပွင့်ဦးထည် … မင်းဆီက အချစ်ကို မရဘဲနဲ့ ကိုယ်လက်မြှောက်ပြီး ထွက်သွားမှာမဟုတ်ဘူး"

"ပြဿနာပဲ … "

"ကိုယ်က ဆင်းရဲပါတယ် ငွေပိုးထည်ရယ် … ပညာဆိုလည်း သာမန်ဘွဲ့လေးလောက်ပဲ ကိုယ်ကရခဲ့တာပါ။ မင်းတို့လို ချမ်းချမ်းသာသာနဲ့ နောက်ဆုံးပေါ်ကားတွေလည်း ကိုယ် မစီးနိုင်ပါဘူး"

"ဟင် … အဲဒါ … ရှင် တကယ်ပြောနေတာ … "

သူက ဆင်းရဲပါတယ်ပြောလို့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင်မသိ။ လရိပ်ထင်ရယ် … ရှင်ပြောနေတာလေးကို နားထောင်ပြီး ကျွန်မ စိတ်မကောင်းဖြစ်ရပါတယ်။ ရှင့်ရဲ့ … ရုပ်ရည်လေးနဲ့ အထက်တန်းကျကျ နေနိုင်စားနိုင်တဲ့လူလို့လဲ ကျွန်မထင်ခဲ့တာလေ … ။

ခုတော့ ကြည့်ပါဦး …

မင်းတို့လို ချမ်းချမ်းသာသာနဲ့ နောက်ဆုံးပေါ်ကားတွေလည်း ကိုယ်မစီးနိုင်ပါဘူးတဲ့။ ဒါ … ဒါ ဖြစ်နိုင်တာပဲ။ ဒါကြောင့်မို့ ထည်တို့ရပ်ကွက်ထဲကိုလာတာ စက်ဘီးကလေးနဲ့ပဲ သူလာနေရတာ။

"မမလေးရယ် … အစ်ကိုလေး လရိပ်ထင် သနားပါတယ်၊ သူ … သူ ယူလာတဲ့ လက်ဆောင်ပန်းခြင်းကြီးကို ကစ်ကစ် ထွက်





ထုလိုက်မယ်နော် မမလေး … "

"တီ … တီ … "

"အမလေး … သေပါပြီ … "

ဒက်ဒီကား ပြန်လာပြီ။

ဒါလည်း သူ ဒူးထောက်မပျက်ပါ။

"လရိပ်ထင် … ရှင် သွားတော့လေ၊ ဟိုမှာ … ဟိုမှာ ဒက်ဒီ ပြန်လာနေပြီ"

"ကိုယ့်ကို ဖုန်းဆက်နော် … "

"ဆက်မယ် … ဆက်မယ် … "

ဒီလိုပြောလိုက်မှ သူ ထသည်။

ဒါပေမဲ့ … မရတော့ပါ။ ကားကို ဘရိတ်အုပ်ထိုးရပ်ပြီး ကားပေါ်က ခြေလှမ်းကျဲကြီးတွေနဲ့ဆင်းလာတဲ့ ဒက်ဒီရှေ့ကနေ သူဘယ်လိုမှ ပြေးမလွတ်တော့ပြီ။

"ဟေ့ကောင် … မင်း ထွက်မသွားနဲ့နော် … မင်း … မင်း"

သူကလည်း ဒက်ဒီကိုလှည့်ကာ ရင်ဆိုင်ပါသည်။

"ဟုတ်ကဲ့ပါ အန်ကယ် … ကျွန်တော် ထွက်မသွားပါဘူး"

"မင်းကွာ … မင်း … မင်း … "

ဒီတစ်ခါတော့ ဒက်ဒီရှေ့မှာ ခေါင်းလေးငုံ့ရပ်နေတဲ့သူ့ကို ဒက်ဒီက မထိုးတော့ပဲ အသားတွေတဆတ်ဆတ်တုန်လာပြီးတော့ သူ့ပါးလေးတစ်ဖက်ကို ဖြန်းခနဲနေအောင် ရိုက်ချလိုက်တာလေ။

"ဖြန်း … "

"ဟေ့ကောင် … မင်းထွက်သွား … "



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ ရိုက်ချလိုက်တဲ့အရှိန်နဲ့ သူ့မျက်နှာလေး ချာခနဲလည် ထွက်သွားခဲ့သလို သူမမျက်ဝန်းလေးတွေထဲမှာလည်း ပြာထွက်သွားခဲ့၏။

"ကျွန်တော် … ကျွန်တော် …"

"မင်း … မင်း … ငါ့ခြံရှေ့အထိ လိုက်လာပြီးဒီလိုလုပ်တာ ကောင်းသလားဟင် … ခုတော့ မင်းက … ငါ့ဂုဏ်သိက္ခာကိုကျ အောင် ဒီခြံရှေ့မှာ လာစော်ကားတာ … မင်းထွက်မသွားရင် ရဲစခန်းမှာ မင်းကို အမှုသွားဖွင့်မယ်"

"အန်ကယ်ရာ … လူငယ်တစ်ယောက်ရဲ့ လွတ်လပ်တဲ့ ရင်ခုန်သံတွေကို ဘယ်ဥပဒေပုဒ်မတွေနဲ့ တားဆည်းချင်သေးလို့လဲ"

"ဟော့ကောင် …"

"ဖြောင်း …"

ခြံရှေ့လမ်းပေါ်မှာချထားတဲ့ ပန်းခြင်းကြီးကို ဒက်ဒီဒေါသတကြီး ပိတ်ကန်ပစ်လိုက်တာ ဘာတစ်ခုမှ ရစရာမရှိအောင် ကျိုးပျက်သွားခဲ့ပြီ။ ပန်းတွေလည်း လမ်းပေါ်မှာ ဖွေးလှုပ်နေအောင် ပြန့်ကျဲသွားသည်။

"မင်း … ငါ့ကို ထပ်မပြောနဲ့ …"

ထိုအချိန်ကျမှ …

မာမီက ဒက်ဒီလက်ကိုပြေးဆွဲရင်း …

"သားရယ် … မင်း ဘာလို့ အန်ကယ်လက်မခံနိုင်တာတွေကို ခဏခဏလာလုပ်နေရတာလဲဟင် … အန်တီ တောင်းပန်ပါတယ်ကွယ် … ပတ်ဝန်းကျင်အိမ်တွေ ထွက်ကြည့်ရင် … အန်တီတို့လည်း သိက္ခာကျပါတယ် … သား ပြန်ပါ"





မာမီက ပြဿနာတစ်ခုကို အေးအေးချမ်းချမ်းဖြေရှင်းပေးနေတာလေ။ ဒက်ဒီဒေါသတွေ ပြေသွားအောင်လည်း နှစ်သိမ့်ဖို့ ကြိုးစားနေ၏။

"လာပါ အဖေကြီးရယ် … လူငယ်တွေလောကမှာ ဒါမျိုးက ဖြစ်တတ်ပါတယ် … လာ … လာ အဖေကြီး … ခြံထဲဝင်လိုက်"

"မင်း … ငါ့ကို ဘာမှလာမပြောနဲ့၊ ငါ … ဒီကောင့်ကိုမသင်္ကာလို့ … ဒီကောင့်အကြောင်းတွေ ဝေသာဆီမှာ အကုန်လှမ်းမေးပြီးသား … ဒီကောင် ဆင်းရဲတယ်တဲ့၊ ဘွဲ့ရတာလည်း ရိုးရိုးဘွဲ့လေးပဲရတာတဲ့ … ဒါကိုတောင် ကိုယ့်နဲ့မတန်မရာ အဆင့်ကိုမှန်းပြီး ဒီကောင် ငါ့သမီးနောက်ကိုလိုက်နေတာ … ဟော့ကောင် … မင်း ထွက်သွားတော့ကွာ၊ ကြာရင် မင်းကို ငါသတ်မိတော့မယ်"

"ရပါတယ် အန်ကယ် … အန်ကယ် မကျေနပ်ရင် ကျွန်တော့်ကို ကြိုက်သလို အပြစ်ဒဏ်ခတ်နိုင်ပါတယ် … အန်ကယ့်ကြောင့် ကျွန်တော့်ပါးတစ်ဖက်မှာ ဒဏ်ရာနက်နက်တွေထင်သွားပေမယ့် ကျွန်တော်ရင်ခုန်သံတွေကတော့ ဘယ်တော့မှ ရပ်သွားမှာမဟုတ်ပါဘူး … ဟုတ် … အန်တီ့ကိုလည်း သားတောင်းပန်ပါတယ် … သားကြောင့် အန်တီတို့ဂုဏ်သိက္ခာတွေ ထိခိုက်နစ်နာခဲ့တယ်ဆိုရင် သားကိုခွင့်လွှတ်ပါ … သားပြန်ပါတော့မယ် …"

"အို … လရိပ်ထင်ရယ် …"

သူ စက်ဘီးလေးရပ်ထားတဲ့နေရာလေးဆီကို ခေါင်းလေး ငိုက်စိုက်ချကာ ချာခနဲလှည့်ထွက်သွားခဲ့ပြီ။

"သမီး ငွေပိုးထည် … ဒက်ဒီဆီကိုလာစမ်း"

ဒက်ဒီ ဒေါသတွေက ဧည့်ခန်းထဲအထိ ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထည် ဒက်ဒီရှေ့မှာ ခေါင်းလေးငုံ့ကာ ရပ်ရသည်။

"ဒီကောင် ... ဒီကောင် ... ဘာလာလုပ်တာလဲ"

ဒက်ဒီမေးတော့မယ်ဆိုတာ ထည် သိပြီးသားပါ။

"လက်ဆောင်ပန်းခြင်းလေး လာပို့ပေးတာပါ ဒက်ဒီ"

"ဟုတ်လား ကစ်ကစ် ... နင့်မမလေးဖြေတာ ဟုတ်လား"

"ဟုတ် ... ဟုတ် ... ဖေဖေကြီး ... "

ကစ်ကစ် ဖြေလိုက်တာ ကပျာကယာလေးနဲ့ ခပ်သွက်သွက်လေး။ ဒက်ဒီကိုတော့ ကစ်ကစ်ငယ်ငယ်လေးကတည်းက ဖေဖေကြီးလို့ပဲ ခေါ်ခဲ့တာပါ။

"ဟွန်း ... ငါကားမီးရောင်အောက်မှာ ဒီကောင့်ကိုတွေ့လိုက်ကတည်းက ဒေါသတွေ အလိပ်လိုက်တက်သွားတာ၊ ပြောစမ်းပါဦး ... နင်တို့က ကိုယ့်အခန်းထဲမှာ ကိုယ်မနေဘဲ ခြံတံခါးဝမှာ ဘာထွက်လုပ်နေတာလဲ ... "

"ဟို ... ဟိုလေ ... ဒက်ဒီ ... သူ ... သူက ... "

"နင် ... နင် ငါ့ကိုမလိမ်နဲ့နော် ငွေပိုးထည် ... ဒီကောင် ရောက်နေတာကို နင်တို့ ဘာကြောင့် ခြံတံခါးဝအထိ ထွက်လာတာပဲ ... ဖြေစမ်း ... ဖြေစမ်း ငါ့ကိုအမှန်အတိုင်းဖြေစမ်း ... "

"အား ... ဒက်ဒီ ... "

ထည် နဖူးသင်းကျစ်လေးထိပ်က ဆံပင်ကလေးတွေကို ဒက်ဒီ တအားဆောင့်ဆွဲရင်းမေးလိုက်လို့ ထည့်အသားလေးတွေ နာသွားရပြီ။

"အဟင့် ... ဟင့် ... ဟင့် ... သူက ... သူက ခြံရှေ့မှာ မီးရှူးမီးပန်းတွေဖောက်ပြီး ပြဿနာရှာနေလို့ ... ထည် ... ထည်က





ပြန်နှိုင်းနေတာပါ ဒက်ဒီ ... "

"ဘာ ... ဘာပြောတယ် ... ဒီကောင်က ခြံရှေ့မှာ မီးရှူးမီးပန်းတွေတောင် ဖောက်သွားတယ် ဟုတ်လား ... "

ဒက်ဒီ ... အသားတွေတဆတ်ဆတ်တုန်ကာ မျက်နှာလေးတပါ ရဲရဲနီသွားသည်။

"အဟင့် ... ဟုတ်တယ် ဒက်ဒီ ... ပန်းခြင်းလေးပေးတာလည်း ထည် လက်မခံပါဘူး ... သူနဲ့လည်း ထည်မပတ်သက်ပါဘူး ဒက်ဒီရဲ့ ... အဟင့် ... ဟင့် ... ဟင့် ... "

ထည်ငိုတာ မျက်ရည်လေးတွေပါ ပိုးပိုးပေါက်ပေါက် ကျလာ ပါလည်း ... ထည့်ဆံပင်တွေကို ဒက်ဒီ ပြန်မလွှတ်ပါ။

လရိပ်ထင် ...

ရှင့်ကြောင့် ... ဒက်ဒီဆွဲတာကို ကျွန်မ ခံနေရပြီလေ။

"ရမလား ... ရမလား ... ဒီကောင်နဲ့ပတ်သက်ရင်ရော နင့်ကို ငါက ခွင့်လွှတ်မယ်ထင်နေသလား ... ဘာအဆင့်မှမရှိတဲ့ကောင်၊ ကိုယ်ပိုင်ကားလေးတစ်စီးတောင် မစီးနိုင်တဲ့အကောင် ... နောက်တစ်ခါ ခြံရှေ့ကို ဒီကောင် လာပြဿနာရှာရင် ငါ့ဆီကို ချက်ချင်း ခုန်းဆက် ... "

"ဟုတ်ကဲ့ပါ ဒက်ဒီ ... ဟင့် ... ဟင့် ... "

"အဖေကြီးရယ် ... သမီးလေး နားပါစေတော့၊ ဒီလိုအခြေအမြစ်မရှိတဲ့ကောင်လေးတစ်ယောက်ကို သမီးလေးပတ်သက်မှာမဟုတ်ပါဘူး"

"မရဘူး ... မရဘူး ... သမီးကို အိမ်မှာ ဒီအတိုင်းထားဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မဖြစ်နိုင်တော့ဘူး ... သမီးကို ငါ့မျက်စိအောက်မှာပဲထားမယ် နောက်နေ့ကစပြီး ကုမ္ပဏီကို ငါနဲ့လိုက်ရမယ်၊ ငါ့အလုပ်တွေ ငါနဲ့ ဝိုင်းကူလုပ်ရမယ် ... ဒါပဲ ... "

ဒက်ဒီရဲ့ တစ်ချက်လွှတ်အမိန့်။

ထည် ဘာတတ်နိုင်တော့မှာလဲ ...

ထည် ဟင့်ခနဲရှိုက်ငိုရင်း လေးပင်သော ခြေလှမ်းကလေး များဖြင့် တိုက်ကြီးပေါ်ပြန်တက်လာခဲ့ချိန်တွင် ကစ်ကစ်ကပါ ... ထည့်အနောက်မှာ ကပ်ပါလာခဲ့၏။ ထည် ... ခုချိန်မှာ ဘယ်လိုပဲ ငိုရငိုရ ... ထည့်မျက်ဝန်းလေးထဲကနေ ပျောက်မသွားခဲ့သည့် အရိပ်ကလေးကတော့ လရိပ်ထင်ဆိုသည့် လူဆိုးလေးတစ်ယောက်ရဲ့ ပုံရိပ်ကလေးပင်။

"ကစ်ကစ်ရယ် ... မမလေး ဘာလုပ်ရတော့မလဲဟင် ... ဒက်ဒီကလည်း ဆူနေပြီ၊ သူ ... သူ့ကိုလည်း ဖုန်းဆက်မယ်ဆိုတာ မမလေး ကတိပေးလိုက်မိတယ်၊ အဲဒါ ... အဲဒါ ... မမလေး မှားလားဟင် ... မမလေးကို အကြံပေးပါဦး၊ ဟင့် ... ဟင့် ... သူ့ကိုလည်း မမလေးသနားတယ် ... သူ ... သူ မမလေးကို အရမ်းချစ်တယ်ဆိုတာ ... ဒီည ... ဒီည မမလေးသိလိုက်ရပြီလေ၊ သူ့ပါးလေးကို ဒက်ဒီ ဖြန်းခနဲရိုက်ချလိုက်တာ ... မမလေး မျက်လုံးတွေတောင်ပြာသွားတယ် ... သူ ... ခေါင်းလေးငုံ့ပြီး လှည့်ထွက်သွားတဲ့ပုံစံလေးကိုလည်း မမလေး ဘယ်တော့မှ မေ့လို့ရမှာမဟုတ်တော့ဘူး"

"မမလေး ..."

"ဟင် ... ကစ်ကစ် ... ပြောလေ ..."





"အစ်ကိုလေးဆီကို ညဆယ့်နှစ်နာရီတိတိမှာ ကစ်ကစ်တို့ ဖုန်း ဆက်ကြမယ်လေ ... မကောင်းဘူးလား ..."

"ည ဆယ့်နှစ်နာရီ ..."

"ဟုတ်တယ်လေ မမလေး ... အဲဒီအချိန်က တကယ်နှစ်သစ်ကူးချိန်လေ ..."

ကစ်ကစ်ပြောမှ ထည် ရင်ခုန်နေရပါပြီ။

နာရီလေးကို လှမ်းကြည့်လိုက်တော့ ...

ည ဆယ်နာရီထိုးနေပြီလေ။ မကြာခင် အချိန်လေးအတွင်းမှာ ဟက်ပီးနယူးရီးယားလို့ တပျော်တပါး ဝိုင်းအော်နေတဲ့အသံလေးတွေကို ကြားကြရတော့မှာ ... ဘယ်လောက်ရင်ခုန်စရာကောင်းလိုက်တဲ့ ညလေးလည်းကွယ်။

www.burmeseclassic.com

အခန်း ( ၈ )

"လရိပ်ထင်ရာ ... မင်းကွာ ... မင်း ... မင်း ... "

ညဦးပိုင်းက ဖြစ်ခဲ့သမျှ အဖြစ်အပျက်တွေကို သူငယ်ချင်းတွေသိအောင် သူပြောပြလိုက်တော့ အားလုံးစိတ်မကောင်းဖြစ်ကုန်ကြသည်။

"ကြည့်ပါဦးကွာ ... အရိုက်ခံထားရတဲ့ ပါးလေးတစ်ဖက်တောင် ယောင်နေပြီထင်တယ် ... မင်း ... မင်း တော်တော်ခံနိုင်ရည်ရှိတဲ့ကောင်ပဲ လရိပ်ထင် ... "

ပြောရရင် ... ဒီညဟာ ...

ဟက်ပီးနယူးရီးယား ညမို့ ဝေသာတို့ခြံမှာ စားကြသောက်ကြ ဂစ်တာတွေတီးကြ လုပ်ကြမှာလေ။ သူ ရောက်သွားတော့ ခြံထဲမှာ သူငယ်ချင်းတွေစုံနေပါပြီ။ ဒါကြောင့်မို့လည်း သူ ရောက်ရောက်ခြင်း ... သူ ရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြမိခဲ့တာပဲ ဖြစ်သည်။

"မင်း တော်တော်အတင့်ရဲတဲ့ကောင်ပဲ လရိပ်ထင်ရာ ...





မင်းလုပ်တာ ငွေပိုးထည် အရမ်းလန့်သွားမယ်ထင်တယ်၊ စိတ်လည်း တော်တော်ရှုပ်သွားမှာပဲ ... "

"ပန်းခြင်းလေးကို ခြေထောက်နဲ့ပိတ်ကန်ပစ်တာတော့ ဒီ အန်ကယ်ကြီး တော်တော်လွန်တယ်ကွာ ... မင်းကိုလည်း ဒေါသ အရမ်းဖြစ်နေမှာ သေချာတယ် ... "

နောင်နောင်နဲ့ဇော်ထိုက်က တစ်ယောက်တစ်ပေါက် ဝေဖန်နေပေမယ့် ... ဝေသာက ဘာမှမှတ်ချက်မပေးဘဲ ပြုံးနေသည်။

နောက်မှ ... ငါးကင်ပန်းကန်ကို ရှေ့ချကာ ...

"အန်ကယ်ဦးမြင့်သူက သူ့သမီးကိုထိရင် မီးပွင့်သွားမယ်ဆိုတဲ့ လူစားမျိုးကွ နားလည်လား ... ညနေကလည်း မင်းအကြောင်းကို ဖုန်းဆက်မေးလို့ မင်းမှာထားတဲ့အတိုင်း ငါဖြေလိုက်ရတယ်၊ အမှန်အတိုင်းလည်း ငါမပြောရဲဘူးလေကွာ ... မင်းက ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ပြင်ဆင်ထားသလဲဆိုတာ ငါမှမသိတာ ... "

ဒီအချက်ကိုလည်း အန်ကယ်ဦးမြင့်သူကိုယ်တိုင် သူ့ကိုပြောသွားခဲ့တာပဲ။ သူရည်ရွယ်ခဲ့တာက သူ့ဘဝအနေအထားအမှန်ကို ဦးမြင့်သူနဲ့တကွ အားလုံးကို မသိစေချင်ခဲ့တာပါ။

တကယ်ဆို ...

"လရိပ်ထင် ... "

"ဟင် ... သူငယ်ချင်း ... ပြောလေ ... "

"မင်း ... ငွေပိုးထည်ကို အရမ်းချစ်နေပြီလား ... "

ဝေသာက မေးသည်။

"ဟွန်း ... ငါဘယ်လိုဖြေရမလဲ ဝေသာ ... "

သူ နှုတ်ခမ်းလေးမဲ့ရင်း ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ ကြိုးပမ်းမှုတွေ ငါ့ရဲ့ပေးဆပ်မှုတွေအားလုံးက ငွေပိုးထည်ကို ဘယ်လောက်ချစ်ခဲ့သလဲဆိုတဲ့ အဖြေတစ်ခုအတွက်ပဲ ရည်ရွယ်ခဲ့တာလေ ... သေချာတာက ငွေပိုးထည်ကို ငါအရမ်းချစ်နေမိပြီဆိုတာပဲ ... ဘယ်လိုအခက်အခဲတွေပဲရှိရှိ ငါ နောက်ပြန်ဆုတ်မှာမဟုတ်တော့ဘူးဝေသာ ... ငါ့ရင်ခုန်သံတွေ မရပ်သရွေ့ ငွေပိုးထည်ကိုချစ်တဲ့အချစ်တွေ ရှင်သန်နေစေရမယ်ဆိုတာ ငါ့ရဲ့နောက်ဆုံးဆုံးဖြတ်ချက်ပဲ ..."

သူ ... ဒီလိုပဲ ခပ်လွယ်လွယ်ပြောလိုက်မိ၏။

"မင်း ... မင်း တကယ်ပြောနေတာလား လရိပ်ထင် ... မင်းရဲ့ ဆုံးဖြတ်ချက်က သေချာလို့လား ... ငါဖြစ်စေချင်တာ၊ မင်းအခြေအနေမှန်ကို လျှို့ဝှက်မထားဘဲ ပြောင်ပွင့်ပြောပြီး လိုက်သင့်တယ်လို့ပဲထင်တယ် ... အန်ကယ်ဦးမြင့်သူကတော့ မင်းကို လုံးဝလက်မခံတဲ့အခြေအနေမှာရှိတယ် ... မင်းအကြောင်းတွေ ဖုန်းဆက်မေးရင်း ငါ့ကိုပြောနေတာ ခါးခါးသီးသီးပဲ ..."

"ငါကတော့ အရမ်းချစ်နေမိပြီ ..."

သူ ...

တမ်းတမ်းတတလေးပဲ ပြောလိုက်မိသည်။

သူပြောတော့ ဝေသာက ရယ်ပါသည်။

"မင်း တကယ်ပြောတာနော် လရိပ်ထင် ... ငါကတော့ မင်းပြောတာကို မယုံဘူး ..."

"ဟောကောင် ငါဘယ်နှစ်ခါဖြေရမလဲ ... ယောက္ခမလောင်းကြီး ပါးရိုက်တာကိုတောင် ခံပြီး ငွေပိုးထည်ကို ချစ်ခဲ့တာလေ"

"မင်း ... ငွေပိုးထည်တို့အိမ်ရှေ့မှာ မီးရှူးမီးပန်းတွေဖောက်ပြီး သောင်းကျန်းနေတာ ပတ်ဝန်းကျင်အိမ်တွေက ထွက်မကြည့်ဘူးလား"

"ကြည့်တာပေါ့ကွ ..."

"ငွေပိုးထည် အခြေအနေကရော ..."

"သူ ဒီည ... ငါ့ကို ဖုန်းဆက်တော့မှာ"

"အဲဒါ ... မင်းယုံလား"

သူ ...

ဘယ်လိုဖြေရမလဲ ...

ဒါ ... ငွေပိုးထည်ကိုယ်တိုင် သူ့ကို အတိအကျကတိပေးခဲ့တာပဲ။

"ယုံတယ်ဝေသာ၊ ... ဒီည ဖုန်းထဲကနေ သူနဲ့ငါ ပထမဆုံး ဖုန်းပြောခွင့်ရတော့မှာ ... ငါ့ကို ဖုန်းဆက်မယ်ဆိုပြီး ငွေပိုးထည်ကိုယ်တိုင် ကတိပေးသွားတယ်"

သူ အမှန်အတိုင်းပဲ ပြောပြလိုက်၏။

နောက်တော့ ... စားကြသောက်ကြ စကားတွေပြောကြနဲ့ ည ဆယ့်တစ်နာရီကို ကျော်လို့ ... ညဆယ့်နှစ်နာရီ ထိုးတော့မည်။

ထည်ကလည်း မအိပ်နိုင်သေးပါ။

နံရံထက်ဆီမှာ ချိတ်ဆွဲထားသည့် တိုင်ကပ်နာရီလေးဆီက တထပ်ထပ် တချပ်ချပ်အော်မြည်ပြေးလွှားနေသည့် စက္ကန့်တံလေးကိုကြည့်ပြီး ... ရင်တွေခုန်လာရတာက ခြေဖျားလက်ဖျားလေးတွေတောင် အေးခဲလုမတတ်ပင်။

"မမလေးရေ ... ည ဆယ်နှစ်နာရီထိုးတော့မယ်နော် ငါး မိနစ်ပဲလိုတော့တယ် မမလေးရဲ့ ..."







www.burmeseclassic.com

www.burmeseclassic.com



"မမလေး သိပါတယ် ကစ်ကစ်ရယ် ... ဟင်း ဟင်း ..."

ထည် ...

ကိုယ်ပိုင်ဟန်းဖုန်းလေးကို လက်ထဲမှာကိုင်ထားသည်။ ပြီးတော့ ... ခြေကလေးကို ဖွဖွလေးလှမ်းကာ တံခါးဆီသွားပြီး ဒက်ဒီမာမီတို့အခြေအနေကို နားစွင့်ကြည့်ရသေး၏။ တစ်ခါတလေ တစ်အိမ်လုံး တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက် အိပ်မောကျနေချိန်မျိုးမှာတောင် ဒက်ဒီက အပေါ်ထပ်ဘုရားခန်းမှာ လမ်းလျှောက်ပုတီးစိပ် လုပ်ချင်လုပ်နေတတ်တာလေ။

ဖုန်းနိုးဆက်တာ မိလို့ကတော့ ...

ထည် မတွေးရဲပါ။

ဒက်ဒီဒေါသကို ထည်လန့်ပါသည်။ စိတ်မထင်ရင် မထင်သလို ရိုက်နက်အပြစ်ပေးတတ်သည့် ဒက်ဒီ။ ထည်ငယ်ငယ်ကဆို စာမကျက်လို့ဆိုပြီး ထည့်ကို နားရွက်လေးဆွဲပြီး ထိုင်ထလုပ်ခိုင်းတတ်သေးသည်။ တစ်ခါတလေ အပြင်မထွက်ရဆိုပြီး အခန်းထဲသော့ခတ်ပိတ်ကာ အပြစ်ဒဏ်ကို ခပ်ကြမ်းကြမ်း ခတ်တတ်သေး၏။

အဲလို ဒက်ဒီပါ။

"မမလေးရေ ... နှစ်မိနစ်ပဲလိုတော့တယ်နော် ဟား ဟား။ ဆယ်နှစ်နာရီထိုးတာနဲ့ ဟက်ပီးနယူးရီးယား အော်မယ်ကွ"

"ရှူး ... တိုးတိုး ..."

"ဟင် ..."

"ကစ်ကစ်ရယ် ... နင်ဟာလေ ... အလိုက်မသိလိုက်တာ၊ ဆယ်နှစ်နာရီထိုးတာနဲ့ သူ့ဆီကို ဖုန်းဆက်ဖို့မှာလေ ... နင်အော်လို့ ဒက်ဒီကြားသွားရင် အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းရမှာ ... ဟွန်း ...





ဒုက္ခပါပဲ ..."

"ဩော် ... ဟုတ်သားပဲ မေ့လို့နော် ... မေ့လို့ ... ဟင်းဟင်း ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ စက္ကန့်တံလေး သုံးဆယ်ကို ရောက်နေပြီ၊ နှိပ် ... နှိပ် ... အစ်ကိုလေး ဖုန်းနံပါတ်လေးကို မမလေး နှိပ်လိုက်တော့ ..."

"ဟင် ..."

ထည် ရင်ခုန်စွာနဲ့ပဲ နံပါတ်လေးတွေကို နှိပ်လိုက်ရပါပြီ။

"တီ ... တီ ..."

စက္ကန့်တံလေးကလည်း ဆယ်နှစ်ဆိုတဲ့ နံပါတ်လေးပေါ် တစ်ထပ်တည်းကျသွားခဲ့ပြီ။

"ဟာ ... ထည် ... ထည် ... ငွေပိုးထည်လား ..."

တစ်ဖက်က ပေါ်လာတဲ့အသံလေးက အငမ်းမရ။

"ဟေး ... ဟက်ပီးနယူးရီးယား"

"ဟက်ပီးနယူးရီးယား ... ဟက်ပီးနယူးရီးယား ..."

ကြည့်စမ်း ...

သူ့ရဲ့ ဖုန်းကလေးထဲကနေ ဝိုင်းအော်နေကြတဲ့ အသံတွေ ထည့်ဖုန်းကလေးထဲမှာ အတိုင်းသား ကြားနေရ၏။

"ထည် ... ထည် ... ကိုယ်ပြောနေတာ ထည် ကြားရဲ့လား"

တက်ကြွနေတဲ့အသံလေးက ဖုန်းလိုင်းလေးထဲမှာ ကြည်သင်လို့ နေခဲ့တာပင်။

"အခုဆက်နေတာ ထည် ... ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေ ... လရိပ်ထင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ထည်ရယ် ... ကိုယ်ဝမ်းသာလိုက်တာကွာ၊ ကိုယ် ကိုယ်လေ ... ထည့်ဆီက ဖုန်းခေါ်မယ့်အသံလေးကို မျှော်နေတာ"

ကြည့်စမ်း ...

ထည်တဲ့ ...

ထည့်ဆီက ဖုန်းခေါ်မယ့်အသံလေးကို မျှော်နေတာတဲ့။

"ကျွန်မက ကတိတည်တယ် ... လရိပ်ထင် ... ကျွန်မပေး ထားတဲ့ကတိရှိနေလို့ ရှင့်ဆီကို ကျွန်မဆက်လိုက်တာ၊ ဒီထက်ပိုတဲ့ ရည်ရွယ်ချက် ကျွန်မမှာ မရှိဘူး"

"ထည် ... မင်းကိုယ့်ကို စိမ်းကားတဲ့စကားတွေ မပြောပါနဲ့၊ ကိုယ့်ရဲ့အဆုံးမဲ့ မျှော်လင့်ချက်တွေကိုလည်း ရိုက်ချိုးမပြစ်ပါနဲ့ထည်၊ ဒီညဖြစ်ခဲ့တာတွေအားလုံးကလည်း ထည့်ကို ကိုယ်ဘယ်လောက် ချစ်တယ်ဆိုတာ တိုင်တည်တာပါ ..."

"ဟွန်း ... ရှင်တိုင်တည်တာ အကြောင်းမဟုတ်ပေမယ့် ကျွန်မက အဆူခံရတယ်လေ၊ အဲဒါ ... နောက်နေ့ကစပြီး ဒက်ဒီ ကုမ္ပဏီမှာတောင် အလုပ်ဝင်ရတော့မှာ ..."

"ဟင် ... ဟုတ်လား ..."

"ဟုတ်လားလုပ်မနေနဲ့ ... ရှင် ကုမ္ပဏီကိုလာလို့မရဘူး"

ထည် ... အခုကတည်းက ပြတ်ပြတ်သားသား ငြင်းထားမိ၏။ တကယ်ဆို ... သူကပြောလို့ရတာမဟုတ်။ ခွတ်တရွတ်လေးနဲ့ ဒက်ဒီကိုဆန့်ကျင်ပြီး လာချင်လာနေမှာ။ ထည် ပြောလိုက်မိတာ တောင် မှားပြီထင်ပါရဲ့။

ထည် ဖုန်းပြောရင်း ... အခန်းအပြင်ဘက်က အသံကိုနား





စွင့်ရသေးသည်။ တံခါးလော့ခ်လေးကို ပိတ်ထားတယ်ဆိုပေမယ့် ထည့်စိတ်က မလုံပါ။

"ထည်ရယ် ... ကိုယ်က ထည့်မျက်နှာလေးကို အမြဲမြင်ချင် နေတာလေ ... ထည့်အနောက်မှာ အရိပ်ကလေးတစ်ခုအဖြစ်နဲ့ တော့ ကိုယ့်ကိုရှိနေခွင့်လေး ပေးပါထည် ... ကိုယ် တောင်းဆိုပါရ စေ ..."

"ရှင် ... ရှင် ... ဒက်ဒီ ဒီလောက်ရိုက်ထားတာတောင် မမှတ် သေးဘူးလား လရိပ်ထင် ... ရှင့်ရဲ့ ... မျက်ကန်းတစ္ဆေမကြောက် ခွတ်တရွတ်လုပ်တတ်တဲ့ လုပ်ရပ်တွေဟာ နေရာတကာ အသုံးဝင် မယ်ထင်နေသလား"

"ကိုယ်ကတော့ ... အဲလို မယူဆဘူးထည် ... ထည့်ကို မျှော်လင့်ဘဲ ပန်းလေးတိုက်မိပြီး တွေ့ခွင့်ရလိုက်တဲ့နေ့ကတည်း က ကိုယ့်နှလုံးသားထဲက လာတဲ့အမိန့်ပေးသံတစ်ခုကိုပဲ ကိုယ်နာခံ ခဲ့တယ်လို့ ယူဆတယ် ... ဒီအမိန့်ပေးသံဟာ ကိုယ့်ရဲ့ရင်ခုန်သံတွေ ကို ညီစေခဲ့သလို ကိုယ့်မျှော်လင့်ချက်တွေကိုလည်း သူကပဲ ရှင်သန် စေခဲ့တာလေ ..."

ကြည့်ပါဦး ...

သူပြောနေတဲ့ စကားလေးက ဘယ်လောက်တောင် ကြည် နူးလှပနေသလဲဆိုတာ ထည် ... ကျေနပ်မိပေမယ့် ...

"ရှင် ... ရှင် ... တကယ် အပြောကောင်းတယ်သိလား ... ဒါပေမဲ့ ... မလွယ်ပါဘူး။ ရှင်နဲ့ကျွန်မ ဆုံဆည်းနိုင်ဖို့ဆိုတာ သိပ်တော့ လွယ်မှာမဟုတ်ဘူး၊ အိပ်မက်ဆိုတာ အချိန်တန်တာနဲ့ ဖမ်းဆုပ်ပြလို့ ရနိုင်အောင် ပျောက်ကွယ်သွားတတ်တာမျိုး ... ငွေပိုးထည်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ရှင့်အတွက်တော့ အိပ်မက်တစ်ခုပဲ ဖြစ်နေလိမ့်မယ် ... လရိပ်ထင် ... ရှင်သိပ်တော့ မျှော်လင့်မထားနဲ့ ... ”

ထည် ယတိပြတ်လေးပဲ ပြောမိသည်။

“ဟွန်း ... အဲဒါ ... ကိုယ်လက်မခံနိုင်ဘူးထည် ... ကိုယ့်ရဲ့ မျှော်လင့်ချက်က ဘယ်လောက်ပဲ အချုပ်အချယ်အနှောင်အဖွဲ့တွေ ပဲရှိရှိ ... ထည်နဲ့လက်ချင်းအတူတွဲပြီး ပော်ဒီ မိုးကောင်းကင်ကြီး ပေါ်က တိမ်တွေနဲ့ ကြယ်ကလေးတွေရှိတဲ့နေရာကိုပဲ ကိုယ်က ရောက်အောင်သွားချင်တာလေ ... အဲဒီလိုရောက်အောင်သွားနိုင်ဖို့ ကိုယ်တို့နှစ်ယောက်အတွက် အသက်တမျှ လိုအပ်နေတဲ့အရာဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့အသံလေးတစ်ခုနဲ့ ... နှစ်ဦးသဘောတူ ရေးဆွဲပြဌာန်းရမယ့် လမ်းပြမြေပုံလေးတစ်ခုပဲလိုတာပါ ... အဲဒါ ကိုယ် ဆုံးဖြတ်ထားတဲ့ ကိုယ့်ရဲ့ဆန္ဒပဲ ... ”

သူ ...

တကယ့်ကို ခံစားချက်ပြင်းပြင်းလေးနဲ့ ထည့်ကိုရင်ဖွင့်နေ တာပါလား။

“ရှင် ... ရှင် ... ကျွန်မကို တကယ်ချစ်နေတာလား လရိပ် ထင် ... ”

“ဟွန်း ... မိုးလောက်ကြီးလည်းချစ်တယ်၊ ကမ္ဘာကုန်ကျယ် သရွေ့လည်းချစ်တယ်၊ ကဲ ... ဘာထပ်သိချင်သေးလဲ ... မေးလေ အားမနာနဲ့ ... ”

“ရှင် ... ရှင် ... ရည်းစားထားဖူးလား ... ”

“ပြောရမလား ... ”

“ပြော ... ပြော အမှန်အတိုင်းပြော ... ”





“ကိုယ့်ရည်းစားက မင်း ပထမဆုံးပဲ ... ”

“ဟင် ... အဲဒါ တကယ် ... ”

ထည် ...

နှုတ်ခမ်းလေးပြီးကာ မျက်တောင်လေးတွေပါ ကော့သွား ဆ။

“ကိုယ် မလိမ်ပါဘူး ... ”

“ရှင် ... အခုရော ... ဘယ်မှာလဲ ... ”

“သူငယ်ချင်းတွေနဲ့ ဟက်ပီးနယူးရီးယား ညလေးကို ရင်ခုန် ဖြတ်ကျော်နေတာလေ ... များများတော့မဟုတ်ပါဘူး၊ ကိုယ် ရယ်၊ ဝေသာရယ်၊ နှောင်နှောင်ရယ်၊ ဇော်ထိုက်ရယ် လေးယောက် ည်း ... ဟမ်နီကမ်လေးရယ်၊ ကြက်ကင်ငါးကင် ... ဟော့ပေါ့ ဘာညာ သရကာလေးတွေလည်း ပါတာပေါ့ ... ”

ဝေသာဆိုတာ ...

အန်တီ ဒေါ်ဥမ္မာသော်ရဲ့တူလေ။

မာမိနဲ့ဒေါ်ဥမ္မာသော်ဆိုတာ ကျောင်းနေဖက်ငယ်သူငယ် ချင်းတွေပေါ့။ အရမ်းလည်း ခင်သလို၊ ညီအစ်မအရင်းတွေလို ချစ်ကြ တာ။ ထည်နဲ့ကိုဝေသာကတော့ သိပ်ရင်းရင်းနှီးနှီး မဟုတ်ပေမယ့် မှန်းလေးတော့ တန်းမိနေကြသည်။

“ရှင် ... ရှင်ပြန်တော့ ဘယ်ကိုပြန်တာလဲဟင် ... ရှင်နေတာ ဘယ်မှာနေတာလဲ ... ”

“တောင်ဒဂုံ ဆယ့်ရှစ်ရပ်ကွက်လေ ... ”

“အို ... လရိပ်ထင်ရယ် ... ရှင် ရှင် ... အဝေးကြီးကိုပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ... အဲဒါ ... အဲဒါ ... ရှင် ဘယ်လိုပြန်တာလဲဟင်၊ စက်ဘီး ကလေးကိုနင်းပြီး ပြန်တာလား ... "

"ဒါပေါ့ ... ကိုယ့်ဘဝမှာ ဆီးတော်ယာဉ်ဆိုလို့ ဒီစက်ဘီး ကလေးပဲရှိတာလေ ... ထည်တို့လို နောက်ဆုံးပေါ် ကားတွေ လည်း ကိုယ်မစီးနိုင်ပါဘူး ... "

ထည် ... သူပြောတာလေးကို ယုံလိုက်မိသည်။

စိတ်ထဲကလည်း သူ့ကို သနားမိသွား၏။

"ထည် ... "

"ဟင် ... ဘာလဲ လရိပ်ထင် ပြောလေ ... "

"ထည့်ကို အရမ်းချစ်တယ် ... "

" ... "

"ကိုယ်ပြောနေတာ ထည် ကြားပါတယ်နော် ... "

လရိပ်ထင်ရယ် ...

ထည် ဆက်နားမထောင်နိုင်တော့လို့ ဖုန်းလေးကို ပိတ်ချ လိုက်မိပြီလေ။ ပါဝါကိုပါ ပိတ်ချလိုက်တာမို့ သူ ထည် ဖုန်းနံပါတ် လေးကို ပြန်ခေါ်လို့လည်းရမှာ မဟုတ်တော့ပါ။ ခွင့်လွှတ်ပါ လရိပ် ထင် ... ထည် ဆက်ပြီးတော့ နားထောင်နေရင် ထည့်နှလုံးသား တွေထဲမှာ ရှင့်အသံလေးတွေက ထည့်ကို လွှမ်းမိုးချုပ်ကိုင်လာ တော့မယ်လေ။

ထည့်ကို အနိုင်မယူချင်ပါနဲ့ ...

ထည့်ကို မစိုးမိုးချင်ပါနဲ့။

ဒက်ဒီကို ထည်ကြောက်သလို အချစ်ဆိုတဲ့အရာကိုလည်း ထည် နားမလည်ပါဘူး။ ထည် ရိုးရိုးလေးနဲ့ အေးအေးလေးပဲ နေပါ





ရစေ လရိပ်ထင်ရယ်။

လက်ထဲက ဟန်းဖုန်းလေးကို ခေါင်းဦးအောက်လေးထဲ ထိုး သွင်းကာ သိမ်းလိုက်လေလျှင်ပဲ ထည့်မျက်လုံးလေးက စင်းကျသွား သည်။

"ဟင် ... မမလေး ... "

ကစ်ကစ် လှမ်းအော်လိုက်တာလေးကိုလည်း ထည် မကြား ရတော့ဘဲ တစ်ချိုးတည်း အိပ်ပျော်လို့သွားခဲ့ရပါပြီ။

မမလေးရယ် ...

မမလေးကိုကြည့်ပြီးတော့ ကစ်ကစ် သနားလိုက်တာ။

အစ်ကိုလေးလရိပ်ထင်ကို မမလေးချစ်နေပြီဆိုတာ မမလေး ရဲ့ မျက်ဝန်းလေးတွေက 'သက်သေခံနေပြီလေ မမလေးရဲ့။

မမလေး မညာပါနဲ့ ...

ကစ်ကစ် သိတယ်။

အစ်ကိုလေး လရိပ်ထင်ကိုလည်း ကစ်ကစ်သနားတယ်။

ပြန်ချစ်လိုက်ပါ မမလေးရယ် ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

သူမစိတ်တွေ အရင်လိုမဟုတ်တော့ဘဲ နုံးခွေခွေ ချိနဲ့နဲ့လေး ဖြစ်ချင်နေတာကိုတွေးပြီး ကျိန်ဆဲပြစ်ချင်နေသည်။ အရင်ကဆို နံနက် မိုးလင်းလို့ အိပ်ရာထပြီဆိုတာနှင့် ပေါ့ပါးဖျတ်လတ်စွာ ရေချိုး အလှပြင်လုပ်တတ်ပေမယ့် ... ခုတော့ ... ငေါင်စင်းစင်းလေး နှင့် နှစ်သစ်ကူး ပထမဆုံး နံနက်ခင်းလေးက မလန်းမဆန်းလေး ဖြစ်နေသည်။

ထူးဆန်းလိုက်တာ ...

ခုထိ ... အိပ်ရာက မထချင်သေးတာ ဘာသဘောလဲ။

"ထည် ... မနိုးသေးဘူးလား ... ဒီနေ့ ဒက်ဒီကုမ္ပဏီ လိုက်သွားရမယ်လေ ..."

အခန်းအပြင်ဘက်ဆီမှ မာမီအော်သံကြောင့် ထည် ကယ ကယာလေးထကာ နံဘေးကို အပြုံးအပြုံကလေး ကြည့်မိတော့ ကစ်ကစ်က အိပ်လို့ကောင်းနေဆဲ။

"ကစ်ကစ် ... ကစ်ကစ် ... ထတော့လေ ... ဟိုမှာ မာ





အော်နေပြီ ..."

ကစ်ကစ်ပါ မျက်လုံးလေးပွတ်ပြီး ထလာသည်။

"ဝါး ... အိပ်လို့ကောင်းလိုက်တာ ..."

"ဒီနေ့ ... ကုမ္ပဏီကို ငါတို့ပါလိုက်သွားရမယ်လေ ကစ်ကစ်"

"ဟင် ... ဟုတ်သားပဲ ..."

အခုမှ ကစ်ကစ် မျက်လုံးပြူးသွားသည်။

ဒါနဲ့ပဲ ... နှစ်ယောက်သား ရေချိုးအလှပြင်နဲ့ နောက်တစ် ကြိမ် မာမီလာအော်တော့ အားလုံး အဆင်သင့်ဖြစ်နေပြီလေ။

"ဟဲ့ ... ပြင်လို့ မပြီးကြသေးဘူးလား ..."

"ပြီးပြီ မာမီ ... ခဏလေး ... ခဏလေး ..."

"မြန်မြန်ထွက်ခဲ့ကြ ... ဟိုမှာ ညည်းတို့ဒက်ဒီ မေးနေပြီ"

ထည် ... အကျီလေးဆွဲဆန့် ... ထမီကလေးကို ချပ်ရပ်နေ အောင်ဝတ်နဲ့ ... ထည်တို့နှစ်ယောက် ထွက်လာတော့ ... မနက် စာမှာရိပင် ထိုးနေပါပြီ။

"ကစ်ကစ် ..."

"ဟင် ... ဘာလဲ မမလေး ..."

"မမလေး လှရဲ့လားဟင် ..."

"ဟာ ... လှတာပေါ့ မမလေးရဲ့ ... ဒီခရမ်းရင့်ရောင် ဝမ်း ဆက်ဝတ်စုံလေးက မမလေးနဲ့အလိုက်ဆုံးပဲ ... ကစ်ကစ်ဆို မမ လေး မျက်နှာလေးကို ငေးကြည့်ပြီးတော့ သဘောကျနေတာ"

"ဟုတ်ရဲ့လား ကစ်ကစ်ရယ် ..."

ဒါကို မာမီကလည်း ပြောပါသည်။

"အို ... လှလိုက်တဲ့ သမီးလေး ကြည့်စမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မာမီနော် ... မာမီက မွေးထားတာ မလှဘဲနေမလား"

"ဟုတ်ပ ... ဟုတ်ပ ... ကုမ္ပဏီကိုရောက်သွားရင် ဒက်ဒီ ခိုင်းတာ အကုန်လုပ်ပေးနော် ... မတတ်ရင်လည်း တတ်အောင်သင် ဒက်ဒီ စိတ်တိုအောင် ဘာမှမလုပ်မိစေနဲ့ ... "

မာမီက တဖွဖွမှာသည်။

"စိတ်ချပါ မာမီရဲ့ ... "

တကယ်ဆို ထည် ဘွဲ့ရပြီးကတည်းက အလုပ်ထဲကိုခေါ် မယ်ဆိုပြီး ဒက်ဒီက မခေါ်သေးတာလေ။

"ကစ်ကစ်ရယ် ... ညည်းမမလေးကို ဂရုစိုက် ကြားလား ရုံးထဲမှာပဲနေ အပြင်မထွက်နဲ့ ... ပြန်လာရင် ဘာသညာသံ မေမေ ကြီး မကြားချင်ဘူး ... "

"ကစ်ကစ် သိပါတယ် မေမေကြီးရဲ့ ... "

ဒါနဲ့ပဲ ဒက်ဒီကား နောက်ခန်းလေးထဲမှာ ထည်တို့ နှစ် ယောက် ငြိမ်ကုတ်ကုတ်လေး ပါသွားခဲ့တာ ... မီးပွိုင့်လေးကို ရောက်တော့ ...

"ဘုတ် ... "

"ဟင် ... "

မထင်မှတ်ဘဲ သူမ ပေါင်ပေါ် ကျလာတာ နှင်းဆီပန်းအနီရဲ ရဲလေးတစ်ပွင့်။

"ဘုရားရေ ... "

ထည် ရင်ထိတ်ရပြန်ပြီ။

ထည် ကပျာကယာလေး နောက်ကိုလှည့်ကြည့်လိုက်တော့





"အို ... ကြည့်စမ်း ... "

လရိပ်ထင် ...

ပန်းကလေးကို ကားပြတင်းပေါက်လေးဆီကိုရောက် အောင် ပစ်ပေါက်ပေးပြီးတာနှင့် ကားကြိုကားကြားထဲကနေ စက် ဘီးကလေးနင်းကာ ပျောက်ကွယ်သွားခဲ့ပြီ။

ကစ်ကစ်လည်း မျက်လုံးပြူးသွားသည်။

ထည့်ကိုယ်ထည်လည်း မလုံမလဲလေး ဖြစ်သွားရသည်။

အရေးကြီးတာ ဒက်ဒီမြင်သွားမှာ ကြောက်တာပါ။

"မမလေး ... "

"ဟင် ... "

"ခေါင်းမှာပန်လိုက်လေ ... "

"တွေ့လား ... "

ကစ်ကစ်ပေါင်လေးကို ခပ်နာနာလေးဆွဲဆိတ်မိတော့ ကစ် ကစ်အော်သည်။

"အား ... နာပါတယ် မမလေးရဲ့ ... "

"ဟဲ့ ... နောက်မှာ ဘာဖြစ်နေတာလဲ"

"ဟို ... ဟို ... ဘာမှမဖြစ်ပါဘူး ဒက်ဒီ ... ဒီမှာ ထည့်ကို ကစ်ကစ်လိုက်စနေလို့ ... "

"ကစ်ကစ် ငြိမ်နေစမ်း ... "

ဒက်ဒီကလည်း ကစ်ကစ်ကို ချစ်ပါသည်။

ထည် ဒက်ဒီပြောလိုက်ပေမယ့် မျက်ဝန်းလေးတွေက မငြိမ် ပါ။ နှင်းဆီလေးကို ဒက်ဒီမမြင်အောင် လက်ထဲမှာကိုင်ထားလိုက်ရ ပေမယ့် မျက်ဝန်းလေးတွေကတော့ ဟိုဟိုဒီဒီလေး ဝေ့လို့ဝဲလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ညက ဖုန်းထဲကနေ ဒက်ဒီကုမ္ပဏီကို လိုက်ရတော့မယ်ဆို တာ ပြောလိုက်မိလို့ သူ တကူးတက ဒုက္ခခံပြီး ဒက်ဒီကားဖြတ်လာ မှာကို ကြိုစောင့်နေတာ ဖြစ်မှာပေါ့။

ဘာပဲပြောပြော ...

သူ တစ်ခုခုလုပ်သွားတိုင်း ရင်ခုန်တွေခုန်ခုန်ပြီး ကျန်ခဲ့ရတာ ထည်ပဲလေ။ သူ့ အတင့်ရဲလွန်းတာကိုလည်း ထည် လန့်နေမိသည်။ ဒါပေမဲ့ ... ထည် ကျေနပ်ပါသည်။ ဒက်ဒီ ကုမ္ပဏီရုံးခန်းကြီးကို ရောက်သွားတော့လည်း ဝန်ထမ်းတွေအားလုံးက ဖွေးဖွေးဖွေး ဖွေး ကြိုဆိုကြတာမို့ ... ထည် စိတ်ကလေးလွတ်လပ်ပျော်ရွှင် သွားရတာမှန်ပေမယ့် ... ထည့်မျက်ဝန်းလေးတွေကတော့ အပေါ် ထပ် မှန်ပြတင်းပေါက်တွေကနေတစ်ဆင့် လှမ်းမြင်နေရတဲ့ အပြင် ဘက်လမ်းမကြီးပေါ်ကိုပဲ လှမ်း ... လှမ်းကြည့်နေမိသည်။

"မမလေး ..."

"ဟင် ..."

"စားပွဲလေးမှာ လက်ကလေးထောက်ပြီး မမလေး ဘယ်ကို ငေးကြည့်နေတာလဲ ... ဟွန်း ... ကစ်ကစ်သိတယ်နော် မမလေး ကစ်ကစ်ကိုမညာနဲ့ ... အစ်ကိုလေး လိုက်လာမှာ မမလေး ကြောက်နေတာ မဟုတ်လား ..."

"ဟာ ... ကစ်ကစ်နော် ..."

တွေ့လား ...

လူကို မသင်္ကာတဲ့ မျက်လုံးကြီးတွေနဲ့ကြည့်ပြီး ကစ်ကစ် လာမေးနေတာ။

"ဟွန်း ... မမလေး ကြောက်မနေနဲ့၊ ကုမ္ပဏီရှေ့က ဟို





ကားပါကင်ကွက်လပ်ဘေးမှာ ကန်တင်းလေးတစ်ခုရှိတာ၊ မမလေး မြင်တယ်မို့လား ... ဟိုမှာ မမလေး ကြည့်လိုက် ... ကန်တင်းလေး ရှေ့မှာ ဘယ်သူ့စက်ဘီးလေးရပ်ထားလဲဆိုတာ ..."

"ဟာ ... ကစ်ကစ် ..."

ထည် ထိတ်ခနဲရင်ခုန်ကာ မျက်ဝန်းလေးပါ ပိုင်းစက်သွားရ ပြီ။ သူ ... လရိပ်ထင်ရဲ့ စက်ဘီးလေး။ ကြည့်စမ်း ... တော်တော် လျှင်တဲ့လရိပ်ထင် ... နောက်က လိုက်လာပြီး ကန်တင်းလေးထဲ ဝင်ထိုင်နေတာ။

"ဒုက္ခပါပဲ ကစ်ကစ်ရယ် ... သူ ... သူ ... ဒီနေရာကို ဘယ် လိုလုပ်သိသွားလဲ မသိဘူးနော် ..."

"ဟာ ... ဘယ်လိုလုပ်သိရမှာလဲ မမလေးရဲ့ ... အစ်ကိုလေး က သူ့သူငယ်ချင်း ကိုကြီးဝေသာကိုမေးမှာလေ ... ကိုကြီးဝေသာ အတိအကျ သတင်းပေးလိုက်လို့ ဒီကိုလိုက်လာတာပဲနေမှာ"

"မမလေး စိတ်ညစ်တယ် ကစ်ကစ်ရယ် ..."

တကယ်လည်း ထည့်စိတ်ကလေးတွေ ယောက်ယက်ခတ် နေရတာပင်။ တော်ကြာ ... ကုမ္ပဏီရုံးခန်းတွေဆီကို သူခပ်တည် တည်တက်လာရင် ဘယ်လိုလုပ်မလဲ။ ဒက်ဒီနဲ့တွေ့လို့ကတော့ ပြဿနာတွေ အကြီးအကျယ်တက်ကုန်တော့မှာ။

"မမလေးရယ် ... အစ်ကိုလေးလရိပ်ထင်က မမလေးကို အရမ်းချစ်တာပဲနော် ... မနက်ကလည်း ကားထဲရောက်အောင် စွန့်စွန့်စားစားလေးနဲ့ နှင်းဆီပွင့်လေးကို ရအောင်ပစ်ထည့်သွားတာ"

"အဲဒါကို နင်က ပျော်နေလားဟင် ကစ်ကစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ပျော်တာပေါ့ မမလေးရဲ့၊ မမလေးရော မပျော်ဘူးလား"

"အမလေး ... ကစ်ကစ်ရယ် ပျော်ဖို့နေနေသာသာ သူက စိတ်မထင်ရင် မထင်သလို ဒီကုမ္ပဏီရုံးခန်းပေါ်အထိ တက်လာမှာပဲ ... မမလေးက စိုးရိမ်နေတာ ..."

"ဟာ ... ဟုတ်တယ်နော် မမလေး ..."

စိတ်ရှုပ်နေတာနဲ့ပဲ ... ဒက်ဒီစစ်ခိုင်းထားတဲ့ ငွေစာရင်းတွေကိုလည်း ထည် မစစ်နိုင်တော့ပါ။ ဒါနဲ့ပဲ ... ဒက်ဒီရဲ့ကုမ္ပဏီစာရင်းကိုင် အန်တီယုကိုပဲ 'ထည် အကူအညီတောင်းလိုက်ရပြီလေ။

"ထည့်ကို ကူညီနော် အန်တီယု ..."

"ဟာ ... ဘာမှမပူနဲ့လေ ... အန်တီယု အားလုံးလုပ်ပေးမယ်၊ ဘယ်လိုလဲ ထည် ... အမ်ဒီက ဒီနေ့မှ ထူးထူးဆန်းဆန်း ထည့်ကိုခေါ်လာလို့ ဝန်ထမ်းတွေအားလုံးက ဝမ်းသာနေကြတာ၊ ကုမ္ပဏီမှာ ထည် နေ့တိုင်းအလုပ်ဆင်းတော့မှာလား"

"ဒက်ဒီက အိမ်မှာထားခဲ့ရတာ စိတ်မချဘူးဆိုပြီး ထည့်ကိုခေါ်လာတာလေ ... ခုတော့ ... ဒက်ဒီအမိန့်နဲ့ ထည်နေ့တိုင်းလိုက်ရတော့မယ်ထင်တယ် ... အဲဒါ ... အဲဒါလေ ... ဒက်ဒီခိုင်းထားတဲ့ အလုပ်တွေ ထည်မလုပ်တတ်လို့ ..."

"အို ... မလုပ်တတ်ရင် အန်တီယု သင်ပေးမယ်လေ ..."

"ကျေးဇူးတင်ပါတယ် အန်တီယုရယ် ... ဟင်း ဟင်း ..."

ထည်ပြောတော့ အန်တီယုက ထည့်မျက်နှာလေးကို ပြုံးပြုံးလေးကြည့်ကာ ...





"ထည်ရယ် ... အန်တီယုကို ကျေးဇူးတင်နေစရာလား ... ဝန်ထမ်းတွေအားလုံးရဲ့ အခက်အခဲတွေကို အမြဲကူညီဖြေရှင်းပေးနေတဲ့ ထည်တို့ မိသားစုလေးကိုပဲ အန်တီယုတို့က အမြဲကျေးဇူးတင်နေတာလေ ... အခုလည်း ... ထည်ကိုယ်တိုင် ကုမ္ပဏီမှာ နေ့တိုင်းလာတိုင်တော့မယ်ဆိုတော့ ဝန်ထမ်းတွေအားလုံး ပျော်ကြမှာသေချာတယ် ... ပေး ... ပေး ... စာရင်းစာအုပ်တွေအားလုံး အန်တီယုကိုပေး ... အန်တီယု စစ်ပေးမယ် ..."

ဒက်ဒီက ဟိုဘက်ကပ်လျက်က အခန်းထဲမှာရှိနေတာမို့ ထည်ရော ကစ်ကစ်ပါ ... ဒီဘက်အခန်းထဲမှာ ငြိမ်နေရသည်။

"ကလင် ... ကလင် ..."

"ဟင် ..."

အခန်းအပြင်ဘက်ခေါ်နေတဲ့ ဘဲလ်သံလေး ...

"ဝင်ခဲ့လေ ... ဝင်ခဲ့ ..."

အန်တီယု လှမ်းအော်နေသံလေး ကြားလိုက်ရသည်။

"ကျွီ ..."

မှန်တံခါးချပ်ကြီးကို တွန်းဖွင့်ပြီးဝင်လာတာ လူတစ်ယောက် လက်ထဲမှာလည်း အစားအသောက်တွေ ထည့်ထားသော ဗန်းကြီးတစ်ဗန်းကိုကိုင်လို့ ...။

"ကျွန်တော် ... ခရေရိပ် စားသောက်ဆိုင်ကပါ ..."

"ဟုတ်ပြီလေ သား ... အန်တီမှာထားတာ ... ဒီမှာထိုင်နေတဲ့ ... အမ်ဒီ့သမီး ... သူက ထမင်းချိုင့်ယူလာဖို့မေ့သွားတယ်ဆိုလို့ သားတို့ဆိုင်က တကူးတကမှာလိုက်ရတာ ..."

"ဟုတ် ... လိုတာရှိရင်လည်း ထပ်ပြီးတော့ ဖုန်းဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါခင်ဗျ ... ဟဲဟဲ ...”

“ဟင် ... သား ... မင်းက ဘယ်သူ့ကို ပြုံးပြနေတာလဲ”

“ဟိုမှာလေ အန်တီ ... ကျွန်တော့်ကို စားတော့ဝါးတော့ မလို မျက်လုံးကြီး ပြူးကြည့်နေလို့ ကျွန်တော် ပြုံးပြလိုက်တာ”

ထည် ဒေါမပွဘဲ နေပါတော့မလား။

ပါဝါမျက်မှန်အတုကိုလည်းတပ်၊ နှုတ်ခမ်းမှာလည်း နှုတ်ခမ်းမွေးအတုကြီးနဲ့ စားပွဲထိုးဆိုင်အလုပ်သမားဟန်ဆောင်ပြီး ကုမ္ပဏီပေါ်ကို ခပ်တည်တည်မို့ လရိပ်ထင် တက်လာတာလေ။

“ဟဲ ဟဲ ...”

တွေ့လား ...

ထည် ဒီလောက်မျက်လုံးပြူးကြီးနဲ့ ကြည့်နေတာကိုတောင် ထပ်ပြီးတော့ တဟဲဟဲလုပ်နေသေးတာ။

“ရှင် ... ရှင်နော် ...”

“ဟင် ... ထည် ... ထည်နဲ့သိလို့လား ...”

အန်တီယုမေးတော့ ထည် မဖြေနိုင်။

ထည့်အစား သူက ခပ်တည်တည်ဝင်ဖြေသည်။

“မသိပါဘူး အန်တီ ... သူ့ကိုကြည့်ပြီး အရမ်းခင်သွားလို့ ပြုံးပြလိုက်မိတာ ... ဟဲဟဲ ... သွားမယ်နော် ...”

“ခစ် ... ခစ် ...”

ကြည့်စမ်း ...

ကစ်ကစ် အခုမှ သဘောပေါက်သွားပြီး တခစ်ခစ်နဲ့ရယ်နေတာ ... ထည့်မှာတော့ ဒက်ဒီသိသွားမှာကြောက်လို့ အူတွေလည်း ယား ... အသည်းတွေလည်းယား။





သူ ... နှုတ်ဆက်ကာ ပြန်ထွက်သွားတော့မှ ထည်ဟင်းချနိုင်တော့၏။ အန်တီယုကတော့ ... ထည်တို့ လျှို့ဝှက်ချက်ကို မသိရှာ၏။

“ထည်ရယ် ... ဒီဆိုင်က သားတွေကို စိတ်မဆိုးပါနဲ့ ... အန်တီယုက ထည် ထမင်းချိုင့်ယူမလာလို့ ကုမ္ပဏီရှေ့ ကန်တင်းက ထမင်းမှာပေးတာပါ ... ဒီကောင်လေးကိုတော့ အန်တီယု တစ်ခါမှ မမြင်ဖူးဘူး ... အရင်မှာလိုက်ရင် လာလာပို့နေကြ ကောင်လေးက အသားမည်းပြီး အရပ်ကလေးကပုတယ်လေ ... ဒီတစ်ယောက်ကျမှ ဖြူဖြူချောချော အရပ်မြင့်မြင့်လေးဖြစ်နေတာ ... ဟွန်း ... နှုတ်ခမ်းမွေးကြီး ဖျက်နေလို့ ...”

“ဟား ... ဟား ... အဲဒါ အန်တီယု မသိဘူးနော် ... အန်တီယု မသိဘူး ...”

“ဟာ ... ဒီကောင်မလေး ကစ်ကစ်နော် ... ပေါက်ကရတွေ လျှောက်ပြောရင် နင့်ကို ငါပိတ်ထုမှာနော် ...”

အန်တီယု သိမှာစိုးလို့ ...

မျက်လုံးပြူးပြလိုက် ခေါင်းခါပြလိုက်နဲ့ ... ထည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရတာလေ။ ဘယ်လိုလုပ်မလဲ ...

ထည် ဒေါပွနေရတာတော့ သူ့ကိုပါပဲ။

ထင်ထားတဲ့အတိုင်း စားသောက်ဆိုင်က စားပွဲထိုးတွေနဲ့ ခေါင်းပြီး ... ကုမ္ပဏီရုံးခန်းပေါ်ကို မရောက်ရောက်အောင်တက်လာခဲ့တာ။

အန်တီယု အခန်းအပြင်ကို ထွက်သွားတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ..."

"မပြောနဲ့နော် ကစ်ကစ် ... နင်ပြောမှာ ငါသိတယ်"

"ဟား ... ဟား ..."

"အောင်မယ် ... အောင်မယ် ..."

ထည် ... ရယ်လည်းရယ်ချင် ... ရယ်လည် မရယ်ရဲ။

"အစ်ကိုလေး ... အစ်ကိုလေးက နှုတ်ခမ်းမွေး အတုကြီးနဲ့ ဟား ဟား ..."

"ဟယ် ... ကစ်ကစ်ရယ် ... ဒုက္ခပါပဲ ..."

အခန်းထဲမှာ နှစ်ယောက်တည်းရှိနေလို့သာပါ။

"အရမ်း ... အရမ်းရယ်ရတယ် ... ကစ်ကစ်က ပထမတုန်းက မသိဘူးလေ ... မမလေးရဲ့ ... နောက်မှ ... ရုပ်ဖျက်ထားတာကိုမှတ်မိပြီး ရယ်ချင်သွားတာ ... ဟား ဟား ... အစ်ကိုလေး လရိပ်ထင်က မမလေးကို တကယ်ချစ်တာပဲနော် ... စွန့်စားခန်းတွေအမျိုးမျိုးသုံးပြီး မမလေးဆီက ... အချစ်ကိုရအောင်ကြိုးစားနေတာ ... ဟင်း ... ကစ်ကစ်သာ မမလေးနေရာမှာဆိုရင် ဘာလု မလဲ သိလား ..."

"ဟင် ... နင် ဘာလုပ်မလဲ ..."

"အဖြေပေးလိုက်ပြီ ..."

"ဟယ် ... ကြည့်စမ်း ..."

အဖြေပေးလိုက်ပြီတဲ့ ...

ကစ်ကစ်ကတော့ တကယ်ပါပဲ။ နကိုကမှ ယိုင်ချင်နေ ထည့် စိတ်ကလေးကို ပြိုလဲသွားအောင် အခါတော်ပေးနေတာ





သူ့ကြောင့် ... ထည့်စိတ်တွေ လှုပ်ရှားခဲ့ရတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ။ ရူးရဲသော သူ့အကြည့်လေးတွေရဲ့ အောက်မှာ ထည် မျက်လွှာလေးသိမ်းပြီး ခေါင်းကလေး ငုံ့ချခဲ့ရတာတွေ။

ထည် ပြတင်းပေါက်လေးနားသွားကာ စားသောက်ဆိုင်လေးရှိရာဘက်ကို လှမ်းကြည့်လိုက်တော့ ... ထည့်ကို လက်ကလေးမြှောက်ပြနေတဲ့ လရိပ်ထင် ...

"ဟွန်း ..."

ထည် နှုတ်ခမ်းလေးကို မဲ့လိုက်မိသည်။

ဒီလောက်အထိ အတင့်ရဲနေတာ ကောင်းပါတော့မလား။

www.burmeseclassic.com

အခန်း ( ၁၀ )

ညနေစောင်း ကုမ္ပဏီရုံးဆင်းချိန် ...

ကားထဲကနေ ဒက်ဒီ ဆင်းမလာသေးလို့ စောင့်နေတုန်း

"ထည် ..."

"အမလေး ... ရှင် ... ရှင် ... ခုထိမပြန်သေးဘူးလားဟင် ဒုက္ခပါပဲ ... ဒက်ဒီ ... ဒက်ဒီ ဆင်းလာတော့မယ်"

သူ့ကို ကားနံဘေးမှာ မြင်လိုက်တာနဲ့ ...

ထည် အကြီးအကျယ် တုန်လှုပ်ချောက်ခြားသွားသည်။

"ဘာလဲ ထည် ... ကိုယ့်ကိုမြင်လိုက်လို့ မင်းအရမ်းကြောက် သွားတာလား ..."

"ရှင် ... ရှင် ... ထည့်ကိုလာမနှောက်ယှက်ပါနဲ့ လရိပ်ထင်"

ထည် ကြောက်နေတာ ဒက်ဒီကိုပါ။

မကြာခင် ... ကားနားကို ဒက်ဒီ ဆင်းလာတော့မှာလေ လရိပ်ထင်ဆိုတဲ့လူတစ်ယောက်ကို ဘယ်လိုအကြောင်းပြချက်မျိုး မှ ပတ်သက်ခွင့်မရှိစေရဆိုတဲ့ တားမြစ်ချက်ကို ဒက်ဒီကိုယ်တိုင် ထုတ်ထားခဲ့တာဆိုတော့ ... ဒက်ဒီမြင်သွားမှာ ထည် အရမ်း





ကြောက်နေမိသည်။ ဒက်ဒီကိုလည်း ကတိတွေအထပ်ထပ် ထည် ပေးထားခဲ့မိ၏။

"ကိုယ် ... ကိုယ် ... ထည့်ကို နှောက်ယှက်နေတာ မဟုတ် ဘူး ထည် ... အခွင့်အရေးရတုန်း ထည့်ကိုစကားလာပြောတာ"

"ထည် လက်မခံဘူး လရိပ်ထင် ..."

"ထည် ... မင်း ကိုယ့်ကိုငဲ့ညှာပါဦး ... မင်းနဲ့နှစ်ယောက် တည်း စကားပြောခွင့်ရဖို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ ညက ထည်ဆက်သွားတဲ့ ဟန်းဖုန်းနံပါတ်လေးကို ကိုယ်အကြိမ်ကြိမ်အခါ ခါပြန်ခေါ်တော့လည်း စက်ပိတ်ထားတယ်တဲ့ ... ထည် အဲလောက် ထိ ကိုယ့်ကို မနှိပ်စက်သင့်ပါဘူး"

သူ ပြောနေတဲ့ စကားတွေကို ...

ထည်က မျက်မှောင်တန်းကလေး ကြုံ့ကြည့်ကာ နား ထောင်နေပါသည်။ သို့သော် ... ထည့် နှုတ်ခမ်းလေးက စူတင်းလို့ ထည် သူ့ကို လန့်လည်းလန့်မိသေးသည်။ သူ့ကိုတော့ ... ထည်ကို ကြည့်ပြီး သနားမိပါသည်။ သူ့ရဲ့ ဖွတ်တရွတ်ဆန်မှုတွေကို ထည်က တော့ စိတ်ပျက်နေမလားဘဲ။

"ထည် ..."

"အမလေး ..."

ရုတ်တရက် ... သူခေါ်သံကြောင့် ထည် လန့်သွားရသည်။ သူက ပြောလို့ရတာမဟုတ် ... ဖွတ်တရွတ်သမား။ စိတ်မထင်လို့ ကားထဲ ဇွတ်ခနဲဝင်ထိုင်လိုက်မှဖြင့် ထည် လန့်ပြီးတော့တောင် သေ သွားနိုင်သည်။ သူ့ကိုကြည့်ရတာ ထည်နဲ့အရမ်းစကားပြောချင်နေပုံ ။

ထည် ကြောက်ကြောက်နဲ့ ... ကုမ္ပဏီရုံးခန်းအဆောက်အဦ



www.burmeseclassic.com

www.burmeseclassic.com



တွေဘက် လှည့်ကြည့်လိုက်တော့ ဒက်ဒီ အရိပ်ကလေးကိုတော မမြင်ရသေးချေ။

"ရှင် ... ရှင် ... မသွားသေးဘူးလားဟင်"

ထည် စိတ်ပျက်စွာလေးနဲ့ ငိုမဲ့မဲ့လေးပြောလိုက်တော့ ... သူ ထည်ကို သနားသွားပုံရသည်။

"ထည်ရယ် ... ကိုယ်ထည်နဲ့ စကားတွေအများကြီးပြောချ လို့ပါကွာ ... ကိုယ်ပြောမယ့် စကားတွေကို ထည်နားထောင်ပေ မယ်ဆိုရင် ကိုယ် အရမ်းပဲ ပျော်သွားရမှာ ... နားထောင်ပေးနေ ထည် ..."

"ဒုက္ခပါပဲ ... နားမထောင်ရင်လည်း ရှင်က ထွက်သွားမှာ မဟုတ်ဘဲ အတင်းကပ်နေတော့မှာ ... နားထောင်ရင်လည်း ဒက် တွေ့သွားပြီး အပြစ်ပေးတာ ခံရတော့မှာ ... ထည်လေ ... ထည် ထည် ..."

သူ့မှ အသံလေး တုန်ရင်သွားရချေပြီ။

မျက်နက်ဝန်းလေးမှာ မျက်ရည်စက်လေးတွေ ပြည့်အိုင်လာ ခဲ့၏။ သူ့ကြောင့် ... ထည်ကို စိတ်မဆင်းရဲစေချင်တာ သူ့ရဲ့ဆန္ဒ အမှန်ပါ။ ကျတော့မယ့် မျက်ရည်လေးတွေကိုကြည့်ပြီး သူ့ရင်ထဲမှာ နင့်သွားမိသည်။

ထည့်ကို ဖိအားတွေ မပေးချင်တော့သလို ထည့်စိတ်တွေ မွန်းကြပ်နေတာကိုလည်း သူ မကြည့်ရက်တော့ပါ။

"ထည်ရယ် ... ကိုယ့်ကိုခွင့်လွှတ်ပါကွာ၊ ကိုယ့်ရဲ့တောင်းဆို မှုတွေက ထည့်ရဲ့စိတ်တွေကို ရှုပ်ထွေးအောင် လုပ်ခဲ့မိတယ်ဆိုလည်း ကိုယ်တောင်းပန်ပါတယ် ... အဲလို ဖြစ်စေလိုတဲ့ရည်ရွယ်ချက်တွေ တော့ ကိုယ့်မှာမရှိပါဘူး ... တကယ်တော့ ကိုယ်ဆန္ဒအမှန်က





ထည့် စိတ်တွေကို ပျော်ရွှင်ကြည်နူးနေစေချင်တာပါ ... သေချာတာ က ထည့်ကို ကိုယ်သိပ်ချစ်တယ် ... စတွေ့ခဲ့တဲ့နေ့ကတည်းက ထည့်ကို ကိုယ်သိပ်ချစ်သွားခဲ့တယ် ... ဒါကိုတော့ ထည် အကြွင်းမဲ့ ယုံစေချင်တယ်ထည် ..."

ထည် ဘာပြန်ပြောရတော့မလဲ ...

ညင်သာနွေးထွေးတဲ့ သူ့စကားသံလေးတွေက ကားထဲ အထိ တိုးဝင်လာနေတာလေ။ ထည့်မှာတော့ ... သူ့စကားကို လည်း နားထောင်ရ ... ကုမ္ပဏီ အဝင်အထွက်ပေါက် လှေကားထစ် လေးတွေဘက်ကိုလည်း လှည့်ကြည့်ရနဲ့ ... ကစ်ကစ်လည်း မနေ သာပါ။

"ရတယ် မမလေး ... ကစ်ကစ်ကြည့်ထားပေးမယ်၊ ပြော ပြော ... ပြောစရာရှိတာ မြန်မြန်ပြော ... ဖေဖေကြီး ထွက်မလာ သေးဘူး ..."

"ဟင် ... မမလေး ဘာပြောရမှာလဲ ..."

"ဟာ ... မမလေးကလဲ အစ်ကိုလေးက မမလေးကိုအရမ်း ချစ်တဲ့အကြောင်းတွေပြောနေတာလေ ... မမလေးကလဲ ချစ်ရင် ချစ်တယ် ပြန်ပြောလိုက်လေ ..."

"အို ... မပြောပါဘူး ... ဘာလို့ပြောရမှာလဲ ..."

ထည် ကစ်ကစ်ကိုပဲ မျက်စောင်းလေးဝင့်ကာ ထိုးမိသည်။

"ရတယ်လေ ထည် ... ထည်ဆီက တုန့်ပြန်လာမယ့်အချစ် ကိုလည်း ကိုယ်မမျှော်မှန်းရဲပါဘူး၊ ကိုယ့်ကြောင့် ... မွန်းကြပ်ပိတ် လှောင်နေရတဲ့ဘဝမျိုးကိုလည်း ထည် ဘယ်တော့မှ မရောက်စေရ ဘူး ... ကိုယ်ကတိပေးတယ်သိလားထည် ... ထည့်ရဲ့လွတ်လပ်တဲ့ ပျော်ရွှင်မှုလေးတွေ ကိုယ့်ကြောင့် မပျက်စီး မဆုံးရှုံးစေရဘူးလို့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းထဲက လေးနက်မှုတွေကို ထည် မြင်လိုက်ရသည်။ ထည် ယုံကြည်ပါသည်။ ထည့်အပေါ်မှာထားသည့် သူ့စေတနာလေးတွေကို ထည် ယုံသည်။

ဘာကြောင့်လဲ ...

သူနှင့်သိတာ သိပ်မကြာသေးဖော့မယ့် သူ့ရဲ့ပြောပုံဆိုပုံလေးတွေ ... သူ့ရဲ့ မျက်နှာထားလေးတွေ ... သူ့ရဲ့မျက်ဝန်းအကြည့်လေးတွေထဲမှာ ... ထည့်ကို သိပ်ချစ်နေတာ၊ ထည်လက်ခံထားသည်။

သို့သော် ... တစ်ခုပဲ ခက်နေတာက ...

ဒက်ဒီက သူ့ကို လုံးဝလက်မခံနိုင်တာပင်။

"ထည် ... ထည် ... တောင်းပန်ပါတယ် လရိပ်ထင်၊ ထည့်ဘဝက မလွတ်လပ်ဘူးဆိုတာ၊ ရှင်လည်း သိမှာပါ ... ထည့်သဘောနဲ့ ဘယ်အရာကိုမှ ဆုံးဖြတ်ခွင့်မရှိတဲ့ ချုပ်ချယ်မှုတွေအောက်မှာ ထည်နေရတာပါ"

"ဟော ... မမလေးရေ ... ဖေဖေကြီး ဆင်းလာပြီ"

"ရှင် ... ရှင် သွားတော့ လရိပ်ထင် ..."

သူ လှစ်ခနဲ နောက်ဆုတ်ပျောက်ကွယ်သွားပေမယ့် ဒက်ဒီက လျင်ပါသည်။ ထည့်အနားကို ရောက်ရောက်ချင်း ဒက်ဒီမေးလိုက်တာက ...

"ဟိုကောင် ဘယ်ရောက်သွားပြီလဲ ..."

ဒေါသကြောင့် ဒက်ဒီအသံက တုန်နေသည်။

"ရှင် ... ဒက်ဒီ ..."

"ငါ အပေါ်ထပ်ကနေ ကြည့်နေတာ ... ဒီကောင် ... ကောင် ..."





"ဟို ... ဟိုလေ ဒက်ဒီ ..."

"နင် ဘာမှမပြောနဲ့ ..."

သွားပြီ ... ထည့်ကိုပါ ဒက်ဒီ အထင်လွဲနေပြီ။

"နစ်ယောက်စလုံး တစ်ကြိတ်တည်း တစ်ဉာဏ်တည်းတွေ၊ နင်က ဟိုကောင်နဲ့စကားပြောတယ် ... ကစ်ကစ်က ငါ့ကိုချောင်းကြည့်ပေးတယ် ..."

"အမ် ..."

ကစ်ကစ်မျက်လုံးလေးပြူးကာ ဓက်ကလေးပါ ပုဝင်သွားသည်။ ဒက်ဒီ ဒေါ်နဲ့မောနဲ့ ကားပေါ်ကိုတက်လေပြီ။ ပြီးတော့ ... ကားကိုလည်း ဒက်ဒီကိုယ်တိုင် မောင်းတော့မည်။

"ဟာ ... ဆရာ ကျွန်တော်မောင်းမယ်လေ ..."

ဒရိုင်ဘာ ဦးဖေသန်းပြောတာလည်း ဒက်ဒီ လက်မခံတော့ပါ။

"ရတယ် ... ခင်ဗျား မမောင်းနဲ့ ကျွန်တော်မောင်းမယ်၊ ခင်ဗျား တက်လိုက် ..."

ပြဿနာပဲ ...

"ဟွန်း ... ဒီအစုတ်ပလုတ်ကောင်ကများ၊ ကျွန်တော့်ကို ဒီလိုလာစမ်းလို့ရမလား ... မနက်ကတည်းက ဒီကောင် ကျွန်တော့်ကားနောက်ကနေ စက်ဘီးနဲ့အသည်းအသန်လိုက်ဖို့ ကြိုးစားနေတာ ... ကျွန်တော် မသိဘူးများ ထင်နေသလား၊ အခုလည်း ... ကျွန်တော့် ကုမ္ပဏီဧရိယာထဲအထိ ဒီကောင် ဝင်လာပြီး ပြဿနာရှာတယ် ... ကျွန်တော့်သမီးကလည်း ဒီကောင့်ကို လက်ခံစကားပြောတယ် ..."

"ရှင် ... ဒက်ဒီ ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... နင် ငါ့ကိုဘာမှမပြောနဲ့တော့ ..."

"ဒက်ဒီရယ် ..."

ဒက်ဒီက စကားကိုပြတ်ပြတ်ပြောပြီး ဒေါသနဲ့ပဲ ကားစက်ကို နှိုးလေပြီ။ ပြီးတော့ ... မောင်းထွက်လာခဲ့တာလည်း ဝူးခနဲ ဝေါခနဲ။

ဖြစ်ချင်တော့ ...

ရှေ့မှာ လရိပ်ထင်ရဲ့ စက်ဘီးကလေး ...

ဒါကို ... ဒက်ဒီမြင်ပြီး ကားစက်ရှိန်ကို ထပ်မြှင့်သည်။ ထည့် မျက်ဝန်းကလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

"ဒက် ... ဒက်ဒီ ..."

ထည် တုန့်တုန့်ယင်ယင်လေး အော်လိုက်မိပေမယ့် နောက်ကျသွားသည်။ ဒက်ဒီမောင်းလာတဲ့ကားက ရှေ့မှာသွားနေတဲ့ စက်ဘီးကလေးကို ကားထောင့်စွန်းကလေးနဲ့ ပွတ်တိုက်ကာ ဆွဲမျသွားတော့ ... သူ့စက်ဘီးကလေး လဲကျသွားသည်။

"ဒေါင်း ... ကျောင်း ..."

"ဟာ ... ဟာ ..."

ထိုမြင်ကွင်းလေးကိုကြည့်ပြီး ထည့်နှုတ်ခမ်းလေးတွေ ဝိုင်းဟသွားရသည်။

"ကွီ ... ကွီ ..."

ဒက်ဒီ ဘရိတ်ကိုဆောင့်အုပ်ပြီး ကားပေါ်ကဆင်းသွားတာ ဒေါနဲ့မောနဲ့ပါ။ ထည် ကြည့်လိုက်တော့ ... သူက ဘာမှမဖြစ်သလို ပုံစံနဲ့ ... ပြန်ထရပ်လိုက်တာ ထည် တွေ့လိုက်ရ၏။ ဘုရား ... ဘုရား ... ဒက်ဒီ ရှူးရှူးရှားရှားနဲ့ သူ့ဆီကို တည့်တည့်လျှောက်သွားနေခဲ့ပြီ။





ထည် ... မဆင်းဘဲနေလို့ မရတော့ပါ။

"ဟော့ကောင် ... မင်း စက်ဘီးကိုတိုက်ကာ ငါဝင်တိုက်တာလေ ... မင်း ဘာဖြစ်ချင်သလဲဆိုတာပဲပြော ..."

"ရက်စက်လိုက်တာ အန်ကယ်ရာ ..."

သူ တစ်ကိုယ်လုံးမှာ ပေပွသွားတဲ့ ဖုန်တွေကို သူ့ဟာသူ ပြန်ပွတ်သုတ်ရင်း ... လရိပ်ထင်က မျက်နှာထားတည်တည်လေးနဲ့ ပြန်ပြောနေတာလေ။ တော်သေးတာက ဒဏ်ရာတွေကြီးကြီးမားမား ရမသွားခဲ့တာပါ။

"မင်း ... မင်း ... ငါ့ကို ဘာမှအပိုတွေပြောမနေနဲ့ လရိပ်ထင် ... ငါ့သမီးကို မင်းလိုက်နှောက်ယှက်နေတာ၊ သိပ်ကိုတရားလွန်နေလို့ ... မင်းစက်ဘီးကို နောက်ကနေ တမင်ဝင်တိုက်ပစ်လိုက်တာ ... မကျေနပ်ရင် ကြိုက်သလို ရှင်းလို့ရတယ်"

"စိမ်မခေါ်ပါနဲ့ အန်ကယ် ..."

"ဟော့ကောင် ... စိမ်ခေါ်တော့ ဘာဖြစ်လဲ ..."

"ဒက်ဒီ မလုပ်ပါနဲ့ ..."

ဒက်ဒီကို ပြေးဆွဲမိတာ ငွေပိုးထည်ပါ။

ကစ်ကစ်ကလည်း ငိုမဲ့မဲ့မျက်နှာလေးနဲ့ ထည့်နောက်မှာ။

သူ ... ဒက်ဒီမျက်နှာကို စိုက်ကြည့်ရင်း ... နှုတ်ခမ်းထောင့်စွန်းလေးက ဟွန့်ခနဲ မဲ့သွားသည်။ ဒါကိုမြင်တော့ ဒက်ဒီဆတ်ဆတ်ခါနာသွားသည်။

"ဟွန်း ... မင်းလို အဆင့်မရှိတဲ့ တစ်လုံးချိုင့်ကောင်ကများ ငါ့ကို နှုတ်ခမ်းလေးမဲ့ပြီးတော့ ပြန်ကြည့်နေရသေးတယ် ... လာလေကွာ ဟော့ကောင် ... မင်း မကျေနပ်ရင် မင်းနဲ့ငါတစ်ယောက်ချင်းထိုးမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်နော် ... အန်ကယ် စကားပြောတာ ကြည့်ပြော။ ကျွန်တော် ငွေပိုးထည်ကို အရမ်းချစ်နေလို့ ... အန်ကယ်နှိပ်စက် အနိုင်ကျင့်သမျှကို ကျွန်တော်ခံနေတာ ... အန်ကယ်ကို ကြောက်လို့ မဟုတ်ဘူး"

"ဘာပြောတယ် ... "

ကြည့်စမ်း ...

သူ ဒက်ဒီကို မျက်နှာထားမာမာလေးနဲ့ ခပ်ပြတ်ပြတ်လေး ပြောနေတာလေ။ ငွေပိုးထည်ကို အရမ်းချစ်လို့ အန်ကယ်နှိပ်စက် အနိုင်ကျင့်သမျှကို ခံနေတာတဲ့။ လရိပ်ထင်ရယ် ... ရှင် ထပ်ပြီးတော့ အထိုးခံချင်နေပြီလားဟင်။ ညကလည်း ... ဒက်ဒီရိုက်တာ ရှင်ခံလိုက်ရသေးတယ်။

ပြဿနာပဲ ...

"မင်း ... မင်းကလား ... ငါ့ကို ဒီလိုပြန်ပြောတာ ... မင်း မင်း ... "

"ဒက်ဒီ မလုပ်ပါနဲ့ ... လမ်းမကြီးမှာ ကားတွေလည်းပိတ်ပြီး လူတွေဝိုင်းကြည့်ကုန်ပြီ ... လာပါ ဒက်ဒီရယ် ... ထည် တောင်းပန်ပါတယ်"

"ဒီကောင် ... ဒီကောင် ... လူကြီးကို ပမာမခန့်နဲ့ သိပ်ကို လူပါးဝတဲ့ကောင် ... "

"လရိပ်ထင် ... ရှင် ဒက်ဒီကိုပြန်မပြောပါနဲ့ ... အကောင်းဆုံးက ဒက်ဒီရှေ့ကနေ ရှင်အမြန်ဆုံး ထွက်သွားပါတော့ ... "

"ဟွန်း ... "

သူ ... ထည့်ကြောင့်သာ စိတ်ကိုလျှော့လိုက်ရပေမယ့် ဒီ အန်ကယ်ကြီးကို အရှုံးမပေးချင်တာ ခက်နေသည်။ ခုလည်း ...





လူတွေကြားထဲမှာ ဒီအန်ကယ်ကြီးအော်သွားတာ ... အဆင့်မရှိတဲ့ တစ်လုံးချိုင့်ကောင်တဲ့ ... ဒီစကား အသုံးအနှုန်းတွေနဲ့ အထင်သေးနှိမ်ချမှုတွေကိုပဲ သူ ... မခံစားနိုင်ဖြစ်လာရတာ။ စကားကိုတော့ မကျေနပ်ပါဘူး။ ဒါကိုတော့ ... သူ လုံးဝခွင့်မလွှတ်နိုင်အောင် နာကျင် ခံစားခဲ့ရတာပင်။

သူ ... လဲကျနေတဲ့ စက်ဘီးကလေးကိုပဲ ကောက်မကာ ဆွဲထောင်လိုက်မိသည်။ ထည်ကိုယ်တိုင်က ပြောနေပြီဆိုတော့ ဒီနေရာလေးကနေ သူထွက်သွားရတော့မှာပဲပေါ့။ ရပါတယ် ... ငွေပိုးထည် ... ကိုယ့်ရဲ့ဂရုမစိုက်သလို လုပ်လိုက်မိတဲ့ လုပ်ရပ်တွေအပေါ်မှာ မင်း ဒက်ဒီ ... ဈွေ့ဈွေ့ခုန် ဒေါပွသွားရတာကို ကိုယ်နားလည်တယ်။

မင်းရဲ့တောင်းဆိုမှုကို လေးစားတဲ့အနေနဲ့ ...

ဒီနေရာလေးကနေ ကိုယ်ထွက်သွားမယ်။ အရေးကြီးတာ မင်းဆီက အချစ်တွေကို ကိုယ်သေချာပေါက်ရဖို့ပါပဲ။

"အန်ကယ် ကြားတယ်နော် ... ကျွန်တော့်ကို ဒီနေရာက ထွက်သွားဖို့ အန်ကယ့်သမီးကိုယ်တိုင်က တောင်းဆိုနေတာ ... ဒါကြောင့်မို့ ... ကျွန်တော် ထွက်သွားမယ် ... ဒါကိုမှ အန်ကယ် မကျေနပ်လို့ နောက်တစ်ခါ အသေထပ်တိုက်ဦးမယ်ဆိုလည်း တိုက်လို့ရတယ် ... "

"ဟာ ... ကြည့်စမ်း ... "

ထည် ဒက်ဒီလက်ကို ဆွဲထားလိုက်လို့သာပေါ့။

သူ စက်ဘီးကလေးကို နင်းကာ ထွက်သွားတော့ ... ဒက်ဒီ ရှူးရှူးရှားရှားကလေးနဲ့ပဲ လမ်းပေါ်မှာ ကျန်ခဲ့သည်။

ဒီအကြောင်း မာမီသိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ … ဒီကောင်လေးက ကုမ္ပဏီရှေ့အထိ လိုက်လာတယ် ဟုတ်လား … "

မာမီ ရင်ဘတ်ကလေးဖိထားရင်း … မျက်တောင်တွေကော့ကာ အံ့သြနေသည်။

"မာမီရယ် … သူလိုက်လာတာကို မလိုက်ပါနဲ့လို့ ထည်က ဘယ်လိုလုပ် တားနိုင်မှာလဲ မာမီ … ဒက်ဒီကလည်း ထည့်ကိုပဲ တစ်လမ်းလုံး ဆူလာတယ် … ထည် စိတ်လည်းအရမ်းညစ်တယ် သေတောင် သေပစ်ချင်လာပြီ … "

ထည်က စိတ်ပျက်စွာပင် ငိုမဲ့မဲ့မျက်နှာလေးနဲ့ပြောလိုက်တော့ … မာမီက မျက်လုံးလေးပြူးကြည့်ကာ …

"အမလေးကွယ် … ထည့်ကိုကောင်းစေချင်တဲ့ စေတနာနဲ့ ဒက်ဒီက တားဆီးနေတာလေ … ကောင်လေးပုံစံလေးက လူမိုက်လေးလိုလို လူဆိုးလေးလိုလိုလုပ်နေလို့ … သမီးဒက်ဒီက မကျေမချမ်းဖြစ်နေတာ၊ ဒက်ဒီကို ထည် အပြစ်မတင်နဲ့ … အနေအထိုင်ဆင်ခြင်ရမှာ ထည်ကပဲ ဆင်ခြင်ရမှာ … "

ဒါကိုတော့ ထည် လက်မခံနိုင်ပါဘူး။

ထည်က အနေအထိုင် မဆင်ခြင်ရအောင် ဘာတွေလုပ်နေလို့လဲ … ။

ဒက်ဒီ ထားရာမှာနေပြီး …

ဒက်ဒီစေရာသွားနေရတာပဲ မဟုတ်ဘူးလား။

ခုလည်း ဒက်ဒီ တစ်ချက်လွှတ်အမိန့်နဲ့ ကုမ္ပဏီရုံးခန်းကို ထည်လိုက်ခဲ့ရတာလေ။ ပြီးတော့လည်း … ထည်က ကားပေါ်က ဒက်ဒီကို ထိုင်စောင့်နေတဲ့ဟာကို သူရောက်လာပြီး စကားလာပြောတာတော့ ထည် ဘယ်လိုလုပ် ငြင်းဆန်လို့ရမှာလဲ။ သူကလည်း





သူ့အကြောင်းပြချက်လေးနဲ့သူ … ထည့်ဆီက အချစ်ကိုရဖို့ ကြိုးစားနေတာ … သူ့လွတ်လပ်ခွင့်နဲ့သူပဲ။

သူ့ကိုလည်း ထည် အပြစ်မတင်ပါဘူး။

ထည် တစ်ခုပဲ သူ့ကိုသနားမိတာက … ဒက်ဒီရဲ့ အမုန်းနဲ့ တိုက်ခိုက်တာတွေကို သူတစ်ဖက်သတ် ခံနေရတာပါ။

လရိပ်ထင်ရယ် …

ထည့်ကို ခွင့်လွှတ်ပါ။

ထည်ဟာ ကိုယ့်ဘဝကိုယ် စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့သူပါ။ မိဘနှစ်ပါးရဲ့ အချိန်ပြည့်စောင့်ကြည့်နေတဲ့ မျက်ဝန်းအကြည့်တွေအောက်မှာ သော့ခတ်ပိတ်လှောင်ခံထားရတဲ့ ဘဝမျိုးနဲ့ အသက်ရှင်နေခဲ့ရတာ။ ရှင့်ကိုသိစေချင်ပါတယ်။

ရှင် ပြောသလို …

ကိုယ့်ကြောင့် ထည်ရဲ့လွတ်လပ်ပျော်ရွှင်မှုလေးတွေ မဆုံးရှုံးစေရပါဘူးလို့ ကတိပေးခဲ့တာမှန်ပေမယ့် … ရှင့်အရိပ်ကလေးတွေ ထည့်ပတ်ဝန်းကျင်မှာရှိနေသမျှ လွတ်လပ်တဲ့ပျော်ရွှင်မှုလေးတွေ ထည့်ဘဝမှာ ပျောက်ဆုံးနေရတော့မှာပါ။

"ထည်ရယ် … ဒက်ဒီ အဆူခံထိလို့ … သမီးလေးထည် စိတ်ညစ်နေပြီလား … အချစ်ဆိုတာ စိတ်ကူးယဉ်လို့ ကောင်းတာမှန်ပေမယ့် … တကယ့်လက်တွေ့ဆန်တဲ့ဘဝမှာ အချစ်ကြောင့် ဘဝပျက်သွားရတဲ့သူတွေ အများကြီးရှိနေတာ … မာမီ့သမီးလေး သတိရကြည့်စမ်း … အခု … သမီးလေးနောက်ကို တကောက်ကောက်လိုက်နေတဲ့ လရိပ်ထင်ဆိုတဲ့ ကောင်လေးက အလုပ်မျိုးအကိုင်မရှိဘဝမျိုးလေးနဲ့ … သေချာတဲ့ အနာဂတ်တစ်ခုကို မတည်ဆောက်နိုင်သေးဘူးလေ … ဒါကို စိတ်ကူးယဉ်လိုက်မိရင် သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အမှားကြီးမှားလိမ့်မယ် ... ”

ထည် ... ထည် နားလည်ပါတယ် မာမီ ... ”

ခေါင်းညိတ်လိုက်ရပေမယ့် ...

ထည့်မျက်ဝန်းလေးတွေကတော့ ကြေကွဲနာကျင်မှုလေးတွေနဲ့ ဒီလိုဆုံးမတာလည်း ထည့်အတွက်ဆိုတာ ထည် သိပါသည်။

မိဘဆိုတာ သားသမီးကို ... ဆင်စီးလို့ မြင်းရံတာပဲ မြင်ချင်ကြတာ မဟုတ်လား။

“နားလည်ရင် ... အဲဒီကောင်လေးကို မေ့လိုက်တော့”

“မာမီရယ် ... ”

ထည် အပေါ်ထပ်ကိုပြန်တက်လာတာ နုံးခွေချိနဲ့နေတဲ့ ခန္ဓာကိုယ်လေးကို အနိုင်နိုင်ထိန်းရင်း စိတ်မသက်မသာလေးနဲ့ပဲ ပြန်တက်လာတာလေ။

“မမလေး ... မမလေး ... ”

“ဟင် ... ကစ်ကစ် ... ပြောလေ ... ဘာလဲ ... ”

“အစ်ကိုလေးလေ ... အစ်ကိုလေး ... ”

“အစ်ကိုလေး ... ”

ကစ်ကစ်မျက်နှာလေးကို ထည် ရင်ခုန်စွာလှည့်ကြည့်မိသည်။

“အစ်ကိုလေး ... ဘာဖြစ်လို့လဲ ... ”

“ဘာဖြစ်ရမှာလဲ မမလေးရဲ့ ... စက်ဘီးလေးကိုတွန်းပြီး အစ်ကိုလေး လမ်းလျှောက်သွားတာ ခြေထောက်လေးတစ်ဖက်က ထော့နဲ့ ထော့နဲ့လေးဖြစ်သွားတယ်လေ ... အဲဒါ မမလေး မမြင်လိုက်ဘူးလား ... ”

“ဘုရားရေ ... ”





ဒက်ဒီ့ကို ဆွဲနေရတာနဲ့ပဲ ထည် မမြင်လိုက်တာလေ။

“အစ်ကိုလေး သနားပါတယ် မမလေးရယ် ... ကားတိုက်ခံရပြီး သေမသွားတာ ကံကောင်း ... ဖေဖေကြီးကလည်း ဒေါသအရမ်းကြီးလွန်းတယ် ... အဲဒါ ... အဲဒါ ... အစ်ကိုလေးဆီကို ဖုန်းဆက်ပါဦး မမလေးရဲ့ ... ”

ထည် ဘာလုပ်ရတော့မလဲ ...

ခြေထောက် ထော့နဲ့ ထော့နဲ့လေးနဲ့ ...

စက်ဘီးကလေးကိုတွန်းပြီး ထွက်သွားတာတဲ့။

လရိပ်ထင်ရယ် ...

ရှင့်ကြောင့် ကျွန်မ သေချင်တယ် ... သိလား ... ။

ရှင် ... ဒုက္ခခံနေတာ အရမ်းများနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"ဟဲလို ... လရိပ်ထင်လား ... "

"အို ... ထည် ... မင်း ... မင်း ကိုယ့်ဆီကို ဖုန်းဆက်တယ်"

သူ ... တုန့်ပြန်လိုက်တာ အံ့သြထိတ်လန့်နေတဲ့အသံက လေးနဲ့။ သူ ... ဝမ်းသာသွားတာက အသံကလေး တုန်လှိုက်လို့ပင်။

"ဟုတ်တယ်လေ ... ညနေက ရှင့်ခြေထောက်လေးမှာ ဒဏ်ရာရသွားတယ်ဆိုလို့ ... စိတ်မကောင်းလို့ ဆက်လိုက်တာ"

"ကိုယ် ... ကိုယ် အရမ်းဝမ်းသာတယ်၊ ကိုယ်ဆက်တိုင်း ထည့်ဖုန်းလေးက အမြဲစက်ပိတ်ထားတော့ ကိုယ် စိတ်ဓာတ်ကျနေတာ"

"အခုရော ... ဒဏ်ရာလေးက သက်သာရဲ့လား ... "

"ဟွန်း ... ခြေထောက်ဒဏ်ရာက သက်သာပေမယ့် နှလုံးသားဒဏ်ရာက အမြင့်ဆုံးမှာရောက်နေလို့ အင်းလျားကန်ဘောင်မှာ ကိုယ်တစ်ယောက်တည်း လာအိပ်နေတာ ... "

"အို ... ရှင်တစ်ယောက်တည်း အင်းလျားကန်ဘောင်မှာ"

ထည် မျက်လုံးလေး ဝိုင်းစက်သွားအောင်ပဲ အံ့သြသွားရ





ည်။

"ဒီညက ကြယ်တွေအရမ်းစုံတဲ့ညလေ ... ဂည်မယုံရင် အပေါ်ထပ်ဝရန်တာလေးကနေ ကောင်းကင်ကြီးကို မော့ကြည့် လိုက်ပါလား ... "

"မြင်ပါတယ် လရိပ်ထင် ... ထည် အခုဆက်နေတာ ဝရန် တာလေးကနေ ဒက်ဒီနဲ့မာမီ မသိအောင် ခိုးဆက်နေတာလေ"

"ဒါဆို ... ကိုယ်ပြောတဲ့ ကြယ်ကလေးတွေကို ထည်မြင်နေ မှာပေါ့ ... "

"ရှင်က ဘယ်ကြယ်ကို သဘောကျတာလဲ ... "

"လမင်းနဲ့အနီးဆုံးရောက်အောင် ကြိုးစားနေတဲ့ကြယ်က လေးကို သဘောကျတာလေ ... "

"ဟို ... ဟိုလေ ... လမင်းကြီးအနားက အရမ်းလင်းနေတဲ့ ကြယ်ကလေးကို ပြောတာလား"

"ဒါပေါ့ ထည် ... ကိုယ်နဲ့ဘဝချင်းတူလို့ အဲဒီကြယ်ကလေး ကို သဘောကျတာ ... လမင်းကြီးဆီကို မရောက်နိုင်မှန်းသိပေမယ့် သူက ကြိုးစားနေတာလေ ... "

"ရှင် ... ရှင် ... တကယ်အပြောကောင်းတယ်သိလား လရိပ် ထင် ... ကြာလေလေ ရှင့်ကို ထည်ကြောက်လေလေပဲ ... ဒက်ဒီ ကလည်း ဘယ်လိုမှ ခွင့်လွှတ်လို့မရအောင် ရှင့်ကို အသေမုန်းနေပြီ၊ မာမီကလည်း ... ထည့်ကိုဆူနေပြီ ... ဒီနေ့ ရှင့်စက်ဘီးကို ဒက်ဒီ က သက်သက်ညှာညှာ ဝင်တိုက်ပစ်လိုက်လို့ ရှင်ကံကောင်းသွား တာ"

"ကိုယ် ခွင့်လွှတ်ပါတယ် ... "

"အပိုတွေ မပြောနဲ့ ... ရှင် ခွင့်လွှတ်တာ ထည်မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ … မင်း မျက်နှာနဲ့လေ …"

"ဒီမှာ လရိပ်ထင် …"

"ပြောပါ ထည် … ကိုယ်နားထောင်နေတယ်"

"ရှင် … ထည့်ကို မေ့လိုက်ပါ"

"ဘာ … ဘာပြောတယ် …"

ဒီနေရာအရောက်မှာတော့ …

သူ့အသံလေးက အက်ရှရှလေး ဖြစ်သွားသည်။

"ရှင်လိုက်နေသရွေ့ … ဆူပွက်နေတဲ့ ဒက်ဒီဒေါသတွေကို ပဲ ရှင် အမြဲရင်ဆိုင်နေရမှာ … ထည်သိလို့ ရှင့်ကိုပြောနေတာ … ဒက်ဒီက အညှိုးအတေးကြီးတယ် … သူ့သမီးနဲ့ပတ်သက်လာရင် ဘယ်သူ့ကိုမှ သည်းမခံဘူး …"

"အဲဒါကို လရိပ်ထင်က ကျွတ်နေမယ် ထင်နေသလား"

"ရှင် … လူမိုက်စကားမပြောနဲ့"

"ကိုယ် မင်းကိုရအောင် လက်ထပ်ယူမှာ …"

"ဘာပြောတယ် …"

"နောက်ဆုံးတစ်နေ့မှာ မင်းနားခိုရမယ့်ရင်ခွင်ဟာ ကိုယ့်ရဲ့ ရင်ခွင်ပဲ …"

"ရှင် … မမှော်လင့်နဲ့ …"

"အဲဒါ … ကိုယ့်ရဲ့မျှော်လင့်ချက် မဟုတ်ဘူး … ကိုယ့်ရဲ့ ဆုံးဖြတ်ချက် …"

"ရှင် …"

သူပြောသွားတာ ရှင်းရှင်းလေးပါ။

ကိုယ့်ရဲ့မျှော်လင့်ချက် မဟုတ်ဘူး။ ကိုယ့်ရဲ့ ဆုံးဖြတ်ချက် တဲ့။





အဲလို အတ္တကြီးကြီးလေးနဲ့ ဗွတ်တရွတ်လုပ်တတ်ပြောတတ် သူလေးကိုပဲ ထည်က အမြဲလန့်နေခဲ့တာပါ။ သို့သော် … သူ ဒီလို ပြောလိုက်တိုင်းလည်း ထည်က ရင်ထဲမှာ ကြည်နူးသွားသလိုလေး ခံစားသွားရတာက ဘာသဘောလဲဆိုတာ ထည်ကိုယ်တိုင် မစဉ်း စားတတ်ခဲ့တာပင်။

ထည် … သူ့ကို ချစ်နေခဲ့တာလား။

ဒါမှမဟုတ် … သနားနေခဲ့တာလား။

"ရှင် … ရှင် … ဘယ်လိုပဲ ဆုံးဖြတ်ထားထား တစ်နေ့ကျ ရင် ဒက်ဒီ သဘောတူပေးစားတဲ့သူကိုပဲ ထည်က လက်ထပ်ရမှာ၊ အကြောင့်မို့ … ထည့်ကို မေ့လိုက်ပါလို့ ရှင့်ကိုတောင်းပန်နေတာပါ"

"မေ့စရာလား …"

"ရှင် … အတ္တမကြီးနဲ့ …"

"မင်းဆီက အချစ်ကိုရဖို့ ကိုယ့်အတ္တတွေကို ရင်မှာပွေ့ဖက် ထားရတာ … ကိုယ် မင်းကို သိပ်ချစ်လေ ကိုယ့်အတ္တကကြီးလေပဲ"

"တော်ပြီ … ဖုန်းပိတ်လိုက်တော့မယ်"

"ထည် … ထည် … နေပါဦး …"

"ဒက်ဒီ လာနေပြီရှင့် …"

"တီ … တီ …"

ထည် … ဖုန်းပါဝါကိုပါ ပိတ်ချလိုက်ပြီ။ ဟန်းဖုန်းဆက်က လေးကို ဝရန်တာဆီက ပန်းအိုးလေးကြားထဲမှာ ကမန်းကတမ်း ဖွက်လိုက်ရသည်။

ဒက်ဒီက ဝရန်တာဘက်ကို လျှောက်လာနေပြီလေ။

"ဟင် … သမီး ငွေပိုးထည် … မအိပ်သေးဘူးလား"

"အိပ်တော့မယ် ဒက်ဒီ …"



www.burmeseclassic.com

www.burmeseclassic.com



"ကစ်ကစ်ရော ... ဘယ်မှာလဲ ..."

"ဟင် ... စောစောကပဲ မာမီကို ဖက်ကြောလေးဆွဲပေးမယ် ဆိုပြီး မာမီ့ဆီကို ဆင်းသွားတယ်လေ ..."

ဒက်ဒီက ဝရန်တာတစ်လျှောက်ကို မသက်သာသလို တစ်ချက် လှမ်းကြည့်လိုက်သေး၏။

ဒါကတော့ ဒက်ဒီအကျင့်ပါပဲ။

ဘယ်တော့မဆို သမီးကို စိတ်မချနိုင်သည့် မျက်ဝန်းလက် လက်ကြီးတွေက ထည် အနေရခက်အောင် ဒက်ဒီမျက်နှာပေါ်မှာ အမြဲရှိနေတတ်တာလေ။

ဒက်ဒီကိုလည်း ထည် စိတ်မဆိုးရက်ပါဘူး။

ထည့်ကိုချစ်လို့ ဒက်ဒီ စိတ်သောက ရောက်နေရတာ။

"သမီး ... ထည် ..."

"ရှင် ... ဒက်ဒီ ..."

"သမီးကို ဒက်ဒီ ဘယ်လောက်ချစ်တယ်ဆိုတာ သမီးသိ တယ်နော် ..."

"ဟာ ... သိတယ်လေ ဒက်ဒီ ..."

"သိရင် ဒက်ဒီ့ကို ကတိတစ်ခုပေးစမ်း ..."

တွေ့လား ... ထည့်ဆီက ကတိကို ဒက်ဒီ တောင်းနေပြီ

သေချာတာက လရိပ်ထင်နဲ့တောင် ပတ်သက်နေမလားပဲ

"ဘာ ... ဘာကတိလဲ ဒက်ဒီ ..."

"ဟိုအကောင်နဲ့ မပတ်သက်ပါဘူးဆိုတဲ့ကတိ ..."

"ဟာ ... ဒက်ဒီရယ် ..."

ထည် ထင်ထားတဲ့အတိုင်းပဲ ...

"ထည် ... ထည် ... မပတ်သက်ပါဘူး ဒက်ဒီ ..."





"ဒီကောင် သမီးနောက်ကို ဘယ်လိုပဲလိုက်လိုက်၊ ဘယ်လိုပဲ ကြိုးစားကြိုးစား ... သူ့ရဲ့ဖျားယောင်းသွေးဆောင်မှုတွေအောက် မှာ သမီးဘယ်တော့မှ အညှို့မခံရဘူး ... အရှုံးမပေးရဘူး ... သမီး ခေါင်းထဲကနေ ဒီကောင့်ကို အမြဲခါထုတ်နေရမယ် ... ဒက်ဒီပြော တာ ကြားလား ..."

"ကြား ... ကြားပါတယ် ဒက်ဒီ ..."

"အဲဒါ ... ဒက်ဒီကို ကတိပေး ..."

"ဟုတ် ... ဒက်ဒီ ... ဒက်ဒီ ဒီကိစ္စအတွက်နဲ့ ဘယ်တော့မှ စိတ်သောက မရောက်စေရပါဘူး ... ဒက်ဒီ စိတ်တိုင်းကျ ဖြစ်စေရ မယ်ဆိုတာ ထည် ကတိပေးတယ် ..."

ထည် ခေါင်းလေးညိတ်ပြကာ ကတိပေးလိုက်တော့မှ ဒက်ဒီ ကျေနပ်ကာ လှည့်ထွက်သွားသည်။ ဒါဟာ ... ပညာသားပါ ပါလေးနဲ့ ထည့်ကို ထိန်းချုပ်လိုက်တဲ့ ဒက်ဒီရဲ့ထိန်းချုပ်မှုတွေပဲ။

"မမလေး ..."

"ဟင် ... ကစ်ကစ် ပြန်လာပြီလား"

ကစ်ကစ်က တွေ့တာနဲ့ ထည့်ခါးကလေးကို ဖက်ထား သည်။

"မေမေကြီးက ပြောနေပြီ သိလား မမလေး ..."

"ဟင် ... ဘာတွေပြောနေတာလဲ"

"လရိပ်ထင်ဆိုတဲ့ ဟိုအစ်ကိုလေးနဲ့ ရုတ်ရုတ်ဖြစ်ပြီဆိုတာနဲ့ သူတို့သဘောကျတဲ့ ယောက်ျားနဲ့ ပေးစားပစ်မယ်တဲ့ ..."

"အမလေး ကစ်ကစ်ရယ် ..."

"အဲဒါ ... အစ်ကိုလေးအကြောင်းတွေလည်း မေးတယ်"

"နှင် ... နှင် ... မပြောနဲ့နော် ကစ်ကစ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီအချက်ကိုတော့ ထည် အကြောက်ဆုံး။

ကစ်ကစ်ကို နည်းနည်းလေးလှည့်မေးလိုက်တာနဲ့ အကုန်ပေါ်ကုန်မှာ။ ကစ်ကစ်က ရိုးရိုးအအကြီးနဲ့ ... ဗိုက်ခေါက်ဆွဲလိမ်တာနဲ့ အထုတ်ပြေပြီးသား ဖြစ်နေမှာ။

"ဟာ ... မပြောပါဘူး မမလေးရဲ့ ... သူ ဘယ်လောက်လိုက်လိုက် မမလေးက မကြိုက်ဘူးလို့ ... ခစ် ခစ် ..."

"အောင်မာ ... နင်ကများ ရယ်ရသေးတယ်"

"ရယ်တာ ... မမလေးကြိုက်တာ သိနေလို့လေ"

"ကြည့်စမ်း ..."

"နောက်တာပါ မမလေးရယ် ... မျက်လုံးကြီးပြူးမနေစမ်းပါနဲ့ ... ဘယ်လိုလဲ အစုရော ... အစ်ကိုလေးဆီ ဖုန်းဆက်ပြီးပြီလား"

"ဆက်ပြီးပြီ ..."

"တွေ့လား ... တွေ့လား ... မမလေးပြိုးသွားတာ၊ ဟားဟား ... ကစ်ကစ်က ဒါကြောင့်မို့ မမလေးကိုပြောနေတာ ... အစ်ကိုလေးက ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ... အရမ်းချောတဲ့ အစ်ကိုလေးကို မမလေးက သနားပြီးချစ်နေတာ ... ကစ်ကစ် မသိဘူးထင်မနေနဲ့ ..."

"ကစ်ကစ်နော် ..."

ထည် ရှက်ပြီးတော့ ... မျက်စောင်းဝင့်ဝင့်ကလေးနဲ့ ကစ်ကစ်ကို ထိုးမိသည်။ အခန်းထဲမှာ နှစ်ယောက်တည်းမို့ ကစ်ကစ်က လွတ်လွတ်လပ်လပ်ကလေး ပြောနေတာပါ။

"ဟာ ... ကစ်ကစ်မှန်တာ ပြောတာကို မမလေး ဘာလို့ မျက်စောင်းထိုးနေတာလဲ ... ပြောလေ ... ပြောလေ ... အစ်ကို





လေးကို မမလေး မချစ်ဘူးလား ..."

"မချစ်ဘူး ... မချစ်ဘူး ..."

"ဟွန်း ... လူကိုလာပြီးလိမ်မနေနဲ့ ... မချစ်ဘဲနဲ့ မနက်ကကားထဲကို ပစ်ထည့်ပေးလိုက်တဲ့ နှင်းဆီလေးကို အိမ်အထိ တယုတယသယ်လာပြီး ခေါင်းအုံးအောက်မှာ ကစ်ကစ်မသိအောင် မမလေး ဖွက်ထားတာလေ ..."

"ဟယ် ... ကြည့်စမ်း ... ကောင်စုတ်မလေး"

"ဟား ... ဟား ..."

ထည် လက်ကလေးရွယ်ပြီး နောက်ကလိုက်ရိုက်တော့ အခန်းထဲမှာပတ်ပြီး ကစ်ကစ်ပြေးနေတာ။ တကယ်ပါပဲ ... ထည်ကတော့ ကစ်ကစ် မသိဘူးထင်ပြီး သူပစ်ပေးလိုက်တဲ့ နှင်းဆီလေးကို ခေါင်းအုံးအောက်မှာ ဖွက်ထားလိုက်တာလေ။

ဒါကို လျှင်သလားမမေးနဲ့။

"ကစ်ကစ်နော် ... နင်မဖွနဲ့ ..."

"ဖွတာမဟုတ်ဘူးလေ ... မမလေးက ဝန်မခံဘဲ ခေါင်းခါငြင်းနေလို့ ကစ်ကစ်က တမင်ပြောလိုက်တာ ... ကစ်ကစ်သိသားပဲ ... အစ်ကိုလေးကို မမလေး ချစ်နေပြီဆိုတာ ... ဗေဒင်တောင်သွားမေးနေစရာမလိုတော့ဘူး"

"ပြော ... ပြောပြန်ပြီ"

"ဟား ဟား ... မရှက်ပါနဲ့ မမလေးရယ် ... ကစ်ကစ်ကတော့ မမလေးနဲ့ အစ်ကိုလေးနှစ်ယောက်စုံတွဲလေးက အရမ်းလိုက်ဖက်မယ်လို့ ထင်တယ်သိလား ... အစ်ကိုလေးကလည်း ထူထူအိမ်းနေတဲ့ မျက်ခုံးတန်းကြီးနှစ်ဖက်နဲ့ မမလေးကလည်း ကော့ညွှတ်နေတဲ့ မျက်တောင်မွေးစင်းစင်းကော့ကော့ကြီးတွေနဲ့ ... ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း နှစ်ယောက်စလုံးက အရုပ်မြင့်ကြတာ ... ကဲ ... တွဲလျှောက်သွားရင် ဘယ်လောက်ကြည့်လို့ကောင်းလိုက်မလဲ ..."

ကစ်ကစ်ပြောမှ ရင်ခုန်သံလေးတွေ မြန်လာရသည်။

တကယ်လည်း အရုပ်မြင့်မြင့်ကလေးနဲ့ စွဲမက်ဖို့ကောင်းတဲ့ သူ့ရဲ့ပုံရိပ်လေးက ထည် မျက်ဝန်းလေးထဲမှာ သတိရတိုင်း အမြဲပြန်မြင်နေရတဲ့ ပုံရိပ်ကလေးပါပဲ။ ဒါကို ထည်ဝန်မခံရဲတာ ... ကစ်ကစ်ပါးစပ်ကို ကြောက်လို့ပါ။

"ကစ်ကစ်ရာ ... စကားများမနေနဲ့ အိပ်လိုက်တော့"

"ဟင် ... မမလေးက အိပ်တော့မလို့လား"

"အိပ်မယ် ... အိပ်မယ် ... ဘာမှ မတွေးချင်တော့ဘူး"

"ဟယ် ..."

တကယ်ပဲ မမလေး ခုတင်ပေါ်တက်ကာ စောင်ကလေး ခေါင်းမြီးခြုံရင်း အိပ်ပစ်လိုက်ပြီ။ မမလေး ရှက်သွားတာပဲနေမှာပေါ့

"မရှက်ပါနဲ့နော် မမလေး ..."

ကစ်ကစ် မမလေးကို စလို့ ကောင်းနေသည်။

"အချစ်ဆိုတာ ရှက်စရာ မဟုတ်ပါဘူး မမလေးရာ ... မအိပ်ပါနဲ့ ... ထစမ်းပါ"

မမလေးကို ဆွဲထူဖို့ ကစ်ကစ် ကြိုးစားနေသည်။

"ကစ်ကစ်နော် ..."

"ဟာ ... ဘာလဲ မမလေးရဲ့ ..."

"အချစ်အကြောင်းတွေ မပြောပါနဲ့ဆိုတာ ဘာလို့ ဒါကို ခဏခဏလာပြောနေတာလဲ ... လူကဖြင့် ဒီမှာ စိတ်ညစ်လွန်းလို့ သေတော့မယ် ... နားမလည်ဘူးလား"

စောင်ကိုပြန်ဆွဲဖွင့်ကာ မျက်နှာထားတည်တည်ကလေးဖြင့်





ကစ်ကစ်ကို ထည် ဟောက်မိသည်။ ဒါလည်း ... စမ်ဖြိုဖြိုလုပ်နေတဲ့ အပြုံးလေးက ကစ်ကစ်မျက်နှာလေးပေါ်က ပျောက်ကွယ်မသွား။ သူမလေးက ခုတင်ပေါ် ခွေ့ခနဲ ဝင်ထိုင်ကာ ...

"ဟဲဟဲ ... မမလေး ဘာဖြစ်နေတယ်ဆိုတာ ကစ်ကစ် နားလည်လွန်းလို့ ခက်နေတာလေ ... ပြီးတော့ ... မမလေးရဲ့မျက်ဝန်းလေးတွေထဲမှာ ဆွေးဆွေးမြည့်မြည့်လေးဖြစ်နေတဲ့ အရိပ်ကလေးတွေကို ကစ်ကစ် အမြဲတွေ့နေရတဲ့ဥစ္စာကို ..."

"ကြည့်စမ်း ... ပြောလေ ကဲလေ ... အဲဒါ ပြောဦး ... ပြောဦး ..."

"ဟာ ... ဟာ ... မမလေးနော် ..."

ထည် ခုတင်ပေါ်ကထပြီး ကစ်ကစ်ကို လိုက်ရိုက်တော့ အခန်းထဲမှာ ပတ်ပြေးရင်း ... ကစ်ကစ် တဟားဟားနဲ့ရယ်လို့ မဆုံး။

လရိပ်ထင်ရယ် ...
ရှင်ကတော့ ဒါတွေ ဘယ်သိပါ့မလဲ။
ခံစားနေရတဲ့ ကျွန်မ ရင်ထဲမှာတော့ ... ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"ဟာ ... ဟော့ ... ဟော့ကောင် ... မင်း ... "

"ရှူး ... တိုးတိုး ... ဦးညီ ... "

"ဟော့ကောင် ... ဆိုင်မှာလာပြီး ရှူးရှူးတွေ တိုးတိုးတွေ လုပ်မနေနဲ့လေ ... မင်း ... မင်းဘာသဘောနဲ့ ငါ့ဆိုင်က စားပွဲထိုး ဝတ်စုံကြီး ယူဝတ်ရတာလဲဟင် လရိပ်ထင် ... ဒီဝတ်စုံက မင်းဝတ်ရမယ့်ဝတ်စုံလား ... ဟော့ကောင် ... အခုပြန်ချွတ် ... မင်း ... မင်းဆိုင်မှာလာပြီး ပြဿနာရှာဖို့ မစဉ်းစားနဲ့ ... "

"ဦးညီရာ ... ကျွန်တော့်လက်ရှိ အခြေအနေကို ဦးညီသိအောင် ကျွန်တော် ရှင်းပြထားပြီးပြီပဲဟာ ... ကျွန်တော် တော်ရမယ့် ယောက္ခမလောင်းကြီးက ဝဇ္ဇပကာသန အဆင့်အတန်းတွေနဲ့ ခွဲခြားတတ်လွန်းလို့ ဦးညီဆိုင်မှာ စားပွဲထိုးလေး ခဏလာလုပ်တာ"

"ဘာ ... ဘာပြောတယ် ... "

ရက်စတော့ရင့်ဆိုင်ပိုင်ရှင် ဦးညီ မျက်လုံးပြူးနေတာကို ကြည့်ပြီး သူ ရယ်ချင်ပါသည်။ တကယ်လည်း ... သူဝတ်ထားတာ





စားပွဲထိုးဝတ်စုံလေးဝတ်ထားတာပါ။ ဒါဟာလည်း ဦးညီဆီက မထင်မှတ်ဘဲ ရလိုက်တဲ့ သတင်းလေးတစ်ပုဒ်ကြောင့်။ စားပွဲထိုး ဘဝကို မျက်ချင်းလက်ငင်း ကူးပြောင်းလို့ ရောက်ရှိသွားခဲ့တာပဲ ဖြစ်သည်။

သတင်းက တခြားတော့မဟုတ် ...

စနေနေ့ညတိုင်း ဦးညီတို့ ရက်စတော့ရင့်ဆိုင်ကလေးမှာ အန်ကယ်ဦးမြင့်သူတို့ မိသားစု အပန်းဖြေလာရောက်စားသောက်သည်ဆိုသော သတင်းက သူ့ရင်တွေကို နိုးထလှုပ်ခါစေခဲ့တာလေ။

"ဦးညီရာ ... မျက်လုံးကြီးပြူးပြီး ကျွန်တော့်ကို ကန့်ကွက်ဖို့ မစဉ်းစားပါနဲ့ဗျာ ... အဆင့်အတန်း ခွဲလွန်းတဲ့ ယောက္ခမလောင်းကြီးရဲ့ သားမက်လောင်းကလေးက စားပွဲထိုးကောင်လေးတစ်ယောက်ဆိုတာ သိသွားရင် ... ဒီအန်ကယ်ကြီး ဘယ်လောက်ဆတ်ဆတ်ခါနာသွားမလဲဆိုတာ ကျွန်တော် သိချင်လို့ပါ"

"လရိပ်ထင်ရာ ... မင်းဟာလေ ... တကယ့်ကိုရှုပ်ရှုပ်ယှက်ယှက်နဲ့ ပြဿနာကို မီးခွက်ထွန်းရှာတဲ့ကောင်ပဲ ... အန်ကယ် ဦးမြင့်သူသမီး ငွေပိုးထည်ကို လိုချင်တာများ ... မင်းမာမီကိုပြောလိုက်ရင် ဖွဲ့က တစ်ချက်တည်းသိမ်းသွားမယ့်ဟာကိုများ၊ မင်းမို့ ခေါင်းအရှုပ်ခံပြီး ပေါက်ကရ ဇာတ်လမ်းထွင်ချင်နေရသေးလား ... အန်တီမှုန်ကို ပြောလို့ အန်တီမှုန်က ရှိသမျှစည်းစိမ်ပုံထပ်ပြီးတော့ တောင်းလိုက်တာနဲ့ ... ဦးမြင့်သူ မျက်လုံးပြူးပြီး ခပ်သွက်သွက်လေးတောင် ခေါင်းညိတ်သဘောတူသွားဦးမယ် ... လွယ်လွယ်လေးမှ တကယ့်လွယ်လွယ်လေး ... "

"ဦးညီရာ ... ဒီဇာတ်လမ်းတွေ ဦးညီမသိပါဘူး၊ ကျွန်တော်

www.burmeseclassic.com



လိုချင်တာက အချစ်စစ်အချစ်မှန်ကို လိုချင်လို့ ... သာမန်လက်လုပ် လက်စား အလုပ်ကြမ်းသမားဘဝလေးနဲ့ ငွေပိုးထည်ကို လိုက်နေ တာပါ ... ဦးညီကိုလာမေးရင်လည်း ကျွန်တော့်ဘဝအမှန်ကို လုံးဝ လျှို့ဝှက်ထားပေးနော် ဦးညီ ... အဲဒါ လုံးဝတော့စီးကရက်လေ"

သူ ... ဒီလိုပဲ ပြောရတော့မှာပဲ။

"စိတ်ညစ်တယ် လရိပ်ထင်ရာ ... ငါစားသောက်ဆိုင်မှာ မင်းလုပ်ချင်တာလုပ်တော့သိလား ... ငါမင်းကိုလည်း မနိုင်ဘူး"

"ဟား ဟား ... တစ်ညတည်းပါ ဦးညီရာ ... ဟော ... ဟော ... ဟိုမှာပြောရင်းဆိုရင်း အန်ကယ်ဦးမြင့်သူကား ဝင်လာပြီ ဦးညီ ... အေးဆေးနော် အေးဆေး ... "

သူ ဦးညီကို မျက်လုံးလေးတစ်ဖက် မှိတ်ပြကာ လှည့်ထွက် လာတော့ ... ဦးညီ ခေါင်းလေးကို ဘယ်ညာယမ်းရင်း ကောင်တာ လေးမှာ စိတ်ပျက်လက်ပျက်လေး ကျန်ခဲ့သည်။

သူ ...

ခန်းဆီးအကွယ်လေးကနေ မသိမသာလေး ခိုးကြည့်လိုက် တော့ ကားပေါ်ကဆင်းလာတာ မိသားစုလေးယောက်လေ။ အန်ကယ်ဦးမြင့်သူက ရှေ့ဆုံးကပေါ့။ ချောင်အကျဆုံး ဝိုင်းကလေး ဘက်ကို ဦးမြင့်သူက ရွေးပြီးသွားထိုင်သည်။

သူကတော့ အေးဆေးပါ။

ထည် ...

ဒီည မင်းသိပ်လှတယ်။

ကိုယ့်ကို စားပွဲထိုးဘဝလေးနဲ့ မင်းတွေ့လိုက်ရင် ...

မင်းဘယ်လို ခံစားသွားရမလဲဆိုတာ ကိုယ်သိပ်သိချင်တယ်





ထည် ... ဒါကြောင့်မို့ ... ဒီစွန့်စားမှုလေးကို ကိုယ်တမင်ရွေးချယ် လိုက်တာပါ။ ပြီးတော့ ... မင်းဒက်ဒီလေ ... ကိုယ့်ကို အဆင့်မရှိတဲ့ ကောင်ဆိုပြီး နှိမ်ချအထင်သေးနေခဲ့တဲ့ မင်းဒက်ဒီ ... သူကရော ဒီဘဝမျိုးနဲ့ ကိုယ့်ကိုတွေ့လိုက်ရင် ဘယ်လောက်တောင် ပျော်ရွှင် ဝမ်းသာသွားလိုက်လေမလဲ။

"အစ်ကို ... ဟိုမှာလေ ... အစ်ကိုပြောတဲ့ အန်ကယ်ကြီး မိသားစုရောက်နေပြီ ... အရမ်းမိုက်တဲ့ ဟိုမမနဲ့ ပုတက်တက် ကောင်မလေး တစ်ယောက်လည်း ပါတယ် ... "

"အဲဒါ ... အစ်ကို သိပါတယ်ကွ ... "

"ဟွန်း ... အစ်ကိုကတော့ တကယ်ပဲဗျာ"

"ဘာလဲ ဟေ့ကောင် ... အစ်ကိုစားပွဲထိုးလုပ်တာ မင်း အံ့ဩနေလို့လား ... "

"ဦးညီပြောတော့ အစ်ကိုက အရမ်းချမ်းသာတဲ့ဒိတ်ဒိတ်ကြဲ ထဲကဆို ... ချမ်းသာတာတွေ လက်ညှိုးထိုးလို့တောင် မလွဲဘူးတဲ့"

"အလကားပါကွာ ... မင်းတို့ဦးညီက ကောလဟာလတွေ ထုတ်လွှင့်နေတာ ... "

"ဟိုမမက ... အရမ်းလှတယ်နော် အစ်ကို ... "

"ဟုတ်တာပေါ့ကွာ ... သူအရမ်းလှလို့ ငါ့နှလုံးသားတွေ အဆတ်ဆတ်ခုန်နေတာ ... ဒီမှာ မင်းမယုံရင် စမ်းကြည့်လိုက်လေ ကွာ ... ဟား ဟား ... "

သူ ရယ်ရယ်မောမောလေးနဲ့ပဲ စားပွဲထိုးချာတိတ်လေးရဲ့ ခေါင်းလေးကိုပုတ်ကာ ဆိုင်နောက်ဘက်က မီးဖိုခန်းကြီးဆီသို့ပဲ ထွက်လာခဲ့သည်။ ပြောရရင် ... ဦးညီဆိုင်ထဲက စားပွဲမှူးကြီး

www.burmeseclassic.com



အန်ကယ်စိန်ကလည်း အူနဲ့အရမ်းခင်နေတာလေ။

ကြည့်လိုက်တော့ ...

အန်ကယ်စိန်က ဟင်းအမယ်မျိုးစုံကို စီစဉ်ရင်း မီးဖိုခန်းကျယ်ကြီးထဲမှာ အလုပ်တွေရှုပ်နေသည်။ သူ့ကိုမြင်တော့ အန်ကယ်စိန် မျက်လုံးပြူးကာ ...

"ဟာ ... လရိပ်ထင် ဘယ်လိုလဲ ... ဦးညီပြောတော့ ဒီညဒီဆိုင်မှာ စားပွဲထိုးလုပ်မလို့ဆို ... ဟား ဟား ... မင်းတကယ် ဗရုတ်ကျတဲ့ကောင်ပဲကွ ..."

အန်ကယ်စိန်တောင် သိနေပြီ။

"သဘောပေါက်စမ်းပါ ... အန်ကယ်စိန်ရာ၊ စားပွဲထိုးဘဝလေးနဲ့ သိပ်လှတဲ့ကောင်မလေးတစ်ယောက်ရဲ့ အချစ်ကို ရိုးရိုးရှင်းရှင်းလေးလိုချင်လို့ပါ ..."

"ပေါက်တယ် ... ပေါက်တယ် ... ဟား ဟား ... ဘာလဲ မီးဖိုခန်းထဲဝင်လာတာ ... အဲဒီဝိုင်းက မှာထားတဲ့ဟင်းပွဲတွေ မင်းကိုယ်တိုင် ချပေးမလို့လား ..."

"ဒါပဲပေါ့ အန်ကယ်စိန်ရာ ..."

သူ အန်ကယ်စိန်မေးတာကို ဖြေလိုက်ရင်း ရှက်ရှက်လေးနဲ့ ပြုံးလိုက်မိ၏။ ထည်ရာ ... မင်းဆီက အချစ်လေးကိုရဖို့ ကြိုးပမ်းရတာ ... ရင်တွေလည်းတအားခုန်ရသလို ပျော်ဖို့လည်းအရမ်းကောင်းတယ် ထည် ...

မင်းဒက်ဒီရဲ့ အတိုက်အခိုက်ကို ကိုယ်ခံရတိုင်း ... မင်းမျက်ဝန်းလေးထဲက ဂရုဏာရိပ်ကလေးတွေ အမြဲတွေ့ခဲ့ရတာ ... ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင်တွေ မင်းဆီကနေ ရောက်





လာတော့မယ့် နိမိတ်ပုံတစ်ခုလို့ပဲ ကိုယ်ခံယူပါတယ်။ ခုလည်း ... အဲဒီအတိုက်အခိုက်တွေခံဖို့ မင်းဒက်ဒီရှေ့ကို စားပွဲထိုးဝတ်စုံလေးနဲ့ ကိုယ် အရောက်လာတော့မယ် ထည် ...

"ရပြီ ... ရပြီ ... တေဘယ်အလဲဗင်းက ဟင်းပွဲတွေရပြီ"

"ဟော ... အစ်ကို ... အစ်ကိုဝိုင်းက ဟင်းပွဲတွေရပြီတဲ့"

စောစောက စားပွဲထိုးချာတိတ်လေး ...

သူပဲ ဟင်းအမယ်စာရင်းတွေ ယူလာတာလေ။

"လာကွာ ... အစ်ကိုနဲ့မင်းနဲ့ နှစ်ယောက်ဝိုင်းချမယ်"

"အစ်ကို ဖြစ်တယ်နော် ... ကျွန်တော်ကတော့အစ်ကို့အစားရင်တုန်တယ်"

"ဟွန်း ... စစ်မရောက်ခင် မြှားမကုန်နဲ့လေကွာ"

ထိုအချိန်မှာ ...

ငွေပိုးထည်ကတော့ ... မှာထားတဲ့အစားအသောက်တွေရောက်မလာသေးလို့ အအေးဗူးကလေးကိုပဲ ဖွင့်သောက်နေမိတာလေ။ ဒီနေ့တစ်နေ့လုံး ... လရိပ်ထင် ငြိမ်နေတာကိုတော့ ထူးထူးခြားခြားလေး သတိထားမိနေသည်။

ဝရန်တာလေးဘက်ကို မကြာခဏလေး ထွက်ကာ လမ်းမဘက်ကို မျက်ဝန်းလေးဝေ့ဝဲကာ ကြည့်မိပေမယ့် ... စက်ဘီးလေးနော စက်ဘီးပိုင်ရှင်လေးပါ ပျောက်နေတာက ထူးဆန်းမှုတစ်ခုလေးလို ဖြစ်နေသည်။

ဒီနေ့ ... ဒက်ဒီလည်း ကုမ္ပဏီမသွား။

ထည်နဲ့ကစ်ကစ်လည်း တစ်နေကုန် လမ်းသရဲမုန့်တွေလုပ်စားလိုက် ... ဖရဲသီး ဖျော်ရည်လေး သောက်လိုက်နဲ့ နေလာကြ

www.burmeseclassic.com



တာ။

ညဘက်ရောက်မှ ...

စားနေကြ ဒီဆိုင်လေးကို ဒက်ဒီက ခေါ်လာခဲ့တာဖြစ်သည်။ အထူးသဖြင့် ... စနေနေ့ညရောက်တိုင်း ဒက်ဒီက ဝီစကီသောက်သည်လေ။

ဒါကြောင့်မို့ ...

ဒီဆိုင်မှာ ထိုင်ဖြစ်ရခြင်းပါပဲ။

ထည် ... အချိုရည်ဗူးလေးကို ဖွင့်သောက်ရင်း မျက်ဝန်းလေးတွေက ဆိုင်ဝန်ထမ်းကောင်လေးတွေဆီ ရောက်သွား၏။

ထိုစဉ် ...

သူမ မျက်ဝန်းလေးတွေက အစားအသောက်ပန်းကန်တွေသယ်လာသည့် အရပ်မြင့်မြင့်ဝန်ထမ်းကောင်လေး တစ်ယောက်ဆီသို့ မထင်မှတ်စွာ ဖျတ်ခနဲကျရောက်သွားသည်။

"ဘုရားရေ ... ကြည့်စမ်း ... ဖြစ်ရပြန်ပြီ"

လုံးဝ မျှော်လင့်မထားခဲ့တဲ့ မြင်ကွင်းပါပဲ။

လရိပ်ထင်ရယ်လေ ... ရှပ်လက်ရှည်လည်ကတုံးလက်တိုလေးကို နက်ပြာရောင် ပုဆိုးအကွက်လေးနဲ့ ... အစားအသောက်ဟင်းပွဲ ပန်းကန်တွေကိုင်ကာ သူမတို့စားပွဲတည့်တည့်နေရာလေးဆီကို လျှောက်လာနေတော့တာပါ။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ...

သူ့ကို ဒီလိုနေရာမျိုး ဒီလိုစားသောက်ဆိုင်မျိုးမှာ စားပွဲထိုးဝန်ထမ်းဘဝမျိုးလေးနဲ့ တွေ့ရလိမ့်မယ်လို့ ထည် မထင်ထားခဲ့တာပဲဖြစ်သည်။ သူ့ကို တွေ့လိုက်စဉ်မှာ ထည့်ရင်ထဲ ထိတ်ခနဲခုန်သွား





သလို မျက်ဝန်းတွေကိုလည်း သူ့ဆီကနေ ကပျာကယာလွှဲဖယ်ပစ်လိုက်မိ၏။

"ဟာ ... ဟာ ... ဟေ့ကောင် ... မင်း ... မင်း ..."

သွားပြီ ...

ဒက်ဒီကပါ သူ့ကိုတွေ့သွားခဲ့ပြီ။

သူက မျက်နှာထားတည်တည်လေးနဲ့ ဟင်းပွဲတွေချပေးနေသမယ့် ဟန်မဆောင်နိုင်လောက်အောင် အကြီးအကျယ် မျက်လုံးပြူးနေတာကတော့ ဒက်ဒီပါပဲ။

"ကြည့်စမ်း ... မင်းက ဒီဆိုင်မှာ စားပွဲထိုးလုပ်တာလား"

"ဟာ ... အန်ကယ် ..."

"ဟေ့ကောင် ... ငါ့ဗိုင်းကို မင်းလာချစရာမလိုဘူး"

"အန်ကယ်ရာ ... တာဝန်အရ ကျွန်တော့် အလုပ်ကို ကျွန်တော်လုပ်တာပါ ... ဖြစ်နိုင်ရင် ... ကျွန်တော့်ကို ပြဿနာရှာပါနဲ့အန်ကယ် ... ဒီဆိုင်မှာ ဒီနေ့မှ အလုပ်စဆင်းတာပါ"

"မလိုချင်ဘူး ဟေ့ကောင် ..."

"ဗျာ ... အန်ကယ် ..."

"မင်း ... ထွက်သွား ..."

တကယ်မလွယ်တဲ့ အန်ကယ်ပဲ ...

သူ့ကိုမြင်လိုက်တာနဲ့ မျက်နှာထားက အသိသာဆုံးတင်းမာဆန်သွားတာလေ။ ဘာပဲပြောပြော ... သူ့ရည်ရွယ်ချက်ကတော့ အောင်မြင်သွားခဲ့သည်။ အရေးကြီးတာ လရိပ်ထင်က စားပွဲအလုပ်သမားတစ်ယောက်ဆိုတာ ဌေးပိုးထည်နဲ့အန်ကယ်ကြီးကိုပြချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အန် … အန်ကယ်ရာ … အန်ကယ် ကျွန်တော့်ကို မနှိမ်ပါ နဲ့ … "

"ဟေ့ကောင် … "

အန်ကယ်ကြီး …

တကယ့်ကို မျက်နှာကြီးနီကာ ထရပ်လိုက်ပြီ။

"ဒက်ဒီ … စိတ်ကိုထိန်းပါ ဒက်ဒီရယ် … သူ … သူက သမီးတို့ကို လာနှောက်ယှက်နေတာ မဟုတ်ပါဘူး … တခြားဗိုင်းတွေမှာလည်း လူတွေနဲ့ပြဿနာဖြစ်ရင် အရမ်းရှက်ဖို့ကောင်းတယ် ဒက်ဒီ … ရှင်လည်း ထွက်သွားပါ … ကျွန်မ တောင်းပန်တယ်"

"ဟုတ်ပါတယ် အဖေကြီးရယ် … "

"တောက် … တိုက်တိုက်ဆိုင်ဆိုင် မင်းနဲ့မှလာတွေ့ရတယ် လို့ကွာ … ငါ မကျေနပ်ဘူးဟေ့ကောင် … ဒီဆိုင်မှာ မင်းမျက်နှာကို မြင်ရတာ နေလို့မီးလို့ပူတယ် … "

"ဟွန်း … "

သူ နှုတ်ခမ်းလေးကိုပဲ မဲ့မိသည်။

"ရပါတယ် အန်ကယ် … အန်ကယ် မမြင်ချင်ရင် ကျွန်တော် ထွက်သွားမယ် … ထည် … ကိုယ်သွားမယ်၊ အရေးကြီးတာ ကိုယ့်ကြောင့် ထည့်ကို စိတ်မဆင်းရဲစေချင်တာပါ"

"အောင်မယ် … မင်းက ငါ့သမီးကို နှုတ်ဆက်နေရသေးသလား"

ဒက်ဒီ အသားတွေ တဆတ်ဆတ်တုန်ကာ မျက်လုံးကြီးပါ ပြူးထွက်လာ၏။

"ငွေပိုးထည်ဆိုတာ ကျွန်တော့်ရဲ့အနာဂတ် … ကျွန်တော့်ရဲ့





အချစ်လင့်ချက် … ကျွန်တော်ရဲ့ အိပ်မက်ဖြစ်နေလို့ နှုတ်ဆက်တာပါ အန်ကယ် … ကဲ … ကျွန်တော်သွားပြီနော် အန်ကယ် … အန်ကယ် ကိုလည်း ရိုရိုသေသေ နှုတ်ဆက်ပါတယ်"

"ဟေ့ကောင် … ငါ … ငါကွာ … ဟား … "

ဒက်ဒီ ဘာမှမလုပ်ရခင် သူက ထွက်သွားခဲ့ချေပြီ။

"အဖေကြီးရယ် … ရှင့်စိတ်ကိုလျှော့လိုက်စမ်းပါ … ထိုင် ထိုင် … အဖေကြီး ပြန်ထိုင်လိုက် … "

"ဒီကောင် … ဒီကောင် … လူပါးဝတဲ့ကောင် … စိန်စီတဲ့ နားကပ်ပေါ်ကို သူတောင်းစားကိုင်တဲ့ခွက်စုတ်ခွက်ပြတ်ကို ပစ်တင် ချင်နေတဲ့အကောင် … ငါ့သမီးကိုများ သူ့ရဲ့အိပ်မက်တဲ့ … တောက် ခွေးမသား … "

နောက်ဆုံးကျတော့ … ဒေါသနဲ့ ဝီစကီအရက်တွေ တစ်ခွက် ပြီးတစ်ခွက် … ဒက်ဒီသောက်ပစ်တာ ရေချိန်တော်တော်များသွား သည်။

"အေ့ … ဒီလိုကောင်မျိုးကို ငါက ဂရုစိုက်နေစရာလား"

"သမီးထည် … ဒက်ဒီ့ကို ထိန်းထားစမ်း … "

"ဒီတစ်ခွက်ဆို တော်တော့နော် ဖေဖေကြီး … "

ကစ်ကစ်ကလည်း မျက်နှာငယ်ငယ်လေးနှင့် ချော့သည်။

"အေ့ … ငါ ဒီကောင့်ကို မကျေနပ်လို့သောက်တာကွ"

"တော် … တော်ပါတော့ ဒက်ဒီရယ် … မနက်ကျရင်လည်း ဒက်ဒီဘုရားတက်ဦးမှာလေ … အဲဒါ … ဒက်ဒီမမေ့နေပြီလား၊ ဒီတစ် ခွက်ပဲသောက်နော် ဒက်ဒီ … "

"အခု … ဟိုကောင် ဘယ်ရောက်သွားပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဒက်ဒီ ဘယ်သွားမလို့လဲ"

ဒက်ဒီ ရုတ်တရက် ဒယီးဒယိုင်လေး ထရပ်လိုက်တော့ ထည့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

"ရတယ် … သမီး … ဒက်ဒီ မမူးပါဘူး၊ ဒက်ဒီ … ဒီဆိုင်ပိုင် ရှင် ညီထွတ်ဝင်းနဲ့ ခဏလောက် သွားစကားပြောချင်လို့ …"

"ဟာ … ဒက်ဒီပြောချင်ရင် ဟိုမှာရပ်နေတဲ့စားပွဲထိုးကောင် လေးကို မှာလိုက်မယ်လေ … ဒက်ဒီ ဒီမှာပဲထိုင်နေပါ … မသွားပါနဲ့"

ထည် လှမ်းခေါ်ပြီးပြောလိုက်တော့ … စားပွဲထိုးကောင် လေးက ဆိုင်ရှင်ဖြစ်သူကို သွားခေါ်လာသည်။

ဆိုင်ရှင် အစ်ကိုကြီးကလည်း ဒက်ဒီနဲ့ခင်နေတော့ ပျာယာ သလဲ လိုက်လာ၏။

"အန်ကယ်ခေါ်တယ်ဆိုလို့ … ကျွန်တော်လာတာပါ အန် ကယ် … ပြောပါ … ကျွန်တော် ဆိုင်မှာ လိုအပ်တာရှိရင် အန်ကယ် အချိန်မရွေးပြောပါ …"

"ဟိုကောင်လေ … မောင်ညီထွတ်ဆိုင်မှာ စားပွဲထိုးဝင်လုပ် နေတဲ့လရိပ်ထင် …"

"ဟာ … အန်ကယ် … လရိပ်ထင် ဘာဖြစ်လို့လဲ …"

ဆိုင်ရှင်အစ်ကိုကြီး မျက်လုံးပြူးသွား၏။

"ဒီကောင့်ကို ဒီဆိုင်မှာ အန်ကယ် မမြင်ချင်ဘူး …"

"ဟာ … အန်ကယ် … ဒီကောင် … ဒီကောင် စောစောက အလုပ်ထွက်သွားပြီလေ အန်ကယ် … အဲဒါ အန်ကယ်မသိဘူးလား"

"ဘာပြောတယ် … ဒီကောင် အလုပ်ထွက်သွားပြီ ဟုတ် လား"





"ဟုတ်တယ်လေ အန်ကယ် … အန်ကယ်က မင်းမျက်နှာကို ဒီဆိုင်မှာမြင်နေရတာ … နေလိုမိလိုပူတယ်ဆိုပြီး လူတွေအများကြီး ရှေ့မှာ အပြောခံလိုက်ရလို့ … ဒီကောင်ရှက်ပြီး ထွက်သွားတာ"

"ဟား ဟား … မရှက်လို့ရမလား၊ ဒီကောင် အဲလိုရှက်သွား အောင်ကို အန်ကယ် တမင်ပြောလိုက်တာ … ဒီကောင့်လို အဆင့် မရှိတဲ့ကောင်က အန်ကယ့်သမီး ငွေပိုးထည်ကို … ဒီကောင် … တကောက်ကောက်လိုက်နှောက်ယှက်နေလို့ … အန်ကယ်ဒေါပွနေ တာ … ကောင်းတယ် … ဒီကောင်ထွက်သွားတာကို အန်ကယ် ကြိုဆိုတယ် … ဟား ဟား …"

ခုမှ … တဝါးဝါးတဟားဟား လက်ခုပ်လက်ဝါးတီးပြီး သဘောကျနေတဲ့ဒက်ဒီ …၊ စိတ်မကောင်းဖြစ်ရတာက ငွေပိုးထည် ပါ။ ဘာပဲပြောပြော … သူရပ်တည်ရမယ့် အလုပ်ကလေးတစ်ခုက နေ ဒက်ဒီကြောင့် ထွက်ခွာသွားရတာလေ။

သူ ပြောသွားခဲ့တာလေးက …

ကိုယ့်ကြောင့် … ထည့်ကို စိတ်မဆင်းရဲစေချင်ဘူးတဲ့။

လရိပ်ထင်ရယ် …

ရှင် တကယ်ပဲ ထည့်ကိုချစ်နေခဲ့တာနော် …

ထည် သိပါပြီ။

ရှင် ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ ရှင့်ကို ထည်ချစ်တယ်။

ရှင့်ကို သိပ်ချစ်တယ် လရိပ်ထင် …

စားသောက်ဆိုင်ထဲကနေ ကားမောင်းထွက်လာတော့။

"ဟင် …"

"ဟား …"



www.burmeseclassic.com

www.burmeseclassic.com



"အို ... "

ဆိုင်အတွက် ဂိတ်တံခါးဝမှာ လမ်းဖယ်မပေးဘဲ ဒက်ဒီကားကို လှမ်းတားနေတာ လရိပ်ထင်လေ ...

ကြည့်ပါဦး ... ကျောပိုးအိတ်လေး တစ်လုံးကိုလွယ်လို့။

ဘာလုပ်တာလဲဟင် ... လရိပ်ထင် ... ရှင် တော်တော်ခက်တာပဲ။ ထည့်ရင်ထဲမှာ ပူလောင်သွားကာ ကစ်ကစ်လက်ကလေးကိုပဲ အယောင်ယောင်အမှားမှားလေးနှင့် ထည် ဆွဲထားလိုက်မိသည်။

"အန်ကယ် ... ခဏလေး နေပါဦး ... "

"ဟာ ... ဟော့ကောင် ... မင်း ... မင်း ဘာလုပ်တာလဲ ... ဖယ်နော် ... မဖယ်ရင် မင်းကို ငါ အသေဝင်တိုက်ပစ်မှာနော်"

ဒက်ဒီကလည်း ကားမီးရောင်အောက်မှာ သူ့ကိုမြင်သွားပြီ။

သူ ... ဒက်ဒီ အော်နေတာတောင် မဖယ်ဘဲ လက်ပိုက်ရပ်နေတာ ဘယ်လောက်အသည်းယားဖို့ ကောင်းသလဲဆိုတာ စဉ်းစားကြည့်ပါဦး။

မာမီလည်း ... အသက်ရှူမှားနေသလို ...

ကစ်ကစ်လည်း မျက်နှာပျက်နေသည်။

"ဟွန်း ... အန်ကယ်က တိုက်ရဲရင် ကျွန်တော်ကလည်း မသေရဲစရာအကြောင်း မရှိပါဘူး အန်ကယ် ... ကျွန်တော် အန်ကယ်ကိုစောင့်နေတာ ... ဒီအလုပ်ကနေ ကျွန်တော်ထွက်လိုက်ပြီဆိုတာ ပြောချင်လို့ပါ ... "

"ဟိတ်ကောင် ... အရိုင်းအစိုင်းကောင်၊ မင်းဟာမင်းအလုပ်က ထွက်တာ ငါ့ကိုမခန့်လေးစားနဲ့ ... ကားကိုတားပြီးတော့တောင် မင်းပြောနေစရာလား ... ငါမသိဘူး ... မင်းအလုပ်ထွက်



တာလည်း ငါစိတ်မဝင်စားဘူး"

ထည့်ဒက်ဒီရဲ့ အသံက ကားထဲကနေ ဒေါသတကြီးထပ်ပေါ်လာသည်။

"ဟာ ... ကျွန်တော် အလုပ်ထွက်ရတာ အန်ကယ်ကြောင့်ထွက်ရတာလေ ... အန်ကယ် ... အန်ကယ် စိတ်မဝင်စားလို့ရမလား ... ကျွန်တော်က ထည့်ကိုချစ်လို့ လမ်းပေါ်မှာလျှောက်သွားမနေတော့ဘဲ အလုပ်ကလေးတစ်ခုဝင်လုပ်တာ ... ဒါကို အန်ကယ်က နှောက်ယှက်ဖျက်စီးတယ် ... ဆိုင်အလုပ်သမားတွေနဲ့ ကာစတန်မာတွေရှေ့မှာ ကျွန်တော့်အရှက်ကို အန်ကယ်ခွဲတယ်၊ အဲဒါကို မကျေနပ်လို့ ... အန်ကယ့်ကို ကျွန်တော် စောင့်နေတာ"

"ဟော့ကောင် ... အံစုတ်အပြတ်ကောင် ... မင်းက မကျေနပ်တော့ ငါ့ကို ဘာလုပ်ချင်လဲ ... "

"ဝုန်း ... ဒုန်း ... "

"ဟာ ... ဒက်ဒီ ... "

ဒက်ဒီ ... ကားတံခါးကို ဝုန်းခနဲ ဒိုင်းခနဲဆောင့်ဖွင့်ကာ ကားအောက်ကို ဆင်းသွားပြီ။

"အဟင့် ... မာမီ လုပ်ပါဦး ... ဒက်ဒီ့ကို ထိန်းပါဦး ... "

ထည် အော်ပြောလိုက်တာ ငိုသံပါပါလေးနဲ့။ အသံကလေးတွေက တုန်လို့ပါ။ ဒီလိုပြောလိုက်တော့မှ မာမီ သတိရပြီး ကားကောက်ကို ချက်ချင်းလိုက်ဆင်းသည်။

"အဖေကြီး ... "

"ပြောလေကွာ ဟော့ကောင် ... မင်းဘာလုပ်ချင်သလဲ ... ငါနဲ့လက်သီးချင်း မင်းပြိုင်ထိုးချင်နေသလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရာ ... အန်ကယ်က ... ကျွန်တော် သိပ်ချစ်တဲ့ ငွေပိုးထည်ရဲ့ ဒက်ဒီပါ ... ဒါကို ကျွန်တော်က အန်ကယ်နဲ့ပြိုင်ပြီး လက်သီးချင်းထိုးနေစရာ လိုသလား"

"ဟော့ကောင် မထိုးချင်ရင် ငါ့ကားရှေ့ကနေ မင်းအခုချက်ချင်းဖယ်လိုက် ... အပိုစကားတွေမပြော့နဲ့ ... ငါ့သမီးလို ရွှေလင်ဗန်းနဲ့အချင်းဆေးပြီး မွေးလာတဲ့မိန်းကလေးတစ်ယောက်ကို မင်းလို စားပွဲထိုးလုပ်စားရတဲ့ကောင်က မတန်မရာမှန်းနေစရာလား"

"အန်ကယ် ... ကျေးဇူးပြုပြီးတော့ အန်ကယ်ကို ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် ... မိဘက မရှိလို့ဆင်းရဲလို့ သားသမီးက စားပွဲထိုးလုပ်စားရတာကို အန်ကယ် ဘာအကြောင်းပြချက်နဲ့မှ အထင်သေးနေစရာအကြောင်းမရှိဘူးအန်ကယ် ... အန်ကယ့်သမီးကို ကျွန်တော်ချစ်ခဲ့တာလည်း လုံးဝအားငယ်စိတ်တွေမရှိဘဲနဲ့ သန့်သန့်လေးချစ်ခဲ့တာ ... ဒါကိုတော့ ... အန်ကယ် နားလည်ပေးပါ ... "

"ဘာပြောတယ်ကွ ... မင်းလိုအဆင့်မရှိတဲ့ကောင် ချစ်တာကိုပဲ ငါကနားလည်ပေးနေရဦးမှာလား ... ဒီမှာ ငါ့သမီးကိုပေးစားရင်လည်း မြန်မာပြည်မှာ တော့တန်းစာရင်းဝင် ချမ်းသာတဲ့ ဒိတ်ဒိတ်ကြဲအသိုင်းအဝိုင်းထဲကပဲ ပေးစားမှာ ... မင်းလောက်ကတော့ ဆောရီးပဲ ... "

ကျွတ် ...

တော်တော် ငွေစကားပြောတဲ့ အဖိုးကြီး ...

"ဒီမှာ အန်ကယ် ... ဘာပဲဖြစ်ဖြစ် ကျွန်တော် ထည့်ကိုချစ်တယ် ... အန်ကယ်ပြောသလို ကြီးကျယ်မြင့်မြတ်ခမ်းနားတဲ့ရင်ခွင်မှာ ကျွန်တော် မထားနိုင်ပေမယ့် ... အေးမြသန့်စင်တဲ့ရင်ခွင်လေးတစ်ခုကိုတော့ ကျွန်တော် ဖန်ဆင်းပေးနိုင်ပါတယ် ... ဒါ ... ထည့်ကို ကျွန်တော် သိပ်ချစ်လို့ဆိုတာ အန်ကယ် ယုံပါ ... "

သူ ...

ဒီစကားတွေကို ထည် ယုံသွားအောင် ခပ်တည်တည်နဲ့ပြောပစ်လိုက်တာလေ။

"ဟား ... ဟား ... ဟား ... မင်းတော်တော် စကားပြောကောင်းပါလား လရိပ်ထင် ... မင်းဟာမင်း ဘယ်လိုရင်ခွင်မျိုးကိုပဲ ဖန်ဆင်း ဖန်ဆင်း ... စားရမဲ့ သောက်ရမဲ့ နိမ့်ကျနေတဲ့ ဘဝတစ်ခုအောက်မှာ ငါ့သမီးနေနိုင်မှာမဟုတ်ဘူး ... "

"အဲဒါ ... အန်ကယ် ထင်သလား ... "

"ဟော့ကောင် ... "

"ဆင်းရဲတွင်း ဘယ်လောက်ပဲနက်နက် အချစ်ကိုပွေ့ဖက်ပြီး ခုန်ဆင်းရဲတဲ့ အဖြူထည်နှလုံးသားတွေ လောကကြီးမှာ အများကြီးရှိပါတယ် အန်ကယ် ... အဲဒါကြောင့်မို့ အန်ကယ့်ကို ဒီည ကျွန်တော် နောက်ဆုံးပြောခဲ့ချင်တာ ... တစ်နေ့ကျရင် ကျွန်တော့်အနားကို ထည် ရောက်လာမှာ ... "

"ဘာ ... ဘာကွ ... "

သူ ...

အရှုံးမပေးနိုင်ပါဘူး။

အရှုံးတွေနဲ့ အန်ကယ့်ရှေ့က ထွက်သွားဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ ကျွန်တော့်အတွက် မဖြစ်နိုင်ဘူး။

"မင်း ... မင်း ... ငါ့ဒီလောက်ပြောနေတာတောင် ငါ့ကို

www.burmeseclassic.com



ပမာမခန့် ပြောချင်နေသေးတယ် ... ကဲကွာ ... ကဲကွာ ... အဲဒါ ငါ့ကို ပြန်ပြောဦး ... "

"ခွပ် ... "

"ခွပ် ... "

"ဟာ ... ဒက်ဒီ လုပ်ပါဦး ... ကစ်ိကစ်ရယ် ... ဟိုမှာ ... ဟိုမှာ ... သူ့ကို ဒက်ဒီထိုးနေပြီ ... အဟင့် ... ဟင့် ... ဟင့် ... "

"အမလေး ... လာကြပါဦး ... လာကြပါဦးရှင် ... ဒီမှာ ... ရန်ဖြစ်နေလို့ပါ ... "

မာမီ အသည်းအသန် အော်တော့မှ ...

ဆိုင်ထဲက ဝန်ထမ်းတွေ ပြေးထွက်လာတာ အဆက်မပြတ် ထိုးနေတဲ့ ဒက်ဒီကိုပဲ ဝိုင်းဆွဲခဲ့ရတာလေ။

ဒက်ဒီ ဒီလောက်ထိုးနေတာတောင် ...

ဒက်ဒီကို ဘာမှပြန်မလုပ်ဘဲ ခေါင်းလေးငိုက်စိုက်ချပြီး သူက ထွက်သွားခဲ့တာပါ လရိပ်ထင်ရယ် ... ရှင် ဒီလို အထိုးခံနေရတာ ဘယ်နှစ်ခါတောင် ရှိနေပြီလဲ။

ထည် ရင်ထဲ ... ကျင်ခနဲဖြစ်သွားအောင် ခံစားလိုက်ရသည်။

ပြီးတော့မှ ...

ပေါက်ခနဲ ပေါက်ခနဲ ကျလာတဲ့ ...

ထည့် မျက်ရည်စက်လေးတွေက ... ။

## အခန်း ( ၁၃ )

ရွှေတိဂုံဘုရားခြေရင်း ...

ကားပါကင်ကွက်လပ်လေးမှာ ကားထိုးရပ်လိုက်ကတည်းက ထည် ရင်ကလေးခုန်ကာ မျက်ဝန်းလေးတွေက ဟိုဟိုဒီဒီလေး ဝေ့ဝဲသွားသည်။

အကြောင်းက ...

ဟိုတစ်ပတ်ကလို ရွှေတိဂုံဘုရားကို သူရောက်လာဦးမလား ဆိုသည့် စိုးရိမ်စိတ်ကလေးနှင့် ထည် အထိတ်ထိတ်အလန့်လန့်လေး ဖြစ်နေရတာလေ။ သူက ပြောလို့ရတာမှမဟုတ်တာ။ စိတ်ထဲမထင်ရင် မထင်သလို လုပ်တတ်တဲ့သူပဲ။ ဒါကြောင့်မို့ ... သူ့ကိုဆိုရင် ထည်က လန့်ပြီးသား။

"မမလေး ... "

"ဟင် ... ဘာလဲ ကစ်ကစ် ... "

"ဟို ... ဟိုမှာ ... အစ်ကိုလေး ... "

"ဘုရားရေ ... "

ကြည့်စမ်း ...



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး ဘုရားပေါ်မှာလာစောင့်နေပြန်ပြီ။

ကစ်ကစ် ပြရာဘက်ကိုကြည့်လိုက်ရင်း ရင်ထဲမှာ ဒိန်းခနဲ တောင် ဖြစ်သွားသည်။ သူက တန်ဆောင်းထဲက တိုင်ကြီးတွေကို ကွယ်ပြီး ... ရပ်နေတာလေ။ ဒက်ဒီနဲ့မာမီ့ ဘုရားရှိခိုး ပုတီးစိပ်လုပ် နေတုန်း ထုံးစံအတိုင်း မိမိရဲ့မွေးနံ့ဂြိုလ်တိုင်လေးမှာ ဆီမီးထွန်း ရေသပ္ပာယ်ဖို့ နှစ်ယောက်သားထွက်လာခဲ့တာ ဖြစ်သည်။

"တွေ့ ... တွေ့လား မမလေး ..."

"တွေ့တယ် ကစ်ကစ် ... နေ ... နေ ... မသိချင်ဟန် ဆောင်နေ ..."

"လုပ်မနေနဲ့ ... အစ်ကိုလေးကဖြင့် ဒီဘက်ကိုတောင် ထွက် လာနေပြီ ..."

"ဟင် ... ဟုတ်လား ..."

ထည် ဘယ်လိုမှ ပြေးလို့မလွတ်တော့ပါ။

ထည် ရင်တခုန်ခုန်နဲ့ပဲ မွေးနံ့ဂြိုလ်တိုင်လေးဆီကိုသွားပြီး ရေသပ္ပာယ်ဖို့ ပြင်ဆင်လိုက်သည်။ ကစ်ကစ်လက်ထဲက ဖယောင်း တိုင်ထုပ်ကလေးနှင့် အမွှေးတိုင်ထုပ်ကလေးကို လှမ်းယူဖို့လက်ရွယ် လိုက်တော့ အနားကိုရောက်လာသည့်သူက ဖျတ်ခနဲဆွဲယူကာ ...

"မင်းအတွက် ကိုယ်ပဲပူဇော်ပေးမယ်လေ ထည် ..."

"ဟင် ... ရှင် ..."

တွေ့လား ... သူ ဇွတ်တရွတ်လုပ်ပြန်ပြီ။

ထည် ချာခနဲလှည့်ကြည့်လိုက်တော့ ညက ဒက်ဒီထိုးထား သည့် ဒဏ်ရာလေးတွေက သူ့မျက်နှာလေးပေါ်မှာ အညိုအမည်း လေးတောင် စွဲနေသည်။





"ဘဝဆက်တိုင်း ဆက်တိုင်း ... ဒီလိုအဖြစ်မျိုးလေးတွေနဲ့ ထပ်မတွေ့ချင်တော့ဘူးဆိုတာ ကိုယ်နဲ့ထည် ... အတူတူဆုတောင်း ကြမယ်နော် ထည် ... မကောင်းဘူးလား ..."

"လရိပ်ထင်ရဲ့ယ် ... ရှင်ဟာလေ ... တော်တော်အတင့်ရဲ လွန်းတယ် ဒက်ဒီ ... ဒက်ဒီ တွေ့သွားရင် ရှင့်ကိုရော ... ထည့်ကို ပါ အသေသတ်တော့မှာ ... သိလား ..."

"အဲဒါ ... ကိုယ် ဂရုမစိုက်ဘူး ..."

"ရှင် ... ရှင် တော်တော်ခက်တဲ့လူ ..."

သူ ... ထည့်ဘေးမှာ ယှဉ်ရပ်နေတာက ပခုံးချင်းပါထိလု မတတ်ပင်။ ထည် ကြောက်ကြောက်နဲ့ နောက်ကိုလည်း လှည့် ကြည့်ရသေးသည်။

မတော်တဆ ...

ဒက်ဒီ တွေ့သွားရင် ဘယ်လိုလုပ်မလဲ။

ဘုရားပေါ်မှာ ရုတ်ရုတ်သည်းသည်းဖြစ်ရင် ဘယ်သူတွေ သိက္ခာကျ အရှက်ရမလဲ။ သူက ... ထည်ပြောလည်း နောက်မဆုတ် ပါ။

သူ့လက်ထဲက အမွှေးတိုင်နှင့် ဖယောင်းတိုင်ထုပ်ကလေး ကို သူကိုယ်တိုင် ဖွင့်ဖောက်ပြီး ခပ်တည်တည်ပဲ ... မီးထွန်းပူဇော် သည်။ ရေသပ္ပာယ်တော့လည်း သူပဲခပ် ... သူပဲ ဆုတောင်း။

ဒုက္ခပါပဲ ...

ထည် ဇောချွေးလေးတောင် ပျံလာရ၏။

ပိုဆိုးတာက ...

ထည် ဘုရားကန်တော့ချိန်မှာ ထည့်ဘေးမှာ ဝင်ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ခပ်တည်တည်လေးနဲ့ သူကပါ ဘုရားဝင်ကန်တော့နေတာလေ။

မခက်ဘူးလား။

ကစ်ကစ်က ဒီနေရာမှာ အားတော့ကိုးရသည်။

မျက်လုံးလေးဝေ့ကာဝေ့ကာနဲ့ ဒက်ဒီနဲ့မာမီ့အရိပ်အယောင်လေးကို စောင့်ကြည့်ပေးနေတာ။ သူမတော်င ဘုရားမရှိခိုးလိုက်ရပါ။ ထည် ရင်တွေလည်း ခုန်နေသည်။ ကြောက်လည်း ကြောက်နေသည်။

ထည် ရှိခိုးပြီး ပြန်ထတော့ ...

"လာလေ ... ထည် ..."

"အို ..."

ထည့်လက်ကလေးကို သူက လှမ်းဆွဲလိုက်လေပြီ။

ထည် ရှက်လွန်းသဖြင့် ဘာလုပ်ရမှန်းမှသိ။

ပြန်ဖယ်လိုက်ဖို့ စဉ်းစားကြည့်သေးသည်။

ဒါလည်း ... ထည် မလုပ်ရဲပြန်။

နောက်ဆုံး ... မျက်နှာပူပူလေးနဲ့ပဲ သူဆွဲခေါ်ရာ တန်ဆောင်းကြီးတွေနောက်ဘက်က ဘုရားကြို ဘုရားကြားထဲကို ထည် ဆံပင်ရှည်လေး တယမ်းယမ်းနဲ့ ပါသွားသည်။

သူ ရင်တွေ အဆက်မပြတ် ခုန်နေပါသည်။

ခုထိ ... သူနဲ့ထည် စကားမပြောဖြစ်ကြသေးချေ။

"ထည် ..."

နူးညံ့လှတဲ့သူ့ခေါ်သံလေးက ထည့်ရင်ခုန်သံတွေကို ပိုလို့တောင် မြန်သွားစေခဲ့တာပင်။ သေချာနေတာက သူ့ကို ထည်ချစ်မိ





သွားပြီဆိုသည့် အသိနွေးနွေးလေးက ထည့်မျက်နှာလေးကို ရဲဗလောင်းလေး ခပ်သွားအောင် ရှိန်းရှိန်းမြမြလေး တိုးဝင်နေခဲ့သည်။

"လွှတ် ... လွှတ်လေ ..."

"ခစ် ... ခစ် ..."

တွေ့လား ... နောက်ကနေ ကစ်ကစ် သဘောကျပြီးရယ်နေတာ။

"ထည် ..."

"ရှင် ..."

"ကိုယ် ထည့်ကို အရမ်းချစ်တယ် ..."

"ဟင့်အင်း ... အဲဒါ ထည် မယုံဘူး"

"ဘာပြောတယ် ထည် ..."

ထည် မယုံဘူးတဲ့ ...

သူ နှုတ်ခမ်းလေးမဲ့ကာပဲ ပြုံးလိုက်မိသည်။

"ဟွန်း ... ပြောလေထည် ... ဘာကို မယုံတာလဲ"

"ထည် ... ထည် မယုံတာ၊ ရှင် ... ဒီလို နှုတ်ခမ်းလေးမဲ့ပြီး ပြုံးသွားတတ်တဲ့အပြုံးလေးကြောင့် ထည်မယုံတာ ... ပြီးတော့ ... ဒက်ဒီကို ရင်ဆိုင်နေတဲ့ ရှင့်လုပ်ရပ်တွေ၊ ရှင် ... ရှင် ထည်မေးတာကို အမှန်အတိုင်းဖြေပါ ... ရှင် ထည့်နောက်ကို လိုက်နေတာ ထည့်ကို ယုံအောင် သက်သေပြနေတာလား ... ဒက်ဒီကိုပဲ တမင်ရန်စတိုက်နိုက်နေတာလား ... ထည် သိချင်တယ် ..."

"ဘယ် ... ဘယ်လို ထည် ..."

ထည်မေးလိုက်တာ ရှင်းရှင်းလေးပေမယ့် ...

ဒီမေးခွန်းအတွက်ကိုတော့ သူနည်းနည်းလေး အူကြောင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူဟာ ... နှုတ်ခမ်းလေးမဲ့မဲ့ပြီး အမြဲပြုံးတတ်လို့ မယုံတာတဲ့။ ဒက်ဒီကို တမင်ရန်စ တိုက်ခိုက်နေတာလားတဲ့။ သူ ဘယ်လိုဖြေရမလဲ။

"ကဲ ... ထည်မေးတာ ရှင် ... ဖြေလေ ... "

"ဟွန်း ... "

"ဟောကြည့် ... တွေ့လား ... ရှင် ပြုံးပြန်ပြီ ... "

သူ အဲလိုပြုံးတော့မှ ကိုင်ထားတဲ့ သူ့လက်ကို ထည်ဖယ်ချပစ်လိုက်သည်။ တကယ်ပါပဲ ... ထည် သူ့ကို မယုံတာလည်း အဲဒီအပြုံးလေးကြောင့်ပဲ။

"ထည်ရာ ... ကိုယ် နှုတ်ခမ်းလေးမဲ့ပြီးပြုံးတာ မခံစားနိုင်တော့လို့ ပြုံးတာပါကွာ ... အန်ကယ်အပေါ်မှာ မကျေနပ်တာလည်း ကိုယ် မရှိပါဘူး ... "

"ရှင် ... မလိမ်နဲ့နော် ... "

"အို ... ကိုယ် ဘယ်မှာလိမ်လို့လဲ"

ထည်က ရိုးရိုးအေးအေးလေးပဲ အိမ်ထဲမှာနေခဲ့လို့ ထည်ကို လိမ်နေရင်လည်း ထည်က မသိဘူးလေ ...

တကယ်လည်း ထည်က မသိခဲ့တာပါ။

ယောကျ်ားလေးတစ်ယောက်နဲ့ ခုလို အနီးကပ်တရင်းတနှီးလေး စကားပြောဖူးတာလည်း သူက ပထမဆုံးလေ။

ဒါဟာလည်း ဘယ်လိုယောကျ်ားလေးမျိုးနဲ့မှ ပတ်သက်ခွင့် မပေးခဲ့တဲ့ ဒက်ဒီရဲ့ တားဆီးပိတ်ပင်မှုတွေကြောင့်ဆိုလျှင်လည်း မမှားဘူးပေါ့။

သချာတာက ...





သူနဲ့တွေ့တိုင်း ထည် ရင်ခုန်ပါသည်။

မျက်ခုံးထူထူနှစ်ဖက်ကြားအောက်က သူ့ရဲ့မှုက်ဝန်းလဲ့လဲ့ ...တွေကို ရင်ဆိုင်လိုက်ရတိုင်း ထည် အသက်ရှူမှားခဲ့ရတာလည်း ...ကြိမ်ကြိမ်အခါခါပင်။ ခုလည်း ... ထည်နဘေးမှာ ပခုံးချင်းလေး ...ကပ်နေရတဲ့အထိ သူနဲ့စကားပြောနေရတာလည်း ထည့်တစ် ...ယ်လုံး အေးစက်ချင်နေသည်။

ဒါကို ... ဒက်ဒီ မြင်သွားလို့ကတော့ ...

ထည်ရော ... ကစ်ကစ်ပါ မလွယ်။

ထည့်ဒက်ဒီ ဒေါသအရမ်းကြီးတာ စိတ်မထင်ရင်မထင်သလို ...ည့်ခံပင်တွေကို ဆောင့်ဆွဲဆုပ်ကိုင်ပြီး တွန်းထိုးရိုက်နှက်တတ် ...တိုလည်း ထည်ကြောက်ခဲ့ရသည်။ ဒက်ဒီ ခွင့်မလွှတ်နိုင်သော ...ယောကျ်ားတစ်ယောက်နှင့်ပတ်သက်နေခဲ့ခြင်းအတွက် တစ်နေ့နေ့ ... ဒက်ဒီအမုန်းတွေကို ထည်ရင်ဆိုင်ရမှာ သေချာသလောက်ရှိနေ ...တာပင်။

"မမလေးရေ ... "

"ဟင် ... ကစ်ကစ် ပြောလေ ... "

"ခုလောက်ဆို မေမေကြီးတို့ ပုတီးစိပ်ပြီးလောက်ပြီနော်"

ကစ်ကစ် ...

ရင်ပြင်တော်ဘက်ဆီကို မျက်လုံးဝေ့ကြည့်ရင်း သတိပေး ...သည်။

"ဟုတ်တယ်နော် ကစ်ကစ် ... မမလေးတို့သွားမှဖြစ်မယ်"

"ဟာ ... ထည်ရာ ... သွားတော့မလို့လား ... "

သူ ထည့်ကို နောက်တစ်ကြိမ်လက်ဆွဲဖို့ ကြိုးစားလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ထည် ခွင့်မပြုနိုင်တော့ပါ။ ထည် … သူ့ကြောင့် ရင်ခုန်ခဲ့ရပေမယ့် ဒက်ဒီကိုတော့ ကြောက်ပါသည်။

ဒါကြောင့်မို့ …

ထည် … သူ့ကို အပြတ်ပဲ ငြင်းပစ်လိုက်တော့မည်။

"ထည် သွားတော့မယ် လရိပ်ထင် … "

"ကိုယ့်ကို ဖုန်းဆက်ပါနော် ထည် … "

သူက ဖုန်းဆက်ဖို့ ပြောနေသေးသည်။

"ဟင့်အင်း … လရိပ်ထင် … ရှင် … ကျွန်မကို မေ့လိုက်ပါ"

"ဘာပြောတယ် … "

ထည်က စကားကို ခပ်မာမာလေးပဲပြောပြီး သူ့ရှေ့က လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာတော့ သူက မခံစားနိုင်စွာ ထည့်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲလှည့်ပစ်လိုက်ပြီး ထည့် ဖူး လေးတစ်ဖက်ကို ခပ်ကြမ်းကြမ်းနမ်းရှိုက်ပစ်လိုက်ပြီ။

"အို … လရိပ်ထင် … ရှင် … ရှင် ဘာလုပ်တာလဲ"

"ကိုယ့်ကို မေ့ဖို့ပြောတိုင်း မင်းရဲ့ပါးကလေးကို ကိုယ်နမ်းမယ်"

"ဘုရားရေ … "

"ကိုယ့်ကို အထွာကြီးတယ်ပဲပြောပြော တဖွတ်ထိုးတကောင် ကန်းဆန်တယ်ပဲဆိုဆို မင်းကို … ပိုင်ဆိုင်ခွင့်ရဖို့အတွက်ဆိုရင် ဘယ်လိုအရာမျိုးနဲ့ပဲလဲရလဲရ … ကိုယ့်ဖက်က လဲဖို့အဆင်သင့်ပဲ ရွှေ ထည် … မင်း ဘယ်တော့မှ မေ့ဖို့မပြောနဲ့ … "

"ဟာ … မမလေးရေ … ဟိုမှာ ဖေဖေကြီးနဲ့မေမေကြီး ဒီဘက်ကိုလာနေပြီ … "



"အို … "

"ဟာ … "

နှစ်ယောက်သား မြန်မြန်ဆန်ဆန် လူခြင်းခွဲလိုက်တာ အမှိန်မှိုသွားလို့ပါ။

"လာ … မမလေး … မြန်မြန်လာ … "

သူကလည်း လျှင်သလား မမေးနဲ့။

လှစ်ခနဲနေအောင် တန်ဆောင်းတွေကြားမှာ ပျောက်ကွယ်သွားသလို ထည်နှင့်ကစ်ကစ်ကလည်း ရင်ပြင်တော်ဘက်ကို ခပ်သွက်သွက်လေး ပြေးထွက်လိုက်နိုင်ပေလို့ပေါ့။

"ဟော … အဖေကြီးရေ … သမီးလေးကဖြင့် ဟိုမှာလေ"

"သမီး ငွေပိုးထည့် … ဘယ်တွေလျှောက်သွားနေတာလဲ"

ဒက်ဒီနဲ့မာမီ ထည်တို့နှစ်ယောက်ပျောက်သွားလို့ လိုက်ရှာနေပုံရပါသည်။

"ရှိပါတယ် ဒက်ဒီရဲ့ … ဒီဘက်ဆောင်းတန်းတွေကြားထဲက ရွှေသမင်ဘုရားမှာ သွားဆုတောင်းနေတာ … အဲဒီဘုရားက ဆုတောင်းပြည့်တယ်တဲ့လေ … "

ဒက်ဒီက မသင်္ကာသလို ကြည့်နေတာမို့ …

ထည် … ကပျာကယာ မျက်လွှာလေး သိမ်းလိုက်ရသည်။

ဟွန်း … တကယ်မလွယ်တဲ့ ဒက်ဒီ …

မိသွားလို့ကတော့ ဘုရားပေါ်ကနေ တရွတ်တိုက်ဆွဲခေါ်မှာ မလားဘဲ။

ဘုရားကအပြန်မှာ …

ဒက်ဒီ ကားပေါ်မှာပြောတာက …

လင်းလက်အိမ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီး ငွေပိုးထည် ..."

"ရှင် ... ဒက်ဒီ ..."

"သမီးကိုကြည့်ရတာ တစ်ခုခုကို စိတ်လှုပ်ရှားနေသလိုပဲ"

"ဟာ ..."

ထည့်ကို နောက်ကြည့်မှန်ထဲက ပြန်ကြည့်ပြီး ဒက်ဒီအကဲခပ်နေတာလေ။ ထည်ကလည်း ထည်ပါ။ ဘုရားခြေတော်ရင်း ကားပါကင်ကွက်လပ်လေးထဲကနေ ကားကိုမောင်းထွက်လာချိန်ကတည်းက ထည့်မျက်ဝန်းလေး ဟိုကြည့်ဒီကြည့်လေး ဖြစ်နေတာကို ဒက်ဒီက မျက်လုံးလျှင်လျှင်နဲ့ မြင်သွားခဲ့တာပါ။

"မဟာနဲ့လေ ငွေပိုးထည် ... ဒက်ဒီမေးတာကိုပဲ သမီးဖြေစမ်းပါ ... ဘုရားပေါ်မှာကတည်းက သမီးကို ဒက်ဒီစောင့်ကြည့်နေတာ ... တစ်ခုခုကြောင့် သမီးစိတ်တွေ လှုပ်ရှားနေတာ ဒက်ဒီ သိတယ် ... ဘာလဲ ... သမီးကို လရိပ်ထင်ဆိုတဲ့ ဟိုကလေကချေကောင် ဒက်ဒီ မသိအောင် လိုက်နှောက်ယှက်နေပြန်ပြီလား"

"ဟင့်အင်း ... ဟင့်အင်း ဒက်ဒီ ..."

"သမီး မလိမ်နဲ့နော် ..."

"မလိမ် ... မလိမ်ပါဘူး ဒက်ဒီရဲ့ ..."

"ဒက်ဒီ ပြောမယ် ..."

"ဟုတ် ... ဒက်ဒီ ..."

"ဒက်ဒီ ကားနောက်မှာ ဒီကောင့်စက်ဘီးကလေး ပါလာတယ်"

"ဘုရားရေ ..."

ထည် မျက်တောင်လေးကော့ကာ ဘုရားတလိုက်ရပြန်ပြီ





ဒက်ဒီ ကားနောက်မှာ သူ့စက်ဘီးလေး ပါလာလို့တဲ့။

လရိပ်ထင်ရယ် ...

ရှင် ... ကျွန်မကို တော်တော်ဒုက္ခပေးတာပဲ။

ရှင် ... ရှင် ... ဘုရားပေါ်ကနေ အေးအေးဆေးဆေးပြန်သွားဘဲ ဘာလို့ ဇွတ်တရွတ်လေးနဲ့ နောက်က လိုက်လာရတာလဲ ဟင်။

ထည် ... နောက်ကိုလည်း လှည့်မကြည့်ရဲပါ။

ကစ်ကစ်ကလည်း အေးစက်စက်လက်ကလေးနဲ့ ထည့် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားသည်။

"ဒက်ဒီ သိတယ် ... ဒီကောင် ဘုရားပေါ်အထိ ပါလာမယ်ဆိုတာ ... ဒက်ဒီ သဘောပေါက်တယ် ..."

ထည် ... ဒက်ဒီယုံအောင် ဘယ်လိုဖြေရှင်းရတော့မလဲ။

ထည့်အတွက် တစ်ခုပဲခက်နေတာက ဒက်ဒီကို ထည် မလိမ်ရဲတာပါ။ ဒါကြောင့်မို့ ... မထူးစိတ်လေးပိုက်ကာ ဒက်ဒီကို အမှန်အတိုင်းပဲ ဝန်ခံလိုက်သည်။

"ဟုတ် ... ဒက်ဒီ ... ထည် ... ထည် ... ဒက်ဒီနဲ့သူနဲ့ရန်ပွဲတွေ ထပ်ဖြစ်မှာစိုးလို့ မပြောရဲတာပါ။ သူ ... သူ ... ဘုရားပေါ်မှာလည်း ထည့်နောက်ကို လိုက်ပါတယ် ဒက်ဒီ၊ ထပ်ပြီးတော့ နှောက်ယှက်မှာစိုးလို့ ထည် ကြောက်ပြီးတော့ စိတ်တွေလှုပ်ရှားနေတာ၊ ထည် ... ထည်ပြောတာ ယုံပါနော် ဒက်ဒီ ... အဟင့် ..."

ရှိုက်သံလေးနှင့်အတူ ... ထည့်မျက်ဝန်းလေးထဲမှာ မျက်ရည်ကပါ ချက်ချင်း ဝဲတက်လာ၏။

"ဒက်ဒီ မယုံဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် … ဒက်ဒီ … "

"သမီး သူ့ကို စိတ်ဝင်စားနေပြီလား … "

"အို … ဟင့်အင်း … ဟင့်အင်း … "

ဒါကိုတော့ ထည် ခေါင်းမခါလို့ မဖြစ်ပါ။

ဒီလို ခေါင်းခါတော့ ဖြိုကျလာဖွဲ့ ဆံပင်ရှည်လေးတွေနဲ့ မျက်ရည်စက်လေးတွေငြိကာ ဆံပင်လေးတွေပါ စိုကပ်ကပ်လေး ဖြစ်သွားသည်။

"ဒက်ဒီ သဘောမတူတဲ့ ယောကျ်ားတစ်ယောက်ကို စိတ် ဝင်စားရင် ဒက်ဒီ ဘယ်လိုအပြစ်ဒဏ်ပေးတတ်တယ်ဆိုတာ သမီး သိတယ်မို့လား … "

"သိပါတယ် ဒက်ဒီရယ် … ဟင့် ဟင့် … သမီး သူ့ကိုစိတ် မဝင်စားပါဘူး … သမီးနောက်ကို မလိုက်ဖို့ တောင်းပန်တာလည်း သူက လက်မခံဘူးလေ ဒက်ဒီရဲ့ … "

"အဖေကြီးရယ် … သမီးလေးကို စိတ်ဆင်းရဲအောင် မပြောစမ်းပါနဲ့ … ကျွန်မသမီးလေးက မိဘကို ဘယ်တုန်းက … ပေးခဲ့ဖူးလို့လဲ … ဘွဲ့ရတဲ့အထိ လိမ်လိမ်မာမာလေး နေလာတဲ့ … ကို အခုဖြစ်နေတာက ဟိုကောင်လေးက ဇွတ်တရွတ်လေး လိုက် နေလို့ … သမီးလေး သောက ရောက်နေရတာ … "

မာမီ ဝင်ပြောတော့လည်း ဒက်ဒီက ခေါင်းခါသည်။

"အမေကြီးနော် … မင်းမသိဘဲနဲ့ ဝင်မပြောနဲ့၊ ဟော … အခုတွေ့လား … ကားတွေပိတ်ကြပ်နေတဲ့ကြားထဲမှာ ဒီကော… စက်ဘီးနောက်ကပါလာတာ"

ဒက်ဒီ ဒေါသနှင့်နောက်ကို လှည့်ကြည့်ရင်း မျက်နှာပါရဲ…





သည်။

လရိပ်ထင်ရယ် …

ရှင် … ရှင် … ခုထိ လိုက်လာတုန်းပဲလားဟင်။

ရှင် ဘာလို့ မပြန်သေးတာလဲ။

"သမီး ငွေပိုးထည် … "

"ရှင် … ဒက်ဒီ … "

"ဒီ … ဒီကောင် … သမီးကို တကယ်ချစ်လို့လိုက်နေတာ မဟုတ်ဘူး … ဒက်ဒီတို့မိသားစုလေးကို စိတ်သောကရောက်စေ ချင်တဲ့ဆန္ဒနဲ့ သမီးကို လိုက်နှောက်ယှက်နေတာ … ဒီအချက်ကို သမီးသိထားစမ်း … "

"ရှင် … "

"ဒီကောင့်ကို ဒက်ဒီ မယုံဘူး … သေချာနေတာက ဒက်ဒီက အထင်သေးသေးနဲ့ လူပုံအလည်မှာ အရှက်ခွဲထားလို့ ဒီကောင် ဒက်ဒီ စိတ်သောကရောက်အောင် လုပ်နေတာပဲဖြစ်ရမယ်၊ ဟော … ဟော ဟိုမှာတွေ့လား … မီးပွိုင့်မိနေလို့ ဒက်ဒီကားကို ဒီကောင်ကျော် တက်သွားတာ၊ ဒါ … ဒါ … ဒက်ဒီကို တမင်မမြင်မြင်အောင် ပြသွား တာ … ခွေးမသားကွာ … တောက် … "

ဒက်ဒီ ပြသလို တကယ်လည်း ကားတွေကြားထဲကနေ ထည်တို့ကားရှေ့ကနေ ခပ်တည်တည် နင်းထွက်သွားတာလေ။

ထည် လှမ်းကြည့်ရင်း အသက်ရှူမှားနေသည်။

ဘုရားပေါ်က ဆင်းလာကတည်းက လမ်းမှာ မီးပွိုင့်တွေ တောက်လျှောက် မိလာလို့ သူ့ စက်ဘီးကလေးက ကားနောက် ကို လိုက်လို့ရနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ... ကားတန်းကြီးရဲ့ မီးပွိုင့်ထိပ်အဆုံးထိ သူရောက်သွားပြီပေါ့။ ထည့်မှာတော့ ... ဒက်ဒီ နောက်ကနေ သူ့ကို လိုက်တိုက်ဦးမလားဆိုတဲ့ စိုးရိမ်စိတ်ကလေးနဲ့ ဆုတောင်းလိုက်ရတာ အမော။

ခြံထဲကို ပြန်ရောက်မှ ...

ထည် ဟင်းချနိုင်တာ မျက်နှာလေးပျက်လို့ပါ။

ထည် ... အံ့သြနေတာက ...

ဒက်ဒီက သူ့ကို ဘယ်လိုပဲ စွဲချက်တင်တင် သူ့ကို ထည်နှင့်လွှတ်နေနိုင်ခဲ့တာပင်။

ဒါ ... ဘာကြောင့်လဲ ...

မေ့လိုက်ပါလို့ သူ့ကို ပြောခဲ့မိပေမယ့် ...

ထည်ကိုယ်တိုင် မေ့လို့မရခဲ့တာကရော ...

ဘာသဘောလဲ ...

အခန်းထဲရောက်မှ ...

"အမလေး ... ကစ်ကစ်ရယ် ... ဟင့် ဟင့် ... "

ထည် အိပ်ရာလေးပေါ်မှာ ခေါင်းအုံးလေးကို မျက်နှာလေးအပ်ပြီး ဝမ်းနည်းစိတ်ကလေးနဲ့ ငိုချလိုက်မိပြီ။

"ဟာ ... မမလေး မငိုနဲ့လေ ... ဒုက္ခပါပဲ မမလေးရယ် ... ဖေဖေကြီးဆူနေလို့ မမလေး တစ်လမ်းလုံး ကြောက်လာတာ ကစ်ကစ်သိတယ် ... "

"မမလေး ... မမလေး ... အရမ်းဝမ်းနည်းလာလို့ ငိုလိုက်မိတာလေ ကစ်ကစ် ... သူ့ကို မေ့လိုက်ဖို့စဉ်းစားလေလေ ... မေ





လေး ငိုချင်လေလေပဲ ... " -

"ဩော် ... မမလေးရယ် ... "

ကစ်ကစ်ပင် မျက်ရည်လေးဝဲလာမိသည်။

"မမလေးလေ ... သူနဲ့ပတ်သက်ပြီးတော့ အမုန်အတိုင်းဝန်ခံရရင် သူ့ကို စတွေ့လိုက်တဲ့နေ့ကတည်းက ရင်ခုန်နေခဲ့မိတာ၊ မျက်နှာထားတည်တည်တင်းတင်းကလေးနဲ့ ဒက်ဒီ အထင်သေးနှိမ်ချသမျှ သူရင်ဆိုင်သွားခဲ့တာ ... သေချာတာက သူ့ကို မမလေးသနားတယ် ... သူဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ သူ့ကို မမလေးအထင်မသေးဘူး ... မမလေး အံ့သြနေတာက မမလေး နှလုံးသားထဲက အနက်ရှိုင်းဆုံးနေရာလေးအထိ သူ ရောက်နေခဲ့တာလေ ကစ်ကစ်ရဲ့ ... "

ထည် ... မျက်ရည်လေးသုတ်ရင်း ...

ကစ်ကစ်ကိုပဲ ရင်ဖွင့်လိုက်မိပြီ။

"အဲဒါ ... အဲဒါ ... ကစ်ကစ်လည်း သိတယ်လေ မမလေး၊ ဝမ်းမနည်းပါနဲ့ မမလေးရယ် ... ကစ်ကစ်သိထားတာက အချစ်မှာ မှုးစာရှင်မှန်ရင် ပြန်ဆုံရတတ်တယ်တဲ့ ... မမလေး အားမငယ်နဲ့ သုတ် ... သုတ် ... မျက်ရည်လေးတွေကို မမလေး သုတ်လိုက်"

လရိပ်ထင်ရယ် ...

ရှင့်ကြောင့် ... ကျွန်မ သေချင်တယ်။

ဖြစ်နိုင်ရင် ကျွန်မကို နှုတ်မဆက်ဘဲနဲ့ ...

ကျွန်မနဲ့အဝေးဆုံးကို ရှင် ထွက်သွားစမ်းကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ဟာ … လရိပ်ထင်ရာ … မင်းတကယ် ကြိုင်စားတယ်ကွာ"

သူ့ကိုတွေ့တာနှင့် ဝေသာ စိတ်ပျက်လက်ပျက်လေးလှမ်းပြောကာ ထိုင်ခုံအလွတ်ကလေးမှာ ဝင်ထိုင်သည်။

"ဟာ … ဟော့ကောင် ဘာဖြစ်လို့လဲ …"

ဒီမှာကဖြင့် စိတ်ဓာတ်ကျနေရတဲ့ကြားထဲ …

"ဘာ … ဘာဖြစ်ရမှာလဲကွ … မင်းယောက္ခမလောင်းကြီး အန်ကယ်ဦးမြင့်သူ … ငါတို့တကူးတကလာခေါ်ပြီး မင်းအကြောင်းတွေ အသားကုန်လာမေးနေတာလေ"

"ဟာ … ဘာတွေလာမေးတာလဲ …"

"ဘာတွေမေးရမှာလဲကွ … မင်းရဲ့ဆွေစဉ်မျိုးဆက်နောက်ကြောင်း ရာဇဝင်တွေ တစ်ခုမကျန် အကုန်လာမေးနေလို့ … ငါ ဘာမှမသိတဲ့အကြောင်း အကုန်ငြင်းပစ်လိုက်ရတယ် … မလွယ်ဘူး လရိပ်ထင် … အန်ကယ်ကြီး တော်တောတင်းနေတယ်"

"မင်း … မင်း … ငါ့အကြောင်းတွေ လုံးဝမပြောနဲ့နော်





ဝေသာ …"

"ဟာ … ဘာလို့ပြောရမှာလဲ … ငါက မင်းနဲ့ခင်တာ သိပ်မကြာသေးဘူးဆိုပြီး သူမေးသမျှတွေအားလုံးကို မသိဘူးဆိုပြီး ဖြောင်လိမ်ပစ်လိုက်တာ … အခုရော … ဘယ်လိုလဲ … မင်းတိုက်စစ်ဆင်နေတာ အရမ်းထိရောက်နေပြီလား …"

"လွယ်တော့မလွယ်ဘူးကွ …"

"အန်ကယ်ဦးမြင့်သူကတော့ မင်းကို ရေရေလည်လည်တင်းပြီး စွတ်ပေါက်ကွဲနေတာ …"

ဒါကို … ဇော်ထိုက်က ကြားဖြတ်ဝင်ပြောသည်။

"အေး … အဲလိုပေါက်ကွဲနေလို့ ဒီကောင်အထိုးခံလာရတာ ဘယ်နှစ်ခါရှိနေပြီလဲ … ဗိုက်နေ့ကလည်း ဒီကောင့်စက်ဘီးကို ကားနဲ့ဝင်တိုက်ပစ်တာ မသေတာက်ကောင်း … ဒါလည်း ငွေပိုးထည်ဆီက အချစ်ကိုမရသေးလို့ … ဒီကောင် ဝေါင်ကြောင်ကြောင်ဖြစ်နေတာ … ငွေပိုးထည်က သူ့ကိုမေ့လိုက်ပါ ပြောသွားလို့တဲ့လေ"

"ဟား … ဟား … ဒီလိုပဲဖြစ်ရမှာပေါ့ ဇော်ထိုက်ရာ … ငွေပိုးထည်ဆိုတာ မျက်နှာထားတည်တည်လေးနဲ့ ရိုးရိုးအေးအေးလေးနေတတ်တဲ့ကောင်မလေး … သူ့ဒက်ဒီရဲ့ဆန္ဒကို လုံးဝမဆန့်ကျင်ရဲတဲ့ကောင်မလေး … ဟွန်း … ဒီကောင်နဲ့ပတ်သက်တာနဲ့ ငွေပိုးထည်ကို ယောက်ျားပေးစားပစ်မယ်ဆိုပြီး ငါ့ကိုအပြတ်ပြောသွားတာ"

"ဟာ … ဟော့ကောင် … အဲလိုပြောရအောင် သူသဘောတူထားတဲ့လူ ရှိလို့လား"

"ဟာ … ရှိတယ်လေ …"

"ဘယ်သူလဲ …"



www.burmeseclassic.com

နောင်နောင့်ကပါ ဝင်မေးသည်။

"ဦးမြင့်သူပြောတာတော့ သူသဘောတူထားတဲ့သားမက်လောင်းလေးက နိုင်ငံခြားမှာရောက်နေလို့တဲ့ ... သူ့ကိုကမ်းလှမ်းထားတာ ကြာပြီတဲ့ ... ဒီလောက်ပဲ ငါ့ကိုပြောသွားတယ်၊ ကျန်တာတော့ ဘာမှမပြောဘူး ... "

"ဟွန်း ... "

သူကတော့ ခပ်တည်တည်ပဲ။

ဝေသာပြောတာကိုလည်း ဂရုမစိုက်နိုင်ပါ။

အရေးကြီးတာ ... ထည့်အချစ်ကို သူသိမ်းပိုက်နိုင်ဖို့ပဲလေ။ ထည်နှင့်အနီးဆုံးရောက်အောင် တိုးကပ်သွားနေသည့် သူ့ခြေလှမ်းကလေးတွေကို ဘယ်လိုအတားအဆီးတွေပဲရှိရှိ သူကျော်လွှားသွားဖို့ပဲ ဆုံးဖြတ်ပြီးသား။

"လရိပ်ထင် ... "

"ဟာ ... ပြောလေကွာ ဝေသာ ... "

"ငွေ ... ငွေပိုးထည်ကို မင်းတကယ်ချစ်တာလား"

"ဟွန်း ... "

ဝေသာက မယုံလို့မေးတာကို သူဘယ်လိုပြန်ဖြေရမလဲ။

"အေး ... ငါမေးတာကို မင်းမဖြေချင်လည်း ရတယ်လေ လရိပ်ထင် ... ငါကတော့ မင်းကိုပြောစရာရှိတာပြောမှာပဲ ... ဝေဖန်စရာရှိတာ ဝေဖန်မှာပဲ ... "

သူ ... ဝေသာမျက်နှာကို ငေါ်စင်းစင်းလေး လှည့်ကြည့်သည်။

"မင်းက ဘာဝေဖန်ချင်လို့လဲ ... "

"ငွေပိုးထည်ကို မင်းချစ်တာ ငါမယုံဘူး ... "





"ဘာ ... ဘာပြောတယ် ဝေသာ ... "

"မင်း အမှန်အတိုင်းဝန်ခံလိုက် ... ကက်ပီတယ်မှာ စတွေ့တဲ့နေ့က ငွေပိုးထည်ကို မတော်တဆတိုက်မိတာ မဟုတ်ဘဲ တမင်တကာ ဝင်တိုက်ပြီး ဒီဇာတ်လမ်းကို မင်းရအောင်ဖန်တီးသွားတာ"

"ဟား ... ဟား ... "

"ဟုတ်လို့လား ဝေသာရာ ... "

"ဖော်ထိုက် ... မင်းမမေးနဲ့လေ ... ဟုတ်လို့ ဒီကောင်တဟားဟားနဲ့အော်ရယ်နေတာ၊ မင်းမမြင်ဘူးလား ... ဟော ... နောက်တစ်နေ့လည်းကျရော ဘာမပြောညာမပြောနဲ့ အဝါရောင်ပန်းစည်းကြီးကိုင်ပြီး ငွေပိုးထည်နောက်ကို ဒီကောင် စလိုက်တော့တာလေ ... "

"ဟာ ... အဲဒါ ဟုတ်တယ်လေ ဝေသာ ... အဲဒီနေ့က ဒီကောင် ပန်းစည်းကြီးနဲ့ရောက်လာလို့ ... ငါတို့ကောင်တွေ ပြစ်ပြစ်နှစ်နှစ် ဝိုင်းတွယ်ကြသေးတယ်လေ ... အဲဒါ ဘာဖြစ်လို့လဲ ... "

နောင်နောင်က သတိတရ ပြန်ပြောရင်း လရိပ်ထင်ကိုကြည့်တာ ပြုံးသည်။

"အဲဒါ ... ဒီကောင် တကယ်ချစ်လို့လိုက်ခဲ့တာ မဟုတ်ဘူး"

"ဘာ ... "

သူ ဝေသာ့ကို ချာခနဲ လှည့်ကြည့်မိ၏။

"မင်း ... မင်း ငါ့ကို ... မကျေမနပ်ပြန်လှည့်မကြည့်နဲ့လေ လရိပ်ထင် ... ငါက မင်းစိတ်ဓာတ်နဲ့ မင်းနှလုံးသားကိုသိနေလို့ ပွင့်ပွင့်လင်းလင်း ဝေဖန်နေတာ ... သေချာတာက မင်းကို ငါမယုံဘူး ... မင်း ငွေပိုးထည်ကို တကယ်မချစ်ဘူး ... "

ဝေသာရဲ့ ပြင်းထန်လွန်းတဲ့ စွတ်စွဲချက်လေးအောက်မှာ

www.burmeseclassic.com



သူ ဘယ်လိုချေပရမလဲဆိုတာပဲ စဉ်းစားနေမိသည်။

"ဟင့်အင်း ဝေသာ ... မင်း စွတ်စွဲတာမှားတယ်"

"ဟင် ... ငါဘာမှားလို့လဲ ..."

"ငွေပိုးထည် မျက်နှာလေးကို စတွေ့တဲ့နေ့ကတည်းက ငါ ချစ်ခဲ့တာ"

"ဟုတ်လို့လား ... လရိပ်ထင်ရာ ..."

"ဒါပေမဲ့ကွာ ... ငါ့ဘဝက ..."

"ဟေ့ကောင် ... မင်းစကားပြောရင် ပွင့်ပွင့်လင်းလင်းပြော နော် လရိပ်ထင် ... ငွေပိုးထည်နောက်ကို မင်းစလိုက်တဲ့နေ့က တည်းက မင်းကိုငါ အကဲခတ်နေတာကြာပြီ ... မင်းရင်ထဲမှာ ငါတို့ မသိတဲ့ လျှို့ဝှက်ချက်တစ်ခုခုရှိနေတာ ငါသိနေတယ် ... အဲဒါ မင်း မလိမ်နဲ့ ..."

"ငါ ... မလိမ်ဘူးဝေသာ ... ငါ ... မင်းတို့အားလုံးကို တကယ်ပြောနေတာ ... ငွေပိုးထည်ကို ငါတကယ်ချစ်ခဲ့တာ — ဒါပေမဲ့ကွာ ..."

"ဟော ... တွေ့လား ... ဒါပေမဲ့ကွာကြီးကို မင်းထပ်ပြော ပြန်ပြီ"

ဝေသာ ... မကြေမချမ်းကလေးနှင့် သူ့ဆီမျက်စောင်းထိုး လေးပါ ဝဲလာသည်။ နောင်နောင်နှင့် ဇော်ထိုက်ကလည်း ...

"ဟုတ်တယ် လရိပ်ထင် ... အခုတလော မင်းကိုကြည့်ရ တာ တမှိုင်မှိုင်တတွေတွေနဲ့ ... မင်းမှာ စိတ်ဓာတ်ကျစရာ ဘာတွေ ရှိနေလို့လဲ ... အန်ကယ်ဦးမြင့်သူကိုပဲ ... မင်းနာကြည်းနေတာလား ငွေပိုးထည်ဆီက အချစ်ကို မရလို့ မင်းအားငယ်နေတာလား — ငါတို့ကို ရှင်းအောင်ပြောကွာ ..."





"နောင်နောင် မေးသလို ငါလည်းမေးချင်တယ် လရိပ်ထင်၊ မင်း တစ်ခုခုဖြစ်နေတာ ငါစိတ်ထဲမှာလည်း သိနေသလိုပဲ"

သူ့ကိုကြည့်ပြီး ဝေဖန်သံတွေ တစ်ယောက်တစ်ပေါက် ညံ လာသည်။ ဘာပဲပြောပြော သူငယ်ချင်းတွေနားလည်လာအောင် ဖြေရှင်းပြရမှာ သူ့တာဝန်လေ။ ဒါပေမဲ့ ... ခက်နေတာက သူ့ရည် ရွယ်ချက်တွေက ထုတ်ဖော်ပြောလို့မှ မရသေးတဲ့ဥစ္စာ။

သူ ...

နှုတ်ခမ်းလေးမဲ့ပြီးတော့ပဲ ပြုံးလိုက်မိ၏။

"ဟွန်း ... ခုချိန်မှာတော့ မင်းတို့ ငါ့ကိုကြိုက်သလို ဝေဖန် ကြလေ ... ငါ မမှုပါဘူး၊ ငါကတော့ ... ငွေပိုးထည်ဆီက အချစ်ကို ရအောင်ဆက်လိုက်ရမှာပဲ ... ဝေသာပြောသလို ငါ့ကို မယုံတာလဲ ငါဘာမှ မပြောလိုဘူး ... သေချာတာက အချိန်က မင်းတို့သိချင် နေတဲ့ အဖြေတစ်ခုကို ပေးသွားလိမ့်မယ်ဆိုတာပဲ ..."

"ရတယ်လေ ... လရိပ်ထင် ... မင်း ဘယ်လိုပဲလျှို့ဝှက် လျှို့ဝှက် ... အဖြေဆိုတာ တစ်နေ့ပေါ်မှာပဲ ..."

ဝေသာ မကျေမနပ်နှဲ့ဘဲ စိတ်လျှော့လိုက်ပုံရ၏။

တကယ်တော့ ... ဒီဇာတ်လမ်းလေးကို သူ စခဲ့ရတာဟာ

မေမေ့ကြောင့်မှ မဟုတ်ရင် ... ဘယ်သူ့ကြောင့် ဖြစ်လေ လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

တစ်နေ့သော အခါမှာ ...

မေမေဟာ သိပ်ကိုမှ လေးနက်တည်တင်းလွန်းတဲ့ မျက်နှာထားကလေးဖြင့် သူ့ကို စာကြည့်ခန်းထဲမှာ တွေ့ဆုံခဲ့ပါသည်။

ဒါဟာ ... ထူးဆန်းမှုတစ်ခုပို့ ...

မေမေ့အနားကို တိုးကပ်သွားကာ ကြောင်ကြည့်နေဆဲ။

"သား ... လရိပ်ထင် ..."

"ဗျာ ... မေမေ ..."

"ဒီနေ့မှ ထူးထူးဆန်းဆန်း မေမေခေါ်လိုက်လို့ ... သား သိပ်ကို အံ့ဩနေသလားဟင်"

"အံ့ဩတာပေါ့ မေမေ ... လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းက ဒီလိုတွေ့ဆုံနိုင်ဖို့ သားကိုကြိုတင်ချိန်းထားတာဆိုတော့ မေမေ ဘာပြောချင်လို့လဲဆိုပြီး သားစိတ်တွေလှုပ်ရှားနေခဲ့ရတာ ဟွန်း ... ဘာလဲမေမေ ... ဒီနေ့မှာ ကျရောက်တဲ့ သားရဲ့နှစ်ဆယ့် သုံးနှစ်ပြည့်မွေးနေ့လေးမှာ ... သားကို အမှတ်တရလက်ဆောင်လေးတစ်ခု မေမေ ပေးချင်နေလို့လား ..."





"ဟင်း ... ဟင်း ... ဒါပေါ့သားရယ် ... အဲဒီလက်ဆောင်လေးက မေမေ့ဘဝမှာ ဘယ်တော့မှ မေ့လို့မရခဲ့တဲ့လက်ဆောင်လေးဆိုတာ သားသိအောင် ပြောပြချင်လို့ ... သားရဲ့ဒီမွေးနေ့လေးကို မေမေ တမင်ချိန်းထားခဲ့တာလေ ... ကဲ ... ဒီစားပွဲလေးမှာ မေမေနဲ့အတူတူ သားထိုင်လိုက် ..."

ပြောပြီးတာနှင့် ...

မေမေက သူ့ရှေ့စားပွဲပေါ်မှာ အသင့်ချထားသည့် ကွန်ပျူတာ လက်တော့ပ်လေးကို ခလုတ်တွေနှိပ်ကာ ဖွင့်လိုက်ပါသည်။

"ဟင် ... မေမေ ... ဘာပြမလို့လဲ ..."

ဒါကိုကြည့်ကာ သူ တအံ့တဩလေးတော့ မေးမိသည်။

ဒီလိုမေးတော့ ... နှုတ်ခမ်းလေးတွန့်လျှက် မေမေ ပြုံးပါသည်။

"ဟွန်း ... မေမေ ပထမဆုံး သားကိုသိစေချင်တာက မေမေ့ရဲ့ငယ်ဘဝ အမှတ်တရဓာတ်ပုံလေးတွေနဲ့ မေမေ့ရဲ့ခံစားချက်လေးတွေကို သိစေချင်တာလေ ... လက်ရှိအချိန်မှာ သားအဖေက မရှိတော့ပေမယ့် ... သားဖေဖေ ထားခဲ့တဲ့ ဆယ်သက်အားမကုန်တဲ့ စည်းစိမ်ချမ်းသာပုံကြီးပေါ်မှာ ကျန်ခဲ့လို့ ... မေမေတို့ ချမ်းသာနေတာ ... သားဖေဖေရဲ့ကျေးဇူးတွေပါပဲ ... တကယ်တမ်းကျတော့ မေမေ့အသက် ဆယ့်ကိုးနှစ်သမီးအရွယ် အပျိုဘဝက ချမ်းကိုပဲဆင်းရဲခဲ့ပါတယ် ... ကဲ ... ဒီမှာကြည့်လိုက်လေ သား ... မေမေ ဆယ်တန်းနှစ်ကျောင်းသူဘဝက ဓာတ်ပုံလေး ..."

"ဟာ ... မေမေ ..."

သူ ... မျက်တောင်လေးတွေကော့ကာ မျက်ဝန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဝိုင်းစက်သွားရတဲ့အထိ အံ့ဩသွားရအောင် ချို့တဲ့တဲ့အဝတ်အစား အနွမ်းအဟောင်းကလေးနဲ့ မေမေဟာ ဓာတ်ပုံဟောင်းလေးထဲမှာ ပြုံးနေခဲ့တာလေ။

"ဟွန်း ... မင်း တွေ့တယ်နော် သား ..."

"တွေ့တာပေါ့ မေမေရဲ့ ..."

"ဒီဓာတ်ပုံလေးရဲ့အနောက်ဘက်က ပျဉ်ထောင်အိမ်စုတ်စုတ်လေးဟာ မေမေ နေခဲ့ရတဲ့အိမ်ပေါ့ ... သားဖိုးဖိုးနဲ့ဖွားဖွားကစက်ကလေးချုပ်၊ လက်ချုပ်လေးလိုက်နဲ့ ဈေးထဲမှာ အထည်ကလေးသွင်း ... အထည်ကလေးရောင်းနဲ့ နေခဲ့ရတဲ့အချိန်မှာပဲ၊ မေမေက ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကျောင်းသူဖြစ်ခဲ့တယ်ဆိုပါတော့ သားရယ် ... မေမေ တတိယနှစ်ကျောင်းသူဖြစ်လာတော့ မေမေ အသည်းနင့်အောင် ချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက်ကို တွေ့လာခဲ့ရတယ်လေ ..."

"ဟင် ... အဲဒါ ဖေဖေလား ..."

"မဟုတ်ဘူး သား ..."

"ဗျာ ..."

"ဒီမှာလေ ... မေမေချစ်သူရဲ့ ဓာတ်ပုံ ... သူ့နှာမည်ကကိုမြင့်သူတဲ့ ..."

သူ ကြည့်လိုက်တော့ မေမေ့ချစ်သူဟာ ... ဘောင်းဘီရှည်စပို့ရှပ်နှင့် ခေတ်မှီမှီခပ်လန်းလန်း လူတစ်ယောက်။ မေမေ့ပခုံးလေးကိုဖက်ပြီး အင်းလျားကန်စောင်းတစ်နေရာမှာ မေမေတို့ ရိုက်ထားခဲ့ကြတာပါ။

"ဟင်း ... ဟင်း ... မဆိုးပါဘူး မေမေ၊ မေမေ့ချစ်သူက တော့ တော်တော်ဖြောင့်တယ်နော် ... သူက ဘာလုပ်သလဲ မေမေ ... တက္ကသိုလ်ကျောင်းသားပဲလား ..."

www.burmeseclassic.com



"ဟုတ်တယ်လေ သား ... သူက မေမေနဲ့ဆို မေဂျာတူ အတန်းတူ သူငယ်ချင်းပေါ့ ... သူက ချမ်းသာတယ်၊ မေမေ့ဘဝ ထက် အများကြီး အဆင့်အတန်းမြင့်တယ် ... ဟောဒီမှာ ကြည့်လိုက် ... အဒီအချိန်တုန်းက သူစီးခဲ့တဲ့ကား ..."

မေမေက လက်တော့ကွန်ပျူတာ ခလုတ်လေးကိုနှိပ်ပြီး နောက်ထပ်ဓာတ်ပုံလေးတွေ တစ်ပုံပြီးတစ်ပုံ ထုတ်ပြသည်။

"ဟင်း ဟင်း ... မေမေတို့နှစ်ယောက်က ဓာတ်ပုံတွေ အများကြီးတွဲရိုက်ခဲ့တာပဲနော် ... မေမေနဲ့တော်တော်ချစ်ခဲ့ကြတာ ... နောက်တော့ ဘာတွေဆက်ဖြစ်ကြလဲ"

"ဘာတွေဖြစ်ကြသလဲဆိုတော့ ... မေမေတို့နှစ်ယောက်ရဲ့ ကြိုးခြင်းကို အဆင့်ချင်းမတူဘူးဆိုပြီး ... သူတို့ဘက် မိဘအသိုင်းအဝိုင်းတွေက အတင်းလိုက်ခွဲကြတယ်လေ ... သူ့မေမေကဆိုရင် မေမေ့ကို မတူမတန်တာမှန်းရမလားဆိုပြီး လူလည်ခေါင်မှာ ပါးဝင်ရိုက်တဲ့အထိ မေမေ ခံခဲ့ရတာ"

"ဟာ ... မေမေရာ ..."

ပြောရင်းနှင့် မေမေပြုံးနေတာ နာကျင်စွာလေးနှင့်ပါ။

"နောက်တော့ ... မထင်မှတ်ဘဲ သူနဲ့မေမေ ခိုးရာလိုက်ပြေးတဲ့ အဆင့်အထိ ရောက်သွားခဲ့တယ်လေ ... သားရဲ့"

"ဗျာ ..."

"ဒါကိုလည်း သူတို့ဘက်က အတင်းလိုက်ခွဲခဲ့ကြတယ်လေ၊ ဘယ်လောက်ထိတောင် လိုက်ခွဲခဲ့သလဲဆိုရင် ဆင်းရဲတဲ့မေမေ့ရဲ့

www.burmeseclassic.com



ဖေဖေနဲ့မေမေကို ငွေအထပ်လိုက်ပုံအော လျော်ကြေးပေးပြီး လိုက်
ခွဲခဲ့တာ ... သူကလည်း နောက်ဆုံးတော့ မေမေ့အပေါ် သစ္စာမဲ့ပြ
ဟိုဘက်ကို ... ပြန်လိုက်သွားခဲ့တယ် ... မေမေ ဘယ်လောက်ကြေ
ကွဲခဲ့ရမလဲဆိုတာ ... သား စဉ်းစားကြည့်စမ်း ... ”

“မေမေရာ ... မေမေ ဘာလို့သားမွေးနေ့ကျမှ ဒီအကြောင်း
တွေပြောရတာလဲဗျာ ... သား မခံချင်လိုက်တာ ... ”

“ဟွန်း ... ဟင်း ... မေမေပြောတာ အကြောင်းရှိလို့ပြော
တာပေါ့သားရဲ့ ... ဒီအဖြစ်အပျက်တွေဟာ မေမေ့ဘဝတစ်လျှော
လုံး ဘယ်တော့မှ မေ့လို့မရခဲ့တဲ့ အဖြစ်အပျက်တွေမို့လို့ သား
မေမေပြောပြနေတာ ... ပြန်တွေးမိတိုင်းလည်း မေမေ အသည်းနာ
တယ် ... မေမေ့ဘဝရဲ့ ပုံရိပ်ဟောင်းတွေထဲမှာ ကိုမြင့်သူဆို
မေမေ့ချစ်သူကို မေမေ စိတ်အနာဆုံးပဲ ... ဒါကြောင့်မို့ ... သူ
လက်စားပြန်ချေရမယ် ... မေမေ ခံစားခဲ့ရသလို သူပြန်ခံစားလို
ရတယ်ဆိုရင် မေမေ ကျေနပ်ပြီ ... အဲဒီအတွက် သားကို မေမေ
ခေါ်လိုက်တာ ... ”

“လက် ... လက်စားချေရမယ် ဟုတ်လား မေမေ ... ”

သူ ... မေမေ့မျက်ဝန်းတွေကို တုန်လှုပ်စွာ ကြည့်မိသည်

“ဟုတ်တယ်လေ သား ... ဒါကြောင့်မို့ သားကို မေမေ
ပင်တာ ... ကဲ ... ဒီမှာ သားငယ်ကြည့်လိုက်ဦး ... ဒါ လွန်ခဲ့
သုံးလလောက်က ဆီဒိုးနားက မင်္ဂလာဆွဲ့ပွဲတစ်ခုမှာ ကိုမြင့်
တို့ မိသားစုတွေ ... ပွဲတက်လာတာတွေလို့ မေမေ တပည့်
တစ်ယောက်ကို ခိုးရိုက်ခိုင်းလိုက်တဲ့ ဓာတ်ပုံတွေ ... ”

“ဟာ ... ဒီ ... ဒီကောင်မလေးက တအားမိုက်တယ်





မေမေ ... ဒါ ... ဒါ ... ဘယ်သူလဲ ... ”

“မေမေ အမုန်းဆုံးရန်သူ ... ကိုမြင့်သူရဲ့ ... တစ်ဦးတည်း
သော သမီးလေး ငွေပိုးထည်လေ ... ”

“ငွေပိုးထည် ... ”

သူနာမည်လေးကို နှုတ်က ရွတ်ဆိုကြည့်မိသည်။

“ဟွန်း ... အရှင်းဆုံးပြောရမယ်ဆိုရင် ဒီကောင်မလေးကို
သား မရရအောင် လိုက်ပြီး ... ကိုမြင့်သူကို လက်စင်ပေးရမယ်၊
မေမေ ခံစားခဲ့ရသလို ဒီကောင်မလေး ပြန်ခံစားရအောင် သားလုပ်
ရမယ် ... ”

“ဗျာ ... ”

ဒါကိုတော့ သူ လက်မခံနိုင်ပါ။

သူ ... ကွန်ပျူတာလက်တော့ဖန်သားပြင်ပေါ်က ပုံရိပ်က
လေးကိုကြည့်ပြီး ခေါင်းကလေးကိုပဲ ဖြည်းလေးစွာ ခါးယမ်းနေမိ
သည်။

“မင်း ... မင်း ခေါင်းမခါနဲ့လေ ... လရိပ်ထင် ... မေမေ့ကို
တင်းခိုးပြေး အတင်းပေါင်းသင်းပြီးတော့မှ ပိုက်ဆံထုပ်နဲ့ပစ်
ခဲ့ပြီး ... မေမေ့ကို ရက်စက်သွားတဲ့လူတစ်ယောက်ကို ...
မေမေ လက်စားမချေသင့်ဘူးလား ... မေမေ လိုချင်ခဲ့တဲ့ထိုက်တန်
တဲ့ လျော်ကြေးတစ်ခုကို သူဆီက မေမေ ပြန်မတောင်းသင့်ဘူး
လား”

“ဒါ ... ဒါကတော့ ... မေမေရာ ... ဒီဓာတ်ပုံထဲက ငွေပိုး
ထည်ဆိုတဲ့ ကောင်မလေးက အပြစ်မှမရှိတဲ့ဥစ္စာ ... ပြီးတော့လည်း
မေမေကြည့်ပါဦး ... ကောင်မလေးက ကျက်သရေရှိတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားလေးနဲ့ သိပ်ကိုချစ်ဖို့ကောင်းနေတဲ့ ကောင်မလေး ...”

“တိတ်စမ်း လရိပ်ထင် ...”

မေမေ ထိတ်လန့်တကြားလေးနဲ့ သူ့ကိုအော်လေပြီ။

သူ ... မေမေ့မျက်နှာကိုပဲ မယုံနိုင်လောက်အောင် ငေးကြ နေမိသည်။ သေချာနေတာက ဓာတ်ပုံထဲက အန်ကယ်ဦးမြင့်သူ တဲ့လူကြီးကို မေမေ တအားနာကျည်းနေတာပါ။ ဒါကို သူလက်ခံ ပေမယ့် ... ငွေပိုးထည်ဆိုတဲ့ သိပ်ကိုစွဲမက်ဖို့ကောင်းနေတဲ့ မျက် ထားလေးကိုပိုင်ထားတဲ့ ကောင်မလေးက အပြစ်မှမရှိတဲ့ဥစ္စာ

ခက်နေတာက မေမေပဲ ...

မေမေဟာ ပြင်းထန်တဲ့ စိတ်ဓာတ်ခွန်အားကိုပိုင်ထားသ ရည်ရွယ်ထား ဆုံးဖြတ်ထားရင်လည်း ဘယ်တော့မှ နောက် ဆုတ်သွားတာမျိုး မေမေ မလုပ်ခဲ့။ ပြောရင် ပြောသလို လုပ် လည်း ခပ်ရှင်းရှင်း ခပ်မာမာလုပ်တတ်သူ။

ခုတော့ ... မေမေဟာ ...

အားကိုးခြင်းကြီးစွာနဲ့ သူ့ကို အမိန့်ပေးနေခဲ့ပြီလေ။

“မင်း ... မင်း ... မေမေ့သားဖြစ်ပြီးတော့ သွေးမကြော စမ်းနဲ့ လရိပ်ထင် ... ဒီကောင်မလေးကို မင်းရအောင်လိုက်ရမ ခုလက်ရှိအချိန်မှာ ကိုမြင့်သူက ကုမ္ပဏီစီးပွားရေးမှာ ဟန်လော ပဲရှိပြီး ထဲထဲဝင်ဝင် ဘာမှမလုပ်နိုင်တော့ဘူးလေ ... သူထော ထားတဲ့ First Arrow ကုမ္ပဏီမှာ အရှုံးတွေဆက်တိုက်ပြနေလို့ စိ တွေညစ်ပြီး ... အရက်တွေ ညတိုင်းသောက်တဲ့အဆင့်ကိုရောက် တာ”

မေမေဟာ ဒါကိုပဲ ကျေနပ်နေတဲ့မျက်နှာထားလေးနဲ့





“ဟွန်း ... အဲဒါ အချိန်ကောင်းပဲလေ သား ... ဒီအချိန်မှာ သူ့အသည်းကို မီးပုံရှို့နိုင်ဖို့ ငွေပိုးထည်ကို မင်းရအောင်လိုက်ရမယ်၊ လိုက်လို့ရပြီဆိုတာနဲ့ ... မင်းဘာဆက်လုပ်ရမလဲဆိုတာ မေမေ ညွှန်ကြားမယ် ... တစ်ခုတော့ရှိတယ် ... ဒီပွဲမှာ အရှုံးတွေနဲ့ မေမေ့ဆီကို မင်း ပြန်မလာခဲ့နဲ့ ...”

“ဟွန်း ... မေမေရာ ... ရှုံးတယ်ဆိုတဲ့စကားကိုတော့ မေမေ မပြောပါနဲ့ ... သားက လရိပ်ထင်ပါ မေမေ ...”

“ဒီကောင်မလေးကို မင်းလုံးဝချစ်သွားလို့မရဘူးနော် သား၊ ဒါကို ... မေမေ လုံးဝခွင့်မပြုနိုင်ဘူး ... မေမေ သိတယ်၊ ဝင်းနှစ်အိစက်နေတဲ့ အသားအရည်ကလေးနဲ့ သိပ်ကိုစွဲဆောင်မှုရှိတဲ့ ကောင်မလေးတစ်ယောက်ဆိုတာလည်း မေမေ နားလည်ထားတယ် ... အဲဒီဆွဲဆောင်မှုတွေအားလုံးထဲကနေ မင်းရုန်းထွက်နိုင်မှ ဒီပွဲမှာ မေမေ အနိုင်ရမှာ ... ဒါကြောင့်မို့ ... ဒီကောင်မလေးကို မင်းချစ်သွားလို့မရဘူး ... သူ့အဖေကိုမုန်းတဲ့စိတ်နဲ့ ... ဒီကောင်မလေးကို မင်းရအောင်လိုက်ရမယ် ... မေမေ စုံစမ်းပြီးသွားပြီ ... ဒီကောင်မလေးမှာ ရည်းစားမရှိဘူး၊ ဓာတုဗေဒ အမိကနဲ့ ဘွဲ့ရထားတဲ့ကောင်မလေး၊ ကဲ ... မင်း ဘာသိချင်သေးလဲ ...”

သူ ဘယ်လိုလုပ်ရမလဲ ...

ဒါဟာ ... သူ့အချစ်ဆုံး မေမေ့ရဲ့အမိန့်။

ငွေပိုးထည်တဲ့ ...

First Arrow ကုမ္ပဏီပိုင်ရှင် ဦးမြင့်သူရဲ့သမီး။

သူ လိုက်ရတော့မှာပေါ့ ...

ဘာပဲပြောပြော ...



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာ ဖန်သားပြင်လေးပေါ်မှာ ...

သူမလေးရဲ့ ဓာတ်ပုံလေးပေါ်လာကတည်းက သူ့ကို ညို့ချက်ပြင်းပြင်းကလေးနဲ့ ဆွဲဆောင်သွားခဲ့တာလေ။

ငွေပိုးထည် ...

မင်းသိပ်လှတာကို ကိုယ်ဝန်ခံပါတယ်။

ကိုယ့်မေမေရဲ့ ... စေခိုင်းမှုတွေအရ မင်းနောက်ကို ကိုယ်လိုက်ခဲ့တာမှန်ပေမယ့် ... မင်းကို တကယ်ချစ်သွားမိတာကိုတော့ မေမေ့ကို ကိုယ်ဝန်မခံရဲဘူးလေ။ မေမေ သိသွားရင် ဒေါသူပုန်ထနေတော့မှာပေါ့။

ဒီနေ့မှာလည်း ...

ခေါင်းကလေးငိုက်စိုက်ချပြီး မေမေ့ရှေ့ကနေ ဖြတ်ဝင်သွားလိုက်တော့ ...

"လ ... လရိပ်ထင် ... "

"ဗျာ ... မေမေ ... "

မေမေ့ခေါ်သံကြောင့် အခန်းရှိရာကို ဆက်လျှောက်မသွားတော့ဘဲ မေမေထိုင်နေသည့် ဆိုဖာဆက်တီခုံတွေရှိရာဘက်ကို သူမျက်နှာကလေးကို ချာခနဲ လှည့်လိုက်ရပါသည်။

"သားရဲ့နောက်ဆုံးအခြေအနေတွေ မေမေ့ကို ပြောပြဦးလေ သားရဲ့ ... ဒီနေ့ရော ဘယ်လိုလဲ ... ဘုရားကိုလိုက်သွားတာအဆင်ပြေရဲ့လား ... "

"ဟွန်း ... နီးတော့နီးစပ်နေပါပြီ မေမေ ... "

"အဲဒါ ... မေမေ မြင်တယ်လေ ... "

"ဗျာ ... "





"မနက်က မင်းတို့စုံတွဲလေး ... ဗောဓိညောင်ပင်ကြီးဘက်ကို ဝင်သွားတာ ... မေမေ တွေ့လိုက်လို့ ပြောနေတာ"

အဲလို ... သိပ်တိကျတဲ့ မေမေ ...

မေမေ့ရဲ့ ဘော်ဒီဂတ်လက်စွဲတော် မပွတ်ကျွတ်ဆိုတဲ့အိမ်ဖော်မလေးကိုခေါ်ပြီး သူ့အခြေအနေကို မေမေ မသိမသာလိုက်ကြည့်တာပဲ နေမှာပေါ့။

"ဟွန်း ... မဆိုးပါဘူး ... စုံတွဲလေးကတော့ တကယ်လိုက်တယ် ... ကောင်မလေးက အရင်တစ်ခေါက် တွေ့တာထက်တောင် ပိုကျက်သရေရှိနေသလိုပဲ ... ဘာလဲဟင် သား ... လိုက်ရင်း ... လိုက်ရင်းနဲ့ ... မင်းအသည်းနှလုံးတွေကို ကြိုးချည်ထားလို့ရောနေသေးရဲ့လား ... ဟင်း ဟင်း ... "

မေမေ ခနဲ့ပြုံးလေး ပြုံးပါသည်။

"ဒါကတော့ မေမေရာ ... မေမေ မွေးထားခဲ့တာ၊ စက်ရုပ်လို အသည်းနှလုံးနဲ့ သားတစ်ယောက်ကို မွေးထားတာမှမဟုတ်တာ ... ပြီးတော့လည်း ... မေမေ လက်စားချေခိုင်းထားတဲ့ကောင်မလေးက လုံးဝအပြစ်မရှိဘဲ ဖြူစင်နေတဲ့ ကောင်မလေးလေ"

"မလိုချင်ဘူးသား ... တန္တယ်ငင် တံခဲ့ပါဆိုတဲ့စကားလိုပဲ ကောင်မလေးရဲ့သွေးတွေဟာ သူ့အဖေ ဦးမြင့်သူရဲ့သွေးတွေပဲဆိုတာ မင်းသိထားရလိမ့်မယ် ... ကောင်မလေးကို မင်းချစ်သွားလို့မဖြစ်ဘူး"

သူ စိတ်ပျက်စွာပဲ ပင့်သက်လေးချမိသည်။

"မေမေပြောတာ ကြားတယ်နော် ... သား ... "

www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ် မေမေရာ ..."

"မေမေတို့ ချမ်းသာတာလည်း ကောင်မလေး လုံးဝမသိ စေနဲ့ ... အထူးသဖြင့် မေမေ့သားဆိုတာ ဟိုဘက်ကလူတွေ ဘယ် သူမှ မသိဖို့လိုတယ်"

ဒါဟာ ... မေမေ သတ်မှတ်ခဲ့တဲ့ စည်းကမ်းချက်တွေလေ

သူ လိုက်နာခဲ့ရတာပဲ။

လက်ရှိအခြေအနေမှာ သူစိတ်ဓာတ်ကျနေရတာက မေမေ ဘာတွေများ ထပ်ပြီးတော့ ညွှန်ကြားနေဦးမလဲဆိုတာ သူမသိနို တာဘဲဖြစ်သည်။ မေမေ ကြံစည်နေတဲ့ အကြံအစည်တွေကိုလည်း သူ နားမလည်ပါ။

သူ စိုးရိမ်နေတဲ့အဓိက အချက်က ...

အပြစ်မဲ့တဲ့ ငွေပိုးထည်ကို မထိခိုက်စေချင်တာပဲ။

သူ အပေါ်ထပ် အိပ်ခန်းဆီ တက်လာတော့ ...

"ဟင် ... အစ်ကိုလေး ... မျက်နှာလည်း မကောင်းပါလား ဘာလဲ ... အစ်ကိုလေးလိုက်နေတဲ့ ဟိုမမလေးနဲ့အဆင်မပြေလို့ လား"

ဘုရားခန်းထဲကနေ ဘုရားပန်းအိုးတွေကိုင်ပြီး ထွက်လာတဲ့ မပွတ်ကျွတ်က အရေးထဲမှာ သူ့ကိုလာစပ်စုနေသေး၏။

သူ မပွတ်ကျွတ်ကို မျက်လုံးပြူးပြကာ ...

"အဲဒါ ... နင်နဲ့ဆိုင်လို့လား ..."

သူ့အော်တော့ မပွတ်ကျွတ်က လျှာလေး တစ်လစ်ထုတ် လျှက်။

"ဟဲဟဲ ... ဆိုင်လို့မေးတာပေါ့ အစ်ကိုလေးရဲ့ ..."



"အောင်မယ် ..."

"မေမေကြီးက ပြောတယ်သိလား ..."

"ဟင် ... ဘာပြောလဲ ..."

"မမလေး ငွေပိုးထည်ကို အရမ်းချစ်စရာကောင်းလို့တဲ့"

"နင်ပြောတာ ... တကယ် ..."

"တကယ်ပေါ့ အစ်ကိုလေးရဲ့ ... မနက်အစောကြီးတုန်းက ဘုရားမှာတွေ့လိုက်တာလေ၊ အဲဒါ ... အဲဒါ ... အစ်ကိုလေးကို မပွတ်ကျွတ် အကြံပေးချင်လို့ ..."

"ဟင် ... ဘာအကြံလဲ ..."

"အစ်ကိုလေးနဲ့ အဲဒီမမလေးက အရမ်းလိုက်တယ်၊ မေမေ ကြီးစကားကို နားမထောင်ဘဲနဲ့ အဲဒီမမလေးကို ခိုးပြေးပါလားဟင်"

"ဟား ... ဟား ... အဲဒါ မေမေသိရင် နင့်ကိုပါမောင်းထုတ် မှာလေ ... မပွတ်ကျွတ်ရဲ့ ..."

"အို ... မောင်းထုတ်လည်း ဘာဖြစ်လဲ၊ မပွတ်ကျွတ်က သဘောတူလို့ အကြံပေးတဲ့ဥစ္စာကို ... ဟွန်း ... ခုလည်း အစ်ကို လေးက အဲဒီမမလေးကို တကယ်ကြိုက်နေပြီမို့လား ..."

"ဘာ ..."

"အစ်ကိုလေး ... မညာနဲ့ ..."

"နင် ... နင် ... စပ်စပ်စုစုနဲ့ နေရာတကာဝင်ပါချင်မနေနဲ့၊ ငါပြောလိုက်ရင်လည်း နင်က မေမေ့ကို ချွန်တွန်းလုပ်ဦးမယ်"

"အမလေး ... အစ်ကိုလေးရယ် ... လုပ်စရာလား ..."

မျက်စောင်းလေးထိုးပြီးတော့မှ မပွတ်ကျွတ်အောက်ထပ်ကို ပြန်ဆင်းသွားသည်။ ဟွန်း ... တကယ့် မပွတ်ကျွတ် ... အိမ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် ဒီကောင်မလေးက မေမေ့လက်ပေါ်မှာပဲ ကြီးလာတာလေ။

အိမ်မှာထားတာတောင် ...

ဒီကောင်မလေးကို ဆင်ထားတာ ရွှေနဲ့ငွေနဲ့။

ကြည့်ပါဦး ...

မပွတ်ကျွတ်ကတောင် သဘောတူသတဲ့။

ထည်ရယ် ...

မေမေရဲ့ ဖိအားပြင်းပြင်းနဲ့ အမိန့်သံပြင်းပြင်းတွေအောက်မှာ ရပ်တည်နေရတဲ့ ကိုယ့်အခက်အခဲတွေကို မင်းနားလည်စေချင်တယ် ထည်။

ဒီဇာတ်လမ်းကို စခဲ့တဲ့နေ့က ...

ကိုယ် ... မင်းကို တမင်ဝင်တိုက်ခဲ့တာ ကိုယ်ဝန်ခံပါတယ်။

ဒါပေမဲ့ကွာ ...

ထိတ်လန့်နေတဲ့ မင်းရဲ့မျက်ဝန်းလေးတွေကိုကြည့်ပြီး ...

ကိုယ် ... တကယ်ချစ်သွားမိခဲ့တာလေ။

ခုတော့ ... မေမေကတစ်ဖက် ... ချစ်တဲ့သူကတစ်ဖက်နဲ့ ကိုယ် တာဆက်လုပ်ရမလဲဆိုတာလည်း ... မစဉ်းစားတတ်တော့ဘူး ထည်ရယ်။

ကိုယ်လေ ... ကိုယ် ... ။

အခန်း ( ၁၆ )

ဒီနေ့ ညမှာတော့ ...

ထည် စိတ်ကလေးတွေ ထူးထူးခြားခြား လန်းဆန်းလို့နေသည်။ ရှင်မတောင်သနပ်ခါးလေးကို တစ်ကိုယ်လုံးလိမ်းထားပြီး ညဝတ် ဂါဝန်ရှည်ပေါ့ပေါ့ပါးပါးလေးကို ဝတ်ထားကာ ဝရန်တာလေးရှေ့မှာ ကစ်ကစ်နဲ့ နှစ်ယောက်အတူ ရပ်နေမိတာလေ။

ကောင်းကင်ကြီးပေါ်ကို မော့ကြည့်မိတော့လည်း ...

ကြယ်ကလေးတွေက လင်းလက်တောက်ပလို့ ...

"မမလေး ..."

"ဟင် ... ဘာလဲကစ်ကစ် ..."

"ကောင်းကင်ကြီးပေါ်မှာ လမင်းကြီးပျောက်နေတယ်နော်"

"အင်း ... အင်း ... ဟုတ်တယ်နော် ..."

"လမင်းကြီး မရှိတော့ ... ပြင်းစရာကြီးနော် ... ဟီ ဟီ"

တွေ့လား ...

ကစ်ကစ်ပြောနေတာ အနှောက်မလွှတ် အသွားမလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောတော့ ထည့်မျက်နှာလေးပေါ်မှာ အဆွေးရိပ်က လေးက ချက်ချင်းကိုပဲ သန်းသွားသည်။

"ကစ်ကစ်ရယ် … လမင်းကြီးမရှိတာဘဲ ကောင်းပါတယ် တော်ကြာ … လမင်းကြီးရောက်လာရင် ကြယ်ကလေးတွေနဲ့လိုက် တမ်းပြေးတမ်း ကစားနေရမှာလေ … "

"မမလေး … "

"ဘာလဲ ကစ်ကစ်ရာ … "

"အစ်ကိုလေး ပျောက်နေတယ်နော်"

"အင်း … "

အစ်ကိုလေးလို့ ပြောလိုက်တော့မှ …

ထည့်မျက်ဝန်းကလေးတွေပိုလို့ ရီဝေသွားရ၏။

ဟုတ်တယ် … သူ ပျောက်နေတာပဲ။

"မနက်က … ကုမ္ပဏီကိုသွားတုန်းက လမ်းမှာတွေ့လို့တွေ့ ပြောဆိုပြီး မမလေး မသိမသာ မျက်လုံးလေးဝေ့ဝေ့ပြီးတော့ … အစ်ကိုလေးကိုရှာနေတာ … ကစ်ကစ် သိသားပဲ … ဟွန်း … ဖေဖေကြီးဆူမှာစိုးလို့ … မသိချင်ဟန်ဆောင်ပြီး တမင်ငြိမ်နေတာ"

"ဟင် … မဟုတ်ဘဲနဲ့ … မမလေး မရှာပါဘူး"

"မညာနဲ့နော် … ကစ်ကစ် သိတယ် … "

"ကစ်ကစ်ရယ် … နင်ဟာလေ တကယ်ပါပဲ … "

ကစ်ကစ်က ညာလို့မရ၊

ထည် ခံစားနေရတာကိုလည်း ကစ်ကစ် အသိဆုံး။

"အစ်ကိုလေး စိတ်ပျက်သွားပြီထင်တယ်နော် မမလေး"

"ကစ်ကစ်ရယ် … တကယ်ဆို သူနဲ့မမလေးဝေးသွားတာ





ကောင်းဘူးလားဟင် ကစ်ကစ် … မဖြစ်နိုင်တဲ့ဘဝနှစ်ခုကို နီးစပ် အောင်လုပ်နေရင် စိတ်မောလူမောနဲ့ နှစ်ယောက်စလုံး ပင်ပန်းနွမ်း ယ်နေရမှာလေ … "

"ဒါလည်း ဟုတ်တာပဲနော် … မမလေး … "

"ဒါကြောင့်မို့ ကြယ်ကလေးတွေကို မော့ကြည့်ပြီး မမလေး ဆုတောင်းနေတာ … ဒီဘဝမှာ ဝေးနေရပေမယ့် နောင်ဘဝမှာ ဝေးပါရစေနဲ့လို့ … "

"ကျွတ် … ကျွတ် … "

"ဟာ … မမလေးရေ … ဟိုမှာ ကြည့်စမ်း"

"ဟယ် … "

"အစ်ကိုလေး … အစ်ကိုလေးတော့ … "

သူ … သူလေ …

ဒက်ဒီတို့အလစ်မှာ ဝရန်တာပေါ်ကို သရက်ပင်ကြီးပေါ်က နေ တွယ်တက်လာတာ။ ဘုရား … ဘုရား … ဒုက္ခပါပဲ …

ထည် တစ်ကိုယ်လုံးတုန်ကာ အေးစက်သွားသည်။

တော်တော်အတင့်ရဲတဲ့လူ …

"ရှင် … ရှင် … "

"မမလေး … ဒီမှာမပြောနဲ့ … အခန်းထဲခေါ်သွားတာ ကောင်းမယ် … "

"လာ … ထည် … "

"အို … "

ကစ်ကစ်နောက်ကိုလိုက်ဖို့ သူက ထည့်လက်ကလေးကို သွမ်းဆွဲလိုက်တာလေ။ ထည့်မျက်လုံးတွေပြာပြီး အခန်းထဲ [illegible]လေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဝိတ်ချလိုက်တဲ့အချိန်ထိ … ဘာတွေဖြစ်လို့ဖြစ်ကုန်မှန်း ထည် မသိ။

"ကိုယ် … ကိုယ် … ထည့်ကိုသိပ်ချစ်လို့ စွန့်စားလိုက်တာပါ ထည် …"

"ရှူး … တိုးတိုး အစ်ကိုလေး … လာ … လာ … ဟိုဗိန္ဒြီးနောက်မှာ စတိုခန်း အပိုလေးရှိတယ် … အဲဒီမှာ သွားစကားပြော … ကစ်ကစ် ဒီမှာစောင့်ပေးမယ် …"

"ကစ်ကစ်ရယ် … ဒုက္ခပါပဲ … အဟင့် … ဟင့် …"

ထည် ကြောက်ပြီး ငိုချင်နေတာ စိတ်ကိုဘယ်လိုမှ ထိန်းထားလို့မရ။

"မကြောက်နဲ့နော် … ထည် …"

"အဟင့် … ရှင် တော်တော်ဒုက္ခပေးတယ်"

"ချစ်လို့ပါ ထည်ရာ …"

အခန်းလေးထဲမှာ သူနဲ့ထည် နှစ်ယောက်တည်း။

"ဒက် … ဒက်ဒီ သိသွားရင် မိုးမီးလောင်မှာ ရှင်မသိဘူးလားဟင် … လရိပ်ထင် … ရှင် … အဲလို မိုက်ရူးရဲဆန်တာကို ကျွန်မ အရမ်းကြောက်တာ …"

"ထည်ရာ … ကိုယ် ဒီလိုမှ မစွန့်စားရင် ထည့်ကိုလွတ်လွတ်လပ်လပ်တွေ့နိုင်မယ့် အခွင့်အရေးကိုယ့်မှာ မရှိဘူးလေ …"

"ရှင် … ရှင် … အဲဒါ ခက်တာပဲ …"

"ကိုယ့်နှလုံးသားတွေက မင်းကိုလိုအပ်နေတာပဲ … ကိုယ်သိတယ်ထည် … နှုသာဖြူနုလေးမွှေးနေတာလည်း ကိုယ်ဘယ်လို





စိတ်မထိန်းနိုင်တော့ဘူး …"

သူ … ထည့်ကိုယ်သင်းနံ့လေးကို ရှူရှိုက်ပြီး စိတ်တွေပါ …နိုးမရ ဖြစ်လာရတော့တာပါ။

"ထည် …"

"ရှင် …"

"ကိုယ် … မင်းကို အရမ်းချစ်တယ် …"

သူ … ထည့် လက်ဖမိုးလေးကိုဆွဲယူရင်း နမ်းရှိုက်လိုက်ပါ…

…။

"အို … လရိပ်ထင်ရယ် …"

သူ့အနမ်းတွေအောက်မှာ …

ထည် မျက်နှာလေးကိုပင် မမော့နိုင်တော့ပါ။

သူနမ်းနေတာ … နှုတ်ခမ်းလေးတွေ ပါးလေးတွေနဲ့ ကျော…င်းသော ထည်လည်တိုင်ဝင်းဝင်းနှစ်နှစ်လေးတွေကိုပါပဲ။

"ထည် … ကိုယ့်ကိုချစ်လားဟင် …"

"ထည် … ထည် …"

သူ့ရင်ခွင်ထဲကိုပဲ ထည် ခေါင်းလေးတိုးဝင်လိုက်မိသည်။

နွေးထွေးလွန်းတဲ့ သူ့ရဲ့ပွတ်သပ်ချော့မြူမှုတွေအောက်မှာ …င်ခုန်သံတွေ ညံပြီးတော့ ခံစားမှုအသစ်လေးတစ်ခုက ခြေဖျား …က်ဖျားတွေကိုပင် ပိုပြီးတော့ အေးစက်လာစေခဲ့၏။

"ကိုယ်လေ … ထည့်ကို အရမ်းချစ်တယ်သိလား"

"ရှူး … တိုးတိုးပြောလေ …"

"မပြောစေချင်ရင် ကိုယ့်ကိုပြန်ဖက်ထားလေ … ထည် … …ိုယ်ရင်ဘတ်လေးနဲ့ ထည့်ရင်ဘတ်လေးနှစ်ခု ထိသွားတော့မှ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘယ်လောက်ရင်ခုန်နေတယ်ဆိုတာ ထည်သိသွားမှာ”

“အို ... ဟင်း ဟင်း ... ”

သူမျက်နှာချင်းဆိုင်လေး ထွေးပွေ့ဖိကပ်ပစ်လိုက်တော့ ထည့်ဆီက ကယောင်ကတမ်း ညည်းညူသံလေးက တဟင်းဟင်းလေးနဲ့ ပေါ်ထွက်လို့လာသည်။

“ချစ် ... ချစ်တယ် လရိပ်ထင် ... ကျွန်မ ရှင့်ကိုသိပ်ချစ်တယ်”

ထည်ကပါ ... သူ့ကို အလိုက်သင့်လေး ပွေ့ဖက်ထားလိုက်မိပြီလေ။

ဒီလို ပွေ့ဖက်လိုက်မိတော့ ...

ပျောက်ဆုံးနေတဲ့ သတ္တိတွေ ... ထည့်ရင်ထဲကို အလိုလိုစီးဝင်လာခဲ့၏။

“ထည် ... ”

“ရှင် ... ”

“ကိုယ့်ရဲ့ရင်ခုန်သံတွေကို ထည် ကြားနေရပြီလားဟင်”

“ကြား ... ကြားတယ်လေ ... လရိပ်ထင် ... ”

“မင်းဟာ တကယ်တမ်းကျတော့ ကိုယ့်ကိုစွဲဆောင်နိုင်ခဲ့တယ် ထည် ... မင်းရဲ့ရိုးသားမှုလေးတွေက ကိုယ့်ကို ကြိုးတစ်ချောင်းနဲ့ဆွဲချည်ပစ်ထားသလို ... ကိုယ့်အတွက် နိုင်မာနေခဲ့တယ် ကိုယ် ဘယ်လိုမှ ရုန်းမထွက်နိုင်ခဲ့ဘူး ထည် ... ”

“ထည် ... ထည်လည်း ရှင့်လိုပဲလေ ... ”

တကယ်ပါ ...

ဒီစကားကိုတော့ ထည်ရင်ထဲမှာ ရှိနေတဲ့ခံစားချက်အော



အတိုင်းပဲ ထည်ပြောနေခဲ့မိတာ ဖြစ်သည်။

သူနဲ့ဒက်ဒီ ...

ရန်ဖက်တွေဖြစ်ခဲ့ကြပေမယ့် လရိပ်ထင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ပုံရိပ်လေးတွေက ထည့်ဆီကို အရိပ်တစ်ခုလို စွဲငြိပါလာခဲ့တာလေ။ ပြီးတော့လည်း ... သူ့ရဲ့မျက်ဝန်းလဲ့လဲ့ကြီးတွေနဲ့ အမှတ်မထင် ဖျတ်ခနဲလေး ဆုံမိခဲ့တာတောင် ထည့်ရင်ခုန်သံတွေ ညံသွားခဲ့ရတာ။ ထည် ဘယ်လိုလုပ် ကိုယ့်ကိုယ်ကိုယ် ညာလို့ရှာသလဲ။

“ထည် ... ”

“ဟင် ... ပြောလေ လရိပ်ထင် ... ”

“ကိုယ် ဒီညတစ်ညလုံး ထည်နဲ့အတူ နေပါရစေနော်”

“ထည် ... ထည် ကြောက်တယ် လရိပ်ထင်”

“ထည့်ကို ရင်ထဲမှာ ပွေ့ဖက်ထားပြီး ကိုယ်အိပ်ပျော်သွားချင်တယ်ထည်ရယ် ... အဲဒါမှ ... အိပ်မက်လှလှလေး ကိုယ်မက်နိုင်မှာလေ ... ”

ထည် ... ဘယ်လိုလုပ်ရမလဲ။

ကစ်ကစ်က ရှေ့ခန်းမှာ စောင့်နေမယ်ပြောပေမယ့် စိတ်ချရတာမဟုတ်။

တော်ကြာ ... ကစ်ကစ် ဝိုက်သွားတုန်း တစ်ယောက်ယောက်ဝင်လာမှ ပြဿနာအကြီးအကျယ်တက်မှာ။

ထည် ... သူ့ကို တောင်းပန်ပြီး ... အပြင်ကို တစ်ခေါက်ထွက်ကြည့်တော့ ...

“ကျို ... ”

လင်းလက်အိမ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစလေး ... ပလုတ်တုတ် ... လန့်လိုက်တာ မမလေးရာ"

"ရှူး ... တိုးတိုး ... ဒက်ဒီတို့ အိပ်နေပြီလား"

"ဟာ ... အိပ်နေပြီလေ ... မမလေး ... စောစောက ခြေဖော့နင်းပြီး သွားကြည့်တော့ ... ဖေဖေကြီးက ဟောက်တောင်နေပြီ ... ဟယ် ... ကြည့်ပါဦး ... မမလေးပါးမှာ နှုတ်ခမ်းနီတွေ ... ဟား ... ဟား ..."

"ဟယ် ... ဒုက္ခပါပဲ ... အသံကျယ်ကြီးနဲ့ စွတ်အော်ရယ်နေတာ"

"ခစ် ... ခစ် ..."

ထည် ရှက်လည်းမရှက်နိုင်တော့ပါဘူး။

"နင် ... နင် ... တစ်ခုခုထူးခြားရင် ချက်ချင်းတံခါးလာခေါက်နော် ..."

"စိတ်ချပါ မမလေးရဲ့ ... ဟဲဟဲ ..."

"တွေ့လား ..."

"ကစ်ကစ် လာချောင်းမှာနော် ..."

"ချောင်းလေ ချောင်းပေ့ါ ... ငါတို့က စကားထိုင်ပြောနေတာ"

"အစ်ကိုလေးက ဘယ်တော့ပြန်မှာလဲ ..."

"မိုးလင်းတဲ့အထိ နေမှာတဲ့ ..."

"ဟယ် ... ကြည့်စမ်း ..."

ကစ်ကစ် မျက်လုံးပြူးလေ ... ထည်က ရင်တွေတုန်ရလေ

သူက မောင်းထုတ်လို့လည်း ထွက်သွားမှာတဲ့လား။

ဟွန်း ... သေချာတာက ဒီအိမ်ကနေ မပြန်တော့ဘူးတောင်





သုပ်ချင်လုပ်နေမှာ။

မတတ်နိုင်ဘူး ...

သူ့ကိုချစ်တဲ့စိတ်လေးနဲ့ အားလုံးကိုထည်ရင်ဆိုင်ရတော့မှာ။ ဒက်ဒီ သိသွားရင်လည်း အမှန်အတိုင်း ထည် ဝန်ခံလိုက်မှာလေ။

"နင် ... နင် ... ကြည့်ထားနော် ကစ်ကစ် ..."

"စိတ်ချပါ ... မမလေးရယ် ... ကိုရီးယားဇာတ်လမ်းတွဲကြီး တစ်ခုလုံးကို အသံပိတ်ကြည့်ပြီးတော့ ... မမလေးတို့နှစ်ယောက်လုံးကို စောင့်ပေးမယ် ... ဟဲဟဲ ... မမလေးတို့ အဆင်ပြေရင် ပြီးရော ... ပြီးရော ..."

ထည် ပြန်ဝင်တော့ ...

"အခြေအနေကောင်းလား ထည် ..."

"ကစ်ကစ်ကို စောင့်ခိုင်းထားရတယ်လေ ..."

"ထည်ရာ ... ဒီညလေးကို ကိုယ်ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ဘူး ... နောက်ထပ် ဒီလိုညမျိုးလေးတွေ အများကြီး ကြုံချင်သေးတယ် ထည် ..."

"လရိပ်ထင်ရယ် ..."

နောက်ဆုံးမှာတော့ ...

သူ့ရင်ခွင်လေးထဲမှာ နှစ်နှစ်မြိုက်မြိုက်လေး အိပ်ပျော်သွားခဲ့တဲ့ ထည် ... ဆူဆူညံညံအသံတွေကြားတော့မှ သိလိုက်ရတာက

"ဒုန်း ... ဒုန်း ..."

"ဟိတ်ကောင် ခွေးမသား ... တံခါးဖွင့်စမ်း ..."

အပြစ်က ကစ်ကစ်အပြစ်ပါ။

တံခါးကို လော့ချမပိတ်ဘဲ အိပ်ပျော်သွားခဲ့တဲ့အပြစ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအပြစ်လေးကြောင့်ပဲ အခန်းထဲကို ဒက်ဒီချက်ချင်းဝင်နိုင် သွားခဲ့ပြီ။ သူတို့နှစ်ယောက် အခန်းထဲမှာရှိနေတာကိုလည်း ဒေါသ တွေနဲ့ ပေါက်ကွဲစွာ ဒက်ဒီ သိသွားခဲ့၏။

"ဟိတ်ကောင် ... မင်းတော်တော်ယုတ်မာတဲ့ကောင်၊ ကျူး ကျူးကျော်ကျော် ငါ့တိုက်ပေါ်ထိတက်ပြီး စော်ကားရတယ်လို့ကွာ"

"အဖေကြီးရယ် ... လူငယ်တွေဖြစ်တာလည်း ဖြစ်ပြီးပြီ ရှင့် စိတ်ကို လျှော့လိုက်စမ်းပါ ... စောစောစီးစီး ပတ်ဝန်းကျင်ကြားလို့ လည်း မကောင်းပါဘူး ..."

ဒက်ဒီရော မာမီပါ ... အခန်းဝမှာရောက်နေပြီဆိုတာ သိ လိုက်လို့ ထည် သွေးပျက်ကာ ... သူ့လက်မောင်းလေးတစ်ဖက်ကို ပဲ ဆုပ်ဖက်ထားမိသည်။

"အဟင့် ... လရိပ်ထင် ... ထည် ရှင့်ကိုမပြောဘူးလား ခုတော့ ... ဒုက္ခရောက်ပြီလေ ..."

"ထည်ရာ ... ကိုယ်ရင်ဆိုင်မယ်ကွာ ..."

သူ တံခါးဖွင့်ဖို့ လက်ရွယ်တော့ ...

"ဟာ ... မဖွင့်နဲ့လရိပ်ထင် ... ရှင် မဖွင့်ပါနဲ့"

"ဟိုမှာလေ ... ထည့်ဒက်ဒီ အော်နေတာ ..."

ထည် တားမိတာ အသည်းအသန်လေးပါ။

ဖွင့်လိုက်တာနဲ့ သူ့ကိုရော ထည့်ကိုပါ ဒက်ဒီအသေသတ် တော့မှာ။

"ဟိတ် ... ပတ်ဝန်းကျင်ကြားတော့ ဘာဖြစ်ရမှာလဲ၊ ငါက ဒီနှစ်ယောက်စလုံးကို သတ်ပြီးတော့မှ ထောင်ထဲဝင်မယ့်ကောင် ဟိတ်ကောင် ... ကလေကချေ သူခိုးဂျပိုးကောင် ... မင်းသတ္တိရှိရင်





အခု တံခါးဖွင့်လိုက်စမ်း ... မဖွင့်ရင် ဂူထဲမှာပိတ်သတ်သလို အပြင် ကနေ သော့ပါခတ်ပြီး မင်းတို့နှစ်ယောက်စလုံးကို ငါပိတ်သတ်ပစ် မယ်ကွ ... မင်းတို့အထဲမှာ ဘယ်လောက်ချစ်နိုင်မလဲ ချစ်ကြစမ်း"

"အဖေကြီးရယ် ... ကျွန်မ တောင်းပန်ပါတယ် ... ဟို ကောင်လေးကိုလည်း ရှင် အပြစ်တင်မနေပါနဲ့တော့ ... ဒီလိုဖြစ်ပြီး မှတော့ ရှင့်သမီးကို ထည့်လိုက်ရတော့မှာလေ ..."

"ဘာ ... ဘာပြောတယ် ... ဒီလို အဆင့်မရှိတဲ့ကောင်နဲ့ ငါ့သမီးကို ပေးစားလိုက်ရမယ်လို့ မင်းကပြောချင်နေတာလား၊ ထွီ ဝေးသေးတယ် ... ဒီကောင် ... ဒီကောင် ခြံထောင့်မှာ ... စက်ဘီး လေးကိုထောင်ထားတာ ... ငါကလည်း ဒီမနက်ကျမှ ... စောစော စီးစီးလမ်းလျှောက်ထွက်မိတာ၊ ဟော ... အခု ငါမသင်္ကာတဲ့ အတိုင်းပဲ တော်တော်မိုက်ရိုင်းတဲ့ကောင် ... ငါလက်မခံနိုင်တာကို သိသိကြီးနဲ့ ငါ့ကို သက်သက်မဲ့ လာစိမ်ခေါ်နေတဲ့အကောင် ... သွားစမ်း ... ကစ်ကစ် ... သော့အပိုတစ်စုံ သွားယူစမ်း ..."

ဒက်ဒီ ဒေါပွပွနဲ့ ... တံခါးကို သော့ခတ်ပိတ်ပြီ။

"ဟင် ..."

ဒီလို သော့ခတ်ပိတ်တော့ ...

အခန်းထဲမှာ နှစ်ယောက်သား မျက်နှာကလေးတွေပျက်လို့။

ထည် ... ရှိုက်ငိုမိသည်။

"အဲဒါ မှတ်ထား ... ငါ့ကို စော်ကားတဲ့ကောင်ရော၊ ငါ့စကား ကို နားမထောင်တဲ့သမီးမိုက်ကိုရော အစာရေစာအငတ်ထားပြီး ငါ ဒဏ်ပေးမယ် ... လုံးဝမဖွင့်ရဘူး ... ငါ့အမိန့် မရဘဲနဲ့ ဒီအခန်းတံခါး သော့ကို ဘယ်သူမှမဖွင့်ရဘူး ... ဟွန်း ... တွေ့ကြသေးတာပေါ့

www.burmeseclassic.com



ကွာ”

“ဟာ … အန်ကယ် … အဲလိုမလုပ်ပါနဲ့ တံခါးဖွင့်ပါ …”

“ဒုန်း … ဒုန်း … ”

သူ တံခါးကိုခေါက်ကာ တားဆီးမိသည်။

“အဟင့် … ဒက်ဒီ … သမီး တောင်းပန်ပါတယ်”

“ချွေးမ … နင့်ပါးစပ်ကို ပိတ်ထားစမ်း”

“ဒက်ဒီရယ် … ”

ထည် ပါးပြင်လေးပေါ်ကို မျက်ရည်စက်လေးတွေက ဖြောက်ဖြောက်ကြွေဆင်းကျလာသည်။ ထိန်းချုပ်လို့မရနိုင်တော့တဲ့ နလုံးသားဆန္ဒတွေကြောင့် ဒက်ဒီမကြိုက်ဆုံး … ဒက်ဒီ မလွှတ်နိုင်ဆုံး ပြစ်မှုတစ်ခုကို ကျူးလွန်မိခဲ့ပြီဆိုတော့ … ပေးတဲ့အပြစ်ဒဏ်ကို ထည်ခံရတော့မှာပါပဲ။

“အန် … အန်ကယ်ရာ … ကျွန်တော် … အန်ကယ့်ကို ခေါ်ခဲ့တာ မဟုတ်ပါဘူး … ကျွန်တော် ငွေပိုးထည်ကို အရမ်းချစ် ဒီအမှားကို ကျူးလွန်မိတာပါ … အန်ကယ်မကျေနပ်ရင် အန်ကယ် ပေးသမျှအပြစ်ကို ကျွန်တော်တို့နှစ်ယောက် ကျေကျေနပ်နပ်ခံ မယ် … တံခါးလေးကိုတော့ ဖွင့်ပေးပါနော် အန်ကယ် … ကျွန်တော် တောင်းပန်ပါတယ် … ”

“မင်း … မင်း တောင်းပန်လည်း ငါကြေအေးမပေးနိုင်ဘူး မင်းတို့နှစ်ယောက် မျက်နှာကိုလည်း ငါမမြင်ချင်ဘူး … မင်းတို့ သေကြ … အဲဒီအခန်းကျဉ်းလေးထဲမှာ မင်းတို့နှစ်ယောက်ဖက်ပြီး သေပွဲဝင်ကြ … ကဲ … ငါသွားပြီ … ”

“ဟာ … အန်ကယ် … ”





“အဖေကြီး … ”

မာမီအော်သံလေးကိုပဲ ထည် နောက်ဆုံးကြားလိုက်ရသည်။

“အဟင့် … ဟင့် … ဟင့် … ”

ဒါ … ဒါ … ကစ်ကစ် ငိုသံပဲ။

“မမလေးရယ် … ကစ်ကစ်တို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ဖေဖေကြီးက သော့ပိတ်ပြီး ထွက်သွားပြီ မမလေးရဲ့ … အဟင့် ဟင့် … ”

“မမလေး … မမလေး … ”

“အဟင့် … ဟင့် … ဟင့် … ”

သစ်သားတံခါးကြီးရဲ့ ဟိုဘက်ဒီဘက်မှာ …

နှစ်ယောက်သား အပြိုင်ငိုနေကြရတဲ့အဖြစ်။

ထည် ဘာမှမတတ်နိုင်တော့သလို … သူ့ကပါ ခေါင်းလေး ငိုက်စိုက်ကျလျှက်။ သို့သော် … ထည်လက်ကလေးတစ်ဖက်ကို တော့ ကြင်နာနွေးထွေးစွာ … သူက တင်းတင်းလေး ဆုပ်ကိုင်လို့ ထားပါသည်။

“ထည်ရာ … ကိုယ့်ကြောင့် ထည်အများကြီးပေးဆပ်ရတော့ မယ်ထင်တယ်ကွာ … ကိုယ့်မှာ ဒီလိုအကြပ်အတည်းဖြစ်သွားပါစေ ဆိုတဲ့ ရည်ရွယ်ချက်မျိုး လုံးဝမရှိပါဘူး … ”

“အဟင့် … ”

“မငိုပါနဲ့ထည်ရာ … ”

ဒီအချိန်မှာ သူမကြားရက်ဆုံးက ထည်ရဲ့ ကြေကွဲစွာ ရှိုက်ငို နေတဲ့ ငိုရှိုက်သံလေးတွေကိုပါပဲ။

“မမလေးရေ … မမလေး … ”



www.burmeseclassic.com

"ဟင် ... ကစ်ကစ် အောက်ထပ်မှာ ဘာဖြစ်နေလို့လဲ — ပြောလေ ..."

"ဖေဖေ ... ဖေဖေကြီးလေ ... ကုမ္ပဏီကိုမသွားတော့ဘဲ စောစောစီးစီး အရက်ပုလင်းကို ဖွင့်သောက်နေပြီ မမလေးရဲ့ — မေမေကြီးနဲ့လည်း စကားတွေများနေကြပြီ ... ပန်းကန်တွေ ခွက်တွေကိုလည်း ဖေဖေကြီး ရိုက်ခွဲနေပြီ ..."

"အို ..."

လရိပ်ထင်ရယ် ...
ကျွန်မတို့ထက် ကံဆိုးတဲ့သူ ...
ဒီကမ္ဘာမှာ ရှိရော ရှိသေးရဲ့လား။

အခန်း ( ၁၇ )

"ဝုန်း ..."

"ခွမ်း ..."

"မင်း ... ငါ့ကို ဘာမှမပြောနဲ့ ..."

"ဟင် ..."

ကစ်ကစ် ခြေကလေးဖွနင်းကာ အိမ်ပေါ်ထပ်ကဆင်းလာတော့ ထမင်းစားခန်းထဲမှာ ဖေဖေကြီးက ပန်းကန်တွေကို ရိုက်ခွဲလို့ ကောင်းနေဆဲ။

အိမ် အလုပ်သမားတွေလည်း မလှုပ်ရဲ ...

ထမင်း စားပွဲဝိုင်းနားကိုလည်း ဘယ်သူမှ မကပ်ရဲ။

အခန်းအပြင်ဘက်လေးကပဲ ကစ်ကစ် ခိုးနားထောင်နေရသည်။

"ဒီကောင် ... ဒီကောင် ... ငါ့အသည်းနှလုံးတွေကို မီးပုံရှို့ဖို့ ငါ့သမီး အမိုက်မကို အပိုင်ကြံသွားတဲ့ကောင် ... ဒီကောင့်ကို ခွင့်လွှတ်ဖို့ မင်းလာမပြောနဲ့ ... စခန်းမှာ အမှုဖွင့်သင့်ရင် ငါဖွင့်မယ်၊ ငါ့အိမ်အပေါ်ထပ်မှာ တစ်ချက်တည်းရိုက်သတ်သင့်ရင်လည်း ငါ

www.burmeseclassic.com



သတ်မယ် ... ဘာလဲကွာ ... အမိပွာယ်မရှိ ... ဟား ... ”

ဖေဖေကြီး ... အရက်ခွက်ကို ကိုင်မြှောက်ထားရင်း လက်တွေ တဆတ်ဆတ်တုန်နေတာ ခန်းဆီးအကွယ်လေးကြားကနေ ကစ်ကစ် မြင်နေရပါသည်။

မြင်နေရပေမယ့် ...

ဖေဖေကြီးနား ရောက်အောင်တော့ ကစ်ကစ် ဝင်မသွားရဲ

ဖေဖေကြီးက ဒေါသကြီးတယ်လေ။

ခုချိန်လည်း မမလေးနဲ့ တစ်ကြိတ်တည်း တစ်ညာဏ်တည်း ဆိုပြီး ကစ်ကစ်ကိုပါ မုန်းချင်မုန်းနေတော့မှာ။

ညှိတာက ကစ်ကစ် ညှိတာပါ။

အခန်းတံခါး လော့ခ်ကို မပိတ်မိဘဲ အိပ်ပျော်သွားခဲ့တာလေ။

ဖေဖေကြီး ဝင်လာပြီး အော်တော့မှ လန့်နိုးခဲ့ရတဲ့အဖြစ်

ဘယ်တတ်နိုင်မလဲ ...

ခုလည်း ... အခန်းထဲမှာ အစ်ကိုလေး လရိပ်ထင်နဲ့မမလေးတို့နှစ်ယောက်ထဲ ဘယ်လောက်တောင် စိတ်မာတ်ကျနေလိုက်မလဲ ... မမလေးငိုတော့ ကစ်ကစ်လည်း ငိုချင်တာ စိတ်ကိုထိန်းထားလို့မရ။

“ငါသိတယ် ... ဒီကောင် ငါ့ကိုဒုက္ခပေးတော့မယ်ဆိုတာသိလို့ ... ဒီလောက် ပိတ်ဆို့တားဆီးထားတဲ့ဟာကို ... အခုကြည့်စမ်း အိမ်က ဟာမလေးကပါ သစ္စာဖောက်တယ် ... အဲဒီတော့ ... ငါ သောက်မယ် ... သောက်ပြီးတော့မှ ဒီကောင်နဲ့ငါ စာရင်းရှင်းမယ်”

“ဟယ် ... ”





ဖေဖေကြီး အရက်တွေ တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေပြီ။

မေမေကြီးလည်း ဟျာယာခတ်ကာ ... ဖေဖေကြီးအနားမှာ ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

“ဟဲ့ ... ကစ်ကစ် ... ”

“အမလေး လန့်လိုက်တာ ... ဒေါ်ကြီးသောင်းရယ်”

နောက်ကလာခေါ်နေတာ ထမင်းချက် ဒေါ်ကြီးသောင်း။

“အိမ်အပေါ်ထပ်မှာ ... သူခိုးမိထားလို့ဆို ... ”

“ဟာ ... ဘယ်က သူခိုးကမှာလဲ ဒေါ်ကြီးသောင်းရယ် ... မမလေးရည်းစားနဲ့ ချိန်းတွေ့နေတာကို ဖေဖေကြီးမိသွားလို့ ဒေါသူပုန်ထနေတာ ... ”

“ဟယ် ... ငွေပိုးထည်လေးက ရည်းစားထားတယ်”

ဒေါ်ကြီးသောင်း အံ့သြနေတာ ရင်ဘတ်ကလေးဖိလို့ ...

ရည်းစားတဲ့ ...

ဘယ်က ရည်စားလဲ ...

“ဟွန်း ... အရေးထဲမှာ ဒေါ်ကြီးသောင်း စပ်စုမနေနဲ့ ... တစ်အိမ်လုံး တစ်ခြံလုံး အိမ်ပေါ်ကနေ ဘယ်အချိန် အထုပ်ဆွဲဆင်းရမလဲဆိုတာပဲ ... ဒေါ်ကြီးသောင်း စဉ်းစားထား ... ကစ်ကစ်ကတော့ ရင်ဖွေပူပြီး ငိုချင်နေတာပဲ သိတယ်”

“ဒုက္ခပါပဲဟယ် ... ”

ဒေါ်ကြီးသောင်း စိတ်ရှုပ်သွားဟန်လေးနှင့် ခေါင်းကိုပဲ တဖြင်းဖြင်း ကုတ်နေသည်။

“ကစ်ကစ် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဘာလဲ ဒေါ်ကြီးသောင်းရဲ့ …"

"ကောင်လေးက ချောလားဟင် …"

"အမလေးနော် … ဒီလောက် တစ်အိမ်လုံးစိတ်ညစ်နေပါ တယ်ဆိုမှ ဒေါ်ကြီးသောင်းက စပ်စုနေပြန်ပြီ … ချောတယ် … ချောတယ် … ကိုရီးယားမင်းသား လီမင်ဟိုနဲ့တူတယ် …"

"ဟယ် … ကြည့်စမ်း …"

"အဲဒါ … အပေါ်ထပ် စတိုခန်းထဲမှာ မိနေလို့ ဖေဖေကြီးက အပြင်ကနေ သော့ခတ်ပိတ်ပစ်လိုက်တာလေ … မမလေးလည်း ငိုနေပြီ … မေမေကြီးလည်း စိတ်ဆင်းရဲနေပြီ …"

"ဘုရား … ဘုရား …"

"ဝုန်း … ခွမ်း …"

"အောင်မလေးတော့ …"

ကစ်ကစ် လန့်ပြီး ထခုန်ကာ မျက်လုံးပါ ပြူးထွက်သွားသည်။

"သတ်မယ် … သတ်မယ် … ဟိုကောင့်ကိုရော အိမ်က ဟာမကိုပါ ငါသတ်မယ် …"

"ဟာ …"

ဖေဖေကြီး ဒီဘက်ကိုပြန်ထွက်လာပြီမို့ …

ကစ်ကစ် ရင်တွေတုန်ပြီး အိမ်ပေါ်ထပ်ကို ပြေးတက်သည်။

"မမလေးရေ … ဖေဖေကြီး လာနေပြီ"

"ဟင် …"

ကစ်ကစ်အသံလေးကြားတော့ ထည် ကပျာကယာ မျက်ရည်သုတ်သည်။





"ဟော့ကောင် … မင်း … အခု ထွက်ခဲ့စမ်း …"

အခန်းသော့ကိုလည်း ဖေဖေကြီးကိုယ်တိုင် ဖွင့်သည်။

"ထည် မကြောက်နဲ့နော် … ကိုယ်ရင်ဆိုင်မယ် …"

သူကလည်း အထဲက တံခါးဂျက်ကို ဖွင့်လိုက်ပါသည်။

"ဂျောက် … ဒေါက် …"

"ခွေးမသား …"

"ခွပ် … ခွပ် …"

"အဟင့် … မလုပ်ပါနဲ့ ဒက်ဒီ …"

ဒက်ဒီ … အခန်းတံခါးပွင့်သွားတာနဲ့ သူ့ကို အယီးအယိုင်ပြေး ထိုးတော့တာလေ။

သူ အလူးအလဲခံလိုက်ရသလို နှုတ်ခမ်းစွန်းတွေမှာ သွေးတာ ချက်ချင်းဖြာကျလာ၏။ ဒါကို … မာမီ ဝင်ဆွဲတာလည်းမရ။

ဒက်ဒီက မာမီကိုပါ အတင်းတွန်းဖယ်ပစ်သည်။

ဒက်ဒီ ဆောင့်တွန်းတော့ အခန်းထောင့်မှာ မာမီ ပုံလဲကျ သွားသည်။

"ဟာ … မေမေကြီး …"

"ဟော့ကောင် … ငါ့အိမ်ပေါ်က မင်းအခုဆင်းသွား …"

ဒက်ဒီ့အော်သံက တစ်တိုက်လုံး ညံသွားခဲ့တာပင်။

ထည် ရှက်လည်းရှက်နေသည်။ ရင်ထဲမှာလည်း ဗလောင်ဆူ နေသည်။ ဒက်ဒီ ထိုးနေသမျှ အလူးအလဲခံနေရသည့် သူ့အဖြစ်ကို လည်း ထည် မကြည့်ရက်တော့ပါ။

သူ သွေးတွေကိုသုတ်ရင်း … ဒက်ဒီကို ပေစောင်းစောင်း လေး ပြန်ကြည့်နေတာလေ။ ပြီးတော့မှ … နှုတ်ခမ်းလေးကို နာ



www.burmeseclassic.com

www.burmeseclassic.com



ကျင်စွာမှဲ့ကာ ...

"ဟွန်း ... ကျွန်တော် တစ်ယောက်တည်းဆင်းရမယ်ဆိုရင် ကျွန်တော် လုံးဝလက်မခံနိုင်ဘူး အန်ကယ် ... ဝမ်းနည်းပါတယ်"

"ဘာ ... ဘာပြောတယ် ဟော့ကျောင် ... "

"ငွေပိုးထည် ... ကျွန်တော်နဲ့အတူ ရှိနေမှဖြစ်တော့မယ်လေ အန်ကယ် ... ဒီနေ့ကစပြီး ငွေပိုးထည်ကို အန်ကယ် မပိုင်တော့ဘူး ကျွန်တော် ပိုင်သွားပြီ ... "

"ဘာ ... "

ဒီတောင်းဆိုမှုကိုတော့ ...

သူ ပြတ်ပြတ်သားသားပဲ တောင်းဆိုလိုက်ပါသည်။

"အန်ကယ်နဲ့အန်တီကို ကျွန်တော် အားလည်းနာပါတယ်၊ မျက်နှာလည်းပူပါတယ် ... ဒီအခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက် တစ်ညလုံးနေခဲ့ရတဲ့အတွက် ဒီတာဝန်ကို ကျွန်တော်ရဲရဲတင်းတင်းပဲ ယူပါရစေ ... "

"မင်း ... မင်း ... "

ဒက်ဒီ ဆတ်ဆတ်ခါနာနေတာ ...

မျက်နှာကြီးပါ ... ရဲတွတ်လို့ ...

"ဒီမှာ ... ဟော့ကောင် ... "

"ဟုတ် ... ပြောပါ အန်ကယ် ... "

"ငါ ... ဒီလောက် အလဲအကွဲ ထိုးထားတာတောင် မင်းက ငါ့ကို မခန့်လေးစားနဲ့ ... မင်း ... မင်း ... ငါ့ကို နောက်တစ်လှမ်းထပ်ပြီးတော့ စိမ်ခေါ်လိုက်တာလား ... မင်းစိမ်ခေါ်နေတာကို ငါလိုကောင်က နောက်ဆုတ်သွားမယ်ထင်နေသလား"





"စိမ်ခေါ်စရာလား အန်ကယ် ... "

"ဟော့ကောင် ... မင်း ငါ့ကို ဘာမှထပ်မပြောနဲ့ ... မင်းနဲ့ ငါ့သမီး ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မင်းနဲ့မပေးစားနိုင်လို့ ... မင်းကို ငါ အိမ်ပေါ်ကနေ မောင်းချနေတာ ... မင်းထွက်သွားတော့ ... ကြာရင် ငါလူသတ်မိတော့မယ် ... "

အန်ကယ် ဦးမြင့်သူ ...

သူ့ရှေ့မှာ ရပ်နိုင်အောင်ပင် မနည်းကြိုးစားနေပုံရ၏။

ဒယီးဒယိုင်နဲ့ မျက်ဝန်းတွေပါ ရဲနေသည်။

"ဟုတ်ပါတယ် သားရယ် ... အန်တီ မင်းကိုတောင်းပန်တယ် မင်း ... မင်း ... အန်ကယ့်ရှေ့မှာ ဆက်ရပ်မနေနဲ့တော့၊ မင်းထွက်သွားပါတော့ ... "

ထည့် မာမီကပါ ... သူ့ကိုထွက်သွားဖို့ တောင်းဆိုနေသည်။

"ဟော့ကောင် ... မင်းသွားမှာလား မသွားဘူးလား ... "

"ဟာ ... အန်ကယ် ... "

ရုတ်တရက် ဒေါသတကြီးရှေ့ကိုတိုးလာပြီး ... သူ့အင်္ကျီကော်လံစတွေကို ထည့်ဒက်ဒီက ချုပ်ကိုင်ပစ်လိုက်၏။

"အဟင့် ... "

ထည် ငိုချလိုက်တာကိုလည်း သူ ကြားလိုက်ပါသည်။

"မင်း ... မင်း ... "

ထည့် ဒက်ဒီရဲ့ ... တွန်းထိုးမှုတွေအောက်မှာ သူတစ်ကိုယ်လုံး ယမ်းခါနေသည်။

"ကျွန်တော် ... ကျွန်တော် ... အန်ကယ့်ကို ယောက်ျား ပီသသနဲ့ လေးလေးစားစား တောင်းဆိုနေတာပါ အန်ကယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမှ မကျေနပ်လို့ အန်ကယ်ထပ်ပြီးတော့ တိုးမယ်ဆိုလည်း ထိုး ထည်မပါဘဲနဲ့ … ကျွန်တော် ဘယ်ကိုမှ မသွားဘူး … ”

သူ … အန်ကယ်လက်ကို ဆွဲဖယ်ပစ်ပြီး …

ထည့်လက်ကလေးကိုပဲ တင်းမှာင်းလေး ဆုပ်ကိုင်ထား လိုက်ပါသည်။

ဒါ … နှစ်ယောက်စလုံးရဲ့ ဆုံးဖြတ်ချက်ပဲ။

ထည်က … သူ့နောက်ကိုပဲ လိုက်တော့မှာလေ။

“အဟင့် … ဒက်ဒီ့ကို သမီးတောင်းပန်ပါတယ် … သမီးတို့ နှစ်ယောက်ကို မခွဲပါနဲ့တော့ ဒက်ဒီ … ”

“ဘာ … ဘာပြောတယ် … ”

ဒက်ဒီ … အရူးတစ်ယောက်လို သွက်သွက်ခါသွားပြီ။

“နင် … နင်က္ခ ဒီကောင့်ကို … ”

“အဟင့် … ”

“ခွေးမ … ”

“ဖြန်း … ”

“အား … ဒက်ဒီရယ် … အဟင့် … ဟင့် ဟင့် … ”

ဒက်ဒီ ထည့်ပါးကို ရိုက်ချလိုက်တာ ထည့်ကိုယ်လေးယင် ယိုင်နဲ့သွားရသည်။

“သွား … သွား … နင်တို့နှစ်ယောက်စလုံး ငါ့ရှေ့က ထွက် သွား … ”

“အဟင့် … ဟင့် … ဟင့် … ”

ဒက်ဒီရှေ့မှာ ထည် လဲပြိုမသွားတာ သူ့ကြောင့်ပါ။ ကစ်ကစ် ကလည်း သူ့မကိုကြည့်ကာ မျက်ရည်သုတ်လို့ မနိုင်။





“နင် … နင် … တစ်သက်လုံး ငါ့အိမ်ပြန်မလာနဲ့ … ”

“သွား … သွား … ”

“အခုထွက်သွား … ”

သူ ထည်လက်ကလေးကို …

ပိုပြီးတော့ … တင်းတင်းလေး ဆုပ်ကိုင်လိုက်ပါသည်။

“ကျွန်တော် … အန်ကယ်နဲ့အန်တီ့ကို ကန်တော့ခဲ့ပါတယ်”

“တောက် … ”

“လာ … သွားမယ် ထည် … ”

သူ့ရဲ့ နောက်ဆုံးအခြေအနေကို …

မေမေ သိရင်တော် ဘာတွေပြောဦးမလဲ။

သူကတော့ … မေမေ့ဆန္ဒကိုဆန့်ကျင်ဖို့ ထည့်ကို လက် ဆပ်လိုက်ရတော့မှာလေ။ ဘာတွေပဲဖြစ်လာ … ဖြစ်လာ … သူ ရင်ဆိုင်ရတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"မေမေ သဘောမတူနိုင်ဘူး လရိပ်ထင် ..."

"ဗျာ ... မေမေ ..."

ဟန်းဖုန်းလေးထဲမှာ ကြားနေရသည့် သားအသံတုန်အ
အက်ကလေးကို နားထောင်ပြီး ... ဒေါ်မှုန်ရွှေရည်တစ်ယော
နှုတ်ခမ်းလေးတွန့်ကာ ပြုံးနေမိသည်။

ဒါဟာလည်း ...

သူမ ရည်ရွယ်ထားခဲ့သည့် ပစ်မှတ်လေးတစ်ခုထဲကို ဝင်
ပြီဆိုတာသိလိုက်ရလို့ ပြုံးလိုက်မိတာလေ။ ညက တစ်ညလုံး သ
ပြန်မလာခဲ့ကတည်းက ဒီအဖြေကို ရတော့မယ်ဆိုတာ ဒေါ်မှုန်
ရည်က တွက်ခဲ့ပြီးသားပါ။

ဒါဟာ ... သူမလိုချင်တဲ့ အဖြေပဲ။

"တစ်နေ့မှာ ဒီလိုအဆင့်မျိုးထိ ဖြစ်လာမှာစိုးရိမ်လို့ မင်
အကြိမ်ကြိမ်အခါခါ မေမေတားဆီးခဲ့တာလေ ... ခုတော့ ...
ကောင်မလေးကို မင်းနှလုံးသားတွေက လက်ခံလိုက်ပြီဆို
မေမေ သဘောထားကို မင်းသိအောင် ပွင့်ပွင့်လင်းလင်းပဲ ပြော





တော့မှာပေါ့ ... ဟုတ်တယ် ... ကိုမြင့်သူလို နှလုံးသားမဲ့တဲ့ အတ္တ
သမားတစ်ယောက်ရဲ့သမီးကို မေမေ လုံးဝလက်မခံနိုင်ဘူး ...
မေမေ အိမ်ကို ခေါ်မလာခဲ့နဲ့ ..."

"မေမေရာ ... သား ... မေမေ့ကို အစကတည်းက ပြောခဲ့
တာပဲ ... ငွေပိုးထည်မှာ အပြစ်မရှိဘူးဆိုတာလေ ..."

"အဲဒါ ... မေမေ နားမလည်ဘူး"

သူမ ... ခပ်မာမာပဲ သားဖြစ်သူရဲ့ တောင်းဆိုမှုတွေကို ငြင်း
ဆယ်ပစ်မိသည်။

"မေမေရာ ... မလုပ်ပါနဲ့၊ အခု ... သားတို့နှစ်ယောက်
တယ်ကိုသွားရမှန်းမသိလို့ မေမေ့ကို အသိပေးခွင့်တောင်းနေတာပါ။
ထည့်ကို ... မေမေ့ဆီပဲ သားခေါ်လာခဲ့ရပါစေ ... မေမေ လက်ခံ
ပေးပါ ..."

"လရိပ်ထင် ..."

"ဟုတ် ... ပြောပါ မေမေ ..."

"မင်း ကောင်မလေးနဲ့မေမေ စကားပြောချင်တယ်"

"ဗျာ ..."

"ဖုန်းပေးလိုက် ..."

သူ ထည့်မျက်နှာလေးကိုပဲ စိတ်ဓာတ်လေးကျစွာ ကြည့်
လိုက်မိသည်။ သူ ... ဖုန်းပြောနေစဉ်မှာ ထည်က သူ့နဘေးမှာ
ဟင့်ဟင့်လေးနဲ့ ရှိုက်ငိုနေတာလေ။ ဒါကြောင့်မို့ ... မေမေ့ဆီကို
ပဲ ခေါ်သွားတော့မယ်ဆိုပြီး သူ ဖုန်းဆက်လိုက်မိတာပါ။

"ထည် ... ကိုယ့်မေမေက မင်းနဲ့စကားပြောချင်လို့တဲ့"

သူ ပြတ်သားစွာပဲ ဟန်းဖုန်းလေးကို ထည့်လက်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် လှမ်းပေးလိုက်သည်။

"ထည် ... ထည် ... ကြောက်တယ် လရိပ်ထင် ..."

"ရော့ ... ပြောပါထည် ... မေမေကိုမကြောက်နဲ့ ... ဖြစ်လာသမျှတွေအားလုံးကို ရင်ဆိုင်ရမယ်ဆိုတဲ့ အသိစိတ်လေးနဲ့ ကိုယ်တို့အကောင်းဆုံး ဖြေရှင်းကြမယ်လေ ..."

ထည် ကြောက်ကြောက်လေးနဲ့ပဲ ဖုန်းလေးကို လှမ်းယူသည်။

ဒါဟာ ... နိုင်မာတဲ့ နှလုံးသားသစ္စာလေးနဲ့ပေါ့။

သူ့ကိုချစ်ရင် သူ့မိဘအသိုင်းအဝိုင်းကိုလည်း ထည်ရင်ဆိုင်ရတော့မှာပဲပေါ့။ ထည် ... ရှောင်လွှဲလို့မှ မရနိုင်တော့တာပဲ။

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ ... သမီးက ငွေပိုးထည်ပါ"

"ငွေပိုးထည်ဆိုတာ ကိုမြင့်သူ့ သမီးပေါ့ ..."

"ရှင် ... အန်တီ ..."

ထည် လန့်သွားတာ အန်တီက ဒက်ဒီကိုသိနေလို့ပါ။

"အန် ... အန်တီက ဒက်ဒီကိုသိတယ် ဟုတ်လား ..."

"ဟွန်း ... သိတာပေါ့ ငွေပိုးထည်ရယ် ... သိတာမှလေ ဟိုဘက်ကမ်းလွန်အောင် သိခဲ့ကြတာလေ ... ငွေပိုးထည်ရဲ့ ... ဟင်း ဟင်း ..."

ကြည့်ပါဦး ... အန်တီပြောနေတာ ...

ဟိုဘက်ကမ်းလွန်အောင် သိခဲ့ကြတာတဲ့။

ထည် နားထောင်ရင်း မျက်တောင်ခပ်ဖို့ကိုပင် မေ့နေခဲ့သည်။

"ဟို ... ဟိုလေ အန်တီ ... သမီး မသိလို့ အန်တီ့ကို တစ်ခု





လောက်တော့ မေးခွင့်ပြုပါနော် ..."

"ဟွန်း ... မေးလေ ... ငွေပိုးထည် ..."

"အန် ... အန်တီနဲ့ ဒက်ဒီ ဘယ်တုန်းက သိခဲ့တာလဲ"

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကပေါ့ ..."

"ဘုရားရေ ... အန်တီတို့သိတာ ... အရမ်းတောင် ကြာနေခဲ့ပြီနော် ..."

"အေး ... သိခဲ့ကြပေမယ့် နောက်ဆုံးမှာ အမုန်းနဲ့လမ်းခွဲခဲ့ကြတာလေ ..."

"ရှင် ... အမုန်းနဲ့ဟုတ်လား ..."

ထည် နားမလည်ပါ။

ဘယ်လိုအမုန်းနဲ့လမ်းခွဲခဲ့ကြတာလဲ။

ဒေါ်မှုန်ရွှေရည်ကတော့ ပြောရင်းရယ်နေမိသည်။

"ဟင်း ဟင်း ... မင်းကတော့ ဒီအကြောင်းတွေ မသိခဲ့လို့ အံ့ဩနေမှာပေါ့ ငွေပိုးထည် ... မင်းနားထောင် သိလား အန်တီပြောမယ် ... မင်းဒက်ဒီကို အန်တီမုန်းတာ နှလုံးသားလည်းမရှိ၊ သစ္စာလည်းမရှိလို့ အန်တီမုန်းခဲ့တာ ..."

"ရှင် ... အန်တီ ..."

အန်တီပြောနေတာ ...

ဒက်ဒီဟာ နှလုံးသားလည်းမရှိ၊ သစ္စာလည်းမရှိလို့ မုန်းခဲ့တာတဲ့။

ဘာတွေလဲ အန်တီရယ် ... ဒုက္ခပါပဲ ...

"မင်း ... မင်း ... နားရှုတ်သွားပြီလားဟင် ငွေပိုးထည်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ... မင်းနားလည်အောင် အန်တီ ခပ်ရှင်းရှင်းပဲပြောမယ် ... မင်းဒက်ဒီက အန်တီကို ချစ်ဟန်ဆောင်ခိုးပြေး ဖျက်စီးပြီးတော့မှ ရက်ရက်စက်စက်ထားခဲ့လို့ အန်တီမုန်းခဲ့တာ ... ဟွန်း ... အဲဒီအမုန်းဟာ ကမ္ဘာမကြေတဲ့ အမုန်းပဲ ငွေပိုးထည်ရဲ့ ..."

"ရှင် ..."

ထည် ... တစ်ကိုယ်လုံး အေးစက်သွားအောင် ကြားလိုက်ရတဲ့စကား။

"ထပ်ပြောမယ် ... ငွေပိုးထည် ..."

ထည် ... ထည် ဘယ်လိုအင်အားတွေနဲ့ နားထောင်ရတော့မှာလဲ အန်တီရယ် ... ထည့်ကိုပါ အန်တီမုန်းလိုက်တော့မလို့လားဟင်။

"အဲဒီအမုန်းကြောင့် ... မင်းနဲ့အန်တီ့သား လရိပ်ထင်ကို အန်တီ သဘောမတူဘူး ... အိုကွာ ... ရှုတ်ပါတယ် ... အန်တီ မင်းကို အပြတ်သားဆုံးပဲ ပြောပြလိုက်တော့မယ်၊ မင်းဒက်ဒီကို မုန်းလို့ အန်တီ့သားလရိပ်ထင်ကို မင်းရှေ့ရောက်အောင် လွှတ်လိုက်တာ ... မင်းဒက်ဒီကြောင့် အန်တီ့ဘဝပျက်ခဲ့ရသလို မင်းတို့မိသားစုကိုလည်း အန်တီ လက်စားပြန်ချေချင်လို့ ... ဟား ဟား ..."

"ဘုရားရေ ..."

ထည် ဆက်ပြီးတော့ နားထောင်နိုင်စွမ်းလည်း မရှိတော့ပါ။ ထည်တို့ မိသားစုလေးကို လက်စားချေချင်လို့ သူ့သားလရိပ်ထင်ကို ထည့်ရှေ့ရောက်အောင် လွှတ်လိုက်တာတဲ့ ...

ဘုရား ... ဘုရား ... ရက်စက်လိုက်တာ အန်တီရယ်။

"ဟား ... ဟား ... ဒါကို ... ဒါကို မင်းနည်းနည်းလေးမှ





မရိပ်မိဘူးလားငွေပိုးထည် ... မင်း ဒက်ဒီကို အမုန်းတွေ နာကြည်းမှုတွေနဲ့ အန်တီသား လရိပ်ထင်က ခပ်ပြတ်ပြတ်ခပ်မာမာ ရင်ဆိုင်ပြီး ... မင်းဆီက အချစ်ကိုယူခဲ့တာလေ ..."

"ရှင် ..."

"ခုတော့ ... အန်တီ မင်းကိုတစ်ခွန်းပဲပြောမယ် ငွေပိုးထည် မင်းတို့နှစ်ယောက် ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ... မင်းနဲ့အန်တီသား လရိပ်ထင်ကို အန်တီ သဘောမတူဘူး။ အကောင်းဆုံးက မင်းအိမ်ကိုပဲ မင်းပြန်ပါ ... မပြန်ဘဲ အတင်းလိုက်လာမယ်ဆိုလည်း လျော်ကြေးဘယ်လောက်ပဲပေးရ ပေးရ ပေးပြီးတော့ မင်းတို့နှစ်ယောက်ကို အန်တီခွဲမယ် ... မင်းမှတ်ထားလိုက် ... အန်တီနာမည် မွန်ရွှေရည် ... မင်းဒက်ဒီ ချမ်းသာတာလောက်ကို လုံးဝစာမဖွဲ့တဲ့ ဒေါ်မွန်ရွှေရည် ... ဟုတ်ပြီနော် ငွေပိုးထည် ..."

"ရှင် ... အန်တီ ..."

"တီ ... တီ ..."

ဒါပဲပြောပြီး ...

ဟိုဘက်ကအရင် ဖုန်းကိုပိတ်ချသွားပြီ။

ထည် နာကျင်စွာပဲ သူ့ဘက်ကိုလှည့်လိုက်သည်။

"ထည် ... မေမေနဲ့စကားပြောတာ တရှင်ရှင်နဲ့ ... မေမေ ထည့်ကို ဘာတွေပြောသွားလို့ ... ထည် ဒီလောက် မျက်နှာပျက်သွားရတာလဲ ..."

"အဲဒါ ... အဲဒါ ... ရှင်မသိချင်နဲ့လေ လရိပ်ထင်"

"ဘာပြောတယ် ..."

ထည် မခံစားနိုင်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကို လက်စားချေချင်တာနဲ့ပဲ ရိုးသားတဲ့ထည့်အချစ်လေးကို ခုတုံးလုပ် အသုံးချသွားတဲ့လူ။

"ရှင် ... ရှင် ... တော်တော်ရက်စက်တဲ့လူ ..."

"ထည် ... ထည်နော် ... မင်းဘာတွေပြောနေတာလဲ"

သူ ထည့်ပခုံးလေးကို လှမ်းဖက်လိုက်တာကိုလည်း ထည် စိတ်နာနာနဲ့ သူ့လက်တွေကို ပုတ်ချပစ်လိုက်သည်။

"ဟာ ... ဟာကွာ ထည်ရာ ..."

"ဖယ် ... ဖယ် ... ရှင် ... ကျွန်မအသားကို မထိနဲ့"

သူ ...

ဒီလောက်ဆို သိလောက်ပါပြီ။

မေမေ ... ထည့်ကို စကားတွေအကုန် ပြောချသွားပြီဆိုတာလေ။

သူ ဘာတတ်နိုင်တော့မှာလဲ။ ထည် စိတ်မနာအောင်ဘဲ သူ ချော့ရတော့မှာပေါ့။

"ရှင် ... ရှင် ... အဟင့် ..."

"ဟောဗျာ ..."

ထည် ... ဘာစကားမှ မပြောနိုင်တော့ဘဲ ဟင့်ခနဲ ငိုချလိုက်တော့ ... သူ မျက်လုံးပြူးသွားသည်။ မေမေရာ ... မေမေ တကယ် ရက်စက်တယ်ဗျာ။ မေမေ ဒီအကြောင်းတွေ ပြောမယ်မထင်လို့သား သူ့ကို ဖုန်းပေးပြောလိုက်မိတာလေ မေမေ ...

"ဒီ ... ဒီမှာ လရိပ်ထင် ..."

တွေ့လား ...

ထည်က ဆံပင်ရှည်တွေကို ဖျတ်ခနဲခါပြီး နာနာကျင်ကျင်





မော့ကြည့်တော့ ... မျက်ဝန်းထောင့်စွန်းလေးက မျက်ရည်စက်လေးတစ်စက်ကပါ ဘေးကို ဝဲခနဲ လွင့်ထွက်သွားသည်။

"ဟင် ... ထည် ပြောလေ ..."

"ရှင့်မေမေက သူခံစားခဲ့ရသမျှ ခံစားချက်တွေအားလုံး ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်မကို ပြောသွားခဲ့ပြီလေ ... ရှင် ... ရှင် ... ယောက်ျားဆိုရင် သတ္တိရှိရှိနဲ့ ဝန်ခံလိုက်စမ်းပါ ... ရှင် ... ကျွန်မ အနားကို တိုးကပ်လာတဲ့ ရည်ရွယ်ချက်တွေထဲမှာ အချစ်ကိုသိမ်းလူကိုသိမ်းဖို့ ရည်ရွယ်ချက်တွေ ထိပ်ဆုံးကပါလာခဲ့တယ်ဆိုတာ"

"ထည် ... အဲဒါတွေအားလုံး မင်းနားလည်အောင် ကိုယ်ရှင်းပြမယ်"

သူ လှမ်းဖက်ဖို့ ကြိုးစားတာလည်းမရ။

"ဟာ ... ရှင် ကျွန်မအသားကို မထိနဲ့နော် ..."

ဖြောင်းခနဲနေအောင် သူ့လက်တွေကို ဝိတ်ချပစ်လိုက်တာလည်း တကယ့်ကို အသည်းတဖျတ်ဖျတ်ခါ နာကြည်းစွာနဲ့ပါ။

ရိုက်ချပြီးတော့မှ ...

ခုံတန်းလေးပေါ်ကနေ ထည် ဆတ်ခနဲ ထရပ်သည်။

ဒက်ဒီက ထွက်သွားဆိုလို့ ထွက်လာပြီးကတည်းက ဘယ်ကို သွားရမှန်းမသိဘဲ ... လမ်းဘေးက တွေ့ရာခုံတန်းလေးတစ်ခုမှာ သူမတို့နှစ်ယောက် ထိုင်နေခဲ့တာပါ။

"ဟွန်း ... မလိုဘူး လရိပ်ထင် ... ရှင် ကျွန်မကို ရှင်းပြနေလည်း အပိုပဲ ... အောင်မြင်ပါတယ် ... ရှင်တို့ သားအမိနှစ်ယောက်လုံးရဲ့ လက်စားချေ စီမံကိန်းကြီး အောင်မြင်သွားတယ်ဆိုတာ ကျွန်မ အကြွင်းမဲ့ ဝန်ခံတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ထည် ..."

"ရှင် မပြောနဲ့ ..."

"ဟင့်အင်း ... ကိုယ်ပြောမယ် ထည် ... ကိုယ့်စကားကို ဆုံးအောင် မင်းအရင်နားထောင်ပေးပါဦး ... နားထောင်ပြီးမှ မင်းကြိုက်သလို ဆုံးဖြတ် ... ဟုတ်ပြီလား ... ကိုယ့်မေမေဟာ အတိတ်က နာကြည်းချက်တစ်ခုကြောင့် မင်းဓာတ်ပုံလေးကိုပြပြီး ကိုယ့်ကို လက်စားချေခိုင်းခဲ့တာ မှန်တယ် ... ဒါပေမဲ့ ... ကိုယ်မင်းကို ချစ်သွားခဲ့တယ် ..."

"ဘာ ... ဘာပြောတယ်၊ ရှင့်မေမေဟာ ကျွန်မရဲ့ဓာတ်ပုံလေးကို ပြပြီးတော့မှ ရှင့်ကို လက်စားချေခိုင်းခဲ့တယ် ဟုတ်လား။ ဟား ဟား ... ဒါဆို ရှင် တော်တော်တော်တာပဲ ... ဒက်ဒီရဲ့အထိုးအကြိတ်ကိုခံ ... ဒက်ဒီရဲ့ အထင်သေးနှိမ်ချမှုတွေကိုခံပြီးတော့မှ မြူမထင် မြူစင်အောင်နေခဲ့တဲ့ ငွေပိုးထည်ဆိုတဲ့ကောင်မလေးတစ်ယောက်နောက်ကို ရှင်လိုက်ခဲ့တာ ... ဟား ဟား ..."

သူပြောနေတဲ့ စကားတွေကိုလည်း ထည် ဘယ်လိုမှမခံစားနိုင်တော့ပါ။ ဒါကြောင့်မို့ ... အရူးမလေးတစ်ယောက်လို ပတ်ဝန်းကျင်ကိုပါ ဂရုမစိုက်နိုင်တော့ဘဲ ဆံပင်ရှည်ရှည်ပျော့ပျော့နွဲ့နွဲ့လေးတွေ လေထဲမှာ တဖျတ်ဖျတ်ဝဲခါသွားတဲ့အထိ ထည် အားရပါးရ ရယ်မောနေလိုက်မိတာလေ။

"ထည် ... ထည်နော် ... အဲလိုရယ်သံမျိုးနဲ့ မင်းကိုယ့်ရှေ့မှာ မရယ်နဲ့ ..."

"ဟား ... ဟား ... ဘာလဲ လရိပ်ထင် ... အဲလိုရယ်သံမျိုးနဲ့ ကျွန်မက ရယ်တော့ ရှင့်ရင်ထဲမှာ မခံစားနိုင်တော့ပါဘူးဆိုတဲ့





အထာမျိုးနဲ့ မာယာတွေ ချွေချခင်းချင်သေးလို့လား ... ယုံပါတယ် လရိပ်ထင် ... အသည်းခွဲလက်စားချေတဲ့နေရာမှာ ဆုတံဆိပ်တွေ ကျွန်မကိုယ်တိုင် ချိတ်ပေးချင်လာတဲ့အထိ ရှင်တကယ်တော်တယ်"

"ထည်ရာ ... ကိုယ်ကွာ ... ကိုယ် ... ကိုယ် ..."

ထည်ရဲ့ စွတ်စွဲမှုတွေအောက်မှာ ကိုယ့်ပါးကိုယ်ပိတ်ရိုက်ပစ်ချင်လာတဲ့အထိ ... သူ မရိုးမရွဖြစ်ကာ ခေါင်းကလေးကိုပဲ သူ့ယမ်းခါနေမိတော့တာပါလေ။

တကယ်ပါပဲ ...

မေမေ့ရိုက်ချက်ကလည်း တကယ်ပြင်းလွန်းတယ်။

"ဒါကြောင့်မို့ ... ဒက်ဒီက ရှင်ချစ်တာကိုလုံးဝမယုံခဲ့တာ၊ ရှင့်ကိုအမြဲပဲ သံသယတွေနဲ့ စောင့်ကြည့်နေခဲ့တာ၊ ဟွန်း ... ကျွန်မကတော့ သိပ်ကိုစွဲဆောင်မှုရှိတဲ့ ရှင့်မျက်ဝန်းတွေကို အသည်းထဲစွဲနေအောင် ယုံကြည်ခဲ့တယ် ... ကောင်းကင်ပေါ်ထိရောက်အောင် မီးပန်းတွေပစ်ဖောက်ကြချပြီး ... မြို့ရှေ့မှာ ဒူးထောက်တောင်းဆိုသွားတဲ့ ရှင့်အချစ်တွေကိုလည်း ရင်တွေတသိမ့်သိမ့်ခုန်ပြီး ... တိတ်တိတ်လေး လက်ခံလိုက်မိတာလေ ... ရှင် မမှားပါဘူး၊ မှားခဲ့တာက ငွေပိုးထည်ဆိုတဲ့ အရိုးခံကောင်မလေးက မှားခဲ့တာ ..."

"ထည်ရာ ... မင်း ... မင်း ကိုယ်မခံစားနိုင်တဲ့စကားလုံးတွေ ထပ်မပြောနဲ့တော့ကွာ ... ကိုယ်က မင်းစိတ်နာနေမှာစိုးလို့ အမှန်အတိုင်း ဝန်ခံလိုက်မိတာ ... ခုတော့ ကိုယ်ဆုံးဖြတ်လိုက်ပြီသိလား ... မေမေရှေ့ကို ကိုယ်တို့နှစ်ယောက် ရောက်အောင်သွားမယ် ... မင်းနဲ့ကိုယ့်ကို လက်ထပ်ပေးစားဖို့ မေမေ့ကို ကိုယ်တောင်းဆိုမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ဒုက္ခပါပဲ ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ရှင့်မေမေက သူခံစားခဲ့ရသလို ခံစားရအောင် ကျွန်မတို့နှစ်ယောက်ကို လိုက်ခွဲတော့မှာလေ ..."

"ထည်ရာ ... မေမေလုပ်တာ ကိုယ်စိတ်ဓာတ်အရမ်းကျတယ်ကွာ"

"ရှင် ... မကျပါနဲ့ ..."

"ဘာရယ် ... ထည် ..."

"ရှင် ... ဘယ်နေရာကိုခေါ်ခေါ် ကျွန်မလိုက်မယ်၊ ရှင့်မေမေ ဘယ်လောက်ထိခွဲနိုင်မလဲ ကျွန်မကြည့်မယ် ... နောက်ဆုံး ရှင့်ကို ကုန်ကုန်ပြောရမယ်ဆိုရင် ရှင်တို့သားအမိနှစ်ယောက် ကြိုက်သလို လက်စားချေ ... ကျွန်မ ခံမယ် ..."

"ဘာပြောတယ် ..."

ဒါဟာ ထည့်ရဲ့ ဆုံးဖြတ်ချက်ပဲ။

ကဲ ... ရှင် အခု ကျွန်မကို ဘယ်ရောက်အောင်ခေါ်မလဲ။

ငရဲကြီးရှစ်ထပ်လား ... အဝီစိခြောက်ထပ်လား။

ငွေပိုးထည် လိုက်မှာပါ ... လရိပ်ထင်ရယ် ... ။

အခန်း ( ၁၉ )

"ဆင်း ... ဆင်းလေ ထည် ..."

"ဟင် ... ဒါ ဘယ်နေရာလဲ ..."

တက္ကစီ အငှားကားလေး ထိုးရပ်သွားတဲ့ပတ်ဝန်းကျင်ကို ကြည့်ပြီး ... ထည် ယောင်ကြောင်ကြောင်လေးနှင့် အံ့ဩနေမိသည်။

"ဒါ ... ကိုယ်နေတဲ့ မြို့လေ ..."

"ရှင် ..."

ဟိုတုန်းက ပြောတော့ဖြင့် တောင်ဒဂုံမှာ နေတာဆို။

ခုတော့ ... ဝင်ဒါမီယာလိုနေရာထဲက မြို့ကျယ်ကြီးထဲမှာ သူကနေတာတဲ့။ ဘယ်လိုဖြစ်တာလဲ ... မြို့ထဲမှာလည်း ဖိတ်ဖိတ်လက်နေတဲ့ အဆောင်းစားကားကြီးတွေ ... စီတန်းရပ်ထားတာ နည်းတာမဟုတ်ဘူး။

"ရှင် ... ရှင်ပြောတော့ ရှင်က ဆင်းရဲတယ်ဆို ... တောင်ဒဂုံမှာနေတာဆို ... ခုမှ ဘယ်လိုဖြစ်ပြီး ဝင်ဒါမီယာထဲက ဒိတ်ဒိတ်ကြဲ မြို့ကြီးထဲမှာ နေရပြန်တာလဲ ..."

"ထည်ရာ ... မင်းကိုယ့်ကို ဒါတွေမမေးနဲ့တော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ... ဒုက္ခရောက်နေတာကို သူပဲ အသိဆုံးလေ။

သူ့ရဲ့ဘဝမှန်ကို လှို့ဝှက်ပြီး ...

ထည့်အချစ်ကိုရဖို့ ကြိုးစားခဲ့တာ သူ့ရဲ့အမှား။

ခုတော့ ... ထည်က ...

သူ့ကို ပိုလို့တောင် နာကြည်းလာခဲ့တော့မည်။

သူက ... ဆင်းဆိုလို့သာ ထည် ဆင်းလိုက်ရပေမယ့် ... ထည် မျက်ဝန်းလေးတွေက ပိုပြီးတော့တောင် ထည် တင်းမာအေးစက်လို့နေသည်။

သူ ညာခဲ့တာကို ထည် ... မုန်းတာပါ။

လရိပ်ထင်ရယ် ... ဒါကြောင့်မို့ ရှင့်မေမေက ပြောသွားတာမင်းဒက်ဒီ ဦးမြင့်သူ ချမ်းသာတာလောက်ကို စာမဖွဲ့တဲ့ ဒေါ်မှုန်ရွှေရည်တဲ့။

ရှင်ဟာ ... မာယာတွေအများကြီးနဲ့ ကျွန်မကိုလှည့်စားခဲ့တယ်နော်။

ရှင်က ဆင်းရဲတယ် ... စက်ဘီးကလေးပဲစီးနေရတယ်ဆိုလို့ ကျွန်မနဲ့ကစ်ကစ် ... ရှင့်ကို သနားလိုက်ရတာ။ ခုချိန်မှာတော့ ... ရှင် ဘယ်လိုပဲယုံအောင်ပြောပြော ကျွန်မ မယုံတော့ဘူး လရိပ်ထင်။

ဒက်ဒီရယ် ...

ဒက်ဒီပြောတာ အရမ်းမှန်တာပဲ။

"ရှင် ... ရှင် တကယ်တော်တယ်သိလား ... ရှင့်ကိုယ်ရှင်ဆင်းရဲသားဟန်ဆောင်ပြီး စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်ပြလို့ပြနဲ့ ... ဟော ... ဇာတ်သိမ်းခါနီးရောက်တော့မှ ရှင်က သူဌေးသား





ကြီးဖြစ်၊ ကောင်မလေးကို လက်စားချေဖို့ အိမ်ခေါ်လာ ... တကယ်ဘာသမြောက်တဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲနော် ... လရိပ်ထင် ... ဟင်းဟင်း ... ရတယ် ... ရတယ် ... ရှင့်မေမေရဲ့ လက်စားချေစီမံကိန်းကြီးထဲမှာ ဘယ်သူနဲ့ရင်ဆိုင်ရ ရင်ဆိုင်ရ ကျွန်မရင်ဆိုင်မယ်"

ထည် စိတ်နာနာနဲ့ ပြောလိုက်မိတာပါ။

အန်တီ ... ဒေါ်မှုန်ရွှေရည် ...

ထည် ... ခုတော့ ... အန်တီခြံရှေ့ကိုတောင် ရောက်နေပါပြီအန်တီ။

ထည့်ကို အန်တီ ကြိုက်သလို လက်စားချေပါ။

ဒက်ဒီ့ကို မုန်းခဲ့တဲ့ အမုန်းတွေအားလုံးအတွက် အန်တီကျေနပ်မယ့် လျော်ကြေးကို ထည် ... ပေးပါ့မယ်။

"မပွတ်ကျွတ်ရေ ... မပွတ်ကျွတ် ..."

ခြံတံခါးကြီးက သော့ခတ်ပိတ်ထားတာမို့ ...

သူ ... ခြံတံခါးသံတိုင်ကြီးတွေကိုကိုင်ကာ ... အထဲကို အော်ခေါ်နေခဲ့တာပဲ ဖြစ်သည်။

"ဟာ ... အစ်ကိုလေး ပြန်လာပြီလား"

အော်သံလေးနှင့်အတူ တံခါးကြီးရှိရာကို ပြေးလာနေတဲ့ ကောင်မလေးတစ်ယောက် ...

"အေး ... ပြန်လာပြီ ... တံခါးမြန်မြန် ဖွင့်စမ်း ..."

"ဟင် ... ဖွင့်လို့မရဘူးလေ အစ်ကိုလေး ..."

ကောင်မလေး ... ခေါင်းခါနေတာ ထိတ်ထိတ်လန့်လန့်လေးနဲ့ပါ။

"ဟာ ... ဘာဖြစ်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ ... မေမေကြီးက သူ သဘောမတူတဲ့ ကောင်မလေးကို နိုးပြေးသွားတယ်ဆိုလို့ ... အစ်ကိုလေးကို စိတ်နာနေတာလေ ... မြို့ထဲကို ပြန်လာချင်ရင် ... အစ်ကိုလေးတစ်ယောက်တည်းကိုပဲ လက်ခံမယ်တဲ့ ... ဟိုမမလေးကို လက်မခံနိုင်ဘူးတဲ့ ... လာရင်လည်း သောမှမြှင့်မပေးရဘူးတဲ့ ..."

"ကျွတ် ... ကျိုင်ပြီ မပွတ်ကျွတ်ရာ ... ဟား ..."

သူ စိတ်ပျက်စွာ ခေါင်းကိုဖွကုတ်ရင်း သက်ပြင်းမောကြီးကိုပဲ ချမိသည်။ မေမေ့နာကြည်းချက်တွေကတော့ တကယ်ပါပဲ။ အန်ကယ် ဦးမြင့်သူ့ရဲ့ အသည်းနှလုံးတွေကို မီးပုံရှို့ချင်နေတာ မေမေ့ဆန္ဒ ...

"ဟိတ် ..."

"ဟာ ... ဟိုမှာ ... မေမေ ထွက်လာနေပြီ"

"ဟင် ..."

ထည် ... တံခါးသံတိုင်တွေကြားကနေ မျက်တောင်ရှည်လေးတွေ ကော့ကာကြည့်လိုက်တော့ ... အသက်ကြီးပေမယ့် သိပ်ကိုလှပခမ်းနားစွာ ... ဒီဘက်ကို ခပ်သွက်သွက်လျှောက်လာနေတဲ့ အန်တီကြီးတစ်ယောက်။

ဖိတ်ဖိတ်လက်နေတဲ့ ရတနာတွေကို တစ်ကိုယ်လုံးမှာ ဝတ်ထားသလောက် ... အဖိုးတန်အကောင်းစား ပါတိတ်ဝမ်းဆက်ဝတ်စုံလေးကို ခေါက်မြင့်မြင့်လေးစီးကာ တွဲဝတ်ထားရင်း ... ဒီဘက်ကို လျှောက်လာနေတာ စီးချက်ဝါးချက်ညီလွန်းလှတဲ့ ခြေလှမ်းကလေးတွေနဲ့ပါပဲ။

"ဘယ်လိုလဲ လရိပ်ထင် ... ငွေပိုးထည်ဆိုတဲ့ကောင်မလေး





ကို မင်းသိပ်ချစ်သွားလို့ ... မေမေ့ဆီ အပါခေါ်လာခဲ့တာလား"

"သား ... သားကို နားလည်ပေးပါ မေမေ ..."

"တိတ်စမ်း ..."

ဒေါ်မှုန်ရွှေရည် သားကိုအော်ပစ်ရင်း ... ငွေပိုးထည်ဆိုတဲ့ သူမလေးရဲ့ မျက်ဝန်းလေးတွေကို ဖျတ်ခနဲ စိုက်ကြည့်လိုက်မိသည်။

ကိုမြင့်သူသမီးဆိုပေမယ့် ကိုမြင့်သူနဲ့မတူခဲ့တာက အံ့ဩဖို့ကောင်းနေခဲ့တာပင်။ မျက်နှာထားလေးက တည်တင်းချောမွေ့သလို အရုပ်ကလေးကပါ မြင့်မြင့်လေးဆိုတော့ ... ကြည့်လို့ကောင်းနေတာတော့ အမှန်ပါပဲ။

"မေမေရာ ... မေမေက လက်မခံနိုင်ဘူးဆိုတော့ သားက ဘယ်ကိုသွားရမှာလဲ မေမေ ..."

သူ သံတိုင်လေးတွေကိုကိုင်ကာ မေမေ့ကိုပြောမိသည်။

ဒါကိုလည်း မေမေက ...

ခပ်မာမာ ခပ်ပြတ်ပြတ် ခေါင်းလေးခါလျှက် ...

"ဟာ ... ဒါကတော့ ငွေပိုးထည်ဆိုတဲ့ ကောင်မလေးကို မေမေ့ သဘောမတူတာလေ ... ဒါကို အကြောင်းပြချက်တွေ အမျိုးမျိုးနဲ့ မင်းရှေ့ဆက်တိုးမယ်ဆိုလည်း မေမေက လက်မခံဘူး။ အဲဒီတော့ ... မေမေ တစ်ခုပဲပြောမယ် ... ငွေပိုးထည်ကို မင်းပြန်ပို့လိုက်ပါ ... မေမေ့ရင်ထဲက ခံစားချက်ကို မင်းသိတယ်ဆိုရင် မင်းလုပ်သင့်တာကို ရွေးချယ်သွားနိုင်မယ်လို့ပဲ မေမေ ယုံကြည်တယ်။ တဲ ... ဒါပဲ ... မင်းသွားတော့ ..."

"ဟာ ... အန်တီ ..."

"ဟင် ... မင်းဘာပြောချင်လို့လဲ ငွေပိုးထည် ..."

www.burmeseclassic.com



မေမေ ကျောခိုင်းလိုက်ပြီးမှ ဒီဘက်ပြန်လှည့်လာသည်။

"သမီး ... သမီးကို တစ်ခုလောက်ပြောခွင့်ပေးပါ အန်တီ"

"ပြောလေ ... "

"ဒက်ဒီကျူးလွန်ခဲ့တဲ့ ဇာတ်လမ်းဟာ ဘယ်သူ့မှာအပြစ်ရှိ တာလဲအန်တီ ... အဲဒါ ... သမီးသိချင်တယ် ... အန်တီဟာ ဝုဏ် သရေရှိ လူကြီးလူကောင်းတစ်ယောက်ပါ ... မိန်းကလေးချင်း ကိုယ်ချင်းစာတတ်တဲ့ နှလုံးသားမျိုးတော့ အန်တီမှာရှိသင့်တာပေါ့ နတော့ စဉ်းစားကြည့်ပါဦး အန်တီရယ် ... သမီးက ရိုးသားတဲ့စိတ် ကလေးနဲ့ ... အန်တီ့သားကိုယုံလို့ ပုံအပ်ခဲ့တာလေ အန်တီ ... အန့်တီ မရက်စက်ပါနဲ့ ... "

"အဲဒါ ... အန်တီ နားမလည်ဘူး"

"ရှင် ... "

"သား ... သူ့ကိုပြန်ပို့လိုက် ... "

မေမေ ဒါပဲပြောပြီး ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။

ထည် ကျန်ခဲ့တာ ... မျက်ဝန်းလေးတွေ ဝိုင်းစက်လျှက်။

"ဒုက္ခပါပဲ ... အစ်ကိုလေးရယ် ... ဘယ်လိုလုပ်ကြမလဲဟင်"

ခေါင်းလေးကုတ်ပြီး ငိုမဲ့မဲ့လေးဖြစ်နေတာ မပွတ်ကျွတ်။ မေမေကြီးရဲ့ နာကြည်းချက်တွေက ပြင်းထန်သလား မမေးနဲ့။

"ဟွန်း ... ရတယ်လေ ... မပွတ်ကျွတ် ... ဒီနေ့ကစပြီး အားလုံးကို ငါရင်ဆိုင်တော့မယ် ... လာ ထည် ... သွားမယ်"

"ဟင် ... ရှင်က ဘယ်သွားမှာလဲ ... "

"အဲဒါ ... မမေးနဲ့လေ ... "

သူ ထည့်ကို ခေါ်လာခဲ့တာ။





မေမေ ဟိုတုန်းက နေခဲ့တဲ့ အိမ်ကလေး ...

ဒီနေ့ထိ မပြင်မဆင်ဘဲ သည်အတိုင်း အမှတ်တရထားခဲ့တဲ့ အိမ်ကလေးလေ။ တောင်ဒဂုံမြို့သစ် တည်ကာစက ဆင်းဆင်းရဲရဲ ကလေးနဲ့ မေမေနေခဲ့ရတဲ့ အိမ်ကလေးပဲပေါ့။ ဒါကို သတိရပြီး သူက ခေါ်လာခဲ့တာပါ။

အိမ်ကလေးကိုကြည့်ပြီး ... နားမလည်နိုင်အောင်ဖြစ်နေ တာကထည် ... တစ်လမ်းလုံးမှာ ... သူ့ကို မုန်းမုန်းနဲ့ထုရိုက်ရင်း ထည်က လိုက်လာခဲ့သလို ... နာကြည်းခြင်းများစွာက ထည်မာန တွေကို အမြင့်ဆုံးရောက်အောင် ပို့ပေးခဲ့တာလည်း ဖြစ်သည်။

ခုလည်း ... ထည့်မျက်နှာထားလေးကမာလို့။ ခတ်ထား သည့် အိမ်တံခါးသော့ကို သူက ရိုက်ဖျက် ဖွင့်နေချိန်မှာ ... ဂရုမစိုက် သလိုလေးနှင့် ထည်လက်ပိုက်ရပ်နေခဲ့၏။

"ဟင် ... "

တံခါးပွင့်သွားတော့ ထည် မျက်လုံးပြူးသွားရသည်။

အပြင်ကကြည့်ရင် ... အိမ်လေးက အိုဟောင်းသလိုဖြစ်နေ ပေမယ့် အထဲမှာတော့ တကယ့်ကို သပ်သပ်ရပ်ရပ်လေးပါလား။

"ဒါ ... ဒါ ... ဘယ်သူနေတဲ့အိမ်လဲ လရိပ်ထင် ... "

"ဟွန်း ... "

သူ စိတ်မောလူမောနဲ့ နှုတ်ခမ်းလေးမဲ့ကာပဲ ပြုံးလိုက်မိ သည်။

"ဒါ ... မေမေ ဆင်းရဲတုန်းက နေသွားခဲ့တဲ့အိမ် ... "

"ဘုရားရေ ... ရှင့်မေမေ ဒီလောက်ထိ ဆင်းရဲခဲ့တယ်"

ထည် အသက်မရှူနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ... သူ့ ဟန်းဖုန်းခေါ်သံလေး မြည်လာခဲ့ပြီ။

"ဟုတ်ကဲ့ ... ပြောပါ ခင်ဗျာ ... ကျွန်တော် လရိပ်ထင်ပါ"

"ခွေးမသား ... "

"ဗျာ ... "

ဟိုဘက်က ဆက်နေတာ အန်ကယ့်ဦးမြင့်သူ။

"ဟေ့ကောင် ... ဗျာမနေနဲ့ ... အခု မင်းနဲ့ငါ့သမီး ဘယ်မှာလဲ ... "

"တောင် ... တောင်ဒဂုံမှာ အန်ကယ် ... "

ဒီဖုန်းနံပါတ်ကို အန်ကယ်ဘယ်လိုရသွားတာလဲ။ သေချာတာက ဝေသာ ပေးလိုက်တာပဲနေမှာ။

ဒီကောင်နဲ့ အန်ကယ်က အဆက်အသွယ်ရှိတယ်လေ။

"ဘာကွ ... တောင်ဒဂုံ ဟုတ်လား ... "

"အန်ကယ်ရာ ... အန်ကယ် ... ခုထိ ဒေါသကြီးနေတုန်းပဲလား ... ငွေပိုးထည်အတွက် အန်ကယ် ဘာမှပူမနေနဲ့၊ အန်ကယ်ထားတဲ့အဆင့်အတန်းမျိုးနဲ့ မထားနိုင်ရင်တောင် ထမင်းမငတ်အောင်တော့ ကျွန်တော် ကျွေးနိုင်ပါသေးတယ် အန်ကယ် ... "

"မင်း ... မင်း ... ငါ့ကို သောက်ပိုတွေ ဘာမှပြောမနေနဲ့ မင်း ကလိမ်ကကျစ်ကျသွားတဲ့ ဇာတ်လမ်းတွေအားလုံးကို ငါသိသွားလို့ ... ဝေသာဆီက ဖုန်းနံပါတ်တောင်းပြီး ငါဆက်လိုက်တာ။ ဝေသာပြောတော့ ... မင်းမိဘတွေက ချမ်းသာတယ်ဆို၊ မင်းက လိမ်နိုင်းထားလို့ ဆင်းရဲပါတယ်ဆိုတာ ... သူတို့က ဝိုင်းလိမ်ပေးထားရတာတဲ့ ... ဖြေစမ်း ဟေ့ကောင် ... မင်းမှာ အမေတစ်ယောက်ရှိတယ်ဆို ... ဝေသာကို နာမည်မေးတော့ ဒီကောင်က





သိဘူးပြောလို့ ... နာမည်ဘယ်သူလဲ ငါသိချင်တယ် ... "

"အန်ကယ် ... တကယ်သိချင်တာလား ... "

"ဟေ့ကောင် ... သိချင်လို့ မေးနေတာပေါ့ကွ"

"ဒေါ် ... မှုန် ... ရွှေ ... ရည် ... "

"ဘာ ... ဘယ်သူ ... ဒေါ်မှုန်ရွှေ ... "

အန်ကယ် တအံ့တဩနဲ့ စကားတွေ ထစ်ကုန်တာကိုတော့ သူ ရယ်ချင်ပါသည်။

"ဟာ ... အန်ကယ် ... ဒေါ်မှုန်ရွှေ မဟုတ်ဘူးလေ ... ဒေါ်မှုန်ရွှေရည် ... ဒေါ်မှုန်ရွှေရည် ... ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက တောင်ဒဂုံဆယ့်ရှစ်ရပ်ကွက်ထဲမှာ နေသွားခဲ့ဖူးတဲ့ ဒေါ်မှုန်ရွှေရည် ... "

"ဘာ ... ဘာပြောတယ် ... "

အန်ကယ်အသံက ဖုန်းထဲမှာ အကျယ်လောင်ဆုံး တုန်လှုပ်ပေါက်ကွဲသွားသည်။ ဒါကို နားထောင်ပြီး သူ့နှုတ်ခမ်းလေးက တိတိကျကျလေး မဲ့သွားရတာလေ။ ဘယ်ဆိုးလို့လဲ အန်ကယ် ... မေမေ့နာမည်ကို အန်ကယ် တော်တော်မှတ်မိနေတာပဲ။

"မင်း ... မင်း ... ဘာလို့ အစက အန်ကယ့်ကို ဒေါ်မှုန်ရွှေရည်သားပါလို့ မပြောခဲ့တာလဲ ... အခု ... အခု ... အန်ကယ်တို့ တစ်မွေ့လောကမှာ နာမည်တစ်ရှိန်ထိုးအောင်မြင်ပြီး အန်ကယ်တို့ထက် အဆပေါင်းများစွာ မင်းမေမေက ချမ်းသာနေတာလေ ... ဒုက္ခပါပဲကွာ ... မင်းကို အန်ကယ် အထင်သေးမိတာ အန်ကယ့်အရှုံးမှားသွားပြီ ထင်တယ်ကွာ လရိပ်ထင် ... မင်း ... မင်း ... သမီးကိုခေါ်ပြီး ဘယ်ကိုမှမသွားနဲ့ ... အန်ကယ့်ဆီ ပြန်လာခဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မှုန်ရွှေရည်သားဆိုရင် အန် … အန်ကယ် သဘောတူတယ်"

"ဗျာ … အန်ကယ် သဘောတူတယ် … "

"တူ … တူတယ်လေ … သား … "

"ဗျာ … "

ကြည့်စမ်း … ခေါ်လိုက်တာတော့င် သားတဲ့ …

တကယ်ရယ်ရတဲ့ အန်ကယ်။

ပိုက်ဆံမက်လိုက်တာလည်း ခွက်ခွက်လန်အောင်ပဲ။

"သား … သားနဲ့ဆို အန်ကယ်စိတ်ချတယ် … ဟား ဟား သားမေမေက အန်ကယ်နဲ့သိတယ်လေသား … သားကိုမပြောဘူးလား … "

"မပြောဘူး အန်ကယ် … "

သူ မသိချင်ဟန်ပဲ ဆောင်ပေးလိုက်သည်။

"ဟား ဟား … အဖြစ်ကတော့ တကယ်ပဲကွာ … သားနဲ့သမီးတို့ဖူးစာက ကြိုကြိုဖန်ဖန် ဆုံတတ်တဲ့ဖူးစာ … မြန်မြန်ပြန်လာနော် … သား အန်ကယ် စောင့်နေမယ် … "

"စိတ်ချ အန်ကယ် … ဒါပဲနော် … "

"ဒါပဲ သားရေ … ဒါပဲနော် … "

ထည်ကတော့ သူနဲ့ဒက်ဒီ လေပေးဖြောင့်သွားတာကိုကြည့်ပြီး … အံ့သြကာ မျက်တောင်ခတ်ဖို့လည်း သတိမေ့သွားသည်။

"ဟွန်း … ဘယ်လိုလုပ်မလဲထည် … မင်းဒက်ဒီက ကိုယ်နဲ့ဆို သဘောတူတယ်တဲ့ … သူ့အိမ်ကို အခုချက်ချင်းပြန်လာခဲ့တဲ့"

"ပြန်စရာလား လရိပ်ထင် … "





"ဘာ … ဘာပြောတယ် … "

"ကျွန်မဟာ … ရှင်နဲ့ရှင့်မေမေ လက်စားချေတာကို ခံရမယ့်သူ … ဒက်ဒီတင်ခဲ့တဲ့အကြွေးကို … ဆပ်ပြီးတာနဲ့ ဒီအိမ်ပေါ်ကနေကျွန်မတစ်ယောက်တည်း ဆင်းသွားမယ် … ဘာကြောင့်လဲဆိုရင်ရှင့်မေမေဟာ တစ်ခါတုန်းက သူခံစားခဲ့ရသလို ကျွန်မကို ပြန်ခံစားစေချင်တာ … ရှင်ကလည်း ဒီရည်ရွယ်ချက်တွေနဲ့ ကျွန်မနောက်ကိုလိုက်ခဲ့တာပဲ … ဒါကြောင့်မို့ … ရှင့်သူငယ်ချင်းဝေသောက ဒီဇာတ်လမ်းစကတည်းက ကျွန်မအိမ်က ကြိုးဖုန်းကိုဆက်ပြီး ကျွန်မကိုသတိပေးခဲ့တာ … "

"ဟင် … ဘာသတိပေးခဲ့တာလဲ … "

သူ … ဝေသော မျက်နှာကို ချက်ချင်းပြေးမြင်သည်။

မျက်တောင်ခတ်ဖို့လည်း သတိမေ့သွားခဲ့၏။

"ရှင် … ပထမဆုံး ကျွန်မဆီပို့ပေးခဲ့တဲ့ ပန်းစည်းလေးနဲ့ပတ်သက်ပြီး သတိပေးခဲ့တာလေ … "

"ပန်းစည်းလေး … ဟုတ်လား … "

"ဟုတ်တယ်လေ … ရှင်ပို့ပေးခဲ့တဲ့ အဝါရောင်သစ္စာပန်းစည်းကလေး … "

"ဟာ … အဲဒီပန်းစည်းလေးက ဘာဖြစ်လို့လဲ … "

"ကိုဝေသော ပြောတာက သစ္စာပန်းအဝါရောင်ဆိုတာ … ဘုရားရှေ့မှာပဲဖြစ်ဖြစ် တစ်ယောက်ယောက်ရှေ့မှာပဲဖြစ်ဖြစ် လေးနက်တဲ့ ခံစားချက်လေးနဲ့ ကတိသစ္စာဆိုတဲ့နေရာမှာပဲ သုံးတာတဲ့မင်းကိုပို့ပေးတာ … အဖြူရောင်သစ္စာပန်းလေးမှ မဟုတ်တာတဲ့၊ ပိုဆိုးတာက မှိုင်းခံစက္ကူလေးနဲ့ပတ်သက်ပြီး … အပြာရောင်လို



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ကိုယ်စားပြုတဲ့အရောင်ကိုမသုံးဘဲ အနီရောင်ဖဲကြိုးရဲရဲကလေးနဲ့ပတ်ချည်ပေးလိုက်တော့ … ဒီပန်းစည်းလေးရဲ့အဓိပ္ပာယ်က လုံးဝပြောင်းသွားတော့တာပေါ့တဲ့ … ”

“ဘယ်လိုပြောင်းသွားတယ် ပြောလဲ … ”

“မင်းကို လက်စားချေတော့မယ့် နို့မိတ်ပုံပန်းစည်းလေးတဲ့”

“ဟာ … ကြည့်စမ်း … ဒီကောင် … ”

သူ … ဒေါသကြောင့် မျက်နှာတစ်ပြင်လုံး စိုရဲသွားသည်။

တကယ်ဆို … ထည့်ကို ဒီစကားပြောသင့်သလား။

ဒီကောင့်မှာ ဘယ်လိုရည်ရွယ်ချက်တွေရှိနေလို့ ဒီလိုသစ္စာမဲ့တဲ့စကားတွေ ပြောလိုက်ရတာလဲ။ သေချာသွားတာက ဝေသာ သစ္စာဖောက်။

“အဲဒီလိုပြောပြီးတော့ ဘာဆက်ပြောတယ်ထင်လဲ”

“ဟင် … ဒီကောင် ဘာဆက်ပြောလဲ … ”

“ငွေပိုးထည်ကို တကယ်ချစ်ခဲ့တာ သူပါတဲ့ … ”

“ဟာ … ဟာကွာ … ”

“ခုတော့ … ကိုဝေသာပြောတာ အရမ်းမှန်တယ် … ကိုဝေသာကမှ ရိုးရိုးသားသားလေးနဲ့ ကျွန်မကို တကယ်ချစ်ခဲ့တာ၊ ကျွန်မဘဝရဲ့ နောက်ဆုံးအချိန်ထိ ရှင်နဲ့ကိုယ်ဝေသာကို ကျွန်မ မရွေးချယ်နိုင်ခဲ့တာလေ … ကျွန်မကလည်း ကြိုးဖုန်းလေးကိုဆက်ပြီး သူချစ်ခွင့်တောင်းနေတာကို ကစ်ကစ်ကိုတောင်' အသိမပေးဘဲ မျိုသိပ်ထားခဲ့တာ … ခုတော့ … ရှင့်စိတ်ဓာတ်နဲ့ ကိုဝေသာ့စိတ်ဓာတ် တခြားစီပဲ … ”

“မင်း … မင်း … ဆက်မပြောနဲ့ … ”





ဒီစကားတွေကိုတော့ ထည် … စိတ်နာနာနဲ့ပဲ သူ့ကိုပြောလိုက်မိတာလေ။ သူ … နားထောင်ရင်း ပေါက်ကွဲသွားတာက တစ်ကိုယ်လုံး သွက်သွက်ခါနေအောင်ပါပဲ။

“ဒီမှာ … ငွေပိုးထည် … ”

“ဟွန်း … ပြောပါ လရိပ်ထင် … ”

“ငါ့လက်ထဲကနေ ဒီကောင် မင်းကိုလုယူသွားလို့ရမယ်ထင်နေသလား … ”

“ဒါကတော့ … ရပ်ကျော်ရွာကျော်ဖြစ်အောင် ရှင်နဲ့ကျွန်မ အခန်းကျဉ်းလေးထဲမှာ တစ်ညလုံးနေခဲ့တဲ့အဖြစ်က ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့သွားခဲ့ပြီပဲ … ငွေပိုးထည် အပျိုစင်စစ်ပါတယ်ဆိုတာ ဘယ်သူက ယုံတော့မှာလဲ … ပြီးတော့လဲ … ခုလောလောဆယ်မှာ … ကျွန်မက ရှင့်လက်ခုပ်ထဲကရေ … သွန်ပစ်လို့လည်းရတယ်၊ မှောက်ပစ်လိုက်လည်း ကိစ္စမရှိဘူး … အရေးကြီးတာ ရှင့်ရဲ့လက်စားချေလိုမှုတွေကို ကျွန်မဘက်က ကျေနပ်စွာ ပေးဆပ်သွားဖို့ပဲ အရေးကြီးတယ် … ပန်းတစ်ပွင့်ဟာ ဘယ်လောက်ပဲနွမ်းနွမ်းကြေကြေ မြေပြင်ပေါ်ကို ဘယ်လိုပဲပစ်ချပစ်ချ … တန်ဖိုးထားပြီး ကောက်ယူနမ်းရှိုက်သူနဲ့တွေ့ရင် … သူ့အလိုလို ရနံ့လေးတွေ သင်းပျံ့လာမယ်လို့ပဲ ကျွန်မယုံကြည်တယ် … ကျွန်မ ပြောချင်တာ ကိုဝေသာချစ်ခဲ့တာကို ကျွန်မယုံတယ် … ”

“ဟာ … ကြည့်စမ်း … မင်း … ”

သူ့မျက်နှာတစ်ပြင်လုံး ရှိန်းခနဲ လောင်မြိုက်သွားသလို ဒေါသကြောင့် နှုတ်ခမ်းတွေပါ တဆတ်ဆတ်တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ... ထည်ကလည်း ...

သူ မခံချင်အောင် တမင်ဖွင့်ပြောလိုက်တာလေ။

ဒါမှ ... သူ ထည့်ကို တကယ်ချစ်ခဲ့တာလား ... တကယ် မချစ်ခဲ့ဘူးလားဆိုတာ အမှန်အတိုင်းသိခွင့်ရတော့မှာပါ။ သူဘယ်လို တုန့်ပြန်လာမလဲဆိုတာ ထည် စောင့်ကြည့်ရတော့မှာပေါ့။

"တီ ... တီ ..."

"ဟော ..."

သူ့ဟန်းဖုန်းလေးက မြည်လို့လာပြန်ချေပြီ။

ပေါ်လာတဲ့ နံပါတ်လေးကို ကြည့်လိုက်တော့ မေမေ ...

"ဟုတ် ... ပြောပါ မေမေ ..."

သူ ... ထည့်ရှေ့မှာ မပြောချင်လို့ တမင်လမ်းပေါ်ကိုဆင်း လာခဲ့တာပါ။

"သား ... ကောင်မလေးကို ပြန်အပ်လိုက်ပြီလား"

"မေမေရာ ... ငွေပိုးထည်ကို သားချစ်လို့ အပြီးခေါ်လာခဲ့ တာလေ ... ဘယ်လိုလုပ် ပြန်အပ်နိုင်တော့မှာလဲ ... ပြီးတော့လဲ အရမ်းချမ်းသာတဲ့ မေမေ့သားမှန်း ဦးမြင့်သူသိသွားလို့ သားတို့နှစ် ယောက်ကိုတောင် သဘောတူနေပြီ ..."

"ဘယ် ... ဘယ်လိုသား ... သားကို မေမေ့သားမှန်း ကိုမြင့် သူ သိသွားပြီ ဟုတ်လား ... သိသွားလို့တောင် သဘောတူနေပြီ"

"ဟုတ်တယ်လေ ... မေမေ ..."

"ဟား ဟား ..."

ကြည့်စမ်း ...





ဖုန်းထဲမှာ မေမေ ဟားတိုက်ရယ်နေတာ။

ရယ်သံလေးက တော်တော်နဲ့တောင် ပျောက်မသွားတော့ ပါ။

"ဟား ... ဟား ... သားရယ် ... လောကကြီးက ရယ်ဖို့ ကောင်းလိုက်တာနော် ... အရမ်းချမ်းသာတဲ့ တူးသရီးဖိုးဖိုက် ကုမ္ပဏီ သူဌေးမကြီး ဒေါ်မှုန်ရွှေရည်ရဲ့ တစ်ဦးတည်းသောသားမှန်း သိသွားလို့ ထိုးတာကြိတ်တာ ဟိန်းတာဟောက်တာတွေတောင် မလုပ်တော့ဘဲနဲ့ ... ချက်ချင်း သဘောတူလိုက်ပြီတဲ့လား သားရယ်၊ ပိုက်ဆံမက်လိုက်တာ ... ပိုက်ဆံမက်လိုက်တာ ... ဟင်း ဟင်း"

မေမေ နာကြည်းနေသလို ...

သံဝေဂလည်း ရနေပါသည်။

"သား ... သားကလည်း ဒီလူကြီးသဘောထားကိုသိလို့ ရယ်ချင်နေတာပါမေမေ ... ခုလည်း ... သူ့အိမ်ကိုပဲ ပြန်လာခဲ့ဖို့ သားကိုခေါ်နေတာ၊ လောလောဆယ် ဒီမှာ ... ထည်က သားကို စိတ်နာနေလို့ ချော့နေရတာလေ ..."

"အို ... ဘာချော့စရာလိုလို့လဲသားရဲ့ ... သားနဲ့ငွေပိုးထည် ကို မေမေက ပြန်ခွဲမှာလေ ... ဒီကောင်မလေးကို ဆက်ပေါင်းဖို့ သားစိတ်ကူးမယဉ်စမ်းနဲ့ ... မေမေ ဖြစ်စေချင်ခဲ့တာက မေမေ ခံစားခဲ့ရသလို ဒီကောင်မလေးကို ဟန်ဆောင်ပြီးတော့ သားချစ်ရ မယ် ... ပြီးရင် ... သားခိုးပြေးရမယ်၊ အဲလို ခိုးပြေးပြီး တစ်ပတ် လောက်ကြာရင် လျော်ကြေးပေးပြီး မေမေ ပြန်ခွဲမယ် ... ကဲ ... မေမေ အဲလိုလုပ်ရင် သူတို့ဘက်က ဘယ်လိုတုန့်ပြန်မလဲ ... နောက် ဆုံးကွာ ... မင်းကို မေမေ သဘောမတူတဲ့လူကို ယူတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ပြတ်စွန့်လွှတ်မယ်ဆိုရင် ကိုမြင့်သူ ဘယ်လောက်သွက်သွက် ခါသွားမလဲ … ဟွန်း … မင်းသိပါတယ်၊ အဲလိုခွဲပြီးတာနဲ့ မင်းကို မေမေပြောခဲ့တဲ့ မေမေကြိုက်ပြီးသဘောတူထားတဲ့ ကောင်မလေး တစ်ယောက်နဲ့ ပေးစားမယ်ဆိုတာလေ … ဟား ဟား … အဲဒီအခါ ကျမှ မေမေ့သား တကယ်မိန်းမရမှာလေ … ဘယ်လိုလဲ …"

"မလုပ် … မလုပ်ပါနဲ့ မေမေရာ …"

မေမေ့ကို သူ တောင်းပန်မိသည်။

တကယ်ဆို … သူချစ်ခဲ့တာ ငွေပိုးထည်ကိုပဲလေ။

"သားရာ … မင်းအသည်းလေးက သိပ်ဖြူတာပဲ၊ မင်း … မင်း … အခု ငွေပိုးထည်ကို သိပ်ချစ်နေပြီပေါ့"

"ဟုတ် …"

အမလေး … ကြည့်စမ်း …

သားလေးဖြေနေတာ ဟုတ်တဲ့။

ဒါကိုလည်း … ဒေါ်မွန်ရွှေရည်ဟာ အပြုံးမဲ့မဲ့လေးနဲ့ မှားတောင်ရင်း ဖြူစင်တဲ့သားလေးရဲ့အချစ်ကို အံ့သြနေမိတာလေ။

သူကတော့ … မေမေ့ကို အမှန်အတိုင်းလေးဖွင့်ပြောလိုက်မိလို့ မျက်နှာလေးတော့ ပူသွားမိသည်။

"သား … လရိပ်ထင် …"

"ဗျာ … မေမေ …"

"အခုရော … သားတို့နှစ်ယောက် ဘယ်ရောက်နေပြီလဲ"

"ဟာ … မေမေ နေခဲ့တဲ့ တောင်ဒဂုံအိမ်လေးမှာ ရောက်နေတာလေ မေမေ …"

"ဘုရားရေ … တောင်ဒဂုံအိမ်လေးမှာ"





"ဟုတ်တယ်လေ … မေမေ … သော့မပါလို့တောင် တံခါးကို ရိုက်ဖွင့်လိုက်ရတယ်၊ အိမ်ကလေးက စုတ်ပေမယ့် အထဲမှာတော့ ရှင်းလို့သန့်လို့ …"

"ဟွန်း … သားတော်တယ်၊ မေမေ့သား သိပ်ကိုတော်တယ် သိလား … မေမေကလည်း ငွေပိုးထည်ကို သားနိုးပြေးလာတဲ့တစ်နေ့မှာ နေလို့ရအောင် အိမ်ကလေးကို အမြဲသန့်ရှင်းထားခဲ့တာလေ"

"ဗျာ …"

"ဟား ဟား … သားလေးရယ် … မင်း မအာစမ်းနဲ့ အဲဒီအိမ်က တခြားအိမ်မဟုတ်ဘူးလေ … မေမေနဲ့ကိုမြင့်သူ တစ်ခါတုန်းက အတူတူနေခဲ့တဲ့အိမ် … မေမေနဲ့ကိုမြင့်သူကို သဘောမတူနိုင်ဘူးဆိုပြီး ငွေထုတ်လာပေးပြီး ခွဲသွားတဲ့အိမ် … ဟွန်း … အဲဒီငွေထုပ်ကို ဘယ်သူလာပေးသွားတယ် သားထင်လဲ …"

"ဟင် … ဘယ်သူလာပေးတာလဲ"

"ငွေပိုးထည်ရဲ့မာမီ … ချောချောချစ်ရဲ့မိဘတွေ …"

"ဗျာ …"

"ဟိုဘက်က ချမ်းသာတော့ ကိုမြင့်သူက မေမေ့ကိုရက်စက်သွားတယ်လေ … ဒါကြောင့်မို့ အားလုံးကို မေမေ စိတ်နာတယ်၊ သူတို့အားလုံး နောင်တ တရားတွေနဲ့ သံဝေဂရစေချင်လို့ … မေမေ သင်ခန်းစာပေးနေတာ … မေမေ ဒီလောက်ပြောရင် သား သဘောပေါက် … ဒီအိမ်ကလေးမှာပဲ … မေမေလျှော်ကြေးပေးပြီး မေမေ သဘောတူတဲ့ ကောင်မလေးနဲ့ မေမေ ပေးစားမယ် … ဒီအိမ်ကလေးပေါ်မှာ လျှော်ကြေးပြန်ပေးပြီး မေမေ သူတို့ကို လက်စားချေ



www.burmeseclassic.com

www.burmeseclassic.com



ယေ် ... ကဲ ... မေမေ ပြောချင်တာ ဒါပဲသား ... မေမေ ဖုန်းချ လိုက်တော့မယ် ... ”

“ဟာ ... မေမေ ... ”

သူပြောချင်တာလေးတောင် ပြောခွင့်မရလိုက်တော့ဘဲ မေမေက ဖုန်းကလေးကို ပိတ်ချသွားခဲ့ပြီ။ သူ ပြန်ခေါ်တော့လည်း စက်ပိတ်ထားသည်တဲ့။

မေမေရာ ...

မေမေ ရင်ထဲက အမုန်းမီးလေးကို ...

ကျွန်တော် ဘယ်လိုပြန်ငြိမ်းပေးရမလဲဗျာ။

သားနဲ့ငွေပိုးထည်ကို မေမေ မခွဲလိုက်ပါနဲ့။

သား ... ငွေပိုးထည်ကို တကယ်ချစ်လို့ပါ မေမေ။

ဒါပေမဲ့ ... မေမေရာ ...

ငွေပိုးထည်ကတော့ သားကိုလေ ...

အခန်း ( ၂၀ )

အို ...

သူမ မထင်ထားခဲ့တဲ့ဖြစ်ရပ်တွေ ...

ဘာတစ်ခုမှ သိမထားခဲ့တဲ့ အကြောင်းအရာတွေဟာ ဒီအိမ်ကလေးရဲ့ နံရံလေးတွေပေါ်မှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံဟောင်းလေးတွေထဲမှာ ရှိနေခဲ့တာပါလား။

ဓာတ်ပုံဟောင်းလေးတွေထဲမှာ ...

ဒက်ဒီဟာ ... ဒေါ်မှုန်ရွှေရည်ရဲ့ ပခုံးလေးကိုဖက်လို့ ...

တချို့ပုံလေးတွေက လက်ကလေးတွဲလို့။

ဘုရား ... ဘုရား ...

နာကျင်ဆိုးဝါးလှတဲ့ အဲဒီအဖြစ်အပျက်ကြီးဟာ ဒက်ဒီဘဝမှာ တကယ်ဖြစ်ခဲ့တာပါလားကွယ်။ ဆင်းရဲချို့တဲ့တဲ့ အဝတ်အစားလေးတွေနဲ့ ဒေါ်မှုန်ရွှေရည်ဟာ ဒက်ဒီလုပ်သွားခဲ့တဲ့ လုပ်ရပ်တွေအတွက် ဘယ်လောက် စိတ်နာခဲ့ရလေမလဲ။

ဒီအိမ်ကလေး ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ... ဒက်ဒီနဲ့ဒေါ်မှုန်ရွှေရည် အတူတူနေခဲ့တဲ့ အိမ်ကလေး ... ဘုရားရေ ... ကြည့်စမ်း ... ထည် အခုမှ စဉ်းစား လိုက်မိတာ ... ရှင် ထည့်ကို ဒီအိမ်ကလေးမှာ လက်စားချေတော့ မလို့လား။

တမင် ... ရည်ရွယ်ချက်ရှိရှိနဲ့ ... ;

ဒီအိမ်ကလေးကို ခေါ်လာခဲ့တာလား။

"ဟင် ..."

ဓာတ်ပုံဟောင်းလေးတွေကို မော့ကြည့်နေရင် ခြေသံကြား လို့ လှည့်ကြည့်လိုက်တော့ ဟန်းဖုန်းလေးကိုကိုင်ရင်း သူအိမ်ပေါ် ပြန်တက်လာတာ တွေ့လိုက်ရသည်။

ထည် ... ဆတ်ခနဲ မျက်နှာပြန်လွှဲလိုက်၏။

"ထည် ... မင်း ဘာတွေကြည့်နေတာလဲ ..."

"ဟွန်း ... ဘာတွေကြည့်ရမလဲ ... ရှင့်မေမေ ပြောပြခဲ့တဲ့ နာကြည်းစရာဖြစ်ရပ်ဟောင်းကလေးတစ်ခုရဲ့ ... အတိတ်က ဓာတ်ပုံဟောင်းကလေးတွေကို ကြည့်နေခဲ့တာလေ ... ဘာလဲ လရိပ်ထင် ဒီအိမ်ကလေးပေါ်မှာပဲ ... ရှင့်မေမေရဲ့ နစ်နာခဲ့မှုတွေအတွက် ထည့် ဆီကနေ ရှင်တို့သားအမိ နှစ်ယောက်ပေါင်းပြီး လျော်ကြေးပြန် တောင်းကြတော့မလို့လား"

မခိုးမခန့် ရယ်သံကလေးနဲ့ ထည်ပြောတော့ ... သူ ချာခနဲ ထည့်မျက်ဝန်းတွေကို စူးစိုက်ကြည့်သည်။ တကယ်ဆို ... ထည့် မျက်ဝန်းတွေထဲမှာ သူရှာဖွေနေမိတာ ထည့်ဆီက အချစ်တွေကိုပါ။ ဒါပေမဲ့ ... သူတကယ်ရနေတာ။ နာကျင်နေတဲ့ ထည့်ဆီက အမုန်း တွေလေ။ ဒီကြားထဲ ... ဝေသာဆိုတဲ့ကောင် ချစ်ခဲ့တာကိုကျတော့ ထည်က ယုံသတဲ့။





သူ ... အရှုံ့တိုက်ပစ်ဖို့ပဲ ဆုံးဖြတ်လိုက်မိ၏။

မတတ်နိုင်ဘူး ...

တစ်ညလုံး အတူနေခဲ့တာတောင် အခွင့်အရေးမယူဘဲ ဖြူ ဖြူစင်စင်လေးပဲ ရင်ခွင်မှာ မြတ်နိုးတွေးဖက်ထားခဲ့တာကို မယုံ လည်းနေပေါ့။

"မင်း ... မင်း ... ကြိုက်သလို စွတ်စွဲတော့ သိလား ငွေပိုး ထည် ... ကိုယ် ... မင်းကို ယုံကြည်ပါစေဆိုတဲ့စိတ်နဲ့ ဘာကိုမှ ရှင်းပြချင်တော့ဘူး ... ဟုတ်တယ် ... ကိုယ်ဟာ မင်းကို အတု အယောင်အချစ်တွေနဲ့ ချစ်ခဲ့တယ် ... ဟန်ဆောင်လှည့်ဖျားခြင်း တွေနဲ့ မင်းဆီက အချစ်ကိုရဖို့ ကြိုးစားခဲ့တယ် ... ကဲ ... အဲဒါ ဘာဖြစ်သလဲပြော ..."

"ရှင် ... ရှင် ... မရွံ့နဲ့နော် ..."

"ဟောဗျာ ... အမှန်အတိုင်း ပြောတော့လည်း ရွံ့တယ်တဲ့၊ ဘဲ ... ဒါဆို မင်းကျေနပ်အောင် ကိုယ်ဘယ်လိုဖြေရမလဲ ပြော"

"ဟွန်း ... ဒီမှာ ရှင်ဘယ်လိုဖြေဖြေ ကျွန်မ လုံးဝမကျေနပ် ဘူးဆိုတာ ရှင်သဘောပေါက်ထားလိုက် ... ဒီလို ဓာတ်ပုံလေးတွေ ချိတ်ဆွဲထားတဲ့နေရာကို ရှင်ခေါ်လာကတည်းက ရှင့်ရင်ထဲမှာ အူ ဘယ်နှစ်ခွေရှိတယ်ဆိုတာ ကျွန်မ သိလိုက်ပြီ ... အကောင်းဆုံးက ရှင် ကျွန်မကို ကြိုက်သလိုလက်စားချေပါ ... ဒက်ဒီ တစ်ချိန်တုန်း က ကျူးလွန်ခဲ့ဖူးတဲ့ ပြစ်မှုကြေးကို ကျွန်မ သွေးနဲ့ပေးဆပ်မယ်"

ထည် ... စိတ်နာနာနဲ့ပဲ ပြောပေးလိုက်သည်။

တကယ်လည်း ဒီပြစ်မှုကို ဒက်ဒီ ကျူးလွန်ခဲ့တယ်ဆိုတာ နံရံပေါ်က ဓာတ်ပုံဟောင်းလေးတွေက ထည့်ကို သက်သေပြနေပြီ ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထည် ... နားလည်လက်ခံပေးလိုက်ရတော့မှာပဲပေါ့။

"ဟွန်း ... မလိုပါဘူး ... မင်း အဲဒီလောက်ထိလည်း ဆ
ဆပ်စရာမလိုဘူးထည် ... ကိုယ် မင်းကို နစ်နာအောင် ဘာတစ်ခု
မလုပ်ခဲ့သေးဘူး"

"ဘုရားရေ ..."

ထည် ... ချာခနဲနေအောင် သူ့ကိုလှည့်ကြည့်လိုက်မိ၏။

"ရှင် ... ရှင် ... အပြောကောင်းလှချည်လားဟင် ... 
လောက် ဟိုလူသိ ဒီလူသိနဲ့ ရပ်ကွက်ထဲမှာ ကျော်မကောင်း ကြား
မကောင်းဖြစ်ခဲ့ကြတဲ့ ကိစ္စတစ်ခုကို ရှင်သိနေတာတောင် ကျွန်
နစ်နာအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူးလို့ ပြောရက်တဲ့ ရှင့်စကား
ကို ကျွန်မ ရင်နာတယ် လရိပ်ထင် ... ရှင် တစ်ကနေ့ ပြန်စချင်လို့
လည်း မရတော့ဘူး ... အဲဒါရော ရှင်သိရဲ့လား ..."

ထည် ... စိတ်မထိန်းနိုင်တော့ပါ။

သူ့ကိုယ်သူ အပြစ်မရှိသလိုလို သူကပဲ ဘာမှမလုပ်ခဲ့သလိုလို
မျက်နှာထားမျိုးနဲ့ ထည့်ကို အနိုင်လိုချင်နေတာ ... ထည် ခွင့်လွှတ်
နိုင်ပါတော့မလား။

ဒီကြားထဲ ... ဒက်ဒီကပါ သူနဲ့သဘောတူတယ် ပြောလိုက်
တော့ ... သူ မျက်နှာထားလေးက မာနေတာလေ။ နောက်တစ်ခါ
ဖုန်းလာတော့ ... အိမ်ရှေ့လမ်းမပေါ်ထွက်ပြီး သားအမိနှစ်ယောက်
စကားတွေ အပြန်အလှန်ပြောနေကြတာ။

"ဟွန်း ... နေပါဦး ... မင်းကိုရော ဘယ်သူက တစ်ကနေ့
ပြန်စချင်တယ်ပြောနေလို့လဲ ... မင်းက ဝေသာ့ကိုပဲ အမှန်းတင်
ပြောနေလို့ ကိုယ်မကျေနပ်တာ ... ကိုယ်နဲ့ဝေသာ မင်းယှဉ်စရာ
လား"





"ဘာ ... ဘာရယ် ..."

ကိုယ်နဲ့ဝေသာ ... မင်းယှဉ်စရာလားတဲ့။

"ကိုယ် ... ဒီကောင့်ကို အခုပဲ ဖုန်းဆက်မယ် ..."

"ဟင် ..."

ထည် ငြိမ်နေဆဲမှာပဲ သူ ဟန်းဖုန်းလေးကိုခေါ်လိုက်ပြီ။

"ဝေသာလား ..."

"ဟုတ်တယ်လေ ... လရိပ်ထင် ... ပြော ..."

"မင်း ... တော်တော်မိုက်ရိုင်းတယ် ..."

"ဟင် ... မင်း ဘာပြောတာလဲ ..."

"ငါပြောတာ ... ရှင်းရှင်းလေးပြောတာလေ ဝေသာ ...
ငါနဲ့ငွေပိုးထည် ကြားထဲမှာ၊ ခလောက်ဆန်ပြီး မင်းလူလည်ကျသွား
လို့ မိုက်ရိုင်းတယ်ပြောလိုက်တာ ... မင်း ယောက်ျားမဟုတ်ဘူး
လား ... ယောက်ျားဆိုတာ ဖြောင့်တိုက်နိုက်ရဲတဲ့ သတ္တိရှိမှ
ယောက်ျားလို့ခေါ်တာကွ ... နားလည်လား ..."

"ဟွန်း ... ဒါကတော့ လရိပ်ထင်ရာ ... လူဆိုတာ ကိုယ်
ခံစားချက်နဲ့ကိုယ်ပဲလေ ... ကိုယ်မျှော်မှန်းထားတဲ့ ပန်းတိုင်တစ်ခု
ကိုရောက်ဖို့အတွက် ကိုယ့်ပြဋ္ဌာန်းချက်နဲ့ကိုယ် လွတ်လပ်စွာ ကြိုး
စားအားထုတ်ခွင့်ရှိတယ်လေ ... တကယ်ဆို ... ငွေပိုးထည်ကို ငါ
စတွေ့ခဲ့တာ ..."

သူ ... ဘာကိုရည်ရွယ်ပြီးပြောနေသလဲဆိုတာကို ချက်ချင်း
သဘောပေါက်သွားတာ။ ဒီကောင် ... အခုမှ ငွေပိုးထည်ကို ငါ
စ,တွေ့ခဲ့တာတဲ့ ... အဲဒါ ... မင်းပါးကိုမင်း ဖြောင်းခနဲနေအောင်
ရိုက်ပစ်လိုက်ပါလား ဝေသာ ... အချစ်ဆိုတာ သူခိုးကျင့်သားကြီး
ကြပြီး ... အလစ်မှာ ဝင်ခိုးလို့မရဘူး ... သူတော်ကောင်းယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီး ခါးပြဝင်တိုက်လို့ မရဘူး ... ။

သူ နှုတ်ခမ်းလေးမဲ့ပြီးတော့ပဲ ပြုံးလိုက်မိ၏။

ဝေသာ ...

မင်း တကယ် ဟာသမြောက်တဲ့ကောင် ...

သူငယ်ချင်းနောက်ကျောကို ခါးနဲ့ထိုးတဲ့ကောင်။

"ဟေ့ကောင် ... မင်းအခုမှ အပိုတွေပြောမနေနဲ့ ..."

"လရိပ်ထင်ရာ ... မင်းနဲ့ငွေပိုးထည် ဒီလောက်ပွဲပြီးသွားတာ

တောင် မင်း ... ငါ့ကိုထပ်ပြီးတော့ အနိုင်ကျင့်ချင်သေးလို့လား

ကဲ ... ပြောလေ ... ဒီပွဲမှာ ငါ့ဘက်က ဘာမှားခဲ့လို့လဲ ..."

"ဟာ ... ငွေပိုးထည်ကို ငါမသိအောင် ဖုန်းတွေခိုးဆက်ပြီး

မင်းချစ်ခွင့်တောင်းခဲ့တာလေ ... အဲဒါ မင်းအပြစ် မဟုတ်ဘူးလား"

"ဟေ့ကောင် ... မင်းမေ့နေရင် ငါပြန်ပြောမယ်၊ ငါ့မှာ

သိပ်ချစ်နေတဲ့ ကောင်မလေးတစ်ယောက်ရှိနေပြီဆိုတာ၊ 'မင်း

ငါအသိပေးခဲ့တယ်လေ ... အဲဒီကောင်မလေး ဘယ်သူလဲဆိုတာ

မင်းကိုအသိပေးချင်ပြချင်လို့ ကက်ပီတယ်ကို မင်းကိုခေါ်သွားခဲ့တာ

ဟိုရောက်တော့ ပွဲက ရုတ်ရုတ်သဲသဲနဲ့ ဗရုတ်သုကွဖြစ်သွားခဲ့တယ်

အေး ... နောက်တစ်နေ့မှာ ... ငါတို့သူငယ်ချင်းတွေပြန်တွေ့တော့

အဝါရောင်သစ္စာပန်းစည်းကြီးကိုင်ပြီး ငွေပိုးထည်ကို မင်းလိုက်တော့

မယ်ဆိုတာ ငါတို့ကို မင်းကြေငြာခဲ့တာလေ ... ဒါကြောင့်မို့ ...

ငွေပိုးထည်ကိစ္စကို ငါမျိုသိပ်ခဲ့တာ ... ဒီမှာ ... မင်းနားလည်အောင်

အရှင်းဆုံးပြောရမယ်ဆိုရင် မင်းနဲ့ငွေပိုးထည် ကက်ပီတယ်မှာ မတွေ့

ခင်ကတည်းက တယ်လီဖုန်းထဲကနေ ငွေပိုးထည်ကို Propose လုပ်

ပြီးသား ..."

"ဟာ ... အဲဒါ မင်းပြောပါလား ..."





"ဟေ့ကောင် ..."

တစ်ဖက်ကနေ ...

ဝေသာ ပြန်အော်နေတာ ခံစားချက်အပြည့်နဲ့ပါ။

ပြောနေတာလည်း တုန်တုန်လှိုက်လှိုက်အသံကလေးနဲ့။

"ဘယ်လောက်လှတဲ့ ကောင်မလေးကိုပဲဖြစ်ဖြစ် မင်းနဲ့ငါ ပြိုင်လုနေစရာလား ... ကြိုးဝိုင်းထဲဝင်ပြီး လက်သီးချင်းထိုးနေစရာလား ..."

ဝေသာ ပြောတာလည်း ဟုတ်နေသည်။

ခက်နေတာက ငွေပိုးထည် ... သူ့ကိုစိတ်နာနာနဲ့ ဝေသာ အချစ်ကို ခုမှယုံသွားတယ်လို့ ပြောသွားခဲ့တာလေ ... ဒါကို သူမ ကျေနပ်ခဲ့တာပါ။

"အခုလည်း ... မင်း ငါ့ကို အပြတ်အသတ် ဖြတ်တက်သွားတာ ငါဘာပြောနေလို့လဲ ... အေး ... တစ်ခုတော့ရှိတယ်၊ ပွဲအစမှာကတည်းက မင်းကိုငါပြောခဲ့တာ တစ်ခုရှိတယ် ... ချစ်ခြင်းနဲ့လက်စားချေခြင်း နှစ်ခုကြားမှာ တရားမျှတမှုတစ်ခုတော့ ရှိနေမှဖြစ်မယ်ဆိုတာလေ ... အန်ကယ်ဦးမြင့်သူကို မင်းမကျေနပ်လို့ သူ့ရင်ကိုခွဲပြီး အသည်းကိုပဲ မီးပုံရှို့ရှို့ ... ငွေပိုးထည် မျက်ရည်တစ်စက်မကျဖို့တော့လိုတယ် ... ငါ မင်းကို ဒါပဲပြောမယ် ..."

"ဟာ ... ငွေပိုးထည် မျက်ရည်ကျရင် မင်းက ဘာလုပ်ပေးချင်သေးလို့လဲ ..."

သူ ပြန်မေးလိုက်တာ တကယ့်ကို အသည်းအသန်လေးပါ။

ဒါကို ... ဝေသာကလည်း ပြန်ဖြေဖြစ်အောင် ဖြေပါသည်။

"ဟာ ... ဘာလုပ်ပေးရမှာလဲ ... ပြိုင်ပွဲတစ်ခုမှာပြိုင်လို့ မင်းဘယ်လိုပဲ ... ပထမရွှေတံဆိပ်ကြီးကိုပဲရရ မရိုးသားတဲ့စိတ်နဲ့

www.burmeseclassic.com



အောက်လမ်းနည်းသုံးပြီး ယှဉ်ပြိုင်သွားရင် ဒုတိယလူလက်ထဲကို ပထမဆုကြီး မင်းအပ်ရလိမ့်မယ် ... ဟော့ကောင် ... အဲဒါ ... မင်း မယုံမရှိနဲ့ ..."

"ဝေသာရာ ... မင်း ... မင်းကွာ ... တောက် ..."

"ဟား ... ဟား ... ငါပြောလိုက်လို့ ... မင်း ဟာ့တ်ထိသွားပြီလား ... ဆောရီးကွာ သူငယ်ချင်း ... ငါက စကားအဖြစ်နဲ့ ဥပမာပြောတာပါ ... မင်းကံကောင်းပါတယ် ... အန်ကယ်ဦးမြင့်သူက လည်း ခုလေးတင် ငါ့ဆီကို ဖုန်းဆက်သွားတယ် ... မင်းကိုလည်း သူလက်ခံလိုက်ပြီဆိုတဲ့အကြောင်း ဝမ်းသာအားရပြောသွားတယ်လေ ... မင်းမေမေနဲ့ သူနဲ့သိတယ်ဆိုတဲ့အကြောင်းလည်း ပြောသွားတယ် ... ကြည့်ရတာတော့ အန်ကယ်ဦးမြင့်သူ တော်တော်အူလှိုက်သည်းလှိုက်နဲ့ ... တက်ကြွပျော်ရွှင်နေသလိုပဲ ... အခုလည်း မင်းတို့ တောင်ဒဂုံဘက်မှာ ရောက်နေတယ်ဆို ..."

"ဟွန်း ... အန်ကယ်ဦးမြင့်သူပြောလို့ ပွဲပြီးသွားပြီ မင်းထင်နေတာလား"

"ဟာ ... ဟော့ကောင် ... ဓာတ်လမ်းက မပြတ်သေးဘူးလား"

"အခုမှ ... စတာ ..."

"ဘာ ..."

ဝေသာ တအံ့တသြလေးနဲ့ တစ်ချက်တည်း ငြိမ်သက်သွားသည်။

"ဝေသာ ..."

"ဟာ ... ပြောလေ သူငယ်ချင်း ... ငါ နားထောင်နေတယ်"

"ငွေပိုးထည်ကို ငါချစ်တာ မင်းယုံသလား ..."





"ဟွန်း ..."

"ဟော့ကောင် ... နှုတ်ခမ်းလေးမဲ့ပြီး မင်းရယ်မနေနဲ့"

သူ ပေါ်တင်ပဲ ဖုန်းစပီကာကိုပါ ဖွင့်ချလိုက်သည်။

ဒါမှ ... ငွေပိုးထည်ပါ ကြားရမှာလေ။

"ငါ အမှန်အတိုင်း ပြောရမလား ..."

"ပြော ... ဟော့ကောင် ... မင်းရင်ထဲမှာရှိတဲ့အတိုင်းပြော"

ထည် မျက်စောင်းလေးကော့လျက် ... သူလုပ်ရပ်ကိုကြည့်ကာ နှုတ်ခမ်းလေးမဲ့မိသည်။ ဒါဟာ ... ဘယ်သူဘာပြောပြော ရှင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ သဘောလား။

"ငါ မယုံဘူး လရိပ်ထင် ..."

"ဆက်ပြောလေ ... ဘာကို မယုံတာလဲ ..."

"မင်းမှာ ချစ်တတ်တဲ့ နှလုံးသားမရှိတာ ငါသိတယ်"

"ပြီးတော့ရော ..."

"မာနတအားကြီးတယ် ... မခံချင်စိတ်နဲ့ ပြိုင်ဘက်ကို အနိုင်ယူတတ်တယ် ... လက်စားချေချင်စိတ်များတယ်"

"ဟော့ကောင် ... လက်စားချေချင်စိတ်ဆိုတာ ဘာကိုရည်ရွယ်ပြီး ပြောတာလဲ"

"ငါပြောတာ ရှင်းရှင်းလေးပဲလေ လရိပ်ထင် ... မင်းနဲ့ငွေပိုးထည် စတိုက်မိတဲ့ ကားပီတယ် အဖြစ်အပျက်ကို ငါမသင်္ကာလို့ စီစီတီဗွီမှာ သွားပြန်ကြည့်တာ ... ငါထင်တဲ့အတိုင်းပဲ ... မင်းသိသိကြီးနဲ့ တမင်ဝင်တိုက်ပြီးတော့ ပွဲဆူအောင် ဖန်ဆင်းသွားတာ ... ဟော ... နောက်တစ်နေ့မှာ မင်းယူလာတဲ့ပန်းစည်းလေး အဓိပ္ပာယ်ကလည်း လက်စားချေတော့မယ့် နိမိတ်ပုံတွေပါနေတဲ့ ပန်းစည်းလေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... မင်းမဆိုးဘူး ဝေသာ ... ဟုတ်တယ် ... ငါတခင်ဝင်တိုက်ပြီး ပြဿနာကို မီးစရှို့လိုက်တာ ..."

"အခု ... မင်းနားမှာ ငွေပိုးထည်ရှိလား ..."

"ရှိတယ် ... စပီကာဖွင့်ပြီး ငါမင့်းနဲ့ စကားပြောနေတာ"

"ဟာ ... လရိပ်ထင် ... မင်း ..."

ဝေသာ အသံ တိတ်ကျသွားသည်။

"ဘာလဲ ဝေသာ ... ငွေပိုးထည် နားထောင်နေတယ်ဆိုပြီး မင်းရှိန်သွားတာလား ... ရတယ် ... ဝေသာ ... ပြဿနာမရှိဘူး မင်း ဆက်ပြော ... နောက်ကွယ်ကနေ ချောင်းရိုက်တာ မကြိုက်လို့ တိုက်စစ်ဖွင့်ပြီး မင်းနဲ့ငါ စီးချင်းထိုးတော့မှာ ..."

"လ ... လရိပ်ထင်ရာ ... ငါ ... ငါ မင်းကို စီးချင်းထိုးချင်လို့ စိမ်ခေါ်နေတာ မဟုတ်ဘူး ... လရိပ်ထင် ... မင်း စပီကာဖွင့်ထားတာလည်း မင်းပြောမှငါသိတာ ... မလုပ်ပါနဲ့ကွာ၊ မင်းနဲ့ငွေပိုးထည် အခန်းထဲမှာလည်း တစ်ညလုံးနေခဲ့ပြီးပါပြီ ... အခုလည်း မင်းခေါ်သွားတဲ့ တောင်ဒဂုံမှာ မင်းတို့နှစ်ယောက်ပဲရှိနေတာပါ ... ဒါကို တောင် မကျေမနပ်သေးဘဲ ... တစ်တောလုံးညံနေအောင် မင်း ဘာလို့ မိုင်ကုန်ဖွင့်ချင်နေရတာလဲ လရိပ်ထင် ..."

"ဟွန်း ... အဲဒါ ... မင်းမသိသေးဘူးလား ..."

သူ့နှုတ်ခမ်းလေး မဲ့သွားသလို ...

ဖုန်းပြောရင်းနဲ့လည်း ... ကိုယ်လေးကို တစ်ပတ်လှည့်ပစ်သည်။

"ဟင် ... ငါမသိရအောင် ... မင်းတို့က ဘာဖြစ်နေလို့လဲ"

"ထည်က ... ငါ့ကို မုန်းနေတာလေ ..."

"ဘာ ... ဘာ ဟော့ကောင် ... ထည်က ဟုတ်လား ..."





ဟား ဟား ... မင်း ... မင်း မနောက်နဲ့နော်၊ ဒီမနက်ကမှ မင်းခေါ်တဲ့နောက်ကို ငွေပိုးထည် လိုက်သွားတဲ့ဟာကို ... အနက်ကယ်ဦးမြင့်သူကလည်း မင်းတို့နှစ်ယောက်ကို သဘောတူနေပြီ၊ ကဲ ... ဘာလို သေးလို့လဲ ..."

"လိုနေတာ မင်းနဲ့ငါနဲ့နှစ်ယောက်ကြားမှာ ထည်က ဘယ်သူ့ကိုပိုချစ်နေသလဲဆိုတဲ့အဖြေပဲ ... ဒါကို ငါတိတိကျကျသိချင်တယ်"

"ဟော့ကောင် ... မင်း ဘာကြောင်နေတာလဲ ..."

ဝေသာ ပြန်အော်နေတာ အထိတ်တလန့်လေးနဲ့ပါ။

"လရိပ်ထင် ... ရှင် ... ဆက်မပြောနဲ့တော့ ..."

"ဟာ ... ထည် ..."

သူ့လက်ထဲက ဟန်းဖုန်းလေးကို ထည်က ဆွဲယူပစ်လိုက်သလို ဖုန်းပါဝါကိုပါ တစ်ချက်တည်းနှိပ်ကာ ပိတ်ချလိုက်သည်။

"ရှင် ... ရှင် ... တော်တော်ပြဿနာရှာတဲ့လူ ..."

ထည် ဒေါပွပြီး မျက်နှာလေးကပါ ရဲနေသည်။

"ရှင့်ကို မုန်းတယ်လို့ဘယ်သူကပြောနေလို့ ရှင် ... ကိုဝေသာ့ကို ပွနေတာလဲဟင် ... လရိပ်ထင် ... ရှင် ကျွန်မကိုပြောစမ်းပါ ..."

"ပွတာမဟုတ်ဘူး ... ဒီကောင့်ကို မင်းချစ်နေမှာစိုးလို့"

"ဘာ ... ဘာပြောတယ် ..."

ထည် မျက်တောင်တွေကော့ပျံကာ ...

ရင်ထဲမှာပါ အတိုင်းအဆမဲ့အောင် နာသွားသည်။

ကြည့်ပါဦး ... ပြောရက်လိုက်တာ။

ဒီကောင့်ကို မင်းချစ်နေမှာစိုးလို့တဲ့ ... ဒါ ဒီအချိန်ရောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာလား။ ဒီစကားပြောတော့ရော ကောင်းပါတော့မလား။

ဒီမေးခွန်းတွေကြောင့် ...

ကိုဝေသာ မခံချိမခံသာလေးနဲ့ ဒေါ်ပွသွားမှာ သေချာပါတယ်။ ဒါတောင် ... ထည်အချိန်မီ တားဆီးလိုက်နိုင်လို့ပေါ့။ ဒီဇာတ်လမ်းမှာ အရေးကြီးနေတာက ထည်နဲ့ပတ်သက်ခွင့်ရဖို့ တမင်ဖန်တီးယူခဲ့တဲ့ သူ့လုပ်ရပ်တွေကို ထည် ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် နာကျင်ခံစားနေရတာပါပဲ။

ကက်ပီတယ်မှာ ဆုံတွေ့ခဲ့စဉ်က ...

သူဟာ ထည့်ကို တမင်ဝင်တိုက်ခဲ့တာတဲ့။ ထည့်ဆီကို လာပို့ပေးသွားတဲ့ အဝါရောင်သစ္စာပန်းစည်းလေးကလည်း လက်စားချေအထိမ်းအမှတ် ပန်းစည်းလေးတဲ့။ ကိုဝေသာ စွတ်စွဲသမျှ အချက်အလက်တွေကို သူက ဘာတစ်ခုမှ မငြင်းဘဲ ဝန်ခံခဲ့တာလေ။

တကယ်တော့ ... ဒီဇာတ်လမ်းမှာ ...

ထည်ကပဲ ကံဆိုးခဲ့တာပါ။ ခုတော့ ... ထည် ဘာတတ်နိုင်တော့မှာလဲ။ သူ့ကို နင့်သည်းနေအောင် ချစ်မိသွားခဲ့တာကိုက ထည့်ရဲ့အမှား။

"ရှင် ... ရှင် တကယ်ဟာသမြောက်အောင် ပြောနေတာပဲ။ ဒီမှာ ... ရှင် ... ကျွန်မ မျက်နှာကို သေသေချာချာကြည့်စမ်းပါ ... မဆိုင်တဲ့လူတွေကို ပြဿနာရှာဖို့ ကြိုးစားနေတဲ့အစား ... ရှင်ဖြစ်ချင်တာတွေအားလုံး ... ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောတာအကောင်းဆုံးပဲ ..."

ထည် ရင်ဆိုင်ရတော့မှာပါ။

ထည် ပြောတော့လည်း သူက စကားတစ်လုံးမှပြန်မပြောတော့ဘဲ နောက်ဖေးခန်းထဲ ဝင်သွားသည်။





ပြန်ထွက်မလာလို့ ထည် ဝင်ကြည့်လိုက်တော့ ...

နောက်ဖေး မီးဖိုခန်းလေးထဲမှာ သူတစ်ယောက်ထဲ ...

"ဟင် ... ရှင် ဘာလုပ်နေတာလဲ"

"မေမေ တစ်ခါတုန်းက သုံးခဲ့တဲ့ အိုးအဟောင်း ... ခွက်အဟောင်း ပန်းကန်ဟောင်းလေးတွေကို ကြည့်နေတာလေ ..."

ထည် ကြည့်လိုက်တော့ ဟောင်းပေမယ့် အားလုံးက သပ်သပ်ရပ်ရပ်ကလေး။

ကြောင်အိမ်ဟောင်းလေးကို ဆေးပြန်သုတ်ထားသလို ပန်းကန်စင်အဟောင်းလေးကိုလည်း ပေါ်လစ်လေးပြန်တင်ထားတာတွေ့လိုက်ရ၏။

"ဘာလဲ လရိပ်ထင် ... ရှင့်မေမေ ခံစားခဲ့ရတဲ့ ခံစားချက်တွေအတွက် ရှင်ကပါ စိတ်ထိခိုက်နေပြီလား"

"ဒါကတော့ကွာ ... ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတဲ့စကားလုံးလည်း ရှိနေတာပဲ ... ခက်နေတာက မေမေဖြစ်စေချင်တဲ့ဆန္ဒတွေကို ကိုယ်မလွန်ဆန်နိုင်ခဲ့တာ ... တစ်ခုတော့ ကိုယ်သစ္စာဆိုရဲတယ် ... မင်းတို့ မိသားစုလေးရဲ့ဓာတ်ပုံလေးကို လက်တော့ပ် ကွန်ပျူတာလေးနဲ့ မေမေဖွင့်ပြပြီး နာကြည်းစရာခံစားချက်တွေ မေမေ ပြောတဲ့နေ့ကတည်းက ကိုယ် ... မင်းကိုချစ်ခဲ့မိတာပါ မေမေ့ဆန္ဒကို ငြင်းပယ်ခဲ့ပေမယ့် မေမေက လက်မခံခဲ့ဘူးလေ၊ ကက်ပီတယ်မှာ မင်းနဲ့မတွေ့ခင် ကက်ပီတယ်မှာ ရောက်နေတဲ့ မေမေက ကိုယ့်ဆီ ဖုန်းဆက်လှမ်းပြောလို့ မင်းကက်ပီတယ်မှာ ရောက်နေတာ ကိုယ်သိလိုက်ရတယ် ... ဒါကြောင့်မို့ ... မင်းကိုရှာပြီး ကိုယ်တမင်ဝင်တိုက်ခဲ့တာ ... ပန်းစည်းလေးကလည်း မေမေ ကိုယ်တိုင် ရွေးချယ်စီစဉ်ပေးလိုက်တဲ့ ပန်းစည်းလေးပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို ... ရှင်က ... "

"ကိုယ် မင်းကို တကယ်ချစ်ခဲ့တာ ငွေပိုးထည် ... "

"ရှင် ... "

"ဒါပေမဲ့ ... မင်းက ... "

ဟော ... တွေ့လား ...

သူ ... ထည့်ရှေ့ကနေ ချာခနဲ လှည့်ထွက်သွားပြန်ပြီ။

ဒါ ... ဒါ ... ရှင် သက်သက်မဲ့ စိတ်ကောက်နေတာပေါ့လေး၊ ကိုဝေသာ ချစ်တာကို ယုံတယ်လို့ ပြောလိုက်မိတာလေးနဲ့။

ကိုဝေသာကိုလည်း ပြဿနာရှာ ...

ထည့်ကိုလည်း ရန်စကားတွေ အရွဲ့တိုက်ပြော ... ဟော ခုလည်း ... ဘာမပြော ညာမပြောနဲ့ လမ်းပေါ်ကို သူထွက်သွားပြန်ပြီ။

လရိပ်ထင်ရယ် ... ရှင် တကယ်ခက်တာပဲ ...

ကျွန်မ ရှင့်ကို ချစ်တာ ... ရှင် မသိဘူးလားဟင်။

ရှင် ... ရှင် ...

ရှင် သိပ်ဆိုးတယ် ... လရိပ်ထင် ... ။

အခန်း ( ၂၁ )

"ဟား ... ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ ချောရာ ... မင်း ငါ့ကို အကြံပေးစမ်းပါ ... စဉ်းစားရလွန်းလို့ ငါ့ခေါင်းထဲမှာလည်း မီးတောက်နေပြီ ... ငါလေ ... ငါ ... ငါ ... မှုန်ရွှေရည်နဲ့ ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ ... "

စည့်ခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း ဦးမြင့်သူ ဇကျာမငြိမ်ဖြစ်ကာ စိတ်တွေကပါ ယောက်ယက်ခပ်လျှက် ... နေ့လည်း မအိပ်နိုင်၊ ညလည်း အိပ်မပျော်နိုင်။

နောက်ဆုံးကျတော့ ...

အရက်တွေပဲ သောက်နေမိသည်။

"ရှင် ... ရှင် ... ဒီအချိန်ရောက်မှ တုန်လှုပ်နေတော့ ဘာထူးတော့မှာလဲ ... ဖြစ်တာတွေလည်း ဖြစ်ခဲ့ပြီ ... ပြီးတာတွေလည်း ပြီးခဲ့ပြီ၊ အရေးကြီးတာ လရိပ်ထင်က ဒေါ်မှုန်ရွှေရည်သား ဖြစ်နေတာပဲ ... "

"အဲဒါကြောင့် ခက်နေတာပေါ့ ချောရာ ... ငါ ... ငါ ဘယ်လို ရင်ဆိုင်ရမှန်းမသိလို့ စိတ်တွေယောက်ယက်ခတ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်သောက်ပြီးတော့လည်း ...

နောက်တစ်ခွက်က အဆင်သင့်ပြီးသား။

သေချာတာက ဦးမြင့်သူ ... တုန်လှုပ်နေတာပါ။

မိမိက မှန်အပေါ်မှာ သစ္စာမဲ့ခဲ့မိတာလေ။ တစ်ခါတုန်းက ရက်စက်စွာ မှန်ကို ထားပစ်ခဲ့မိသည်။

ချမ်းသာတဲ့ ချောကိုပဲ တရားဝင်လက်ထပ်ခဲ့မိတာတွေအား လုံးအတွက် မှန်ကိုပြန်ရင်ဆိုင်ရမှာ မျက်နှာပူမိသလို မှန်ဘယ်လို တုန့်ပြန်လာမလဲဆိုတဲ့ အချက်ကိုလည်း ဦးမြင့်သူ တုန်လှုပ်စွာ သိချင်နေခဲ့မိသည်။

"ခုလည်း ... ငါဒီလောက်အောက်ကျခံခေါ်တာတောင် ကလေးနှစ်ယောက်စလုံး ငါ့ဆီကိုပြန်မလာဘူး ... ဖုန်းထပ်ဆက် တော့လည်း ဆက်လို့မရတော့ဘူး ... ဒါ ဘာသဘောလဲ ..."

"ကိုမြင့်သူရယ် ... ရှင့်စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ။ သံသရာ လည်မှာကြောက်ပြီး တုန်လှုပ်မနေစမ်းပါနဲ့ ..."

"အန်ကယ်နဲ့အန်တီ ... ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျာ"

"ဟာ ... မောင်ဝေသော ... မင်း ... မင်းဘယ်ကလာတာ လဲ"

ဝေသောကို တွေ့လိုက်တော့ ဦးမြင့်သူ ဝမ်းသာသွားသည်။

ဒီကောင်နဲ့လရိပ်ထင်က သူငယ်ချင်းတွေဆိုတော့ ကလေး တွေအခြေအနေကို ဒီကောင် သိချင်သိနေမှာလေ။

"ထိုင် ... မောင်ဝေသော ..."

"ဟုတ် ... အန်ကယ် ..."

"အန် ... အန်ကယ် သမီးသတင်းကို ဘာကြားသေးလဲ"





"ကျွန်တော်လည်း အဲဒီကိစ္စတွေ ပြောချင်လို့ အန်ကယ်ဆီ ကို တမင်ထွက်လာတာပါ အန်ကယ် ... ညနေကကော့ လရိပ်ထင် ကျွန်တော့် ဖုန်းပြောဖြစ်လိုက်သေးတယ်"

"ဟေ ... ဟုတ်လား ..."

ဦးမြင့်သူ မူးနေတာတောင် ဘယ်ပျောက်သွားမှန်းမသိ။

"လ ... လရိပ်ထင် ဘာပြောသွားလဲ ..."

သိချင်စိတ်ကိုလည်း ဦးမြင့်သူ အောင့်မထားနိုင်။

"ဟွန်း ... ပြောတာကတော့ သူ့ခံစားချက်တွေအကုန်ပြော သွားတာ ... အန်ကယ် ... တစ်ခါတုန်းက အန်ကယ်နဲ့ကျွန်တော် ပြောခဲ့သလိုပဲ၊ ဒီကောင် ... လက်စားချေချင်တဲ့စိတ်နဲ့ အန်ကယ့် သမီးကို စည်းရုံးသွားတာ ..."

"ဘာ ... ဘာပြောတယ် ဝေသော ... ဒီကောင်က လက်စား ချေချင်တာ"

ဒီစကားဟာ ဦးမြင့်သူ ဘယ်လိုမှ မကြားရဲတဲ့စကား။

ကြည့်ပါဦး ... ဒီကောင်က လက်စားချေချင်တာတဲ့။

"ဟုတ်တယ်လေ အန်ကယ် ... ကာကီဝီတယ်မှာ စတွေ့တဲ့ ညကလည်း မတော်တဆ တိုက်မိတာမဟုတ်ဘဲ တမင်တကာ ဝင် တိုက်ပစ်လိုက်တာကိုလည်း ဒီကောင် ... ကျွန်တော့်ကို အမှန် အတိုင်း ဝန်ခံသွားတယ် ..."

"ဒီ ... ဒီကောင်ကွာ ... တောက် ..."

ဒီစကားကြားတော့ ဦးမြင့်သူ အခံရခက်နေသည်။

"အဲဒါကြောင့် ... အစကတည်းက ဒီကောင် မရိုးသားဘူးလို့ အန်ကယ့်ကို ကျွန်တော်ပြောခဲ့တာလေ ... ဘာပဲပြောပြော ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်မှာ အညှိုးကြီးကြီးနဲ့ လက်စားချေချင်တဲ့စိတ်တွေရှိနေ
အန်ကယ့်ကို ကျွန်တော် သတိပေးခဲ့တာ ... ခုတော့ ဒီကောင့်လု
ရပ်တွေအားလုံးက ကျွန်တော်ပြောတဲ့အတိုင်း ကွက်တိပဲ ...

"ဒီကောင် ... ဒီကောင်က ဘယ်သူ့ကို လက်စားချေ
တာလဲဝေသာ ..."

"ဟာ ... အဲဒါ ... အန်ကယ်မသိဘူးလား၊ ဒီကောင် လ
စားချေချင်တာ အန်ကယ့်ကိုလေ ... ကျွန်တော့်ကို ဒီကောင်ပြေ
ခဲ့တာ အန်ကယ့်အသည်းကို မီးပုံရှို့ချင်လို့တဲ့ ... တကယ်
ဒီကောင်က သူ့အကြောင်းတွေ အမှန်အတိုင်းမပြောနဲ့ဆိုလို့ တော
ဒဂုံမှာနေတယ်လို့ ကျွန်တော်ပြောလိုက်တာ ... ဒီကောင့်အမေ
အရမ်းချမ်းသာတယ် ... နာမည်က ဒေါ်မှုန်ရွှေရည်တဲ့ ..."

"ဝေသာရာ ... အဲဒါတွေလည်း ဒီကောင်အမှန်အတိုင်းပြေ
ပြသွားလို့ အန်ကယ်သိပြီးပါပြီ ... ဒေါ်မှုန်ရွှေရည်နဲ့လည်း အန်က
တစ်ချိန်တုန်းက ပတ်သက်ခဲ့ဖူးတယ်လေ ..."

"ဗျာ ... ဒေါ်မှုန်ရွှေရည်ကို အန်ကယ်သိတယ် ..."

"ဟွန်း ... သိတာပေါ့ မောင်ဝေသာရယ် ... အခုလ
အခြေအနေမှာ အန်ကယ်တို့ထက် အဆပေါင်းများစွာချမ်းသာ
တာလည်း အန်ကယ်နားလည်ထားတယ် ... ခက်တယ်ကွာ ...
ပြဿနာကို ဘယ်လိုအဖြေရှာရမှန်းတောင် အန်ကယ် မသိ
ဘူး ... အန်ကယ်တို့မှာလည်း စီးပွားရေးက အရင်လိုမကောင်း
ဘူးဆိုတော့ ..."

"ဟင် ... ဒါဆို ... အန်ကယ်က ဘယ်လိုဖြစ်စေချင်တာ

"အန်ကယ် မှားခဲ့တာရှိရင် အားလုံးကျေနပ်သွားအော





တာင်းပန်လိုက်မယ်လေ ... မောင်ဝေသာ ... အဲဒါ
ား ..."

"အန်ကယ်ရာ ... ကျွန်တော် ... ကျွန်တော်က ...
ျွန်တော့်သူငယ်ချင်းနဲ့ အန်ကယ့်သမီးကို ပြန်ခွဲစေချင်တာ"

ဝေသာကတော့ အပြတ်ပဲ ...

ကိုယ်ကမှ ငွေပိုးထည်ကို အဆုံးရှုံးမခံနိုင်တာ။

ဒါကိုပြောချင်လို့ အန်ကယ့်ဆီ သူတမင်လာခဲ့တာပါ။

"ဖြစ်မလား မောင်ဝေသာရယ် ... ဒီကိစ္စက ရပ်ကျော်ရွာ
ကျော် အားလုံးသိသွားကြတဲ့ကိစ္စ ဖြစ်နေပြီဆိုတော့ ပြန်ခွဲရင်လည်း
ခန်ကယ့်သမီးပဲ နစ်နာရတော့မှာလေ ..."

"ဟွန်း ... ဒါကတော့ အန်ကယ်တို့သဘောပဲလေ ... ခု
လောလောဆယ် ကျွန်တော် နောက်ဆုံးသိထားတဲ့ အခြေအနေ
တစ်ခုကိုပြောရမယ်ဆိုရင် အန်ကယ့်သမီး ငွေပိုးထည်နဲ့လရိပ်ထင်တို့
စ်ယောက် တောင်ဒဂုံမှာ ပြဿနာဖြစ်နေကြတယ် ... လရိပ်ထင်
ို ငွေပိုးထည်က မုန်းနေလို့တဲ့ ... သူတို့နှစ်ယောက် ကွဲနေတာ
တော့ သေချာတယ်အန်ကယ် ... ကျွန်တော် ထင်တယ် ... ငွေပိုး
ထည်ကို ဒီကောင် မကောင်းတဲ့စိတ်နဲ့ လက်စားချေဖို့ ကြိုးစားနေ
ဒ"

"ဟင် ..."

"ကျန်တာကတော့ ဘာဆက်လုပ်သင့်တယ်ဆိုတာ အန်
ကယ်တို့ပဲ စဉ်းစားကြတော့ပေါ့ ... ကဲ ... ကျွန်တော့်ကိုပြန်ခွင့်ပြု
ဦး ..."

"ကောင်းပါပြီ မောင်ဝေသာရယ် ... အန်ကယ့်ကို ခုလို



www.burmeseclassic.com

www.burmeseclassic.com



လာသတိပေးတာလည်း မောင်ရင့်ကို အများကြီးကျေးဇူးတင်
တယ်"

"ဟုတ်ကဲ့ပါ အန်ကယ် ..."

မောင်ဝေသာ ပြန်သွားတော့ ...

ညှို့ခန်းထဲမှာ ကျန်ခဲ့တာ နှစ်ယောက်တည်း ...

"ကဲ ... ဘယ်လိုလုပ်ကြမလဲ ... လရိပ်ထင်က ငါ့ကိုလ
စားချေချင်လို့ သမီးကို အပိုင်ကြံတာတဲ့ ... စိတ်ညစ်တယ် မိန်း
ရာ ... ဟား ..."

ဦးမြင့်သူ စိတ်ပျက်လက်ပျက်နှင့် ထိုင်ခုံမှာကျောကပ်မှီ
ပင့်သက်ကြီးကိုပဲ ဟားခနဲ ချမိသည်။

"ငါ ... ငါ ... ဘာလုပ်ရမလဲဟင် ချောချစ် ..."

"တီ ... တီ ..."

"တီ ... တီ ..."

"ဟာ ... ဖုန်းလာနေပြီ ..."

ဖုန်းမြည်သံကြားလို့ ဦးမြင့်သူ ကပျာကယာကိုင်လိုက်
တစ်ဖက်ကပေါ်လာတာ သမီးငွေပိုးထည်ရဲ့အသံ။

"ဒက် ... ဒက်ဒီလားဟင် ..."

"အို ... သမီးငွေပိုးထည် ... ပြောလေ ..."

သမီးအသံကြားတော့ ဦးမြင့်သူ စိတ်တွေလှုပ်ရှားသွားသည်

ဒီဘက်မှာ ... ဖုန်းပြောနေတဲ့ ငွေပိုးထည်ကတော့
တည်ငြိမ်ငြိမ်ပါပဲ။ ဒါဟာလည်း ... ဆုံးဖြတ်ချက်တစ်ခုနဲ့ ဒက်ဒီ
အသိပေးသင့်တာပေးဖို့ ... သူ့ဆီက ဟန်းဖုန်းလေးကို တောင်
ဒက်ဒီ့ဆီကို ဆက်လိုက်တာလေ။





အရေးကြီးတာ ... သူ့အကြောင်းတွေ ဒက်ဒီသိဖို့ပါပဲ။

"သမီး ... ဒက်ဒီကို ပြောစရာတွေနဲ့ တောင်းပန်စရာတွေရှိ
လို့ ဆက်လိုက်တာပါ ဒက်ဒီ ... သမီးကြောင့် ဒက်ဒီတို့ စိတ်ဆင်းရဲ
နေမှာလည်း သမီးကြောက်ပါတယ် ... သမီးမှာ အမှားရှိခဲ့ရင် ခွင့်
လွှတ်ပါ ဒက်ဒီ ..."

"အို ... သမီးရယ် ... ဒက်ဒီမှာရှိတာ ဒီသမီးလေးတစ်
ယောက်ပဲရှိတာလေ ... ဒီအဖြစ်အပျက်တွေဟာ လုံးဝရည်ရွယ်
ထားဘဲဖြစ်သွားတဲ့ အဖြစ်အပျက်တွေဆိုတာ ဒက်ဒီ သဘော
ပေါက်ပါတယ်သမီးရဲ့ ... အခုလည်း ... သမီးတို့တောင်ဒဂုံမှာ
ရောက်နေတယ်ဆို ... ဘယ်နေရာလဲဘယ်ရပ်ကွက်လဲ ဒက်ဒီ့ကို
ပြောစမ်း ..."

"သမီးပြောရင် ... ဒက်ဒီ မအုံ့ဩနဲ့နော် ..."

"ပြော ... ပြော ..."

"ဒေါ်မှုန်ရွှေရည် ဆင်းရဲတုန်းက နေသွားခဲ့တဲ့ အိမ်ဟောင်း
လေးကို ရောက်နေတာ ဒက်ဒီ ..."

"ဘာ ... ဘာပြောတယ် ..."

ထည် ပြောလိုက်ရင် ... ဒက်ဒီတုန်လှုပ်သွားမယ်ဆိုတာ
ထည်က သိပြီးသားပါ။ ဒါပေမဲ့ ... ဘာတတ်နိုင်တော့မှာလဲ။ ထည်
ဒက်ဒီကို ခပ်ရှင်းရှင်းလေးပဲပြောလိုက်မိသည်။ တကယ့်အဖြစ်
အပျက်တစ်ခုဟာ အိပ်မက်မှ မဟုတ်တဲ့ဟာ ... ဒါကို ဒက်ဒီ လက်ခံ
သင့်တာပေါ့။

"သမီး အမှန်အတိုင်းပဲပြောမယ်နော် ဒက်ဒီ ... သမီးပြောရင်
ဒက်ဒီတုန်လှုပ်မသွားနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် သမီး ... ပြော ... ပြော ... "

"သမီးနဲ့ ဒေါ်မှုန်ရွှေရည် တွေ့ပြီးသွားပြီ ... "

"အို ... ကြည့်စမ်း ... "

သမီးနဲ့ဒေါ်မှုန်ရွှေရည် တွေ့ပြီးသွားပြီဆိုလို့ ရင်ထဲမှာ ဒိုင်းခနဲ တစ်ချက်တုန်ကာ တစ်ကိုယ်လုံးပါ အေးစက်သွားသည်။

"တွေ့တော့ ... အန်တီဒေါ်မှုန်ရွှေရည်က ဒက်ဒီနဲ့ဖြစ်ခဲ့သော ဇာတ်လမ်းတွေအားလုံးကို ရှင်းပြတယ်လေ ... "

"ဟာ ... ဟာကွာ ... "

"သမီး နားလည်လိုက်တာက အန်တီဒေါ်မှုန်ရွှေရည်က ဒက်ဒီကို အရမ်းစိတ်နာနေတယ် ... "

"ဟင် ... "

ဦးမြင့်သူတစ်ယောက် ...

ခြေဖျားလက်ဖျားတွေပင် အေးစက်လာရ၏။

"အဲဒါလေ ... အဲဒါ ... ဒက်ဒီကိုလက်စားချေချင်လို့ သမီးတို့ မိသားစုလေးရဲ့ဇာတ်ပုံလေးတွေကို ထုတ်ပြပြီး ... သူ့သား လင်းထင်ကို တမင်လုပ်နိုင်းခဲ့တာတဲ့ ... "

"ဟုတ် ... ဟုတ်ရဲ့လား သမီးရယ် ... "

"ဟုတ်တယ် ဒက်ဒီ ... အဲဒါတော့ ဒက်ဒီ မယုံမရှိနဲ့ ... "

ထည် ... ဒက်ဒီကို အမှန်အတိုင်းပဲ ပြောလိုက်မိ၏။

ဦးမြင့်သူ နားထောင်ရင်း ရင်ထဲမှာပူလောင်လာသည်။

မှုန်ရွှေရည် ...

မင်း တကယ်အညှိုးကြီးတာပဲ။

ကိုယ့်သမီး ငွေပိုးထည်မှာ ဘာအပြစ်ရှိလို့လဲ။



ဒါကို ... မင်းက ဘယ်လိုလက်စားချေချင်တာလဲ။

"ဒက်ဒီ ... "

"ဟင် ... သမီး ... ပြောလေ ... "

"ဒက်ဒီကို အဓိကပြောချင်တာက ဒေါ်မှုန်ရွှေရည်က သမီးကို သူ့ချွေးမတစ်ယောက်အဖြစ်နဲ့ အသိအမှတ်မပြုနိုင်ဘူးတဲ့လေ"

"ဘာ ... ဘာပြောတယ် သမီး ... "

"ပြန်ခွဲမယ်တဲ့ ... "

"ဟွန်း ... "

ပြောနေတာလည်း ထည့်နှုတ်ခမ်းလေးက မဲ့လို့ပါ။

တကယ်တော့ ... သူ့ကိုအရွဲ့တိုက်ပြီး ဒက်ဒီ့ဆီကို ထည် ဖုန်းဆက်နေမိတာပါ။ သူကတော့ ဖုန်းပြောနေတဲ့ ထည့်ကို မကျေချမ်းလေးကြည့်ပြီး ခေါင်းလေးတစ်ခါခါနဲ့ ... အိမ်နံရံလေးမှာ ကျောကပ်မှီကာ ခြေထောက်ဆန့်ထိုင်ရင်း ... အင်္ကျီရင်ဘတ်ကြယ်သီးတွေကို ဖွင့်ထားသည်။

"အဲဒီတော့ ... သမီး ဆုံးဖြတ်လိုက်ပြီ ဒက်ဒီ ... "

"ဟင် ... သမီးဘယ်လိုဆုံးဖြတ်လိုက်လဲ ... "

"ဒီဝင်ကျွေးကို သမီးပေးဆပ်လိုက်တော့မယ် ... ဒေါ်မှုန်ရွှေရည်ရက်စက်သမျှကိုလည်း သမီးခံလိုက်တော့မယ် ... ဒါပဲနော် ဒက်ဒီ ... သမီး ဖုန်းချလိုက်တော့မယ် ... "

"သမီး ... သမီး ... "

ထည် ဒါပဲပြောပြီး ဖုန်းကို ပိတ်ချပစ်လိုက်သည်။

"ကဲ ... ရှင် ကျေနပ်တယ်နော် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... အဲဒါ ... မင်းဆန္ဒလေ ... "

ဖုန်းကိုလှမ်းယူရင်း လရိပ်ထင် နှုတ်ခမ်းလေးကိုမဲ့သည်။

တကယ်ပါပဲ ...

ကျေနပ်အောင် ချော့တာလည်း ဘယ်လိုမှ ချော့လို့မ

အပြင်ကိုထွက်ပြီး တကူးတက ဝယ်လာသည့် အစားအသောက်

တွေကိုလည်း တစ်ခုမှ မထိမကိုင်ဘဲ ဒီအတိုင်း ပစ်ချထားကာ သူ

ဒက်ဒီဆီကို ဖုန်းဆက်နေခဲ့တာပဲဖြစ်သည်။

ပြီးတော့လည်း ...

သူ့ကို ခနဲ့သလို ရွဲ့သလိုနှင့် သူမပြောချင်တာတွေ ပြောသွား

တာလေ။ ခုလည်း ... ဖုန်းပြန်ပေးကာ ဒီဘက်ကိုလှည့်လာပြီး

ထည် ... မပြီးနိုင် မစီးနိုင် ပြဿနာရှာတော့မည်။

ကဲ ... အဲဒါ သူဘယ်လိုဖြေရှင်းရမလဲ။

ညအိပ်ရင်ရော ဘယ်လိုအိပ်ကြမလဲ ...

"ဟင် ... ဘာကျွန်မဆန္ဒလဲ ... ကျွန်မ အခုပြောနေတာ

ရှင်နဲ့ရှင့်မေမေရဲ့ ဆန္ဒအတိုင်း ကျွန်မပြောနေတာလေ ... ဒါတွေ

အားလုံး ဖြစ်အောင် အဓိကလုပ်ခဲ့တဲ့ တရားခံကရှင်ပဲ ... "

ထည် ... နာကျင်သော ကြွဲအက်အက်ရှတတ အသံကလေး

နှင့် ပြောမိသည်။ တကယ်လည်း ... ဒါတွေအားလုံးဖြစ်လာအောင်

သူကပဲ ဖန်တီးယူခဲ့တာလေ။ ထည်ကတော့ ... သူ့ကို တကယ်ချစ်

ခဲ့တာပါ။ သူ ... ရှင်းပြနေတာကို လက်ခံနိုင်ပေမယ့် ဒေါ်မှုန်ရွှေ

ရည်ပြောခဲ့တာတွေကိုတော့ မခံချင်စိတ်လေး ဖြစ်မိသည်။

"ကောင်းပြီ ထည် ... မင်း ကိုယ့်ကိုကြိုက်သလို စွတ်ရွဲ့

တော့ ... ဟုတ်ပြီလား ... အရေးကြီးတာ ကိုယ်ဝယ်လာတဲ့အစား





အသောက်တွေ မင်းစားဖို့လိုတယ် ... ဒါက အစိမ်းကြော် ... ဒါက ကြက်ကုန်းဘောင် ... ဒါက ပုဇွန်လုံးချိုချဉ် ... လာ ... နှစ်ယောက် အတူတူစားမယ် ... "

သူ ထမင်းစားဖို့ နေရာရွှေ့ထိုင်လိုက်ပေမယ့် ထည်က ထမင်းဝိုင်းလေးဆီကိုမလာဘဲ ကောက်ကာ ငင်ကာနဲ့ နောက်ဖေးခန်းဆီ ထွက်သွား၏။ သူ ... ထည့်နောက်ပိုင်းကို ငေးမောကြည့်ရင်း ကျန်ခဲ့သည်။

တကယ်ဆို ...

သူကလည်း ထည့်ကို တကယ်ချစ်ခဲ့တာပါ။

ဒါကို ... ထည် လက်မခံနိုင်ခဲ့တာက သူ့ရဲ့ကံဆိုးမိုးမှောင်ကျမှုတစ်ခုပဲပေါ့။ မတတ်နိုင်ဘူး ... ထည်နားလည်လက်ခံလာတဲ့အထိ ရှင်းပြရမှာ သူ့တာဝန်ပဲလေ။ ဒီဇာတ်လမ်းမှာ အဓိကခက်နေတာက မေမေပဲ။

"ဟော ... "

ထည် ခြေကလေးဖွနင်းကာ နောက်ဖေးခန်းက ထွက်လာသည်။

သူ ကြည့်လိုက်တော့ ထည့်လက်ထဲမှာကိုင်လာတာ မေမေဆင်းရဲတုန်းက သုံးခဲ့တဲ့ ပန်းကန်ဟောင်းလေးနှစ်ချပ်နဲ့ ဇွန်းဟောင်းလေး နှစ်ချောင်း။

"ဟာ ... ထည် ... ဒါတွေ မင်းဘာလို့ယူလာတာလဲ"

"ကျွန်မ ဒီပန်းကန်ဟောင်းလေးတွေနဲ့ စားကြည့်ချင်လို့"

ထည်ကတော့ ခပ်တည်တည်ပဲ။

သူ နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထည်ရာ … မေမေပြောခဲ့တဲ့ စကားတွေကို မင်းမေ့လိုက်စမ်းပါ"

"အို … မေ့စရာလား …"

ပြောပြီး … ပန်းကန်ထဲကို ထမင်းတွေ ထည်က ထည့်သည်။

ဖော့ဗူးထဲက ဟင်းတွေကိုလည်း ဇွန်းကလေးနှင့်ခပ်ထည့်ရင်း … ထည့်မျက်နှာလေး ပြုံးလာတာ တကယ့်ကိုနာနာကျင်ကျင်ကလေးနဲ့ပါပဲ။

"မင်း … မင်း ဘာပြုံးတာလဲ …"

"ရှင့်မေမေ ဘယ်လိုလက်စားချေမလဲဆိုတာ ကြို့တွေးကြည့်ရင်း ကျွန်မ ပြုံးလိုက်တာလေ … လရိပ်ထင်ရဲ့ …"

တွေ့လား …

ပြောရင်း … ထည့်နှုတ်ခမ်းလေးက မဲ့သွားပြန်ပြီ။

သူ မခံစားနိုင်တာလည်း အဲဒီအပြုံးမျိုးတွေပဲ။

ထည်ရာ …

မင်း ကိုယ့်ကို တစ်ချိန်လုံး စကားနာထိုးနေတော့မှာလား ကွာ။ ကိုယ့်ရင်ထဲက ခံစားချက်တွေကိုလည်း မင်းတဆိတ်လောက်ကလေး အသိအမှတ်ပြု နားလည်ပေးပါဦး။

သူ ထည့်မျက်နှာလေးကိုကြည့်ကာ ရင်ထဲကနေပဲ စကားတွေပြောနေမိသည်။ တကယ်ပါပဲ … ကိုယ် ဒီလောက်ချစ်ခဲ့တာကို သိရဲ့သားနဲ့ မင်းဘာကြောင့် … ကိုယ့်ကို အထင်သေးနေရတာလဲ ထည်ရာ။

"ဟင်း ဟင်း … ရှင်တို့သားအမိ နှစ်ယောက်စလုံး တကယ်





ရယ်ဖို့ ကောင်းတယ် သိလား … အမေလုပ်တဲ့သူကလည်း သားကို လက်စားချေဖို့ အမိန့်ပေး … သားကလည်း အမေပေးတဲ့အမိန့်အတိုင်း ပန်းစည်းပို့ရတာနဲ့ ပန်းခြင်းပေးရတာနဲ့ … ဟင်း … ဟင်း ဒီဇာတ်လမ်းလေးကိုသာ ပြေတီဦးတို့ သက်မွန်မြင့်တို့နဲ့ ရုပ်ရှင်ရိုက်ရင် တကယ်ကြည့်လို့ကောင်းမှာသေချာတယ် … မီးရှူးမီးပန်းတွေ ပစ်ဖောက်ပြီး ချစ်ခွင့်တောင်းတဲ့အခန်းလေးဆိုရင် ဘယ်လောက် သနားဖို့ကောင်းသလဲ … လမ်းမပေါ်မှာ မင်းသားလေးက ဒူးကလေးထောက်ပြီးတော့တောင် အချစ်ကိုတောင်းသွားတာလေ"

"ထည် … တော်တော့ကွာ …"

"ဟင်း ဟင်း … ဇာတ်လမ်းလေးကို သဘောကျလို့ ဝေဖန်မိတာပါ … မင်းသားကလည်း တကယ်သရုပ်ဆောင်ကောင်းတယ်၊ အကယ်ဒမီပေးမယ်ဆိုရင်တောင် ပေးလို့ရတဲ့ သရုပ်ဆောင်ချက်တွေနဲ့ ပီသလားမမေးနဲ့ …"

"ထည် … မင်း ထမင်းစားမှာလား မစားဘူးလား"

သူ ခပ်တည်တည်နဲ့ မေးတော့လည်း ပြန်မဖြေပါ။

ထည်ရယ်ရင်းပြောနေတာ။ ပါးချိုင့်လေးနှစ်ဖက်တောင် ခွက်လို့။ ထမင်းလေးကို ဇွန်းကလေးနဲ့ခပ်စားနေတာလည်း စားချင်သလို မစားချင်သလို သူထည့်ကိုကြည့်ရင်း အူတွေအသည်းတွေ ပါ ယားလာသည်။

"အဟင်း … ဟင်း … ဟင်း …"

"မင်း … မင်း မရယ်နဲ့နော်"

"ရှင့်ကိုကြည့်ရတာ တကယ်ဟာသမြောက်တယ် လရိပ်ဘင်"

www.burmeseclassic.com

www.burmeseclassic.com



ထည် ဆက်မစားတော့ဘဲ ထမင်းပန်းကန်လေးကို သိမ်းလိုက်သည်။

"ဟောဗျာ ..."

သူကြည့်နေရင်းနဲ့ ထည့်မျက်ဝန်းလှလှေးထဲက မျက်ရည်စက်ကြီးတွေ တစ်ပေါက်ပြီးတစ်ပေါက် စီးလိမ့်ကျလာပြီ။

သူ မျက်လုံးပြူးသွားသည်။

ထည် ... ဦးနှောက်မှ ကောင်းသေးရဲ့လား။

"အဟင့် ..."

"ကွိုင်ပဲ ထည်ရာ ... စောစောက ရယ်နေတာ အကောင်း။ အခုမှ ဘယ်လိုဖြစ်ပြီး မျက်ရည်ဘူးသီးလုံးကြီးတွေ ကျလာရတာလဲ"

ပန်းကန်ကိုင်ရင်း နောက်ဖေးခန်းထဲ ထည်ဝင်သွားတော့ သူနောက်က ပြေးလိုက်ရပြန်သည်။

သူ ... ထည်ပခုံးလေးကို လှမ်းဖက်တော့ ...

"ဟာ ... မကိုင်နဲ့နော် ..."

သူ့လက်တွေကို ထည်နာနာကျင်ကျင် ပုတ်ချပစ်သည်။

"ထည်ရာ ... ကိုယ် မင်းကိုချော့မလို့ပါကွာ ..."

သူ တောင်းတောင်းပန်ပန်လေး ပြောမိ၏။

"ဟာ ... မချော့နဲ့ ... ကျွန်မဘဝလေးကို ကျွန်မတွေးပြီး ဝမ်းနည်းလို့ မျက်ရည်ကျသွားတာ အရေးကြီးတာ ... ရှင့်မေမေရဲ့ လက်စားချေစီမံကိန်းကြီး အောင်မြင်အောင် ရှင်ဘယ်လိုလုပ်မလဲ ဆိုတာပဲ စဉ်းစား ... ကျွန်မကတော့ ပေးဆပ်သွားမယ် ... ဝဋ်ကြွေးတွေရှိရင် ကြေပါစေလို့ပဲ ဆုတောင်းမယ် ..."

လင်းလက်အိပ် စာပေ



ထည် မျက်ရည်တွေသုတ်ရင်း မျက်နှာထားမာမာလေးနဲ့ပဲ ပြောမိသည်။ သူ့ကို ဘယ်လိုပဲ ... ထည် ချစ်ခဲ့ ချစ်ခဲ့ ... ဒီအချိန်မှာ ချစ်တာနဲ့စိတ်နာတာ နှစ်ခုရောထွေးလျှက် ... ထည့်မျက်ဝန်းကလေးတွေကပါ တည်တင်းအေးစက်နေခဲ့ရသည်။

လရိပ်ထင်ရယ် ...

ရှင် ... တော်တော်ရက်စက်တယ်နော်။

ရှင့်မှာ ... ဒီလိုရည်ရွယ်ချက်တွေရှိနေခဲ့မယ်ဆိုတာ ကျွန်မထင်တောင်မထင်ထားခဲ့ပါဘူး။ ဒါပေ့ါလေ ... ရှင့်မေမေက ဒက်ဒီအပေါ်မှာ ... နာကြည်းနေခဲ့တာဆိုတော့ ဒီအကြွေးကို ကျွန်မကပဲ ပေးဆပ်ရတော့မှာပေ့ါ။

ထည် ... ထမင်းစားပွဲက အစားအသောက်တွေအားလုံးကို သိမ်းလိုက်သည်။

ပြီးနောက် ...

ထည် အိပ်ခန်းလေးထဲ ဝင်ခဲ့မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"သမီး ... ငွေပိုးထည်"

"တံခါးဖွင့်စမ်း"

"ဟင် ..."

အိမ်ရှေ့က ဆူဆူညံညံအသံတွေကြားတော့မှ ထည် ရုတ်တရက် အိပ်ရာက လန့်နိုးလာသည်။ ဒါ ... ဘယ်သူအော်လိုက်တဲ့အသံလဲဟင် ... ဒက်ဒီလား ... ထည့်ဆီကို ဒက်ဒီလိုက်လာတာလား။

ထည် အိပ်ရာထက်က လူးလဲထကာ နဘေးကိုကြည့်လိုက်တော့ ... ထည့်ဘေးမှာ ဘယ်သူမှမရှိ၊ အိပ်ခန်းတံခါးလေးဖွင့်ကာ အပြင်ကိုကြည့်လိုက်တော့ ...

"အို ..."

သူက ဘုရားစင်လေးရှေ့မှာ ...

ခေါင်းလေးချပြီး ကွေးကွေးလေး အိပ်နေတာပဲ။

သေချာတာက ထည့်အိပ်ခန်းလေးထဲကို ညက တစ်ညလုံး သူဝင်မလာတာပါ။ ဝင်မလာဘဲ ... အိမ်ရှေ့ခန်းလေးမှာ သူတစ်





ယောက်တည်း အိပ်နေတာပေါ့။

ထည် ... သူ့ကိုမကြည့်တော့ဘဲ သူ့နဘေးမှ ခြေလှမ်းသွက်သွက်လေးလှမ်းကာ အိမ်တံခါးဆီကိုပဲ အပြေးကလေး သွားလိုက်သည်။

"သမီး ငွေပိုးထည် ..."

"ဒက်ဒီ ..."

"ကျောက် ... ဒေါက် ..."

"တံခါးမြန်မြန်ဖွင့်စမ်း ..."

တံခါးပွင့်သွားတော့မှ ထည်မြင်လိုက်တာ ... ဒက်ဒီနောက်မှာ မာမီနဲ့ကစ်ကစ်ပါ ခိုးရိမ်နေတဲ့ မျက်နှာထားလေးတွေနဲ့ ပါလာကြတာလေ။

"မမလေး ..."

ကစ်ကစ် ဝမ်းနည်းသံလေးနှင့် သူမဆီ ပြေးလာသည်။

ဒက်ဒီကိုကျော်ပြီးတော့လည်း သူမကို ကစ်ကစ်ပြေးဖက်၏။

"မမလေးရယ် ... အဟင့် ဟင့် ..."

သူမ လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ကစ်ကစ်ငိုပါသည်။ မာမီကလည်း မျက်နှာလေးပျက်ကာ ကစ်ကစ်နောက်မှာ ပါလာ၏။

ဒက်ဒီက တစ်အိမ်လုံးကို ဝေ့ဝဲကြည့်ကာ ...

"ဟောကောင် ... မင်း ထစမ်း ..."

သူ ဘုရားစင်လေးရှေ့မှာ တစ်ယောက်တည်း အိပ်နေတာကိုမြင်တော့ ဒက်ဒီ အော်ပါလေပြီ၊ အော်ရင်းနဲ့လည်း သူ့ဆီကို ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားသည်။

"ဟာ … အန်ကယ် … "

သူ ဆူညံ ဆူညံအသံတွေကြောင့် လန့်နိုးလာလို့ကြည့်လိုက်တော့ … အန်ကယ်ဦးမြင့်သူက သူ့အနားမှာ ရပ်နေသည်။

ပြီးတော့ … သူ့ကို ဝိုင်းကြည့်နေကြတဲ့ မျက်ဝန်းတွေ။

သဘောကောင်းတဲ့ ဟိုအန်တီကိုရော … ကစ်ကစ်ဆိုတဲ့ ကောင်မလေးကိုပါ သူမြင်လိုက်ရ၏။ ကစ်ကစ်ရဲ့ ငိုရှိုက်နေသံလေးကိုလည်း သူ ကြားနေရပါသည်။

"ဟင် … "

သူ သေသေချာချာ ထပ်ကြည့်လိုက်တော့မှ …

သူတို့အားလုံးရဲ့နောက်မှာ နောက်ထပ်တစ်ယောက်က ရပ်လို့နေသေးတာလေ။ ဘယ်သူ ဖြစ်ရမှာလဲ …

သူငယ်ချင်း နောက်ကျောကို ဓါးနဲ့ထိုးတဲ့ ဝေသာဆိုတဲ့ သစ္စာဖောက်ကောင် …

သူ … ဒေါပွကာ ခပ်တင်းတင်းပဲ ထရပ်လိုက်သည်။

"ဟေ့ကောင် ဝေသာ … မင်း ဘာလို့လိုက်လာတာလဲ"

"ဟွန်း … အန်ကယ်က အကူအညီတောင်းလို့ ငါလိုက်လာတာ"

"ဘာကွ … "

"ဟေ့ကောင် လရိပ်ထင် … ဝေသာ့ကို မင်းဘာမှ အပြစ်ပြောစရာမလိုဘူး … ငါက အကူအညီတောင်းလို့ ဝေသာ ငါ့နောက်ကိုလိုက်လာတာ … ကဲ … မင်း ငါ့ကို အမှန်အတိုင်းပြောစမ်း လရိပ်ထင် … မှန်ရှေ့ရည်နဲ့ မင်းနဲ့ပေါင်းပြီး ငါ့သမီးကို ဘယ်လိုလက်





စားချေမှာလဲ … ဟေ့ကောင် … ငါမေးတာ မင်းဖြေစမ်း … "

"အန်ကယ် … ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ ဒီနေ့အထိလည်း အန်ကယ့်သမီးကို လက်ဖျားလေးနဲ့တောင် ကျွန်တော် မထိခဲ့ဘူးဆိုတာ အန်ကယ် ယုံထားလိုက်စမ်းပါ … အန်ကယ်က ထွက်သွားဆိုလို့ အန်ကယ့်သမီး ငွေပိုးထည်ကိုခေါ်ပြီး ကျွန်တော်ထွက်လာတာလေ အန်ကယ် … "

"မင်း … မင်း … ဉာဏ်နီဉာဏ်နက်တွေသုံးပြီး ငါ့သမီးကို ဒုက္ခပေးဖို့ မစဉ်းစားနဲ့ … အခု ငါလိုက်လာတာ၊ မင်းလက်ထဲမှာ ငါ့သမီးကို ဘဝပျက်မခံနိုင်လို့ ငါပြန်လာခေါ်တာ … "

"ဟာ … "

"မင်းတို့သားအမိတွေ လက်စားချေတာလည်း ငါမခံစားနိုင်ဘူး … ကဲ … သမီး ငွေပိုးထည် … သမီး ဒက်ဒီနဲ့ပြန်လိုက်ခဲ့တော့"

"မလုပ်ပါနဲ့ အန်ကယ် … "

သူ့ရင်ထဲ ထိတ်ခနဲခုန်ကာ ပျာပျာသလဲ တောင်းပန်လိုက်တာ ထည့်ကို မခွဲနိုင်တော့လို့ပါ။ ဒီအခြေအနေထိ ရောက်လာပြီးမှ ထည့်ကို ပြန်လွှတ်လိုက်စရာလား။

"မဟုတ်ဘူး လရိပ်ထင် … မင်းကို ငါတစ်ခု ပြောမယ်"

"ဟင် … "

ဝေသာ ဝင်ပါလာပြီ။

"မင်း … မင်း ဘာပြောမှာလဲ ဝေသာ … "

"ထည်က သံပတ်အပေးခံထားရတဲ့ စက်ရုပ်လေးတစ်ရုပ် မဟုတ်ဘူးဆိုတာ မင်းသိနေမှာပါ လရိပ်ထင် … လက်ရှိအခြေအနေမှာ ဖြစ်ပျက်ခဲ့သမျှတွေအားလုံးကို ထည်က သိနေပြီဆိုတော့ …



www.burmeseclassic.com

www.burmeseclassic.com



ထည့်ဆီကအချစ်ကို မင်းဘယ်လိုမှ ရနိုင်တော့မှာမဟုတ်ဘူးလေ၊ ငါ ဖွင့်ပြောခဲ့တာမဟုတ်ပေမယ့် … မင်းမေမေ ဒေါ်မှုန်ရွှေရည်ရဲ့ အကြောင်းတွေကို အန်ကယ်ကလည်းသိသွားတယ် … ထည်ကလဲ ဒါကို အန်ကယ်သိအောင် ဖွင့်ပြောလိုက်တယ်ဆိုတော့ … အန်ကယ် ကိုယ်တိုင် ဒေါ်ပွပြီး မင်းဆီကိုလိုက်လာခဲ့တာလေ … ငါ မင်းကို တောင်းပန်ချင်တာက ထည့်ကို အပူအပင်မဲ့တဲ့ ဘဝလေးမှာ ဆက် လက်ရှင်သန်နိုင်ဖို့ အန်ကယ့်ဆန္ဒကို မင်းလိုက်လျောပေးလိုက်ပါ။ ထည့်ကို အန်ကယ့်လက်ထဲပြန်အပ်ပြီး … မင်းရဲ့အဓိပ္ပာယ်မဲ့တဲ့ လုပ် ရပ်တွေကို အချိန်မီ ရပ်တန့်ပစ်လိုက်ဖို့ပါပဲ …”

“ဘာ … ဘာပြောတယ် ဝေသာ …”

သူ ဝေသာကို မာမာကြောကြောလေး လှည့်ကြည့်လိုက်မိ ပြီ။

“ဟွန်း … ငါပြောတာ ရှင်းရှင်းလေးပဲပြောလိုက်တာလေ လရိပ်ထင် …”

ဝေသာရဲ့ ထိမထင်တဲ့အပြုံးလေးက သူ့ကို မထိတရိလေး စိမ်ခေါ်နေသလိုပါပဲ။ သူ မခံစားနိုင်တာလည်း အဲဒီအပြုံးနဲ့ အဲဒီ စကားလုံးတွေကိုပဲပေါ့။

“မင်း … မင်း … ငါ့ကိုစိမ်မခေါ်နဲ့ဝေသာ … အန်ကယ် အပေါ်မှာ တုန့်ပြန်ဖို့ ငါ့မေမေရဲ့ဆန္ဒတွေ ဘယ်လိုပဲရှိခဲ့ ရှိခဲ့ … ငါ့ နှလုံးသားတွေက အဖြူစင်ဆုံးနဲ့ အသန့်ရှင်းဆုံးထည့်ကိုချစ်ခဲ့တာ၊ ဒါကို ရပ်ပစ်လိုက်ဖို့ဆိုတဲ့ စကားတွေနဲ့ မင်းကြားဝင်မပါနဲ့ … ငါ ဘယ်တော့မှ ထည့်ကို မစွန့်လွှတ်ဘူး … အန်ကယ် ပြန်ခေါ်သွားမှာ လည်း ငါလက်မခံဘူး … ငါ ဖန်တီးယူမယ့် ဘဝတစ်ခုတည်းမှာ





ထည်ဟာ မွန်းကြပ်ပိတ်လှောင်ခံထားရတဲ့ သားကောင်လေးဘဝ ကို ဘယ်တော့မှ မရောက်စေရဘူး … ထည်ဟာ ငါ့နှလုံးသားကို ပိုင်စိုးသလို ငါပိုင်ဆိုင်ထားတဲ့ ဘဝထဲမှာ ဧကရာဇ်ဘုရင်မတစ်ပါးပဲ ဖြစ်စေရမယ်ဆိုတာ မင်းကို ငါရဲရဲကြီးပြောရဲတယ် … အခုလော လောဆယ် ငါပေးနိုင်တာ သိပ်ချစ်တတ်တဲ့ယောက်ျားတစ်ယောက် ရဲ့ အသည်းနှလုံးတွေကိုပဲ ငါပေးနိုင်တာပါ … ဟွန်း …”

ပြောရင်း … နှုတ်ခမ်းကလေးကို သူက မဲ့ပစ်သည်။

ဂရုမစိုက်သလိုလိုနှင့် ဝေသာ မျက်ဝန်းအကြည့်တွေကို ရင် ဆိုင်ပစ်လိုက်၏။

“ဟား … ဟား …”

ဒါကို ဝေသာက မျက်နှာလေးမော့ကာ တဟားဟားရယ်ပါ သည်။ ရယ်ပြီးတော့လည်း အားလုံးကို မျက်လုံးလေးဝေ့ကာ သော ကြည့်သည်။

“မင်း … မင်း … အပိုစကားတွေ အရမ်းပြောတတ်နေပြီ လရိပ်ထင် … ထည်ကို မင်းဘယ်လောက်ချစ်ပါတယ်ပြောပြော၊ ထည်က မင်းပြောတဲ့စကားတွေကို ယုံမယ်ထင်နေသလား … အန်ကယ်ဦးမြင့်သူကရော လက်ခံမယ်ထင်နေသလား … အရေး ကြီးတာ တစ်နေ့နေ့မှာ ဒီလိုတွေဖြစ်လာအောင် ဒီဇာတ်လမ်းကို စတင်ဖန်တီးယူခဲ့တာ ဘယ်သူလဲ … ကက်ဗီတယ်မှာ ထည်ပခုံး သားကို မင်း တမင်ဝင်တိုက်ခဲ့တာပါလို့ … မင်းကိုယ်တိုင် ငါ့ကို ဝန်ခံခဲ့တာလေ လရိပ်ထင် …”

“တောက် …”

ဒီစကားအရောက်မှာတော့ အန်ကယ်ဦးမြင့်သူ တကယ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့လည်း ... သူနဲ့ဝေသာ ကြားမှာ ဦးမြင့်သူ ဝင်ရပ်၏။

"မင်း ... တော်တော်ရက်စက်တဲ့ကောင် ... ဒါကြောင့်မို့ မင်းကို စတွေ့တဲ့နေ့ကတည်းက ငါ မသင်္ကာတာ ... ဟောကောင် ပြောစမ်း ... ငါ့သမီးကို ဖျက်စီးချင်တဲ့စိတ်နဲ့ မင်းကြံစည်ခဲ့တာလား"

"ဟာ ... အန်ကယ်ရာ ..."

သူ ... ဒါကိုတော့ နာကျင်စွာ ခံစားလိုက်ရ၏။

အန်ကယ်ဦးမြင့်သူ မျက်နှာကိုလည်း တောင်းပန်ခယသလို လေး လှမ်းကြည့်လိုက်မိသည်။

"ကျွန်တော့်ကို အဲလိုပြင်းထန်တဲ့စကားလုံးတွေနဲ့ မစွတ်စွဲပါနဲ့ အန်ကယ် ... စောစောကလည်း အန်ကယ်နားလည်အောင် ကျွန်တော် ရှင်းပြခဲ့ပြီးပြီ ... ခုလည်း ... ကျွန်တော်နဲ့ထည် တစ်ယောက်တစ်နေရာစီ ခွဲအိပ်နေတာ ... အန်ကယ် မြင်မှာပါ။ ဒါ ... ထည့်အပေါ်မှာ ကျွန်တော့်ရဲ့ ရိုးသားတဲ့တန်ဖိုးထားမှုတွေပါ ... အန်ကယ် ..."

သူ ... အန်ကယ့်ကို ပြောပြီးတာနဲ့ မျက်နှာလေးကို ဝေသာ့ဘက် ပြန်လှည့်လိုက်သည်။

"ဝေသာ ..."

"ပြောလေကွာ ..."

"ငါနဲ့ထည့်ကြားမှာ နားလည်မှုတွေလွဲမှားအောင် မင်း ... ထောင်ချောက်မဆင်ပါနဲ့ ... အန်ကယ်ဦးမြင့်သူနဲ့ငါ့မေမေကြားမှာ ဖျက်လို့မရတဲ့ သမိုင်းဟောင်းတွေ ဘယ်လိုပဲရှိခဲ့ ရှိခဲ့ ... နာကြည်းမှုတွေ ဘယ်လောက်ပဲများခဲ့ များခဲ့ ... ထည့်ကိုငါချစ်ခဲ့တာ၊ ရိုးရိုး





ရှင်းရှင်းလေးချစ်ခဲ့တာ ... ဒါကို ဂျေဝင်ပြီး ထည့်ကိုငါ့လက်ထဲကနေ လုယူသွားဖို့ မင်းမစဉ်းစားနဲ့ ... တကယ်ဆို ... မင်းဟာ သူငယ်ချင်းကောင်း မပီသတဲ့ကောင် ... မင်း အလကားကောင် ..."

"ဟား ... ဟား ... မင်းကြိုက်သလို ငါ့ကိုရှုတ်ချနိုင်တယ် လရိပ်ထင် ... အရေးကြီးတာ ... ဒီဓာတ်လမ်းကို မင်းဘယ်လို ဆက်ကမလဲဆိုတာဘဲ မင်းစဉ်းစားထား ..."

"သမီး ငွေပိုးထည် ..."

"ရှင် ... ဒက်ဒီ ..."

ဒက်ဒီ ... ထည့်ကို ခေါ်နေပြီ။

"သမီး ဒက်ဒီတို့နဲ့လိုက်ခဲ့ရမယ် ..."

"ဟင် ..."

"ဒီအရှိုင်းအစိုင်းကောင်ရဲ့ လက်ထဲမှာ သမီးကိုထားခဲ့လို့ မဖြစ်ဘူး ..."

ဒက်ဒီ ... သွေးရှေ့မှာပဲ အပြတ်သားဆုံး ကြေငြာနေသည်။

"ဒါက ... ဘယ်လိုတွေဖြစ်နေကြတာလဲ ဦးမြင့်သူ ..."

"ဟာ ..."

"ဟင် ..."

"မေမေ ..."

မထင်မှတ်ဘဲ အိမ်ပေါ်ကိုတက်လာတာ။ အန်တီဒေါ်မှုန်ရွှေရည်ပါ ဝတ်ထားတာလည်း အကောင်းစား ချိတ်ပန်းနုရောင်လေးကို ဝမ်းဆက်လေးဝတ်လျှက် ... တည်ခန့်နေသော မျက်နှာထားလေးနဲ့တက်လာတာလေ။

ဒက်ဒီဆို ... အန်တီဒေါ်မှုန်ရွှေရည်ကို မြင်လိုက်တာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက သိသိသာသာကို ပျက်သွားသည်။ မာမီကလည်း
မဆိုင်ရဲသလို ခေါင်းကလေးကို ဖျတ်ခနဲ ငုံ့ချပစ်လိုက်တာ
အံ့သြစွာ မြင်လိုက်ရ၏။

"ရှင်တို့ပြောနေတာတွေအားလုံးကို ကျွန်မကြားပါတယ်
ဒါတွေကြားတော့ ... အတိတ်ကို ပြန်သတိရပြီးတော့ ကျွန်မရင်
မှာ နာကျင်လာရတယ် ဦးမြင့်သူ ... ဟင်း ဟင်း ... ပြောရမယ်
ရှင် ... ဒီအိမ်လေးကိုတော့ ရှင်မှတ်မိမှာပါ ... "

"မှန် ... မှန်ရာ ... ခုချိန်ထိ ဒါတွေကို မင်း ... "

"ဟား ဟား ... "

ခေါင်းကလေးမော့ကာပဲ အန်တီဒေါ်မှန်ရွှေရည်က ခေါ
ရယ်နေခဲ့ပြီ။

"ဟာ ... မင်းမရယ်နဲ့လေ မှန် ... "

"ကျွန်မ ... ကျွန်မ ... ရှင်တို့မျက်နှာကို အခုအချိန်မှာ ပြ
တွေ့ရတာ သိပ်ကိုရယ်ချင်လွန်းလို့ ... ရယ်လိုက်ရတာလေ ဦးမြ
သူရဲ့ ... ဟား ဟား ... ကိုယ့်သမီး အလှည့်မှာ ခံရမှာကျ
ရှင်တို့ ကြောက်နေလိုက်တာ ... ဒီမှာ ... ကျွန်မသားလေး လ
ထင်က ... ရှင့်သမီး ငွေမိုးထည်ကို တကယ်ချစ်နေခဲ့တာပါ ဦးမြ
သူရဲ့ ... "

"ဘယ် ... ဘယ်လို ... "

ဒက်ဒီ မျက်လုံးပြူးသွားသလို ... ထည်ကလည်း ပါး
အပြောင်းသားကလေးနဲ့ မျက်တောင်ခတ်လိုက်ဖို့လည်း မေ့သွာ
သည်။

"ဟင်း ဟင်း ... ကျွန်မ ဒီလိုပြောလိုက်လို့ ရှင်တို့မအံ့သြ





နဲ့ ... ကျွန်မက ရှင်တို့မိသားစုလေးရဲ့ ဓာတ်ပုံလေးတွေ ထုတ်ပြပြီး
လက်စားချေရမယ် ပြောလိုက်ကတည်းက တူးတူးခါးခါးလေးနဲ့
ခေါင်းကလေးခါပြီး ... ကျွန်မ သားလေးက ငြင်းလိုက်တာ ...
ဟင်း ဟင်း ... ဓာတ်ပုံလေးထဲက ငွေမိုးထည်လေးကိုလည်း မြင်
လိုက်ရကတည်းက သားလေးစိတ်တွေ လှုပ်ရှားသွားတာ ကျွန်မ
သိလိုက်တယ်လေ ... "

မေမေ ပြောနေတာလေးကိုနားထောင်ပြီး သူ့မျက်နှာလေး
ကတော့ ရှက်ရဲရဲကလေးနဲ့ အိုးတိုးအမ်းတန်းလေးတော့ ဖြစ်နေပါ
လိမ့်မည်။ သေချာတာက ... အန်ကယ်ဦးမြင့်သူအပေါ်မှာ မေမေ
ဘယ်လိုတုန့်ပြန်တော့မလဲဆိုတာ သိချင်စိတ်ကလေးက သူ့ရင်ထဲ
မှာ ပြင်းပြလာခဲ့ရပြီလေ။

သူ ...

မေမေ ပြောတာကိုပဲ ခေါင်းလေးငုံ့ကာ နားထောင်နေ
လိုက်သည်။

"ဟွန်း ... ကျွန်မသားလေးရဲ့ စိတ်ဓာတ်လေးကို ကျွန်မ
စိတ်ထဲက ကြိတ်ပြီးလေးစားလိုက်မိပေမယ့် ... ရှင့်လိုယောကျ်ား
တစ်ယောက်ကိုတော့ ကျွန်မ တကယ်အသည်းနာတယ် ဦးမြင့်သူ"

"မှန် ... မှန်ရာ ... ခုချိန်မှာ မင်းဟာ ကိုယ့်ထက် အဆပေါင်း
များစွာ ချမ်းသာနေပါပြီကွာ ... ကိုယ့်ကိုစကားနာတွေထိုးပြီး အနိုင်
ယူဖို့ မကြိုးစားပါနဲ့ ... ဖြစ်ခဲ့သမျှတွေအားလုံးကို ကိုယ်တောင်းပန်
တယ် ... ဒီမှာ ... ကိုယ် မင်းကို အရှင်းဆုံးပြောမယ်ကွာ ... ငွေမိုး
ထင်ကို မင်းရဲ့သားမှန်း ကိုယ်သိလိုက်ရကတည်းက ကိုယ်သဘော
တူတယ်လို့ ပြောခဲ့ပြီးသားပါကွ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ရှင်ရယ်စရာစကားတွေ တော်တော်ပြော တတ်နေပြီပဲ ဦးမြင့်သူရဲ့ ... ခွက်ခွက်လန်အောင် အရှုံးပြနေတဲ့ ရှင့်ကုမ္ပဏီရဲ့ပိုင်ဆိုင်မှုတွေအားလုံး အကြွေးရှင်လက်ထဲကို ထိုးအပ် ရတော့မှာမို့လို့ ... သားနဲ့ရှင် သဘောတူလိုက်တာလေ ... ရှင်ဟာ ငွေတော်တော်မက်တဲ့လူ ... ဒီအသက်အရွယ်ကိုရောက်လာတာ တောင် လိုချင်ရမ္မက်အတ္တတွေကို မစွန့်ခွာနိုင်သေးဘဲ ... မိုက်လုံး ကြီးချင်သေးတဲ့လူ ... ဟား ဟား ..."

မေမေ ရယ်နေတာ တကယ့်ကို ဟန်မဆောင်နိုင်လောက် အောင် အသံကလေးထွက်ပြီးတော့ကို ရယ်နေတော့တာပါ။

ဒီလိုရယ်တော့ ...

မေမေကိုယ်မှာ ဆင်ထားသမျှ စိန်ရွှေရတနာတွေက ဖြိုးဖြိုး ဖျတ်ဖျတ် လတ်နေတော့တာလေ။

"မှန်ရာ ... မင်း ... မင်း ... ကိုယ့်ကို ..."

"ဟား ဟား ..."

မေမေ တကယ့်ကို မဆုံးနိုင်အောင် ရယ်နေခဲ့ပါသည်။ အိမ် ကလေးထဲမှာ မေမေ့ရယ်သံလေးတစ်ခုသာ အဆက်မပြတ်လေး ပေါ်ထွက်နေလျှက်။ အန်ကယ်ဦးမြင့်သူကတော့ မျက်နှာရဲရဲကြီးနှင့် မေမေ့ရှေ့မှာ ခေါင်းငုံ့ရပ်ရင်း ချွေးစေးတွေပါ ပျံလာနေသည်။

ထည်ကတော့ ...

မျက်တောင်လေးကော့ကာ မေမေ မျက်နှာလေးကိုပဲ စိုက် ကြည့်နေတော့တာလေ။ ဒီစကားဝိုင်းမှာ ဘာတစ်ခွန်းမှဝင်မပြော ဘဲ တိတ်ဆိတ်ငြိမ်သက်နေတာ ထည်။ ဝေသာကလည်း အားလုံး နောက်မှာ ခပ်ကုတ်ကုတ်လေးရပ်နေသည်။





"ဒီမှာ ... ဦးမြင့်သူ ..."

မေမေ ဦးမြင့်သူဘက်ကို မျက်နှာလေးလှည့်ပါသည်။

"ပြောပါ မှန်ရာ ... မင်း ကိုယ့်ကိုကြိုက်သလိုပြောတော့ ကွာ"

"ကျွန်မ ဖြစ်စေချင်ခဲ့တဲ့ဆန္ဒအမှန်က နောင်တ တရားတွေနဲ့ ရှင့်ကို အသိတရားရစေချင်တာ ... တစ်ခါတုန်းက ရှင်လုပ်ခဲ့တဲ့လုပ် ရပ်တွေကြောင့် ကျွန်မဘဝလေး ဘယ်လောက်နစ်နာခဲ့ရသလဲ ... ဒီအိမ်ကလေးရဲ့ နံရံတွေမှာ ကျွန်မအမှတ်တရ ချိတ်ဆွဲထားခဲ့တဲ့ ဓာတ်ပုံဟောင်းကလေးတွေကို ရှင်သတိရှိရှိနဲ့ တစ်ချက်လေးမော့ ကြည့်လိုက်ဦးလေ ... ဦးမြင့်သူ ... သူများသားသမီး အဖြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို အားရအောင် စော်ကားပြီးတော့မှ ရှင် ထွက်သွားခဲ့တာလေ ... အခုလည်း ... ရှင့်သမီးကို ကျွန်မသားက ဖျက်ဆီးပြီးတော့ ထားခဲ့ရင် ရှင်ဘယ်လိုခံစားရမလဲ ..."

မေမေ အချက်ကျကျ ပြောနေတဲ့စကားတွေကို နားထောင် ရင်း အန်ကယ်ဦးမြင့်သူ ခေါင်းငိုက်စိုက်ကျသွားသည်။

"မှန်ရာ ... ကိုယ့်ဘဝက မင်းပြောတာမှန်သမျှ ခံရမယ့်ဘဝ ကို ရောက်နေပါပြီကွာ ... အခုလည်း ... မင်းရဲ့သားလေးက ယောကျ်ားကောင်းပီသတဲ့ စိတ်ထားလေးနဲ့ ကိုယ့်သမီးလေးကို လက်ဖျားနဲ့တောင် မထိမတို့ခဲ့တာ ကိုယ်သိနေပြီလေ ... ကိုယ် အထင်တွေလွဲခဲ့တယ် ... အတ္တစိတ်တွေနဲ့ လူငယ်တွေရဲ့အချစ်ကို တားဆီးဖို့ ကိုယ်ကြိုးစားမိတယ် ... အဲဒီအတွက် ကိုယ်တောင်းပန် ပါတယ် မှန်ရယ် ... ကိုယ့်ကို ခွင့်လွှတ်ပါကွာ ... အခုနေ ... ကိုယ့် သမီးနဲ့ သဘောမတူလို့ မင်းပြန်ခေါ်သွားမယ်ဆိုလည်း ကိုယ့်သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးဘဝက နှစ်နာရတော့မှာပါ ...”

“ဟုတ်ပါတယ် မှုန်ရယ် ... ချောလည်း မှုန့်ကိုတောင်း

ပါတယ် ...”

မာမီ ဝင်တောင်းပန်နေတာလည်း မျက်နှာလေးငယ်

ပါ။

“သားလေးနဲ့သမီးလေးကို မခွဲပါနဲ့ ...”

“ဟင်း ဟင်း ...”

အန်တီဒေါ်မှုန်ရွှေရည်ကတော့ ပြုံးပြုံးလေးပဲလေ။

“မခွဲပါဘူးရှင် ... မခွဲပါဘူး ... အစကတည်းက မဂ်လာ ဆောင်တစ်ခုမှာ ရှင်တို့ရဲ့ သမီးလေး ငွေပိုးထည်ကိုမြင်ပြီး ချေး လေးဖြစ်ရင် သိပ်ကောင်းမှာပဲဆိုတဲ့ ရည်ရွယ်ချက်ကလေးနဲ့ ... သား ကို လိုက်နိုင်းခဲ့တာပါ ... ဒါဟာလည်း အပေါ်ယံ ဂုဏ်ပကာသ အရောင်တွေမပါဘဲ အဖြူထည်သက်သက် အချစ်ကလေးကို လိုချင် လို့ လက်စားချေရမယ်ဆိုတဲ့ အကြောင်းပြချက်ကလေး ပေးခဲ့တာ ပါ”

“အို ... အန်တီရယ် ...”

“ခုတော့ ... ရှင်တို့ ဦးမြင့်သူတို့အားလုံး အမှားတွေကို သိပြီး နောင်တ ရနေပြီဆိုတော့ ... ကျွန်မစိတ်ကို ဖြေလို့ရပါပြီ ... သားနဲ့ သမီးကိုလည်း အခမ်းနားဆုံးနဲ့ အကြီးကျယ်ဆုံး မင်္ဂလာပွဲကြီးတစ်ခု ကျွန်မကျင်းပပေးမယ် ... အကြွေးနွံနစ်နေတဲ့ ရှင့်ကုမ္ပဏီကိုလည်း တခမ်းတနားဖြစ်လာအောင် အကြွေးတွေဆပ်ပေးပြီး နောက်ထပ် အရင်းအနှီးတွေ ကျွန်မ ထပ်ထုတ်ပေးမယ် ... ကဲ ... ဘယ်လိုလဲ”

“ဟာ ... မှုန် ... အဲဒါ မင်းတကယ်ပြောနေတာ”





“တကယ်ပြောနေတာလေ ...”

ထည် လူကြီးတွေရှေ့မှာ ဘယ်လိုနေရမှန်းလည်း မသိတော့ ပါ။ ထည် ခေါင်းလေးမော့ပြီး ကြည့်လိုက်တော့ ... သူက မျက်နှာ ထားတည်တည်လေးနဲ့။

ထည် မျက်နှာကို လုံးဝမကြည့်ဘဲ တမင်မျက်နှာပေးလွှဲ ထားတာ ထည်မသိဘဲ နေပါ့မလား။

“ကဲ ... မေမေပြောတာ သား ကြားတယ်နော် ... သားက ငွေပိုးထည်လေးကို သိပ်ချစ်နေတာသိလို့ မေမေဝမ်းသာတယ် ... မေမေ ပိုင်ဆိုင်တဲ့စည်းစိမ်ချမ်းသာတွေအားလုံး သားနဲ့သမီးကို လွှဲ ပေးပြီးတာနဲ့ မေမေ ရာသက်ပန် ရိပ်သာအပြီးဝင်ပြီး မော်လမြိုင် ဖားအောက်စခန်းမှာပဲ သွားနေတော့မယ် ...”

လူကြီးတွေအားလုံး သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ပြန် ထွက်သွားချိန်မှာတော့ အိမ်ကလေးပေါ်မှာကျန်ခဲ့တာ သူနဲ့ထည် နှစ်ယောက်ထဲပါ။ သူ နှုတ်ခမ်းလေးမဲ့ပြီး မျက်နှာလေးလွှဲလိုက် တာလည်း ထည် မြင်လိုက်ရပါသည်။

“လရိပ်ထင် ...”

ထည် သူ့မျက်နှာလေးကို ဒီဘက်ဆွဲလှည့်တာလည်း သူက အလှည့်မခံ။ ခေါင်းလေးခါပြီး ဟိုဘက်ကိုပဲ ပြန်လှည့်သွားတာလေ။

ဒါကိုကြည့်ပြီး ... ထည် ပြုံးလိုက်တာ ...

သူ စိတ်ကောက်နေတာကို သိသွားလို့ပါ။

“ဘာလဲဟင် လရိပ်ထင် ... ကိုဝေသာ လိုက်လာတာကို ကြည့်ပြီး ... ရှင် ကျွန်မကို စိတ်ကောက်နေတာလား ပြောလေ”

“မင်းက ငါချစ်တာကိုမှ မယုံခဲ့တာ ... ရှာယ် ... မေမေ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူလည်း မင်း ငါ့ကို လက်မထပ်ပါနဲ့ … ဝေသာချစ်တာကို ယုံတယ်ဆိုရင် ဝေသာနောက်ကိုပဲ မင်းပြန်လိုက်သွား … ”

“ကြည့်စမ်း … ”

သူ အူတိုနေတာ၊ ထည် … သိပြီ။

“ဟွန်း … ကိုဝေသာနောက်ကို ကျွန်မက လိုက်စရာလား ဟင် လရိပ်ထင် … ဟောဒီမှာ … ကျွန်မ မျက်နှာကို ရှင်သေသေ ချာချာ ကြည့်ထား … ”

ထည်ပြောရင် ခါးကလေးကိုပါ ထောက်ပစ်လိုက်သည်။

“ညကလည်း အခန်းတံခါးဖွင့်ထားပြီး ရှင်လာအိပ်မလားလို့ ကျွန်မစောင့်တယ် … ရှင်က မလာဘူး … ရှင် မလာတော့ … ကျွန်မ ဘယ်အချိန်ထိ မအိပ်ဘဲငိုနေခဲ့တယ် ထင်သလဲ … မိုးလင်းကာနီးမှ အိပ်ပျော်သွားတာ … ”

“ဟွန်း … တစ်ညလုံး တရှုံ့ရှုံ့နဲ့ငိုနေတာ ကြားသားပဲ”

“ဟာ … ရှင် ကြားတယ် … ”

“ကြားတယ်လေ … တမင်အမြင်ကတ်လို့ မလာတာ၊ ငါ ဒီလောက်ရှင်းပြနေတာတောင် လက်မခံဘဲ အထိမခံ အကိုင်မခံဖြစ်နေလို့မလာတာ … လူဆိုတာ မာနရှိတယ် … ကိုယ့်ကိုမချစ်ဘူးဆိုရင် ဆောရီးပဲ … ”

“အောင်မယ် … အောင်မယ် … ”

ထည် … ပြုံးလည်းပြုံးချင်၊ ပြုံးလည်း မပြုံးရဲ။

သူ စိတ်ကောက်နေတာလေးကိုကြည့်ပြီး ထည် အသည်းယားလိုက်တာ တကယ်ပါပဲ … နားရွက်လေးကို ဆွဲလိမ်ပစ်လိုက်ချင်တာလည်း ထည့်စိတ်ကို ဘယ်လိုမှ ထိန်းထားလို့မရ။





“ကဲ … ကဲ … ပြောပါဦး … ပြောပါဦး … ရှင်ကျေနပ်အောင် ကျွန်မ … အခု ဘာလုပ်ပေးရမလဲ … ”

“ငါ … လက်စားချေရမှ ကျေနပ်မှာ … ”

“ဘယ်လို … ”

“လာ … အခုလိုက်ခဲ့ … ”

“ဟယ် … ကြည့်စမ်း … ”

သူ တံခါးချက်တွေကို ဒေါက်ခနဲ … ဂျောက်ခနဲနေအောင် ပိတ်ပစ်လိုက်ပြီ။ ထည် … မျက်တောင်လေးကော့ကြည့်တာ ရှုပ်နေဆဲမှာပင် … ထည့်ကို သူ ရုတ်တရက် … တစ်ကိုယ်လုံးပွေ့ချီလိုက်သည်။

“ဟာ … လရိပ်ထင်နော် … ရှင် ဘာလုပ်မလို့လဲ”

“အခန်းထဲမှာ လက်စားချေမလို့ … ”

“ဘုရားရေ … ”

အခန်းထဲမှာ လက်စားချေမလို့တဲ့။

“ဟာ … ဟာ … ”

ထည် ကိုယ်လုံးလေးကို ခုတင်ပေါ်ပွေ့တင်ပစ်လိုက်တော့လည်း ခပ်ကြွမ်းကြွမ်းလေးရယ်ပါပဲ။

“အခုချိန်ကစပြီး … ငါ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြမယ် … နောက်မှ ကြောက်ပါပြီဆိုပြီး … အော်လာမအော်နဲ့ … ”

“အို … ရှင်နော် … ”

ထိုအချိန်မှာပဲ … အိမ်ရှေ့က ပေါ်လာတဲ့အသံလေးက … ”

“ဒုန်း … ဒုန်း … ”

www.burmeseclassic.com



"မမလေးရေ ... မမလေး ... တံခါးဖွင့်ပါဦး ... "

"မေမေကြီးက ဒီအခန်းထောင့်က တိုင်မှာ သူ့လက်ပွေ့အိတ်လေး ချိတ်ထားတာ မေ့ကျန်ခဲ့လို့တဲ့ ... "

"ဟယ် ... "

"ခစ်ခစ် ... "

ကစ်ကစ်ရယ်နေတာ ...

ဘယ်လောက်တောင် ရက်ဖို့ကောင်းနေပြီလဲ။

"တောက် ... ကောင်းခန်းရောက်မှ မီးကပျက်ပြန်ပြီ ... ဟား ... "

ထည် ... သူ့ကိုကြည့်ပြီး ရယ်လိုက်မိပြီလေ။

*လရိပ်ထင်ရယ် ...*

*ကျွန်မရှစ်တာ ရှင်သိပါတယ် ...*

*ဘာပဲဖြစ်ဖြစ် အရှစ်ဆိုတာ ...*

*ဟန်ဆောင်မှုသား မလှည့်စားနဲ့*

*မိန်းမဆိုတာ ...*

*တရွက်တလှာ တခေါ်တညာ ...*

*သိပ်ကို သိပ်ကို တန်ဖိုးထားတယ် ...*

*ရှင် သိပ်ဆိုးလည်း ချစ်နေမယ်။*

စာဖတ်ပရိသတ်အပေါင်းကို ...

ထာဝရချစ်ခင် ကျေးဇူးတင်လျှက် ...

လွန်းတာမိုး။

## လွန်းတာမိုး၏ ရေးသားထုတ်ဝေပြီးခဲ့သော ဇာတ်ချုပ်များ . . .


(၁) လက်ထပ်ရက်လေးနောက်ဆုတ်ပေးပါ ဗီဒီယို
(၂) ပါးတစ်ဖက်လျှော်ကြေး ဒီဗီဒီ
(၃) လိပ်ပြာလေးရဲ့နန်းတော် ဒီဗီဒီ
(၄) မငိုပါနဲ့ ခေါင်းလောင်းလေးရယ် ဒီဗီဒီ
(၅) ခရမ်းပြာ မာယာတံတား ဗီဒီယို
(၆) သစ္စာပြိုင်ပွဲင်းတမ်း ဗီဒီယို
(၇) ကလေးချစ် ဒီဗီဒီ
(၈) နှင်းဆီဖြူဖြူမင်းပဲယူ ဗီဒီယို
(၉) လမ်းပေါ်ကနန်းတော် ဗီဒီယို
(၁၀) လက်စားချေနှင်းဆီ ဒီဗီဒီ
(၁၁) ပိုးပဝါလေးပေးခဲ့ပါ ဗီဒီယို
(၁၂) မာနရင်ခွင်
(၁၃) လွင့်မျောနေတဲ့နှင်းတွေထဲက
ချစ်ခြင်းတွေရဲ့မာယာ
(၁၄) တိမ်တွေပေါ်က သတို့သမီး ဗီဒီယို
(၁၅) ချစ်သူပြ[illegible]ကျ်
(၁၆) နှင်ရယ် ငါရယ် ဟောဒီကောင်းကင်ပြာကြီးရယ် ဗီဒီယို
(၁၇) မခံစားနိုင်တော့ဘူး
(၁၈) ချစ်သူနမ်းမယ့်ပန်းဖြစ်ချင်တယ်


www.burmeseclassic.com

www.burmeseclassic.com

(၁၉) ငါမုန်းခဲ့တာ နှင့်ကို

(၂၀) ယောက်ျားကလေ ဗီဒီယို

(၂၁) မုန်းလို့မရတာ ချစ်လို့လား

(၂၂) ငါမင်းကိုချစ်လို့ ဗီဒီယို

(၂၃) ရှင့်ကို ကျွန်မ မုန်းတယ်

(၂၄) ညှို့ချက်ပြင်းသည် ... တို့နှင်းဆီ ဗီဒီယို

(၂၅) ချစ်သောဦးရယ်

ယခုလ

(၂၆) ရှင် သိပ်ဆိုးတယ်

ရှေ့လ

"ချစ်တာသိရင် သစ္စာရှိပါနော်"